
www.burmeseclassic.com



BURMESE CLASSIC .com

ခင်နှင်းယု

အမှတ်တရကလောင်စုံ လက်ရွေးစင်
ဝတ္ထုတိုစုစည်းမှု

# အိပ်မက်

ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ပွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ခင်နှင်းယု

## အမှတ်တရ လက်ရွေးစင် စုစည်းမှု

# အိပ်မက် ဝတ္ထုတိုများ

ကြော့ကြော့စံ (ရန်ကုန်တက္ကသိုလ်) စုစည်းစီစဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၁၅၈၀၂၁၀
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၁၀၅၀၂၁၂

❒

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ မေလ
**အုပ်ရေ** – ၁၀၀၀

❒

**မျက်နှာဖုံးပန်းချီ**
မောင်မောင်တိုး

❒

**ပုံနှိပ်သူ**
ဒေါ်ကျင်ယုံ (မြ–၀၅၃၃၂)၊ ကောင်းစံပုံနှိပ်တိုက်
အမှတ် ၂၇၉၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**ထုတ်ဝေသူ**
ဦးလှတိုး (မြ–၀၃၇၇၂)၊ ရန်အောင်စာပေ
တိုက် ၁၇၊ အခန်း ၂၃၊ ရွှေအုန်းပင်အိမ်ရာ၊
အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

❒

**အတွင်းဖလင်** – Dream City

❒

**တန်ဖိုး** – ၂၀၀၀ ကျပ်

ထုတ်ဝေသည့် ကက်သလောက်အညွှန်း (CIP)

၈၉၅.၈၃
ကလောင်စုံ
ခင်နှင်းယုအမှတ်တရ ကလောင်စုံလက်ရွေးစင်စုစည်းမှု အိပ်မက်ဝတ္ထုတိုများ / ကလောင်စုံ။ – ရန်ကုန်
ရန်အောင်စာပေ၊ ၂၀၁၂။
၂၂၀ စာ၊ ၁၃ x ၂၁ စင်တီ။
(၁) ခင်နှင်းယုအမှတ်တရ ကလောင်စုံလက်ရွေးစင်စုစည်းမှု အိပ်မက်ဝတ္ထုတိုများ

# မာတိကာ

| | | | |
|---|---|---|---|
| ၁။ | ခင်နှင်းယု | အိပ်မက်ကမ္ဘာ | ၁ |
| ၂။ | ခင်ဆွေဦး | မေမေ့အိပ်မက် | ၁၅ |
| ၃။ | သုမောင် | ငယ်အိပ်မက် | ၂၃ |
| ၄။ | ပျဉ်းမနားမြင့်လှိုင် | အိပ်မက်ပွင့်တွေပျက်လွင့်ကြွေခဲ့ပြီ | ၃၅ |
| ၅။ | ကျော်စွာထက် | မတန်တဆဈေးနှင့်ဝယ်လိုက်ရတဲ့အိပ်မက် | ၅၃ |
| ၆။ | မိချမ်းဝေ | အိပ်မက်တံတား | ၇၃ |
| ၇။ | ဝေမာ | အိပ်မက်နှင့်ကျွန်မ | ၈၉ |
| ၈။ | ကျော်ရင်မြင့် | အိပ်မက်ကြော်ငြာ | ၉၉ |
| ၉။ | ခင်မြဖင် | အလွမ်းအိပ်မက် | ၁၀၉ |
| ၁၀။ | ဇနော်နော် | အိပ်မက် | ၁၁၉ |
| ၁၁။ | မခြူးပွင့် | အိပ်မက်လွင့်ပြယ် | ၁၃၃ |
| ၁၂။ | ကိုချစ် | အိပ်မက်အမှတ်(၁၇) | ၁၄၉ |
| ၁၃။ | သီရိ | အစိမ်းရောင်အိပ်မက် | ၁၆၃ |
| ၁၄။ | နတ်မောက်အနီရှိ | မယ့်အိပ်မက် | ၂၀၁ |

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ကမ္ဘာ

ခင်နှင်းယု

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ကမ္ဘာ

မေမေ

တကယ်လို့သာ တမလွန်ကနေပြီး၊ မေမေ သိစွမ်းနိုင်ရင် သမီး တစ်ယောက် "စာရေးသူ"ဘဝ ရောက်နေတာကို မေမေကတော့ အံ့ဩမှာပဲ၊ "စာရေးသူ"ဆိုတာ စာရေးဆရာ မဟုတ်သေးဘူး အမေရဲ့။ "ဆရာ"ဆိုတဲ့ ဝေါဟာရထဲမှာ "သင်ကြား ပို့ချနိုင်ခြင်း" ဆိုတဲ့ ဝိသေသက ပါသေးတယ်။ "စာရေးသူ"ဆိုတာကတော့ ဖြစ်ပျက်နေပါတယ်ဆိုတဲ့ အကြောင်းတရားတွေကို တင်သာ တင်ပြနိုင်တယ်။ ဘယ်သူ့ကိုမှ ညွှန်ပြ သင်ကြားခြင်း မပြုနိုင်သေးဘူး အမေရဲ့။

အမှန်တော့ မေမေက ဘဝအကြောင်းတွေကို အသက်ရှင်စဉ်က သမီးကို သင်ကြားခဲ့လို့ သမီးတစ်ယောက်ထဲ စာတွေရေးနေတာပါ။ သမီး ဘဝမှာ ခံစားခဲ့ရတဲ့ သုခ၊ ဒုက္ခတွေက အများကြီးပဲ။ ဒီသုခ၊ ဒုက္ခတွေ ပေါ်မှာ ဆင်ခြင်ပုံ၊ ဆင်ခြင်နည်း၊ လှေလှာပုံ သုံးသပ်နည်းတွေကတော့ မေမေ သင်ခဲ့တာတွေပါ။

ရန်အောင်စာပေ



အမေ သေသွားပြီးမှ ကမ္ဘာကြီးက ကျယ်ကျယ် လာလိုက်တာ အမေရယ်။ တကယ်ပြောတာပါ အမေ။ ကမ္ဘာကြီး ကျယ်ပြောသလောက် သမီး လိုက်ပြေးလိုက်တာ ဖတ်ဖတ်ကို မောနေတာပဲ။ အရင်ကတော့ သမီး ဆိုတဲ့ သတ်မှတ်ထားတဲ့ နယ်ပယ်လေးမှာသာ သမီးအခန်း၊ သမီး နိုင်အောင် ကရတော့၊ မောလှတယ်မရှိဘူး မေမေရဲ့။ မေမေ မရှိတော့ စုံနေတာပဲ က,လိုက်ရတာ ၁၂ မျိုးမကဘူး။ အမေ အခန်းလဲပါရဲ့။ ငွေရှာသူ အမေ အခန်းလဲပါရဲ့။ လူမှုဆက်ဆံရေး အခန်းလဲပါလိုက်သေး။ ပြီးတော့ ကိုယ့်ကိုယ်ကို အနုစ်မခံနိုင်သေးတော့ "ကြိုးစားသင်ကြားရခြင်း"ဆိုတဲ့ ကျောင်းသား အခန်းကလဲ ပါသေးတယ် အမေရဲ့။

ဒီတော့ သမီးက,ရတဲ့ အခန်းတွေက မများပေဘူးလား။ သမီး ကမ္ဘာကလဲ မကျယ်ဝန်း ပေဘူးလား။ "ကျယ်ဝန်း"တယ်ဆိုတဲ့ အဓိပ္ပာယ် ထဲမှာ အမေက အနေအထိုင် "သက်သာချောင်ချိ"တယ် ဆိုတာကို ထည့် တွက်မိမှာပဲ။ တကယ်ဆိုတော့ ကျယ်ဝန်းတဲ့အိမ်ကြီး တစ်ဆောင်မှာ ဗိမ်ခံ နေရသူ တစ်ယောက်အနေနဲ့ ပါဝင်ရရင်တော့ သက်သာချောင်ချိတာတွေ၊ ဝပြော သာယာတာတွေဟာ ရေးလို့ မကုန်နိုင်ပေဘူးပေါ့။

သမီးအနေကတော့ "အလုပ်သမား" တစ်ယောက်အနေနဲ့ ပါဝင် နေရတော့ ကမ္ဘာကြီး ကျယ်ပြောသလောက် မောလှတယ် အမေရဲ့။ ထောင့် ကလဲ မစေ့လှဘူး။

သမီးရဲ့ အလုပ်တွေကို သမီးဟာ ထောင့်စေ့အောင် မလုပ်နိုင်ဘူး ဆိုတော့ သမီးညံ့လို့ပဲလို့ မေမေက ယူဆမှာပဲ။ မှန်ပါတယ် အမေ၊ တကယ် တော့ သမီးဟာ ညံ့ပါတယ်။ အရည်အချင်းလဲ မရှိပါဘူး။ ဒါပေမယ့် မတတ်နိုင်ဘူး အမေ၊ မလုပ်ချင်လို့လဲ မဖြစ်ဘူး၊ လုပ်နေရတာပဲ။

စိတ်ကို ငွေကြိုးစား ရှာမယ်ဆိုတဲ့ အပိုင်းမှာပဲ သတ်မှတ်ထားလို့ မရသေးဘူး။ စာကိုပဲ ကြိုးစားမယ်လို့လဲ မကန့်သတ်နိုင်ဘူး။

အိမ်သားတစ်ယောက် နေမကောင်း ဖြစ်လာပြန်တယ်ဆိုလဲ အလုပ် ခွင်က ခဏထပြီးတော့ ဆေးဆရာများဆီ ပြေးရလွှားရသေး။ သူတို့တွေကလဲ

ရန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပြီး တစ်ယောက် ဆိုသလို ခဏခဏ မမာကြလေတော့ သနားစရာလေးတွေပဲ။ အမေမရှိတဲ့ နောက်ပိုင်းမှာ သူတို့အပေါ် သမီးက တာဝန်ကျေဦးမှဖြစ်မယ် မဟုတ်လား အမေရဲ့။ ကု,ရင်း သ,ရင်းနဲ့ ငွေမရှိသေးဘူးဟေ့ ဆိုပြန်တော့လဲ သမီး တစ်ယောက် ပြေးလွှားပြီး ငွေရှာလိုက်ရသေးတယ်။

အမေ အသက်ရှင်စဉ်က လောကနဲ့ဓမ္မ အကြောင်းကို ဘယ်လိုပဲ လက်ထပ် သင်ကြားခဲ့တယ် ဆိုပေမယ့် လောကကြောင်းမှာလဲ သမီးဟာ သိပ် မကျွမ်းကျင်လှဘူး။ အမေ့လောက် ဓမ္မတရားက မပြည့်ဝလေတော့ သမီး နှလုံးသားမှာလဲ သည်းခံစိတ်ဟာ သိပ်မရှိဘူး။ ဒီတော့ အမေ တစ်ယောက် လောကမှာ ဆက်ဆံရေး ပြေပြစ်သလို သမီးက မပြေပြစ်ဘူး။ အမေ့ခြေရာကို မနင်းနိုင်ဘူးပေါ့အမေ။

မေမေ သေသွားပြီးတဲ့နောက် ရင်ထဲမှာ ဟာလိုက်တာ ဘယ်ပြေးလို့ ဘာလုပ်ရမှန်းမသိဘူး။ သမီးရဲ့ မာနစိတ်တွေ၊ သည်းမခံနိုင်တဲ့ မဟုတ်မခံစိတ်တွေ၊ ဘယ်တော့မှ ဦးမညွှတ်ချင်တဲ့ ခေါင်းမာ စိတ်တွေ (အနုတ္တသဘောတို လက်မခံလိုတဲ့ စိတ်လို့ဆို ရမယ်ပေါ့အမေ၊ ဘယ်တော့မဆို ငါလုပ်ရင်ဖြစ်ရမယ်ဆိုတဲ့ စိတ်) သူတစ်ဖက်သားက ကိုယ့်ကိုဝေဖန်ရင် လှုပ်ရှားခြောင်းလဲလွယ်တဲ့ သမီးရဲ့ နုသေးတဲ့စိတ်ကို ထိန်းပေးမယ့်သူ မရှိတော့ဘူး။

အရင်တုန်းက စိတ်ထဲမှာ ဘဝကို လျှောက်ရတာရဲတယ်။ ဘာပဲဖြစ်ဖြစ်၊ မေမေက နောက်မှာရှိနေတာကိုး။ ခုတော့ နည်းနည်း ရင်လေးတယ် အမေရယ်၊ ရှေ့လျှောက် သမီး အမှားတွေ ဘယ်လောက်များ တွေ့ဦးမလဲလို့ တွေးတွေးပြီး စိတ်မောမိပါရဲ့။

ပြီးတော့ ဟိုတုန်းက နောက်ပိုင်းက လုံနေလေတော့ အပြင်အလုပ်တွေမှာပဲ သမီးက ခြေကုန်က,ခဲ့ပါတယ်။ သမီးမှာ ဒုက္ခတွေ တွေ့လာရင်ခုံဖြစ်၊ မအောင်မြင်လာရင် ဖြစ်ဖြစ်၊ မေမေ့ရင်ထဲကို ပြေးဝင်ပြီး၊ ခေါင်းတိုးပြီး ငိုလိုက်တာပဲ။ ရှုံးခဲ့ရင်လဲ ရှုံးခဲ့တာတွေကို ရင်ထဲမှာ တစ်လုံးမကျန်ဖောက်ပြန်ပြောလိုက်တာပဲ။ အမှန်တော့ သမီးအပူတွေကို အမေ့ ပေးလိုက်တာပါလေ။ သမီးဟာ အတော် သတ္တိကြောင် သရဲဘောနည်းတဲ့ ကောင်မလေး





ပဲ ကိုယ့်အမေကို သိပ်အားကိုးပြီး၊ ဘာမဆို အမေ့သာ ပုံချလိုက်တာပဲနော်။ အမေက သမီးရဲ့အားကိုးရာ၊ မှီခိုရာလဲလျောင်းရာ၊ တည်ရာမှီရာပေကိုး။

မေမေက ဆိုမယ် "မေမေ မဆုံးခင်လေးပဲ သမီးဘဝမှာ အဖော်ဖြစ်နိုင်မယ့် လူတစ်ယောက်ကို သမီးနဲ့အတူထားခဲ့တယ် မဟုတ်လားကွယ်" လို့ပြောမှာပဲ။ မှန်ပါတယ် အမေ။ အမေ ထားခဲ့တဲ့လူဟာ တကယ်လဲ တော်ပါတယ်၊ အမေဟာ လူရွေးတော်တော် ကောင်းပါတယ်။ သူ့နှလုံးသားထဲမှာ လောကနဲ့ဓမ္မကို ဆင်ခြင်တဲ့ တရားဟာလဲ အမေလိုပါပဲ။ သူ့စိတ်ထဲမှာ ဓမ္မရှိနေတာကို သမီးက ပိုပြီးသဘောကျတယ်။ ဒါပေမယ့် ဘာဖြစ်လို့ ဒုက္ခဖြစ်လာရင် သမီးဟာ သူ့ရင်ခွင်ထဲ ပြေးမဝင်သလဲ၊ ရှုံးခဲ့တာတွေ၊ နိုင်ခဲ့တာတွေကို တစ်လုံးမကျန် အမေ့ကိုပြောသလို မပြောသလဲလို့ အမေက မေးပေလိမ့်မယ်။

"ကျွန်မတို့မှာ မိန်းမ" လို့ပဲ သမီးက ဖြေချင်တယ်။ ခက်တယ် အမေ၊ မိန်းမဆိုတာတွေဟာ တော်တော်ခက်တယ်နော်။ အမေ့ ကျတော့ ပူသမျှ ရင်ဝမှာမချန်ဘူး။ ပစ်ပုံလိုက်တာပဲ။

ကိုယ့်ယောကျ်ားကျတော့ အမေရေ ကိုယ် ဒုက္ခဖြစ်တာတွေတို သိတောင် မသိစေချင်ဘူး။ ကိုယ့် စိတ်ဝေဒနာတွေ ခံစားရသလို မခံစားစေချင်ဘူး။ ဖုံးတန်တာ ဖုံး၊ ဖိတန်တာ ဖိ၊ သို၀ှက်လိုက်ရတာတွေ ရင်ထဲမှာ မျိုသိပ်ထားရတာတွေလေ မပြောနဲ့တော့။

အမေကတော့ ရယ်မှာပဲ။ တယ်တတ်တဲ့ မိန်းကလေးလို့လဲ ဆိုမှာပဲ "သူတို့လင်ကျတော့ သူတို့သိတတ်လိုက်တာ" လို့ ပြောမှာပဲ။ ပြောတော့ အမေရေ ပြောတော့၊ သမီးလည်း ဝန်ခံပါတယ်။ မိန်းမဆို ဒီလိုပဲ မဟုတ်လား အမေ။ မေမေ ငယ်ငယ်တုန်းကလဲ စိတ်ညစ်စရာတွေရှိတယ်။ ဖေဖေ့ကို မပြောခဲ့ဖူး မဟုတ်လား။

တစ်ခါတစ်ခါတော့ သမီးဟာ သေသေချာချာ ပြန်တွေးကြည့်တယ်။ စိတ်ပျော်စရာ အကြောင်းတွေလောက်သာ ကိုယ့်ချစ်သူကို ပြောပြပြီး ဒုက္ခကို မပြောရက်တာဟာ ဘာဖြစ်လို့လဲလို့။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းတော့ စိတ်ကပြန်ဖြေတယ် ""ကိုယ့်လင်သားကို ငဲ့လို့ပေါ့""တဲ့။

မှန်ပါတယ်။ ဒီတစ်ချက်ကလဲ မှန်ပါတယ်။ ကိုယ် ပူပင်သောက ရောက်သလို မရောက်စေချင်ဘူးပေါ့။ ဒါပေမယ့် အဲဒီအဖြေရဲ့ နောက်ပိုင်းမှာ တကယ် တိကျတဲ့ အဖြေတစ်ခုကလဲ ထွက်လာပြန်တယ်။ ဘာလဲဆိုတော့ 'မယုံလို့'တဲ့။

သမီးရဲ့ ဒီစကားကိုသာ သူတို့ကြားရင် ""လင်သား""အနေနဲ့ လောကပိုင်းမှာ ဝင်ကပြရတဲ့ ယောကျ်ားတွေ သည်းခံနိုင်ကြမှာ မဟုတ်ဘူး။ သူတို့ဟာ အမေတစ်ယောက်လောက်မှ ယုံကြည်အားထား မခံထိုက်ပေဘူးလားလို့ မေးခွန်းတွေ ထုတ်ကြမှာပဲ။

တကယ်တော့ အမေရေ၊ တိုးတိုးလေး အမေ့ကို ကပ်ပြောပါရစေ ""သူတို့ကို တကယ့်ကို မယုံရဲဘူး""။

သမီးတစ်ယောက်ဟာ ဘာတွေပဲ၊ ပြစ်မှုတွေ လုပ်ခဲ့လုပ်ခဲ့၊ နောက်ဆုံး အမေ့ကိုပဲ ဒုက္ခရောက်အောင် လုပ်ခဲ့ဦးတော့၊ အမေ့ ရင်ခွင်မှာ ခေါင်းတစ်ချက် ဝေ့လိုက်ရင် အမေ့နှလုံးသားတွေဟာ အရည်ပျော်ပြီး သမီးကို မတိုင်းဆနိုင်တဲ့ မေတ္တာနဲ့ ခွင့်လွှတ်လိုက်တာပဲ မဟုတ်လားအမေ။

ယောကျ်ားကျတော့မရဘူး အမေရေ၊ ဘာအပြစ်မှမလုပ်ဘဲ ဒူးညွှတ်ပြီး ခယတာတောင်၊ သူတို့ မလိုလားရင် မနိုင့်တနိုင် ခြေတောင် အနိုင်နိုင်သိမ်းပြီး ပြေးရတာပဲ။

ပြီးတော့လဲ ဒုက္ခတွေဆိုပါတော့ ကိုယ့်ရင်ထဲရှိသမျှ၊ ပူသမျှ ပုံချပြီး အမေ့ပြောသလို တတွတ်တွတ် ပြောလို့မရဘူး အမေ။ နေ့တိုင်းသာ ပူပန်သမျှ သောကတွေကို ပြောချရင် ကြာတော့ ""အင်မတန်ဂျီတိုက်တဲ့ အပူတိုက်တဲ့ မိန်းကလေးဆိုပြီး မကြာခင် ပြေးမှာပေါ့ အမေ။ သေချာပါတယ် အမေရယ်။ ပြေးတော်မူကြတဲ့ နောင်တော့် နောင်တော်တွေကိုလဲ သမီးတွေ့ခဲ့ပါပြီ။ စွန့်ပစ်ခံရတဲ့ အစ်မတော်များကိုလဲ တွေ့ခဲ့ရပါပြီ။

အဲဒီ အကြောင်းကြောင်းတွေကြောင့် ဆိုပါတော့၊ သမီးဟာ ဘာမဆို





ချုံ့သိပ်တတ်နေတယ်။ အရင်ကလို ရင်ထဲမှာ ဘာမှမထား တတ်ဘူး။ ပေါ့ ပေါ့ဆိုင်းဆိုင်း ပြောချရမှဆိုတဲ့ ပွင့်လင်းတဲ့ တရှူးထိုးစိတ်တွေ အလိုလို ပျောက်သွားတယ်။ သဘာဝဟာ မိန်းမတွေကို အလိုလို သင်လာတယ် ထင်ပါရဲ့။

သမီးရေးတဲ့စာက ရှည်လွန်းတော့ သည်းခံဖတ်ပါ အမေရယ်။ အမေ့ကို မပြောပြရတာ ကြာပြီမဟုတ်လား။ မေမေနဲ့သမီး ခွဲကြတာ ရှေ့နှစ် တဆုန်လပြည့်ဆို (၄)နှစ် ပြည့်ကြတော့မယ်။

ဒါနဲ့သမီး ဘာကြောင့် စာရေးသူ ဖြစ်ရတယ်ဆိုတာ ပြောရဦးမယ်။

သီသရာမှာ ကျင်လည်ရင်း ဆိုပါတော့၊ သမီးရင်ထဲမှာလဲ ဒုက္ခသုက္ခတွေဟာ ပြွတ်သိပ်နေတာပဲ။ တချို့ကိစ္စတွေဆို သမီးဟာ မဖြေရှင်းတတ်ဘူး။ အမေကလည်း မရှိတော့ ဘယ်သူ့ကိုမှ ရင်ထဲကကိစ္စကို ဖွင့်မပြောရဲသလို ဖြစ်နေတယ်။ အောင်မြင်လာတဲ့အခါဆို အရေးမကြီးဘူး။ ရှုံးလာတဲ့အခါဆို နာနေတဲ့ နှလုံးကိုဖုံးပြီး ပြုံးရတာလောက် နံ့တာမရှိဘူး အမေရဲ့။ ဒီအခါမျိုးဆိုရင် သမီးလေ ငယ်ငယ်တုန်းကလို အမေ့ရင်ခွင်မှာ ခေါင်းထားပြီး ရှိုက်ရှိုက်ပြီး ငိုလိုက်ချင်ပါရဲ့ အမေရယ်။

အမေထားခဲ့တဲ့ 'ကို'ဆိုတာကလဲ သမီးနဲ့အတူတူ နေရတဲ့ အချိန်တွေက နည်းပါတယ်။ ဒီတော့ သမီးဟာ ခြေဦးတဲ့ရာ ဆိုသလို လျှောက်သွားတာပေါ့အမေ။ တစ်နေ့တော့ ချီးကျူးပွဲတစ်ခုကို သမီး ရောက်သွားတယ်၊ ""စာရေးဆရာ""တစ်ယောက်ကို ချီးကျူးတဲ့ပွဲပဲ ထင်ပါရဲ့။ အဲဒီပွဲမှာ ""ခေါက်တာ ထင်အောင်""ဆိုတာက စကားတစ်ခုပြောတယ်။

""ဝတ္ထုဆိုတာဟာ သမီးတို့လူသားတွေ ပြေးပုန်းခိုတဲ့ နေရာတစ်ခုတဲ့ အမေရဲ့။ လူသားတွေဟာ ကိုယ့်ရဲ့ တကယ့် ပတ်ဝန်းကျင်ကို ငြီးငွေ့လာတဲ့အခါမှာ ဝတ္ထုကိုကိုင်ဖတ်ပြီး ဝတ္ထုထဲက ကမ္ဘာမှာ သွားရောက် လည်ပတ် ကြတာပဲ။ လက်ရှိခံစားနေရတဲ့ ဒုက္ခတွေက ထွက်ပြေးပြီး ဝတ္ထုကမ္ဘာမှာ ခိုပုန်းကြသတဲ့""



www.burmeseclassic.com

www.burmeseclassic.com



သူပြောတာတွေတော့ အများကြီးပဲ။ ဒါပေမယ့် သမီးက ဒီစကားပိုဒ်ကိုပဲ စိတ်ထဲမှာ စွဲလာတယ်။ အိမ်ကို ပြန်လာရင်လဲ ခေါင်းထဲမှာ ဒါကိုပဲ တွေးလာတယ်။ အိမ်ပြန်ရောက်တော့ ဒေါက်တာ ထင်အောင်ကို ကျေးဇူးတင်လို့ မဆုံးဘူး။ ဘာဖြစ်လို့လဲဆိုတော့ သမီးကို အသက်ရှူကျပ်တဲ့ ဒီကမ္ဘာက ထွက်ပေါက်တစ်ခုကို ဒီပုဂ္ဂိုလ်ကြီးက ညွှန်ပြခဲ့တာပဲ။

အဲဒီနေ့ကစပြီး သမီးက စာတွေရေးတာပဲ။ အသက်ရှူရ ကျပ်လာပြီလား၊ ရင်ထဲမှာ မျိုသိပ်ပြီး ခံပြင်းနေရတာတွေ များလာပြီလား ဆိုရင် သမီးတစ်ယောက် စာတွေ ထိုင်ထိုင်ရေးတော့တာပဲ။ အဲဒီ သမီးစာ တွေဟာ ဝတ္ထုတွေအဖြစ် ပေါ်လာတော့ သမီးဟာ စာရေးသူ ဖြစ်လာတာပေါ့။ အမှန်တော့ သမီးရဲ့ မျက်မှောက်ဝန်းကျင်က ပြေးထွက်ပြီး စာရေးတဲ့ကမ္ဘာ ခဏ ခိုဝင်လိုက်တာပဲ။ စာရေးတုန်းဆိုရင်တော့ အမေ၊ တကယ့်ကိုပဲ မျက်မှောက်ကမ္ဘာကို မေ့ပါရဲ့။ သမီး စိတ်ချမ်းသာတယ်။ ဒါကြောင့် သေသေချာချာ စာရေးလာတဲ့ နှစ်နှစ်အတွင်းမှာ သမီးကျန်းမာရေးဟာ တက်လာတယ်။ ပါးတွေလည်း ပြန်ပြီး ဖောင်းလာတယ်။ လူကလည်း အရင်လို အိပ်ရာထဲ လဲနေတဲ့ အချိန်ရယ်လို့မရှိတော့ဘူး အမေ။

"စာရေးပြီးတဲ့ အချိန်မှာကော၊ သမီးလေး ဘယ်သွားနေသလဲလို့" အမေက မေးပေလိမ့်မယ်။ သမီး ကမ္ဘာတစ်ခု ဖန်ဆင်းထားတယ် အမေရဲ့။ အဲဒီ ကမ္ဘာမှာ သမီးက သွားနေတာပေါ့"

အမေ မျက်လုံးပြူးသွားသလား။ ရင်ကိုလက်နဲ့မ,ပြီး အံ့သြမှာပဲ။ အေးလေ… အံ့သြမှာပါပဲ။ 'သမီးက ကမ္ဘာတစ်ခုကို ဖန်ဆင်းတယ်'ဆိုတော့ အံ့သြစရာပဲပေါ့။

အဲဒီကမ္ဘာက "**အိပ်မက်ကမ္ဘာ**"ပေါ့။ သမီးစိတ်ကူးထဲမှာ ဖန်ဆင်းထားတဲ့ ကမ္ဘာပေါ့အမေ။ အင်မတန် ပူပြင်းတဲ့နေရောင် အောက်မှာ ရုံးမရောက်ခင် လမ်းလျှောက်ရတာဟာ၊ ချွေးဒီးဒီး ကျနေတာပဲ။ ဒါကို သမီးက ငြီးငွေ့ပြီး စိတ်ပင်ပန်းနေရင် ဖြစ်မလား။ လူတွေတိုးခွေ့ပြီး ပြွတ်သိပ်နေတဲ့ ဘတ်စ်ကားစီးရတဲ့ဘဝကို သမီးက စက်ဆုပ်လို့ ဖြစ်မလား။





ဒီတော့ သမီးက နေရောင်ခြည်တွေကို နွေးနွေးလေးဖြစ်အောင် ဖန်ဆင်းလိုက်တယ်။

ဆောင်းဦးမှာ နေခြည်ရောင် နွေးလာပြီဆိုရင် ငှက်လေးတွေနဲ့ ပျားလေးတွေ ပျံကြမြူးကြတယ် မဟုတ်လားအမေ။ သမီးတို့လည်း နေရောင်ခြည်ထဲမှာ မြူးတူးသွားလာ ကြရတာပဲလို့ သမီးစိတ်က ဖန်ဆင်းလိုက်ရတယ်။

ညနေ ရုံးဆင်းလို့ ဆရာ့ဆီကို စာသင်မီအောင် အပြေး အလွှား ပြန်လာရတဲ့ အချိန်မျိုးဆိုရင် ဗိုက်ထဲမှာလဲ ဆာတော့ ရင်ထဲကို ဆို့နေတာပဲ။ အဲဒီအချိန်မှာဆိုရင် တက္ကသိုလ်ကျောင်းတော် ကြီးမှာ မပူမပင် စာသင်နိုင်သူတွေ ကျောင်းဆင်းလာချိန်ဆိုတော့ သမီးအနားမှာ ကားကြီးတွေ ဘီစီနဲ့ ဖြတ်သွားကြတဲ့ အချိန်ပေါ့ အမေ။ သမီးကတော့ ရုံးလွယ်အိတ်လေး ဖဲ့ထမ်းပြီး အိမ်အရောက် ပြေးနေရတုန်းပဲ။

အဲဒါတွေကြည့်ပြီး သမီးက ကားကြီးတွေ၊ တက္ကသိုလ် ကျောင်းဆောင်ကြီးတွေကို လွမ်းဆွတ်တသ နေလို့ ဖြစ်ပါ့မလားအမေ။ မဖြစ်နိုင်ဘူး အမေရေ့။ အဲဒီလို တသ စိတ်ကူးယဉ်ခြင်းကတော့ အောက်ခြေလွတ်တယ် ခေါ်တယ် အမေရဲ့။

သမီးကတော့ ကိုယ့်ဆရာဆီ မြန်မြန်ပြေးပြီး စာတွေသင် လိုက်တယ်ဆို ဟော… ငြီးငွေ့ပင်ပန်းတဲ့ ကမ္ဘာကြီးကို မေ့သွားပြန်ရော မကောင်းဘူးလား အမေ။

မိုးကို ရောက်ပြန်ဦးမယ်။ မိုးရောက်တော့လည်း ရုံးမရောက်ခင် ရွာချတဲ့မိုးလောက် စိတ်ဆိုးစရာကောင်းတာ မရှိဘူး။ လေရောမိုးရောများ သွန်ချလိုက်ရင် ဘယ်လိုပဲ ထီးဆောင်းပေမယ့် တစ်ကိုယ်လုံး ရွှဲရွှဲစိုလို့ ရုံးရောက်ရင် ခိုက်ခိုက်တုန်နေတာပဲ။ ဒီတော့ သွန်ကျလာတဲ့ မိုးတွေကို သမီးက မိုးပွင့်မိုးပန်းတွေအဖြစ် ပြောင်းပစ်လိုက် ရတယ်။ တစ်ခါတည်း မိုးပေါက်တွေဟာ သမီးအဖော် ဖြစ်လာပြီး၊ သူတို့နဲ့အတူ ပျော်ပျော်ရွှင်ရွှင် လမ်းမှာ ကစားလာတာပေါ့။ လမ်းပေါ်မှာ ရေတွေ လျှံလာရင်လဲ သမီး



www.burmeseclassic.com

www.burmeseclassic.com



နံ့ဖိနပ်ကို ရေစီးကြောင်းမှာ မျှောရင်း သမီး ရုံးကို ရောက်လာတာပဲ။ စိတ်ထဲကတော့ ဟဲ‥ ဟဲ စမ်းချောင်းလေးမှာ စက္ကူလှေလေးကိုမျှောပြီး ကစားနေတယ်လို့ မှတ်ရတာပေါ့။ အမေ သမီးကို မရယ်နဲ့နော်။

တစ်ခုတော့ရှိတယ် အမေရေ့ တစ်ခါတစ်ခါ အိပ်မက်ကမ္ဘာထဲမှာ ပြေးပုန်းလို့ မရတာတစ်ခုရှိတယ်။ ဘာလဲဆိုတော့ 'တီကောင်ကြီးတွေ' အမေရဲ့။ ခြေသလုံးမြုပ်တဲ့ ရေထဲလျှောက်ရင်း ရေစပ်ရောက်လို့ လက်သန်းလက်မလောက် တီကောင်ကြီးတွေများ နင်းမိရင် နှုတ်ခမ်းပြာအောင် အော်လိုက်မိပါရဲ့။ ကြောက်တာကိုး။ အမေရယ်၊ ဝတ္တုထဲမှာဆိုရင် ဓာတ်လိုက်ကောင်မလေးကို မျှော့တွယ်ရင်ဖြစ်ဖြစ်၊ တီ နင်းမိရင်ဖြစ်ဖြစ်၊ လန့်အော်အလိုက် ဓာတ်လိုက် ကောင်လေးက လာကယ်ရမယ် မဟုတ်လား။ သမီးကတော့ ဘာဟုတ်လိမ့်မလဲ။ ပတ်ဝန်းကျင် ကြည့်လို့လဲ လူတစ်ယောက်မှ မရှိဘူး၊ မှောင်မည်းနေတဲ့ ကောင်းကင်နဲ့ တအားသွန်ကျနေတဲ့ မိုးပေါက်သာရှိတော့ တီကောင်များ မြင်လိုက်ရင် ဘာပြောကောင်းမလဲ ထဘီကို တိုတိုမ,ပြီး စွတ်ပြေးတော့တာပဲ။

အမေကတော့ ထင်မှာပဲ ''သမီး ရုံးတက်ရတာ လယ်ထဲမှာလား သမီးရယ်၊ ဒါလောက် ရေတွေများတာ''လို့ ပြောမှာပဲ၊ မဟုတ်ဘူး အမေရေ ရန်ကုန်မြို့ကြီးပဲ။ ဒါပေမယ့် မြို့ထဲနဲ့တော့ နည်းနည်း ဝေးတယ်။ မိုးတွင်းကျလို့ မိုးသည်းရင် သမီးဖြတ်လျှောက်တဲ့ လမ်းက ရေတွေပြည့်နေတာပဲ။ အဲဒီကြား ဖြတ်မောင်းသွားတဲ့ ကားပြောင်ပြောင်ကြီးတွေက ရေပန်းထပြီး သမီးတို့ လမ်းဘေးကလူတွေကို စင်လိုက်တာများ မပြောနဲ့တော့‥။

ဒါပေမယ့် သမီးက ပျော်တယ်။ သမီးရဲ့ အိပ်မက်ကမ္ဘာထဲမှာ သွားနေတယ်။ သမီးဖန်ဆင်းတဲ့ ကမ္ဘာဆိုတော့ သမီး စိတ်တိုင်းကျပေါ့ အမေ။

အဲဒီ ကမ္ဘာမှာလေ နေရောင်ခြည်တွေဟာ တစ်ခါတလေ ခရမ်းရောင်လေး၊ တစ်ခါတလေတော့ တောက်တောက်ပပ ဖြူဖြူစင်စင်ပဲ။ ပန်းပွင့်လေးတွေကလဲ ရာသီမပြတ် ပွင့်ကြတယ်။ ဒါပေမယ့် ဒီပန်းကလေးတွေ ညှိုးကျသွားအောင်လို့တော့ နေရောင်ခြည် မပူပြင်းအောင် သမီးက





ဆောင်းပန်ထားတယ်။ နေရောင်ခြည်ထဲမှာကိုက ကရုဏာရဲ့ အငွေ့အသက်ဟာ ပါနေရမယ်ပေါ့။

သမီးရဲ့ကမ္ဘာမှာ ချစ်ခြင်း၊ မုန်းခြင်း၊ ရက်စက်ခြင်းနဲ့ ဂုဏ်ပကာသနလည်း မရှိပေဘူးအမေရဲ့။ ပိုင်ဆိုင်ခြင်းဆိုတဲ့သဘောတရား ကလဲ မရှိလေတော့ အာဏာတို့၊ စိုးမိုးအုပ်ချုပ်ခြင်းတို့လဲ သမီးရဲ့ ကမ္ဘာမှာ မရှိပေဘူး။

သမီး တစ်ယောက်တည်းဆိုတော့ မနာလိုမယ့်လူ၊ အတင်းပြောတဲ့လူလည်း မရှိလေတော့ သမီးစိတ်တွေဟာ ချမ်းငြိမ်းတယ်။

အမေက ''မင်းရဲ့ကို ကိုရော အဲဒီ အိပ်မက်ကမ္ဘာထဲ ဘာလို့ မခေါ်လဲ''လို့ပြောမှာပဲ၊ သူ့ကိုခေါ်ရင် ချစ်တဲ့စိတ်ဆိုတာက ရှိဦးမယ်။ ဘုရားသခင်က ဟောကြားတော်မူခဲ့တယ် မဟုတ်လား။ စိုးရိမ်ပူပန်ခြင်းသည် ချစ်ခြင်းကြောင့်ဖြစ်၏။ ချစ်ခြင်းကင်းက စိုးရိမ်ပူပန်ခြင်းကင်း၏''တဲ့ အမေရဲ့။ ဒါကြောင့် 'ကို့'ကို မခေါ်တာပါအမေ။

ပြီးတော့လည်း သူနေရတာက ''စစ်သားဘဝ''၊ အဲဒီ စစ်သားလို လူတစ်ယောက်က သမီးရဲ့ အိပ်မက်ကမ္ဘာထဲ လာနေလို့ ဘယ်လိုဖြစ်မလဲ အမေ။

သမီးရဲ့ကမ္ဘာမှာ လမင်းကို တိမ်မဖုံးဘူး အမေ။ မည်းနက်တဲ့ တိမ်တိုက်ကြီးတွေရဲ့ သဘောဟာ ရက်စက်ခြင်းနဲ့ စိုးမိုးအနိုင်ကျင့်ခြင်းရဲ့ အဓိပ္ပာယ်အသွင်ကို ဆောင်တယ်လို့ ယူဆတယ်။ ဒီတော့ တိမ်တိုက်တွေဟာ လမင်းကို မဖုံးစေချင်ဘူး။ လမင်းရဲ့သဘော ဟာငြိမ်းချမ်းခြင်း၊ ဖြူစင်ခြင်းနဲ့ အေးမြသာယာခြင်းရဲ့ အသွင်ကို ဆောင်ရမှာပေါ့အမေ။

အသစ် အသစ် တဖန်ပြန်လည် ဖြစ်ခြင်းဆိုတဲ့ သဘောကလည်း မရှိလေတော့ သမီးရဲ့ကမ္ဘာမှာ ဟောင်းနွမ်း ဆွေးမြေ့ခြင်းလည်း မရှိပေဘူး။

မိုးပေါက်ကလေးတွေဆိုလည်း ပြင်းထန်တဲ့ မိုးသီးမိုးပေါက်ကြီးတွေ မဟုတ်ဘူး အမေရဲ့။ အိပ်ပျော်နေတဲ့ ပန်းပွင့်လေးတွေ နိုးလာကြဖို့ ရွာကျတဲ့ မိုးပေါက်မိုးဖွဲလေးတွေကိုး။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မုန်တိုင်းတို့၊ လေနီကြမ်းတို့လည်း မရှိကြဘူး။ လေတိုက်ပုံက ခပ်နွဲ့နွဲ့ရယ်။ သမီးရဲ့ကမ္ဘာက ပင်လယ်ပြင်ဟာလည်း လှိုင်းတံပိုးတွေ မရှိဘူး။ စမ်းရေလို နွဲ့နွဲ့အေးအေးလေးပဲ။ လရောင်အောက်မှာ လှုပ်ရှားနေကြတာပဲ။ တွေ့ဆုံခြင်းဆိုတာ မရှိလေတော့လည်း ကွေ့ကွင်းရခြင်းဆိုတာလည်း မရှိပြန်ဘူး။ ဒီတော့ စိတ်ဝေဒနာဆိုတာ တော်တော်ကင်းတာပဲ။

အမေကတော့ သမီးတစ်ယောက် စိတ်ကူးယဉ်ပုံကို တွေးပြီးများ ရယ်နေမလား။

အမှန်တော့ သမီးကအမေ့ကို တရားကျလို့ပါ အမေရယ်။ သမီးမြင်ရသလောက်ဖြင့် မေမေ့ဘဝဟာ တစ်ချက်မှ မအေးလိုက်ရဘူး။ မေမေ့သားတွေ သမီးတွေ လူစဉ်မီဖို့၊ မေမေ့အိမ်ထောင်စု ချမ်းသာဖို့ မေမေ့မှာ ကြိုးစားလိုက်ရတာ တစ်ချက်မှ မနားရဘူး။

သမီးတို့တစ်တွေလည်း အရွယ်ရောက်ရော မေမေပဲ ဖျတ်ခနဲဆိုသေရရော။ ဒီတော့ အသက်ရှင်စဉ်မှာ မေမေ ဘာများ ခံစားလိုက်ရသလဲ ငြိမ်းချမ်းရာဆိုလို့ တစ်ကွက်မှလည်း မရလိုက်ဘူး။

သမီးတော့ အမေ့လို အသေမခံနိုင်ဘူး။ ဒုက္ခတွေ အနန္တတော့ တွေ့မှာပဲ။ အဲဒီ ဒုက္ခတွေထဲက သမီးရဲ့ "အေးကွက်"တစ်ကွက် ရအောင် ရှာပြီး နေရမှာပဲ အမေ။

စိတ်ချတော့ အမေရေ။ အမေ့သမီးဟာ လူ့လောကမှာ နေတတ်စားတတ်နေပြီ၊ လောကရဲ့ဒုက္ခတွေဟာ သမီးကို မလွှမ်းမိုးနိုင်တော့ဘူး။ သမီးကမ္ဘာဆီကို ဒီဒုက္ခဆင်းရဲတွေဟာ ရောက်မလာ နိုင်ကြတော့ဘူး။

တကယ်လို့များ အမေသာ အသက်ရှင်နေသေးရင်လည်း သမီးရဲ့ "အိပ်မက်ကမ္ဘာ"ဆီကို တစ်ခေါက်လောက်တော့ ခေါ်သွား လိုက်ချင်ပါသေးရဲ့။

အမေတစ်ယောက် တမလွန်မှာ နိဗ္ဗာန်ရောက်ကြောင်း တရားပွားများအားထုတ်နိုင်ပါစေလို့ ဆုတောင်းပါတယ်။

သမီးချို





အထက်ပါစာမှာ စာသေရုံးသို့ ရောက်လာသော စာတစ်စောင် ဖြစ်ပေသည်။ စာအိတ်ပေါ်တွင်···

"ဘဝတစ်ပါးပြောင်းသွားသော အမေသို့" ဟူ၍ ပါရှိလေသည်။ စာသေရုံး အရာရှိတို့သည် စာကိုပြန်ပို့ရန်အတွက် ပေးသူ လိပ်စာကိုလည်း မသိ၊ တမလွန်သို့ ယူဆောင်သွားရန်ကလည်း မဖြစ်နိုင်ပေ။

ထို့ကြောင့် စာများကို မီးရှို့ဖျက်ဆီးပစ်ရန် ဆဲဆဲတွင် ထိုစာကို ဖတ်မိကြပေသည်။

"စာရေးသူများသည် ကမ္ဘာကို ဖန်ဆင်းနိုင်ပေသည်"ဟု သူ့စာက ဆိုပေသည်။ ဘယ်လောက်အထိမှား၍ ဘယ်လောက်အထိ မှန်သည်ကိုတော့ မပြောနိုင်ပါ။

ခင်နှင်းယု

၁၉၅၅-ခုနှစ်၊ ဧပြီလထုတ်၊ ရှုမဝမဂ္ဂဇင်း၊ အတွဲ(၈)၊ အမှတ်(၉၅)



www.burmeseclassic.com

www.burmeseclassic.com

# မေမေ့အိပ်မက်

ခင်ဆွေဦး

www.burmeseclassic.com

www.burmeseclassic.com

# မေမေ့အိပ်မက်

( ၁ )

မေမေဟာ ခေတ်သဘောအရ မျိုးဆက်ကွာဟမှု (Generation Gap)ကို ခဏခဏ တွေးနေမိတယ်။ ကနေ့လူငယ်တွေ ဘယ်လဲ၊ ဘာလဲ၊ အတွေးအခေါ် ဆန်းသစ်လာချင်လာမယ်။ အရှည်အသွေးတွေ ဆုတ်ယုတ်သွားတာ မျက်မြင်ကိုယ်တွေ့ပဲ။ ဥပမာပေါ့ သမီးရယ် မေမေ ဖတ်ခဲ့တဲ့စာအုပ်တွေ၊ မမကြီး ဖတ်ခဲ့တဲ့စာအုပ်တွေ၊ ခု သမီးဖတ်တဲ့ စာအုပ်တွေ နှိုင်းယှဉ်ကြည့်ရအောင်။ မေမေက ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့ စာအုပ်တွေ၊ ဆရာမကြီး ဂျာနယ်ကျော် မမလေး စာအုပ်တွေ၊ ဗန်းမော်တင်အောင်တို့၊ ဆရာမြသန်းတင့်တို့၊ စာအုပ်တွေ၊ ဗိုလ်မာရှယ်မွန်ဂိုမာရီ အတ္ထုပ္ပတ္တိ၊ ဂျင်နရယ်တိုကျို၊ အာရေဗျ လောရင်း၊ ဂျာမနီစစ်ခေါင်းဆောင် ရိုမဲလ်တို့ အတ္ထုပ္ပတ္တိတွေ စသည်ဖြင့်ပေါ့။

သမီး မမကြီးကျတော့ ဆရာလင်းယုန်မောင်မောင်၊ မောင်မိုးသူ၊ ဆောင်ဝံသ၊ မြတ်ငြိမ်းတို့ ဘာသာပြန်တဲ့စာအုပ်တွေ၊ ချီဗွေဟာရာတို့၊ စစ်နဲ့





ငြိမ်းချမ်းရေးထဲက မင်းသား အင်ဒရေတို့ဟာ သမီးကြီးရဲ့ စံပြ ဇာတ်လိုက်တွေပေါ့။ ဗိုလ်ချုပ်ကြီး မွန်ဂိုမာရီယာ ပကာသန မမက်သလို သူ့ကိုယ်သူ ရှေ့တန်းတင်ချင်တဲ့ စိတ်လည်း မရှိပါဘူးဆိုတဲ့ အချက်ကို သမီး မမကြီးက သိမှ် သဘောကျတာ။ သမီးမမကြီးဟာ အပေါ်ယံ အရေပြားတစ်ထောက် အလှထက် နှလုံးသား အလှ၊ ဦးနှောက် အလှ၊ အသိဉာဏ် အလှတို့ကို ဦးစားပေးခဲ့တယ်။ ဒါကြောင့်လည်း သမီး မမကြီးဟာ မေမေ့ စိတ်ကြိုက် သမီးကြီး ဖြစ်ခဲ့တယ်။ ကိုင်း.. သမီးငယ်ကကော...။

သမီး သိတဲ့အတိုင်း မင့်မမကြီးကို မေမေ (၂၈)နှစ်မှာမွေးခဲ့ပြီး၊ သမီးလေးကို မေမေ (၃၈)နှစ် အရွယ်ကျမှ မွေးခဲ့တာ။ (၁၀) နှစ်မှာ ဒီမျှကွာခြားဖို့မသင့်ပါဘူး။ မင်း မမကြီး အရှည်အသွေး တောက်ပြောင်မှုကို မေမေ့သမီးငယ် လုံးဝလိုက်မမီဘူးပြောရင် မင်း ဝမ်းနည်းမှာလား။ တကယ်တော့ သမီးဟာ သက်ကြီးသား။ အများအားဖြင့် သက်ကြီးသားတွေဟာ ထူးချွန်တတ်တယ်တဲ့။ မေမေဟာ ဒါကြောင့်မို့ သမီးငယ်ရဲ့ အနာဂတ်ကို အများကြီး မျှော်မှန်းခဲ့တယ်။ သမီးလေးအပေါ် ယုံကြည် အားထားမှုတွေ အများကြီး ထားခဲ့တယ်။

မေမေ မျှော်လင့်အားထားသလို သမီးဟာ အတန်အသင့် လိမ္မာခဲ့ပါတယ်။ တစ်နှစ်တစ်တန်း မှန်မှန်အောင်တဲ့အပြင် (၁၀)တန်းကို နှစ်ချင်းပေါက် အောင်ခဲ့တယ်။ ဒါပေမယ့် "ဒီ"ငါးလုံးရခဲ့တဲ့ မင်း ဖေဖေကတော့ "ဒီ"တစ်လုံးမှမရတဲ့ သမီးအတွက် နည်းနည်းမှ မကျေနပ်ခဲ့ဘူး။ မင်း အောင်စာရင်း ထွက်တဲ့နေ့ကဆို ဖေဖေ တစ်နေ့လုံး စကားမပြောတော့ဘူး။ ငြိမ်သွားလိုက်တာ။ မေမေကတော့ ကိုရယ် ကျတဲ့လူတွေ အများကြီးပဲ။ နှစ်ချင်းပေါက် အောင်သွားတာ မဆိုးလှပါဘူး။ ပြီးတော့ ကလေးက အသက်(၁၅)နှစ် သာသာပဲရှိ သေးတာ။ သမီးဘက်က ကာကွယ်ရင်း ဖြေသိမ့်ရသေးတယ်။ သမီး မမကြီးဟာ(၁၀)တန်းကို ဒီနှစ်လုံးနဲ့အောင်ခဲ့ပြီး၊ ခုဆိုရင် စာကြည့်တိုက် ဒီပလိုမာဘွဲ့ရပြီး၊ ရန်ကုန်တက္ကသိုလ်မှာ စာကြည့်တိုက်မှူး ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



( ၂ )

သမီးကို ဂန္ဓီဆေးရုံမှာမွေးပြီး စနေသမီး။ မမကြီး ကျောင်းက ထားကြည့်ပြီး ဘာပြောလဲ သိလား။

“မေမေ… ညီမလေးက သမီးထက် တော်ရမယ်၊ အငယ်တွေဟာ ပိုပြီး ထူးချွန်တတ်တယ်” တဲ့။

သမီးရဲ့ ဖေဖေကတော့ သမီးကို သူ့လို ဆရာဝန် ဖြစ်စေချင်တာကွဲ့။ မေမေကတော့ သူ့ဟာသူ အရည်အချင်းနဲ့ တော်နေရင် ကျေနပ်တာပါပဲ။ မေမေ့လို ကျောင်းဆရာမ ဖြစ်လည်း၊ ကျောင်းသား လူငယ်တွေ အများကြီး မွေးထုတ်ပေးနိုင်တဲ့ ဆရာမတစ်ယောက် ဖြစ်လာမယ် ဆိုရင်လဲ ကျေနပ်တာပါပဲ။ မေမေ့ရဲ့ ရည်မှန်းချက်ကတော့ သမီးဟာ စာရေးဆရာမကြီး ဖြစ်လာရမယ်။

“သမီး… လောကကြီးမှာ အကောင်းဆုံးအရာဟာ ဗဟုသုတ ရှာဖွေလေ့လာခြင်းဖြစ်တယ်။ အဆိုးဝါးဆုံးကတော့ လျှစ်လျူပြုခြင်း၊ ပေါ့ဆခြင်းတို့ ဖြစ်တယ်လို့ မေမေစာအုပ်တစ်အုပ် ဖတ်ရဖူးတယ်”

“သမီးကော ဘယ်အုပ်စုထဲပါမယ် မေမေထင်လဲ”

သမီးပြန်မေးတော့ မေမေဘယ်လို ပြန်ပြောရမယ်တောင် မသိဘူး။ သမီးဟာ ရည်မှန်းချက် ပန်းတိုင်ကို မမျှော်မှန်းတဲ့၊ အနာဂတ်မရှိတဲ့ သူငယ်ချင်း အုပ်စုနဲ့ စ,ပေါင်းစ ပြုနေပြီ။ မေမေက သမီးကို မပြောရက် ပြောရက်နဲ့ပဲ…။

“သမီးတော့ မသိဘူး။ သမီး အပေါင်းအသင်းတွေကတော့ ဒုတိယအုပ်စုထဲ ပါနေတယ်။ လျစ်လျူပြုခြင်း၊ ပေါ့လျော့ခြင်းဆိုတဲ့ အတိုင်းအတာတွေလေ”

မေမေက စကားပြောရင်း စိတ်လည်း ထွက်သွားမိတယ်ကွယ်။ သမီးလေးကလဲ “ဟင်” ဆိုပြီး နှာခေါင်းလေးရှုံ့လို့။ မိန်းကလေး တန်မဲ့နဲ့





တန်းလစ်ပြီး ရည်းစားထားကြတာ ၇ တန်း၊ ၈ တန်း ထဲကပဲ။ ဒီအထဲ ဒီသမီးလေး မပါလို့ တော်သေးရဲ့လို့ မှတ်ရတာ။

သူတို့ဟာ တစ်နေ့တစ်နေ့ ပေကြိုးတစ်ချောင်းနဲ့ ရင်တို့ တင်တို့ ထိုင်နေကြတာ သူတို့ရဲ့အမြင့်မားဆုံး ရည်ရွယ်ချက်ကတော့ မော်ဒယ်ဖြစ်ဖို့ တဲ့လေ။ သမီးလေးက တစ်နေ့တစ်နေ့ မှန်ကြည့်တာ အခါခါပဲ။

“တို့ ကြားဖူးတာကတော့ အကျည်းတန် မှန်ကြိုက်တဲ့။ ငါတို့ သမီးလေးဟာ လှလည်းလှရဲ့သားနဲ့”

သူက နည်းနည်းရှက်သွားတယ်။ မင်း မမကြီးက အချိန်ကို သိပ်နှမြောတာ။ သူ့မှာအချိန်ဟာ ဘယ်တော့မှ လောက်တယ်ရယ် မရှိဘူး။

“အချိန်တွေ ပိုနေပါလား ညီမလေးရယ်” မမကြီးက ခဏခဏ ညည်းတော့ သမီးကမကျေနပ်ဘူး။ လူတစ်ဦးရဲ့ တန်ဖိုးတွက်မှုဟာ လူဟာ အချိန်ကို ဘယ်လို အသုံးချသွားသလဲဆိုတာ တွက်ရမှာပဲ။

သမီး ဆယ်တန်းအောင်ပြီးမှ ပေါင်းတဲ့ သူငယ်ချင်းတွေလည်း မဟာန်ပြန်ပါဘူး။

ကိုယ့်မိဘဝင်ငွေက ဘာမှမရှိပဲ လူလေးသူလေးနဲ့ ၂၀၀၀ ကျော်တန် ဖိနပ်စီးတဲ့သူငယ်ချင်းကို အားကျရမှာလား။ အံမယ်လေး သမီး ကျတော့ ၄၀၀၀ ကျော်တန်ဖိနပ်မှ စီးချင်တာတဲ့။ သမီး မမကြီးမှာ ကျောင်းနေလာရာကနေ အလုပ်ဝင်တဲ့အထိ စီးတဲ့ဖိနပ်ဟာ ၂၀၀ ပတ်ဝန်းကျင်။ ချယ်ရီတို့၊ ယင်းမာတို့ပဲ သူ့ခြေထောက် သွယ်သွယ်နဲ့၊ ခြေဖမိုးဖြူဖြူ လေးနဲ့ ၂၀၀ တန် ဖိနပ်စီးတာဟာ ၄၀၀၀ တန် ဖိနပ်စီးတာထက်တောင် လှသေး။ သမီးတို့ဟာ အရည်အသွေး တောက်ပြောင်အောင် လုပ်ဖို့ထက် ခြေထောက်ကို အလှဆင်ဖို့ ပိုပြီး စိတ်အားထက်သန် နေကြတာကိုး။

ဂါဝန်တွေ၊ စကတ် တွေဆိုလဲ သောင်းဂဏန်းတွေ။ မမကြီးက ၅၀၀ တန် ထဘီနဲ့ တင်းတိမ် ရောင့်ရဲနေတဲ့ အချိန်မှာ သမီးက သောင်းဂဏန်း အဝတ်အစား ဖိနပ်တွေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မမေရယ် တချို့များ သောင်းချီပေးရတာ၊ အဲသလို သမီး မပူဆာပါဘူး"တဲ့။

မမကြီးက စိတ်တိုလာပြီး..

"အေး... အဲဒါကြောင့် ဟိုဥစ္စာတွေ ဖြစ်ကြတာပေါ့"

ပြောလိုက်တယ်။ အဲဒါ သမီးက တန်ပြန် စိတ်ဆိုးပြီး "တာရာ ဖိနပ်စီးပြီး ကျောင်းသွားမယ်"တဲ့လေ။

မမေက သမီးကို ထရိုက်ချင်လိုက်တာ လက်ကို ယားနေတာပဲ။ ဒီမိဘ၊ ဒီအစ်မတွေကြားထဲ ဒါလောက် တလွဲဆံပင် ကောင်းရမလားလို့။ လူငယ်တွေဟာ ကိုယ့်အနာဂတ်ကို ကိုယ်မတွေး ဘူးဆိုရင် ကြိုးဆွဲချသေသလို ဖြစ်တော့မှာ။

( ၃ )

သြော်.. မမေ အရေးတကြီး ပြောဦးမယ်။ ခုတလော သမီးတို့ ဖြစ်နေတဲ့ကိစ္စပေါ့။ ၁၀ တန်းအောင်လာပြန်တော့ စောစောတုန်းက ဖိနပ် အဖိုးတန်တွေစီးဖို့ ရည်မှန်းချက်ကြီးမားတဲ့ သမီး၊ သူငယ်ချင်း နှစ်ဦး သုံးဦး ဟာ ကောင်လေးချောချောတွေ ချိတ်မိဖို့ ဝါသနာက ရှိနေတော့ သူတို့ရုပ်ရည် နဲ့ သူတို့ကဆွယ်လည်း ပြန်မကျတဲ့ ကောင်လေးကို သမီးနဲ့ အောင်သွယ် ဝါလေရော။ သမီးရဲ့ရုပ်လေးက လှတယ်မဟုတ်လား။ ကောင်လေးက သမီး တို့ ကြိုက်တော့မှာပဲ။ ကောင်လေးဟာ ရုပ်ရည်အားကိုးနဲ့ ရည်းစား ခပ်များများ။ အတွေ့အကြုံကလည်း ရှိနေတော့ သမီးကို အတင်းပဲ ချစ်တယ်၊ ကြိုက်တယ်ရယ် ဖြစ်လာပြီး သမီးကလဲ ပြန်တုံ့ပြန်ချင်သလို ဖြစ်လာတာပေါ့။ ဒါပေမယ့် ၁၆ နှစ်ဆိုတဲ့အရွယ်ဟာ သိပ်ငယ်ပါသေးတယ်။ သမီးရဲ့ အဆုံး အဖြတ်တွေဟာ ဘယ်နည်းနဲ့မှ မမှန်နိုင်ဘူးသမီး။ မမကြီးရော မမေကရော အခါခါ သတိပေးရတယ်။





သူတို့ရဲ့ အောင်သွယ်တော် ဇာတ်လမ်းကလဲ ဒီခေတ်မှာ အဆန်း သား။ မမေတို့ တစ်ခါမှ မတွေးမိတာတွေပေါ့။ သမီးနဲ့ အုပ်စုဖွဲ့၊ သမီးကို ရင်းနှီးစပြုတဲ့အခါမှာ သူတို့ဝင်ပြီး အရောတဝင် နေကြတာလေ။ ယောကျ်ား လေး တစ်ယောက်ရဲ့ ခါးကိုတို့တဲ့ မိန်းကလေး၊ ဆွဲလား ဘာလားလုပ်တဲ့ မိန်းကလေးတွေကို မမေ နားမလည်တာ အမှန်ပါပဲ။ ငါ့သမီးလေး တည် တည် တံ့တံ့လေး နေလို့တော့ တော်ပါသေးရဲ့။ ဒါပေမယ့် ကြာလာရင် ဘာဖြစ်မလည်း ဆိုပြီး အစိုးရိမ်သားကွယ်။ မမေနဲ့ သမီးမမကြီးတို့ဟာ ခေါင်းချင်းဆိုင် တိုင်ပင်ပြီး ရင်မောခဲ့ရတာတော့ အမှန်ပါပဲ။

မမေနဲ့မမကြီးတို့ဟာ ကိုယ့်ကိုမှ မကြိုက်နှစ်သက်တဲ့ ယောကျ်ား တစ်ဦးကို စိတ်ထဲက ချစ်ဦးတော့ အနေအထိုင် ပြတ်သားရမှာပဲ။ တစ်ဖက် သတ် အချစ်ဟာ ဆိုးပါတယ်ဆိုတဲ့ ကိုမြကြီး သီချင်းဟာ ယောကျ်ားလေး များ အတွက်သာလို့ မမေတွေးခဲ့တာဟာ မှားနေပြီပေါ့။ အစကနဦးက သူ့ သူငယ်ချင်းတွေထိရင် သမီးက ခံချင်တာမဟုတ်ဘူး။ ခုတော့ သူငယ် ချင်းတွေရဲ့ စိတ်စေတနာဟာ သူ့အပေါ် မမှန်မှန်း သိတော့လည်း မမေ့ကို သမီး ဝန်ခံလာပါတယ်။ တလျှပ်ရေထင် ရွှေသမင် အလိုက်မှားတယ်ဆိုတာ ဒါမျိုးပေါ့။ ဒါကြောင့်မို့ ၁၆ နှစ်သမီးတွေ ယောကျ်ားလေးနဲ့ မိန်းကလေး အလိုတူအလိုပါ ဖြစ်ကြဦး ဖြားယောင်းသွေးဆောင်မှု ဆိုတဲ့ ဥပဒေကြီးက ရှိနေတော့ အဲဒါ ဘာလို့လဲသိလား။ သမီးဟာ အင်မတန် ငယ်လွန်းပြီး မိခင်နဲ့ ရင်အုပ်မကွာ ရှိနေတုန်းမို့ပါပဲ။

သမီးရဲ့ အောင်သွယ်တော်တွေကလည်း သမီးဘက်က ကောင်လေး ကို ခပ်ပြတ်ပြတ်ဆိုရင် သူတို့ အကျကောက်ကြတော့မယ်။ နှစ်ယောက်၊ သုံးယောက် ကောင်လေးကို ဝိုင်းလုကြတော့ ကောင်လေးက ဝါသနာ ခပ်ပါပါနဲ့ ဆိုတော့ အတော်ပဲပေါ့။ မင်း မမကြီးကတော့ ပုဂံခေတ်တုန်းက ဘယ် မင်းညီမင်းသား၊ မိဖုရားဖြစ်ခဲ့ဖူးတယ် မသိဘူး။ အဲဒီ အောင်သွယ်တွေ ကောင်လေးကို ဝိုင်းကြိုက်ရင် တစ်ဦးကိုတစ်ဦး ရိုက်ကြ၊ ရိုက်ပွဲကြီး ဆင်နွှဲ ကြပါစေသား တဲ့လေ။ ရယ်လိုက်ရတာ။ ရူးလိုက်တဲ့ မင်းမမကြီး။ ညီမလေး ကို ငံ့မတတ်ချစ်လွန်းလို့ ရူးနေရှာတာလေ။ ဒါပေမယ့် မမေက ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာရွှိုက်ဗား၊ ဟိုချီမင်းနဲ့ ချီဗွေဟာရာတွေ ဖတ်ခဲ့တဲ့ ငါ့သမီးကြီး စိတ်လျှော့" လို့။ သူက မျက်ရည်စစနဲ့။

'သူတို့ကို ထိုက်တန်တဲ့ ဒဏ်တော့ခတ်ရမယ်၊ လောကပါလ ညီမျှခြင်းမှာ ကောင်းတာကို ဆုချ၊ ဆိုးတာကို ဒဏ်ပေး၊ အဲဒါ ကနေ့ထိပဲ' တဲ့။

မမကြီးက စာသံပေသံနဲ့ ပြောနေသေးရဲ့။ သူ့အသက် ၂၆ နှစ်ပြည့်ခဲ့ပြီ။ ရည်းစားမထားဘူးတော့ သူ့ ညီမလေးအတွက် စိုးရိမ်တာပေါ့။ သမီးလေးက အဖြူခံသက်သက်လေး။ သမီးထက် ကြီးတဲ့ ၁၈ နှစ်အရွယ်၊ ၁၉ နှစ်အရွယ်တွေရဲ့ အရောင်ဆိုးမှုကို သူ အင်မတန် စိတ်ဆိုးနေတာတော့ အမှန်ပါ။ မေမေကတော့ ဒါ သမီးလေး အတွေ့အကြုံအသေးစားတစ်ခု ဖြတ်သန်းတာ။ သမီးလေး တစ်နေ့မှာ စာရေးဆရာဖြစ်လာရမယ်။ အီးမေးလ်နဲ့ တက္ကသိုလ်တက်နေတဲ့သမီးလေး အင်္ဂလိပ်စာတွေဖတ်ပြီး နောင်တစ်နေ့ စာရေးဆရာမ၊ ကမ္ဘာ့အထိ သူ့ စာတွေပျံ့နှံ့ပြီး ပူလစ်ဇာဆုတို့၊ ဘာတို့ မရဘူးလို့ ဘယ်သူပြောနိုင်သလဲ။ မေမေကတော့ မမကြီး တက္ကသိုလ်ခေတ်တုန်းက ဖတ်ခဲ့ဖူးတဲ့ ကဗျာတစ်ပုဒ်ကို အမှတ်ရ နေမိတယ်။

သမီးလေးရဲ့
ရှေ့ရေး စဉ်းစားရင်း
ရင်သာမောရတဲ့
မိခင်တွေရယ်
ရင်ဆာခြင်းတွေ ပြေစေကွယ်
တို့ မျက်ရည်များလည်း
'အား' အဖြစ်
ပြောင်းလိုက်မယ်၊

ခင်ဆွေဦး

အမျိုးသမီးရေးရာ မဂ္ဂဇင်း၊ ၂၀၀၂-ခုနှစ်။



# ငယ်အိပ်မက်

သုမောင်

www.burmeseclassic.com

www.burmeseclassic.com

# ငယ်အိပ်မက်

( ၁ )

ရွှေနားပန်ဘုရားသည် မောင်တို့ ခြံအနားမှာရှိသည်။ ဆောင်းကုန်စမို့ ရင်ပြင်တော်ပေါ်မှ ဗာဒံပင်ကြီးသည် သူ့အရွက် အားလုံး ပတ္တမြားသွေးရောင်ဖြင့် ဟန်ချီနေသည်။ လေတိုက်သောအခါ သူ့အရွက် အားလုံးတို့သည် စေတီတော်၏ ထီးတော်မှ ဆည်းလည်းများနှင့် အပြိုင် လှုပ်ရှား လှုပ်ခါကြသည်။

ဗာဒံရွက်ကြီးတစ်ရွက် ပျင်းတွဲလေးကန်စွာ ကြွေကျသွားသည်။

ဥသြကလေးက ကူချွဲလွန်းသည်။

မောင် မမကို ကွက်ခနဲ လွမ်းလိုက်သည်။

( ၂ )

မောင် ငယ်ငယ်တုန်းဆီကတည်းက မမနှင့် ချစ်ခဲ့ကြသည်။ မေမေက ကျောင်းဆရာမ၊ ဖေဖေက ရုံးဝန်ထောက်ကြီးမို့ သူတို့သည် တစ်နေ့လုံး အိမ်မှာ မရှိကြသည်က များသည်။ ထိုအခါများတွင် မောင့်ကိုယ်လုံး ငယ်ငယ်





ကလေးသည် မမရင်ခွင်ထဲမှာ ပျော်ခဲ့ရသည်။ ဖေဖေနှင့် မေမေတို့ အိမ်ပြန်ရောက်ကြပေမယ့် မောင်ကတော့ မမနှင့်သာ အနေများခဲ့သည်။

"မမနဲ့ မောင်နဲ့ ဘာတော်သလဲ" ဟု မမက မေးတိုင်း…

"မိန်းမတော်တယ်" ဟု မောင် ဖြေခဲ့သည်။ အဓိပ္ပာယ် ကိုကား မောင့်ဘာသာပင် နားမလည်။ ဖေဖေနှင့်မေမေ အတူတူ အိပ်ကြသလို မောင်နှင့် မမလည်း အတူတူပဲ အိပ်ကြသည် မဟုတ်ပါလား။ မမက မောင့်ကို ပုံပြင်ကလေးများ ပြောပြနေသော အချိန်များတွင် ဖေဖေက မေမေ့ကို တိုးတိုးကလေး ပြောနေသံ မောင် ကြားရတတ်သည် မဟုတ်ပါလား။ မောင့်မှာက ညီအစ်ကို နှစ်ယောက်တည်းသာ ရှိသည်။ ကိုကိုက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေရသည်။ မောင့်မှာ ညီမလေးကလည်း မရှိပါ။ အစ်မကြီးလည်း မရှိခဲ့ပါ။ သည်တော့ အစ်မရယ်၊ ညီမရယ်ဆိုတာ မောင်မသိပါ။ မောင့်ကို ချစ်သော၊ ယုယသော မမကို မောင်က မောင့်မိန်းမဟု ထင်ခဲ့သည်ပေါ့။

အမှန်တော့ မမနှင့်မောင် ဘာမျှ သွေးမတော်ပါ။ သူငယ်ချင်းလည်းမဟုတ်ပါ။ မောင်တို့အိမ်ကို ဘာလုပ်ဖို့ လာနေမှန်းလည်း မသိပါ။ သို့ပေမယ့် မောင့်ကိုတော့ သိပ်ချစ်ပါသည်။

မောင်က မမကို "မောင့်မိန်းမ" ဟုပြောတိုင်း မမသည် တခစ်ခစ်နှင့် ရယ်မောတတ်သည်။ မောင့်ကိုလည်း အသက်ရှုလို့ မရလောက်အောင် ဖက်ထားတတ်သည်။ သည်လို မမက ဖက်ထား ဖန်များလာသောအခါ မမထံမှ အနံ့သင်းသင်းကလေး တစ်ခုကို မောင် ကျက်မိလာရသည်။ ရေမွှေးနံ့လည်း မဟုတ်ပါ။ ငါးပိရည် ကျိုသောအခါ ရေမွှေးလို မမွှေးပေမယ့် ရှူရှိုက် မဝသကဲ့သို့ ဖြစ်ပါသည်။ ည မမနှင့်အတူ အိပ်သောအခါ သည်အနံ့ကို မောင် အမှတ်အသား ပြုရသည်။ ညအိပ်လျှင် မမလက်ကလေးကို ကိုင်၍ အိပ်တတ်သော မောင်သည် တစ်ရေးနိုး၍ မောင့်လက်ကလေး မမလက်ထဲမှ လွတ်ထွက်၍ အေးစက်နေလျှင် မမ မောင့်အနားမှာရှိသေး၊



www.burmeseclassic.com

www.burmeseclassic.com



မရှိသေးကို မမကိုယ်မှရသည့် အနံ့သင်းသင်းကလေးအား ရှူရှိုက်ရာမှဖြေခြင်းဖြင့် သိနိုင်သည်။ မျက်လုံး ဖွင့်ရှာစရာမလိုပါ။ အကယ်၍များ သည်အနံ့တလေး မရှိတော့ဟုဆိုလျှင် မောင် အော်ကြီးဟစ်ကြီး ငိုတတ်သည်။ မျက်လုံးကိုမှ ဖွင့်လေ့မရှိ။ မမပြေးလာ၍ မောင့်ကို ချော့မော့သောအခါ မောင်သည် ရှိုက်ကြီးတငင် ဖြစ်နေတတ်သည်။ "မောင်လေးရယ် ဒါလောက်ပဲ ချစ်ရသလားကွယ်" ဟုလည်း မမ ညည်းတတ်သည်။ သည်တော့မှလည်း မောင် အငိုတိတ်သည်။ မောင် အငိုတိတ်ပါမှ မမမျက်ရည် ကျတတ်သည်။ မောင့်ကိုလည်း တွေတွေကြီး စိုက်ကြည့်နေတတ်သည်။ ချွေးသီးချွေးပေါက်များ ကျလောက်အောင် ငိုထားသော မောင့်ကို ယပ်ခတ်၍ သိပ်ပေးသည်။ ယပ်ခတ်ပေးသည်ကို မောင်သိပ်ကြိုက်ပါသည်။ မောင့်ကို ပန်ကာလေဖြင့် သိပ်လျှင် မောင် အလွန်မုန်းပါသည်။ ပန်ကာလေသည် မောင် အိပ်မရအောင် လှုပ်နှိုးသကဲ့သို့ ဖြစ်တတ်ပါသည်။

မောင်သည် အချမ်းလည်း အလွန်ကြောက်ပါသည်။ အဘယ်မျှအချမ်း ကြောက်လိုက်ပါသလည်း ဆိုလျှင် နွေအခါ ပူပူလောင်လောင်ကြီး မမရင်ခွင်ထဲဝင်၍ အိပ်သည်ကိုသာ ကြည့်တော့။

မေမေ့ကိုလည်း တကယ်တော့ မောင် ချစ်ပါသည်။ ဖေဖေ့ကိုလည်း ချစ်ပါသည်။ သို့ပေမယ့် သူတို့နှင့်တော့ မောင် မအိပ်ချင်ပါ။ ဖေဖေသည် အလွန်ပိန်သဖြင့် ပျဉ်ချပ်ကြီး ဖက်အိပ်ရသလို ဖြစ်ပါသည်။ မေမေသည် အလွန်ဝသဖြင့် ချွေးတစီးစီးဖြင့် မွန်းချင်စရာကြီး ဖြစ်ပါသည်။ သူတို့ကလည်း တကယ်တော့ မောင့်ကို ခေါ်မသိပ်ချင်ကြပါ။ သူတို့သည် ညပိုင်း ရုပ်ရှင်ကြည့် အလွန် ဝါသနာပါကြရာ၊ မောင်ပါလာလျှင် အလွန်ရှုပ်သဖြင့် ညတိုင်း သူတို့အနား သိပ် အကပ်မခံချင်ခြင်း ဖြစ်ပါသည်။ သူတို့သည် မောင့် အလစ်ကိုသာ ချောင်းနေတတ်သည်။ မောင် အိပ်ပြီဆိုမှ ရုပ်ရှင်သွားကြသည်။

တစ်ခါတလေ မောင်သည် မအိပ်သေးသဖြင့် သူတို့ရုပ်ရှင်





သွားကြသည်ကို သိနေတတ်ပါသည်။ သို့သော် သူတို့ကြည့်သည့် ရုပ်ရှင်မျိုး မောင်မကြိုက်ပါ။ ငရဲကြီးစရာကောင်းသည့် အခန်းများသာ ပြနေသောကြောင့် ဖြစ်ပါသည်။ တစ်ခါက သူတို့ကြည့်သည့် ရုပ်ရှင် မောင်လိုက်သွားရာ၊ ဘိုကြီးနှင့် ဘိုမကြီးတို့၏ ငရဲကြီးဖွယ်ကောင်းသည့် အခန်းပါ,ပါသည်။ အိမ်ပြန်ရောက်၍ ညအိပ်သောအခါ မောင့်ဘေးမှာ အိပ်ပျော်နေသော မမကို ဘိုမကြီးနှင့် ဘိုကြီးကဲ့သို့ မောင်က နမ်းကြည့်ပါသည်။ မမသည် လန့်နိုးသွားပြီး…

"ဟဲ့ မောင်၊ ဒါဘာဖြစ်တာတုန်း" ဟုမေးပါသည်။ မောင်က ရှင်းပြသောအခါ ဟက်ဟက်ပက်ပက် ရယ်ပါသည်။

"အဲဒီလိုလုပ်ရင် ငရဲကြီးတတ်တယ်" ဟုလည်း ပြောပါသည်။ အဲသည်ညက မောင်ငရဲကြီးသည့် အိပ်မက်ကို မက်ပါတော့သည်။ မောင် လန့်နိုးသောအခါ မမရင်ခွင်ထဲ ရောက်နေပါသည်။ ငိုထားလိုက်သည်မှာလည်း ချွေးသီးကြီးများ ကျသည်အထိ ဖြစ်ပါသည်။ မောင်သည် မမရင်ခွင်ထဲမှ ရုတ်ခနဲခွာ၍ မမကို ထိုင်ကန်တော့ပါသည်။ ပြီး မောင် အိပ်မက်အကြောင်းကိုလည်း ရှင်းပြပါသည်။ မမက‥

"မမ စိတ်မဆိုးရင် ငရဲမကြီးပါဘူးကွယ်" ဟုပြောပါသည်။

"မမ စိတ်မဆိုးဘူးပေါ့" ဟု မောင်က မေးရာ…

"မမ အသက်ကလေးကို မမ စိတ်ဆိုးဖူးလို့လား" ဟု ပြောပါသည်။ မောင်က ဝမ်းသာလွန်း၍ မမကို တအား ဖက်ထားလိုက်ပါသည်။ စိတ်မဆိုးဘူးဟုသာ ပြောပါသည်။ တကယ်တော့မူ မမ မောင့်ကို စိတ်ဆိုးဖူးပါသည်။

( ၃ )

မောင်သည် ကျောင်းတက် အလွန်ပျင်းသော ကောင်ကလေး ဖြစ်ပါသည်။ ကျောင်းတက်ရက် ငါးရက်တွင် မောင် သုံးရက်လောက်သာ ကျောင်းတက်ဖြစ်သည်။ နေမကောင်းဘူး၊ ခေါင်းကိုက်သည်၊ ဗိုက်နာသည်



www.burmeseclassic.com

www.burmeseclassic.com



သည်ဖြင့် အမျိုးမျိုး အကြောင်းပြ၍ ကျောင်းပြေးတတ်ပါသည်။ အိမ်သာထဲ ထိုင်နေ၍လည်း ကျောင်းနောက်ကျအောင် လုပ်တတ်ပါသည်။

မောင့်ကို ဇွတ်အတင်း ကျောင်းပို့ကြလျှင် မောင် အမြဲ ငိုတတ်ပါသည်။ မောင်ငိုလျှင် မမက ရိုက်ပါသည်။ မောင့်ကို အဝတ် လဲပေးလေ့ရှိသော ကြီးကြီးက မောင့်ခေါင်းကို ခေါက်တတ်ပါသည်။ ကားဒရိုင်ဘာသည် အိမ်မှ ကျောင်းသို့ မရောက်မချင်း ငိုနေတတ်သော မောင့်ကို "ကားပေါ်က ကန်ချ လိုက်ရမလား" ဟုသာ တွင်တွင်ငေါက် နေတတ်ပါသည်။

နွေရာသီ ကျောင်း နှစ်လပိတ်သောအခါ မောင် အလွန်ပျော်ပါသည်။

ထိုနှစ်နွေရာသီ ကျောင်းပိတ်ရက်က မောင် ပို၍ ပျော်ရပါသည်။ မမသည် မောင်တို့အိမ်သို့ ထိုနှစ်ကစ၍ ရောက်လာပါသည်။ ထိုနှစ်သည် ကိုကို နိုင်ငံခြားသွားမည့်နှစ် ဖြစ်ပါသည်။

ကိုကိုနှင့် မမသည် မောင်နှမတော်သည်ဟု ပြောကြပါသည်။

မောင်နှင့် မမကတော့ မိန်းမ တော်သည်။

မမ မောင်တို့အိမ်ရောက်သည့်နေ့က မမကို မောင် ကြည့်ရသည်မှာ အားမရအောင် ဖြစ်ပါသည်။ မမမျက်နှာသည် သနပ်ခါးများ လိမ်းထားသဖြင့် ဖိုးလမင်းနှင့် တူနေပါသည်။ မမကို ငေးကြည့်နေသောအခါ မမသည် မောင့်ကိုကောက်ချီ၍···

"မင်းနာမည် ဘယ်လိုခေါ်လဲကွယ်" ဟု မေးရာ···

မောင်က "မောင်" ဟု ဖြေပါသည်။

"မင်း နာမည်ကဖြင့်ကွာ တော်ရုံမိန်းကလေး ခေါ်ရဲမှာ ဟုတ်ပါဘူး" ဟု ရယ်မောရင်း ပြောပါသည်။ မောင်ကတော့ သူ ဘာပြောမှန်းမသိပါ။ မမသည် မောင့်ပါးကို နမ်းလိုက်ပါသည်။ ထိုအနမ်းသည် မမ မောင့်ကို စ၍ နမ်းသော ပထမဦးဆုံးအနမ်း ဖြစ်ပါသည်။

❖





( ၄ )

ထိုနှစ်နွေရာသီက မမနှင့်မောင် တတွဲတွဲ ဖြစ်နေပါသည်။ နိုင်ငံခြား ရောက်နေသော ကိုကို့ကိုလည်း မောင် မလွမ်းမိပါ။ မောင့်ကို ရေချိုး၊ သနပ်ခါးလိမ်း၊ ထမင်းကျွေး၊ အဝတ်အစား လဲပေးကြသော အိမ်က ကောင်မတွေ အနား မောင် မကပ်တော့ပါ။ သူတို့သည် အလွန် ညစ်ပတ်ကြပါသည်။ ဖေဖေနှင့် မေမေတို့ ညတိုင်းပေါက်သော သေးအိုးကိုလည်း သွန်ကြရပါသည်။ သူတို့သည် တစ်နေ့နှစ်ခါ ရေမချိုးပါ။ တစ်နေ့လုံးလည်း ဘာလုပ်နေကြမှန်း မသိပါ။ မမသည် သူတို့လိုမဟုတ်ပါ။ သူတို့ထက်လည်း လှပါသည်။ ဆူဆူ ဆောင့်ဆောင့်မရှိဘဲ မောင့်ကို လိုလေသေးမရှိ အလိုလိုက်ပါသည်။ ကောင်မတွေသည် အုန်းဆီများ ရွှဲနေအောင်ထည့်၍ မောင့်ကို ခေါင်းဖြီးပေးကြသည်။ သနပ်ခါးလိမ်းပေးကြသည်။ မောင်ကဖြင့် မကြိုက်ပါ။ မိန်းမနှင့် အလွန်တူပါသည်။ မမကမူ ကော့စ်မစ်တစ်နှင့် ပေါင်ဒါရော၍ မောင့်ဆံပင်ကို အမောက်ကလေး လုပ်ပေးတတ်ပါသည်။ အတော်ကြာ၍ ဆံပင်ခြောက်သွားသောအခါ မောင့်အမောက် ကလေးသည် မာမာကလေး ဖြစ်နေရာ မောင် အလွန် သဘောကျပါသည်။ အမောက်ကလေး ပျက်မသွား စေရန် မောင် ခေါင်းကို မလှုပ်ဘဲနေတတ်ရာ ဇက် အလွန်ညောင်းလှပါသည်။

မောင်သည် အလွန်အလှကြိုက်ပါသည်။ အလှကြိုက် သလောက် အရုပ်ဆိုးသည်ဟု မေမေနှင့်ကြီးကြီးက ပြောကြပါသည်။ မောင့်အသားသည် အလွန်ညိုသဖြင့် "သပိတ်" ဟု အိမ်ကကောင်မ တွေက ခေါ်ကြပါသည်။ မမ တစ်ယောက်သာ မောင်အကြိုက်ဆုံး 'မောင်' ဆိုသည့် နာမည်ကို ခေါ်ပါသည်။ မောင် အဘယ်မျှ အလှကြိုက်လိုက်ပါသလဲဆိုလျှင် တစ်နေ့ မမနှင့်အပြင်သွားဖို့ အဝတ်လဲရာ ဟိုအရောင် သည်အဆင်ဟု မောင်က ကြေး(ဂျီး)ထူနေသဖြင့် မမသည် သူ့ဘာသာ အပြင်ထွက်သွားပါသည်။ မမ အပြင်က ပြန်လာသောအခါ မောင် အဝတ်ရွေးလို့ မပြီးသေးပါ။

မောင်သည် မမ ဘယ်သွားသွား လိုက်ချင်တတ်ပါသည်။ မမက လည်း ဘယ်ဖြစ်ဖြစ် ခေါ်သွားတတ်ပါသည်။ တစ်ခါကမူ မောင်မသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



မမသည် (၁၀)ရက်လောက် အိမ်က ပျောက်သွားပါ သည်။ ပြန်လာသောအခါ မောင့်ဖို့ မောင်မစားဖူးသည့် ကောက်ညှင်းမုန့်များနှင့် လုံချည်တစ်ထည် ဝယ်လာပါသည်။ ထိုလုံချည်သည် မိုးပေါ်က သက်တံလို အဆင်မျိုးဖြစ်ပြီး၊ မောင်အကြိုက်ဆုံး ဖြစ်ပါသည်။

ထိုနေ့က မမကို မောင်မခေါ်ဘဲ တစ်နေ့လုံး ငိုနေပါသည်။ မမက လည်း ငိုနေသည်။ နောက်တစ်နေ့မှ မောင်မနေနိုင်၍ မမကို ပြန်ခေါ်ပါသည်။ သို့ပေမယ့် မမသည် ငိုပြန်ပါသေးသည်။ ဘာကြောင့် မှန်းမောင်မသိပါ။ မောင်ကတော့ တစ်နေ့လျှင် ငါးနာရီလောက် မမနှင့်ခွဲ၍ ကျောင်းသွား ရပါသည်။ သည်အခါတုန်းကတော့ မမသည် မငိုပါ။ ကျောင်းတက်ပျင်းသော မောင့်ကိုပင် ဆူပါသေးသည်။ မောင့်ကို ချစ်ပါလျက်နှင့်များ ဘာကြောင့် သူနှင့်ခွဲ၍ နေ့တိုင်း ကျောင်းမှန်မှန် တက်ခိုင်းရမှန်းတော့ မောင်လည်းမသိပါ။ မမ မောင့်တို့အိမ် ရောက်ပြီး၍ တစ်လခွဲအကြာတွင် မောင် ကျောင်းပြန်တက် ရရာ ကျောင်းပြေးဖို့ အမျိုးမျိုးသော နည်းလမ်းများဖြင့် မောင့်ထုံးစံ အတိုင်း လုပ်ခဲ့ပါသေးသည်။ နောက်ဆုံး မမက အော်ငေါက်၍ မောင့်ကို ကျောင်းတက် ခိုင်းမှ ညတိုင်းမမနှင့်အတူ မအိပ်ရမှာ စိုးသဖြင့်သာ မောင် ကျောင်းတက်ခဲ့ ရသည်။ မောင်ပြောသော မမ မောင့်ကို စိတ်ဆိုးဖူးသည်ဆိုသည်မှာ ထိုနေ့က အဆူခံရခြင်းကို ပြောခြင်း ဖြစ်ပါသည်။

နောက်တစ်နေ့ ရှိပါသေးသည်။

ထိုနေ့သည်ကား မမ မောင့်ကိုမရိုက်စဖူး ရိုက်သောနေ့ ဖြစ်ပါ သည်။

ထိုနေ့က မောင်တို့တစ်အိမ်သားလုံး လေယာဉ်ကွင်းသို့ သွားကြ ပါသည်။ ဖေဖေနှင့်မေမေ နှစ်ယောက်စလုံး မျက်နှာ မကောင်းကြပါ။ မောင် ကတော့ လေယာဉ်ပျံကြီးတွေ ကြည့်ရတော့မည်ဟူသော သဘောဖြင့် အလွန် ဝမ်းသာနေပါသည်။ မမသည် ထိုနေ့က အိမ်မှ ထွက်လာကတည်းက မောင့်ကို ဖက်လိုက်၊ နမ်းလိုက်လုပ်နေသည်မှာ လေယာဉ်ကွင်း ရောက်သည် ထိ ဖြစ်ပါသည်။





လေယာဉ်ကွင်းရောက်၍ အတော်ကြာသောအခါ မေမေ့ငိုသံကို မောင် စ၍ကြားလိုက်ရပါသည်။ အိမ်မှ ကောင်မများလည်း ပါလာကြရာ သူတို့သည်လည်း တရှုပ်ရှုပ်ငိုနေကြပါသည်။ မမသည် မေမေ့ကို ဖက်၍ ငိုက်နေပါသည်။ မောင်ကမူ မေမေတို့၊ မမတို့ ဘာဖြစ်နေကြပါလိမ့်ဟု ကြောင်ကြည့်နေမိပါသည်။

ထိုအချိန်မှစ၍ မမသည် မောင့်ကိုလှည့်၍ပင် မကြည့် တော့ပါ။ ထိုအခါမှ မောင်ငိုချင်လာပါသည်။ မမ မြင်သာသည့် နေရာတွင် ရပ်ပြရသည် မှာလည်း အမောပင်။ သို့သော် မမသည် မောင့်ကို မမြင်သလိုနေပါသည်။ နောက်ဆုံး မအောင့်နိုင်လောက်အောင် မောင်ငိုချင်လာသဖြင့် အိမ်သာထဲ ဝင်ငိုမိပါသည်။ အတန်ကြာ သောအခါမှ မောင်ပျောက်၍ လိုက်ရှာနေသော မမအသံကို ကြားရပါသည်။ မောင် မထူးမိပါ။ နောက်ဆုံး ကျိတ်၍ ငို သော်လည်း မအောင့်အည်းနိုင်သဖြင့် ထွက်သွားမိသော မောင့်ငိုသံကြောင့် မမ မောင့်ကို မိသွားပါတော့သည်။

မမသည် မောင့်ကို တအားဖက်၍ ငိုပါတော့သည်။ မောင့် တစ် မျက်နှာလုံးကို နမ်းလိုက်သည်မှာလည်း နေရာ မကျန်လောက်အောင် ဖြစ်သည်။ မောင့် နှုတ်ခမ်းကလေးကိုလည်း နမ်းမိပါသည်။ မမတာ နမ်းခြင်းဖြစ်သောကြောင့် ငရုတ်ကြီးမှာ မောင် မကြောက်ပါ။

"သမီး နာမည် သတိပေးနေပြီ၊ လေယာဉ်ပေါ်တက်တော့"

မေမေ့အသံကို ကြားလိုက်ရသည်။ မမသည် ဖေဖေနှင့်မေမေ့ကို ထိုင်ကန်တော့ပြီး မောင့်ကို မကြည့်ဘဲ ချာခနဲလှည့်ထွက်သွားသည်။

"ဘယ်သွားမလို့လဲ မောင်လဲ လိုက်မှာပဲ"

ဟု မောင်ပြောလိုက်မိသည်။ မျက်ရည်များလည်း ကျလာသည်။ မမ၏ ထဘီစကို မောင် အတင်းဆွဲထားလိုက်သည်။

"မင်းလိုက်လို့ မဖြစ်ပါဘူး" မမသည် မောင့်ကို ငေါက်ငမ်းရင်း သူ့လက်ကို ညတိုင်းကိုင်ထားမှ အိပ်ပျော်တတ်သော မောင့် လက် နု ကလေးကို ပုတ်ချ၍ ထွက်သွားတော့သည်။ မောင့်လက် ကလေးသည်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့ကျက်ရပ်သည်၊ သို့သော် မောင် နာရမှန်းမသိပါ။ အိုမောင် ဘာဆို အဓိပ္ပါယ် အဲသည်တုန်းက မသိတော့ပါ။

( ၅ )

မမ မောင်တို့အိမ်မှ ထွက်သွားသည်မှာ ဆယ်နှစ်ပြည့်ပါပြီ။

မမ သွားခါစကဆိုလျှင် မောင် အိပ်၍မရခဲ့ပါ။ ဖျားလည်း ဖျားပါသည်။ မမ မရှိတော့သည့်နောက်ပိုင်း ဖေဖေ၊ မေမေနှင့် အိမ်ဖော်များ မောင့်ကို ပို၍ ဂရုစိုက်လာကြသည် ထင်ပါသည်။ ချစ်လည်း ချစ်လာကြသည် ထင်ပါသည်။ မောင်ကတော့ မမကိုသာ လွမ်းနေပါသည်။

မမသွားစဉ်က ကျန်ရစ်ခဲ့သော အင်္ကျီဟောင်းကလေးနှင့်သာ မောင် အဖော်ပြုနေရသည်။ ထိုအင်္ကျီကလေးသည် ယခုအခါ အဝတ်စကလေး ဖြစ်နေပေပြီ။ မောင်ကတော့ ယုယုယယ သိမ်းထားမြဲဖြစ်သည်။ မမ မရှိတော့သည့်နောက်ပိုင်း မမကိုယ်စား မောင် ကြိုက်တတ်သည့် မမကိုယ်မှ ရတတ်သည့် အနံ့သင်းသင်းကလေးကို သိမ်းဆည်းထားသည့် သဘောမျိုးဖြစ်သည်။ အမှန်မှာ ထိုအနံ့မှာ မမကိုယ်မှထွက်သော ချွေးနံ့နှင့် သနပ်ခါးနံ့တို့ ပေါင်းထားသော အနံ့ဖြစ်မှန်း မောင်သိပါပြီ။ မမ သွားခါစကဆိုလျှင် မမအင်္ကျီကလေးကို မောင်ဖက်၍ အိပ်ရပါသည်။ ပြီး ကြိတ်၍လည်း ငိုရပါသည်။

( ၆ )

ခုတော့ မောင် သည်လိုနည်းဖြင့် မလွမ်းတတ်ပြီ။

( ၇ )

သည်နေ့လည်း လေယာဉ်ကွင်းသို့ ရောက်ရပြန်ပြီ။ ဖေဖေလည်း ပါသည်။ မေမေလည်းပါသည်။ အိမ်က အိမ်ဖော်များလည်း ပါသည်။ သူတို့ အားလုံး ပျော်ရွှင်နေကြသည်။ မောင်တစ်ယောက်သာ မှိုင်နေရသည်။ ယခင်





အခါတလို မောင် မပျော်ပါ။ လေယာဉ်ပျံကြီးများကိုလည်း ကြည့်ချင်လိုစိတ် မရှိတော့ပါ။

မကြာခင် လေယာဉ်ပျံကြီးတစ်စင်း ဆိုက်လာပါသည်။ အလွန်ကြီးသော လေယာဉ်ပျံကြီးဖြစ်သဖြင့် လေယာဉ်ကွင်းကြီးပင် ဟည်းထသွားသည် ထင်ရ၏။ မကြည့်ချင်ဟု ဆိုပေမယ့် လေယာဉ်ကြီးကို မောင် ငေးနေမိပါသည်။ လေယာဉ်ကြီးသည် လေယာဉ်ပြေးလမ်းပေါ်တွင် ရင်ကော့၍ ဟန်ရေးပြနေသည်။ မောင့်ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။

လေယာဉ်ပေါ်မှ ဆင်းလာသော နိုင်ငံခြားဝတ်စုံဖြင့် ကိုကို့ကို တွေ့သွားသဖြင့် မေမေသည် ထခုန်မတတ် ဝမ်းသာနေသည်။ ကိုကိုသည် ချော လှလာသည် ထင်ရ၏။ မောင့်ရင်ထဲမှာ လေယာဉ်ကြီး ပြေးနေသကဲ့သို့ ဖြစ်နေသည်။

ကိုကိုနှင့် မောင့်မမတို့ မောင်တို့အနား ရောက်လာကြသည်။ ကိုကိုသည် မောင်ငယ်ငယ်တုန်းကအရွယ် ကောင်လေးတစ်ယောက်ကို လက်ဆွဲလာသည်။ မောင့်မမသည် သုံးနှစ်သမီးအရွယ် ကောင်မကလေး တစ်ယောက်ကို ချီထားသည်။ မောင့်မမသည် မောင့်ကို မှတ်မိသလို ကြည့်နေသည်။ မောင်ကတော့ တစ်လလျှင် နှစ်ညသုံးည ဆိုသလိုတွေ့ရသော လမင်းကြီးကို ကျက်မိနေသကဲ့သို့ မမကို မှတ်မိနေပါသည်။ မမသည် လမင်းကြီးနှင့် ပို၍ တူနေပါသည်။

"ဟဲ့ . . . မောင် မဟုတ်လား၊ ကြည့်စမ်း ကောင်ကြီး ကြီးလာလိုက်တာ၊ ချောလဲချောလို့ဟော့၊ မောင့်ကိုကြည့်စမ်းပါဦး မောင်ရဲ့"

မမသည် မောင့်ကို မှတ်မိသွားပါတော့သည်။ သူ့စကားတွင် ပထမ 'မောင်'မှာ မောင့်ကို ပြောခြင်းဖြစ်ပြီး၊ နောက်ဆုံး 'မောင်' မှာ ကိုကို့ကို ပြောခြင်းဖြစ်ပါသည်။

မောင့်မမသည် မောင့်ပခုံးနှစ်ဖက်ကို ကိုင်ပြီး မောင့်ကို အားရပါးရကြီး ကြည့်လိုက်ပါသည်။ မောင်က မျက်လွှာချထားပါသည်။

"ဟော့မောင်၊ မောင်နဲ့ မမနဲ့ ဘာတော်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



မမသည် ငယ်ငယ်ကလို မောင့်ကို မေးပြန်ပါသည်။ သူ နောက်ပြောင်နေမှန်း မောင်သိပါသည်။ မောင် ဘာမျှ ပြန်မဖြေဖြစ်ပါ။

သို့သော် မောင့်မျက်လုံးအိမ်ထဲမှာ မျက်ရည်များ ပြည့်၍ လာပါတော့သည်။

( ၈ )

မောင်တို့အိမ်နားမှာ ရွှေနားပန်ဘုရားရှိသည်။ ရင်ပြင်တော် ပေါ်တွင် ဗာဒံပင်ကြီး တစ်ပင်ရှိသည်။ ဆောင်းကုန်စမို့ သူ့အရွက်အားလုံး နီမြန်းနေရှာမည်။ ခုဆိုလျှင် သူ့ အရွက်ကြီးတစ်ရွက်သည် ပျင်းတွဲလေးကန်စွာ ကြွေကျသွားပြီ ထင်ပါသည်။

ဥသြကလေးသည် ကူခွဲလိုက်ရှာမည်။

မောင့်လက်ထဲမှာ မမ ထားခဲ့သည့် အင်္ကျီစကလေး ရှိနေပါသည်။

သုမောင်

ရှုမဝမဂ္ဂဇင်း၊ ၁၉၇၃-ခုနှစ်၊ နိုဝင်ဘာလ။



# အိပ်မက်ပွင့်တွေ မျက်လွှင့်ကြွေခဲ့ပြီ

ပျဉ်းမနား မြင့်လှိုင်

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ပွင့်တွေ ပျက်လွင့်ကြွေခဲ့ပြီ

ငါ့ကိုယ်ငါ ဘာတွေ ဖြစ်နေတယ်ဆိုတာ ဘာဖြစ်လို့ ငါမသိရတာလဲ။ ဘယ်မှာလဲ ငါ့ရဲ့အသိတွေ၊ ပညာတွေ၊ ဉာဏ်တွေ၊ စုစည်းဖို့ခက်၊ ဆက်စပ်လို့မရပါလား။ အင်အားတွေကုန်၊ ဦးနှောက်တွေ ထုံကျင်ပြီး တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းနေတာမို့ မိန်းမောနေမိတယ်။

ငါဟာ အလှနတ်သမီးလေးရဲ့ ကိုယ်သင်းရနံ့ မွှေးမွှေး၊ ရင်ခွင်နွေးနွေးမှာ မှေးစက်ပြီး၊ နုညက်တဲ့အတွေ့ အိပ်မက်ရှည်ကြီးထဲ ကြာရှည်စွာ မွန်းနစ်နေခဲ့တာကိုး။ မနိုးတစ်ဝက် နိုးတစ်ဝက်အချိန်မှာ၊ ဟိုး… ဝေးလံတဲ့ အရပ်က စီးမျောလွင့်ပါးလာတဲ့ အသံတွေ၊ ခပ်ဝါးဝါး ကြားနေရတယ်။ မှတ်မိသလိုလိုရှိတဲ့ ကလေးငယ် တစ်ယောက်ရဲ့အသံ။ ပြီးတော့ ကြားနေကျ၊ နားရေဝတဲ့ အမျိုးသမီးတစ်ဦးရဲ့ ခေါ်သံ။ အသံလှိုင်းတွေက ပဲ့တင်ထပ်ပြီး တစ်စတစ်စ ကျယ်လောင်စွာ ချဉ်းကပ်လာကြတယ်။ ငါ့ရဲ့နားစည်ကို အဟုန်ပြင်းစွာ ရိုက်ခတ်လာတဲ့အတွက် ရုတ်တရက် လန့်နိုးလာရတယ်။





ငါ့ကို ထွေးပွေ့ထားတဲ့ လက်တွေကို ဖယ်ပစ်လိုက်ပြီး၊ နွေးလှုံနုပွတဲ့ ရင်ခွင်ထဲက လူးလဲထလိုက်မိတယ်။ ဒါပေမယ့် သူက ငါ့လက်တစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲထားလိုက်တယ်။ ငါ တစ်ကိုယ်လုံး ချွေးတွေပြန်ပြီး၊ ဘာလုပ်ရမှန်းမသိအောင် ဝေါင်နေကြောင်နေ မိတယ်။

ရှိစုမဲ့စု ဦးနှောက်အားကို အတတ်နိုင်ဆုံး စုစည်းနေချိန်မှာ အလင်းတန်းတစ်ခုဟာ ငါ့ရဲ့ခေါင်းထဲကို လက်ခနဲ ဝင်လာခဲ့တယ်။ ဒီအချိန်ကျမှ အားရပါးရ ရယ်မောနေတဲ့မျက်နှာကို ဖျတ်ခနဲကြည့် လိုက်မိတယ်။ ငါ တစ်ကိုယ်လုံး သိမ့်သိမ့်ခါပြီး၊ တုန်လှုပ်ချောက်ချား သွားရတယ်။ ဟင်… ဘယ်လိုလဲ။

"ချစ်စရာ အလှနတ်သမီးလေး၊ ချစ်စရာ အလှနတ်သမီးလေး"

"အို… မြတ်စွာဘုရားသခင် ကယ်တော်မူပါ"

အနှစ်နှစ်အလလ ကန်ရေပြင်လို ငြိမ်သက်နေတဲ့ ငါ့ရဲ့ရင်ဟာ ဒီနေရာ၊ ဒီဒေသရောက်မှ လှိုင်းထလွန့်လူးလာရတယ်။ ရေထဲကို ဘယ်သူခဲလုံးနဲ့ ပစ်တာလဲ။ ရင်ခုန်ခြင်းဝေဒနာ စ,တယ်လို့ ဆိုရမလားပဲ။ မှတ်မှတ်ရရ ငါတစ်ယောက်တည်း သီးသန့်ရုံးခန်း လေးထဲမှာ အလုပ်လုပ်နေမိချိန်မှာပေါ့။ အလုပ်ထဲမှာ စိတ်ကိုနှစ် မြှုပ်ထားတုန်း ငါ့ရဲ့စာရေးစားပွဲကို အသံလွင်ကလေးတွေ ကြွေလွင့် လာခဲ့တယ်။

"ထမင်း မစားရသေးဘူးလား ဆရာ"

အသံလာရာအရပ်ကို မော်အကြည့်မှာ ရွှန်းလက်တဲ့ မျက်ဝန်းနက်အစုံနဲ့ အနီးကပ်ဆုံး တွေ့လိုက်ရတယ်။ ငါ့ကို အကြည့်ရူးရူးနဲ့ကြည့်ပြီး မျက်တောင်ကော့ကြီးတွေကို ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်တာ။ ငါ့အသည်းနှလုံးတွေ ပြောင်းပြန်လန်ကုန်ပြီလား မပြောတတ်။ တုန်လှုပ် ခုန်လိုက်တဲ့ ရင်ဟာ လျှောင်တော်လဲသလိုပဲ။ တစ်ခါမှ မခံစားရဖူးသော ခံစားမှုက လူတစ်ကိုယ်လုံးကို ရှုန်းမရအောင် တုပ်နှောင်လိုက်ပြီ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အဲ... အို... အလုပ်ထဲမှာ စိတ်ပါသွားလို့ မစားဖြစ်သေးပါဘူး။ ဘာများ အကူအညီပေးရမလဲ"

"အကူအညီ မပေးရပါဘူး။ မမွန်က ကူညီမလို့ပါ။ ထမင်းဆာရင် ပြင်ပေးမယ်နော်"

"နေပါစေခင်ဗျာ၊ ကျွန်တော့်ဟာ ကျွန်တော် ပြင်စားပါ့မယ်"

"မဟုတ်တာ ဆရာရယ်၊ ကိုယ့်ဌာနက လူကြီးတစ်ယောက် အလုပ်များနေလို့ ကူညီပေးတာ အားနာစရာမလိုပါဘူး"

ယခုမှ သူ့မျက်လုံးတွေရဲ့ ညှို့ငင်မှုကို အကြည့်ရှောင်ပြီး တစ်ကိုယ်လုံး အကဲခတ်မိတော့တယ်။ ငှဝါရောင် ပုလဲရှန်ကို ဝမ်းဆက် ချုပ်ထားတယ်။ အင်္ကျီက ဘလောက်ချိုင်းပြတ်ပုံ ဆိုတော့ ဖောင်းပြည့်ဝင်းနှစ်နေတဲ့ သူမရဲ့ လက်မောင်းလေးတွေက ပိုလှနေတယ်။ ရှန်းကြွတဲ့ ရင်အလှနဲ့ ကားစွင့်နေတဲ့ တင်အလှတို့က ငါးပေကျော်ကျော် အရပ်အမောင်းနဲ့ဆိုတော့ ဘာလိုသေးလို့လဲ အချစ်ရယ်ဆိုတာလိုပေါ့။ ဟုတ်တယ်လေ။

စကားပြော မွန်မွန်ရည်ရည်နဲ့ "မမွန်"ဆိုတဲ့ အမည်နဲ့လိုက်ပါပေတယ်။ ငါ့ကိုလည်း လေးစားခင်မင်ပုံရတယ်။ ဒါနဲ့ပဲ ရေးလက်စစာကို အဆုံးသတ်လိုက်ပြီး။ အခန်းထောင့်က စားပွဲလွတ်ကို ကြည့်လိုက်မိတယ်။ ချိုင့်ထဲက ထမင်းနဲ့ဟင်းတွေဟာ ပန်းကန်ပြားထဲ ရောက်ကုန်ကြပြီ။ မမွန်က ယပ်တောင်တစ်ချောင်းနဲ့ ယင်မောင်းရင်း ပြုံးပြုံးလေး စောင့်နေရှာတယ်။

"ဆရာလက်နဲ့စားရင် ဒီမှာလက်ဆေးဖို့ရေ၊ ဇွန်းနဲ့စားမယ် ဆိုရင်လည်း ဇွန်းအဆင်သင့်ပဲ"

"ကျွန်တော် ဇွန်းနဲ့ပဲ စားပါ့မယ်။ မမွန်ပါ တစ်ခါတည်းစားပါလား"

"မမွန်စားပြီးပါပြီ။ ထမင်းစားချိန်လွန်နေလို့ ဆရာ့ကို လာ သတိပေး ရတာပါ"





"ကျေးဇူးတင်ပါတယ် မမွန်"

ဒီဌာနကိုပြောင်းလာတာ ရက်ပိုင်းပဲ ရှိသေးတယ်။ ကံကောင်းချင်လို့လား၊ ကံဆိုးချင်လို့လားတော့ မပြောတတ်။ မမွန်ဆိုတဲ့ မိန်းမချောလေးနဲ့ စတင်ဆုံစည်းရတာ ငါ့ရင်တွေ တုန်ဟီးနေတာပဲ။ မမွန်က ငါ့ထက် အသက်ငါးနှစ်လောက် ငယ်ပုံရတယ်။ ထမင်းစားရတာ တစ်မျိုးကြီးဖြစ်နေတယ်။ ဟုတ်တိပတ်တိ မစားချင်။ မမွန် ထည့်ပေးထားသော ရေနွေးကြမ်းကို သောက်ပြီး၊ ထမင်းစားခြင်းကို ရပ်လိုက်မိတယ်။ ဒါပေမယ့် ထမင်းစားပွဲက ထချင်စိတ်မရှိ။ မမွန်ရဲ့ ယပ်တောင်လေး ခတ်ပေးတိုင်း အေးမြတဲ့လေ၊ မွှေးလှတဲ့ ကိုယ်သင်းရနံ့လေးကို တွယ်မောနေမိတာအမှန်။

"ဆရာ ထမင်းစား နည်းလှချည်လား၊ စားမကောင်းဘူးနဲ့ တူတယ်"

"စားကောင်းပါတယ်။ ဒီနေ့ တစ်မျိုးကြီးဖြစ်ပြီး၊ ရင် နည်းနည်း ပြည့်နေလို့"

မမွန်က ငါပြောတာကို ဘယ်လို သဘောပေါက်သွားတယ် မသိ။ တခစ်ခစ်နဲ့ ရယ်နေတယ်။ ပြီးမှ ဣန္ဒြေဆည်လိုက်တယ်။ ငါ့ကို ကရုဏာလွှမ်းတဲ့ မျက်ဝန်းတွေနဲ့ ကြည့်ပြီး ပြောပြန်တယ်။

"ဆရာက အိမ်က ထည့်ပေးလိုက်တဲ့ဟင်း မကြိုက်လို့လား"

"ကြိုက်တာ မကြိုက်တာရယ်လို့ မရှိပါဘူး မမွန်။ စားချင်စိတ်ရှိရင် ဆက်စားလိုက်တာပဲ။ စားချင်စိတ်မရှိရင် ဒီအတိုင်းပဲပေါ့"

"ဪ... ခဏနော် ဆရာ"

မမွန်က ငါ့အခန်းထဲက ကြွကြွရွရွလေး လှမ်းထွက်သွားတယ်။ မမွန် လျှောက်လှမ်းသွားပုံကိုကြည့်ပြီး ငါ သက်ပြင်းကြီးတစ်ခုကို မှုတ်ထုတ်လိုက်မိပါလား။ မမွန်က ဖျတ်ခနဲ သမင်လည်ပြန်အကြည့် ငါ့သူ့ကို ကြည့်နေတာ ပက်ပင်းကြီး မိနေတော့တာပဲ။ မမွန်က သူ့အလှကို ဂုဏ်ယူတဲ့အပြုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆက်လျှောက်သွားတယ်။ ငါ့ရင်ထဲမှာ တစ်မျိုးကြီးဖြစ်ပြန်ပြီ။

"ဟောဒီမှာ မမွန့်လက်ရာ၊ လက်ဖက်သုပ်ဆရာ၊ မရမ်းသီးအစိမ်းပါ ထည့်သုပ်ထားတာ။ အိပ်ချင်လည်းပြေ ခံတွင်းလည်းရှင်းပေါ့"

"ဟာ... မမွန်ရာ၊ အားနာစရာတွေဖြစ်ကုန်ပြီ၊ ကျွန်တော်ကလည်း လက်ဖက်သုပ် သိပ်ကြိုက်တာ"

"ဒါဆို မမွန်နဲ့အကြိုက်ချင်းတူသွားပြီ၊ အားနာစရာမရှိပါဘူး။ မမွန် လက်ဖက်ကို ရေတ်သီးစိမ်း၊ ဓောင်းလျားချဉ်နဲ့ ရောယောင်းပြီး အမြဲနှပ်ထားတာဆရာရဲ့။ ကဲ.. စားလိုက်ပါဦး"

"ကျေးဇူးပဲ မမွန်"

"လာပြန်ပြီ ဒီကျေးဇူးကြီး"

ဒီတစ်ခါ ချိန်ကိုက်မထားဘဲ နှစ်ယောက်စလုံး ပြိုင်တူ ရယ်လိုက်မိကြတယ်။ ပျော်လိုက်တာ တကယ်ပါ။ ငါ့စိတ်တွေ ပေါ့ပါးလွတ်လပ်နေသလိုပဲ။ ခန္ဓာကိုယ်တစ်ခုလုံး သွေးလည်ပတ်နှုန်းတွေဟာ မြန်ဆန်လွန်းလိုက်တာ။ မမွန်က ထမင်းပွဲကို သန့်သန့်စင်စင် သိမ်းပေးနေတယ်။

"မမွန် စားဦးလေ"

"ဆရာပဲ စားပါ။ မမွန်လက်ရာ စားကောင်းတယ်ဆိုရင် ကျေနပ်ပါပြီ"

"ဟာ.. အရမ်းကောင်းတယ် မမွန်"

မမွန်က ပီတိပြုံးနဲ့ ချိုင့်တွေရှင်းလင်းပြီး၊ ပလတ်စတစ်ခြင်းထဲ ထည့်ပေးတယ်။

"ကဲ.. ဆရာ စားနှင့်တော့၊ မမွန် အလုပ်သွားလုပ်လိုက်ဦးမယ်"

မမွန်က ပြောပြောဆိုဆို ယို့ယို့လေး ထွက်သွားတယ်။ ငါ တစ်ယောက်တည်း ကျန်ရစ်တော့ ရင်ထဲမှာ ဟာတာတာကြီး။





မမွန်ကို တားထား ချင်တဲ့ စိတ်တွေဟာ တဖွားဖွားပေါ်လာခဲ့တယ်။ ဘာဖြစ်တာပါလိမ့်။

"ဩော်... မမွန်.. မမွန်"

၆

ငါမောင်းလာတဲ့ မာစတာ ဘီ(၆၀၀) ကားအပြာလေးကို ဒီနေ့မှ ကျေမနပ်တွေ ဖြစ်နေရတယ်။ ကြည့်လေ အလျင်လိုလို့ တအားနင်းလည်း ပြေးမှမပြေးဘဲ။ ခုတလော ငါ့စိတ်က ရုံးကို ဦးတည်ပြီဆိုတာနဲ့ လေးနဲ့ပစ်လိုက်တဲ့မြှားလို လှစ်ခနဲ ရောက်ချင်စိတ် ဖြစ်နေတာ။ ကားစုတ်က ဆွဲမှမဆွဲတာ။ ငါက ရုံးကိုမြန်မြန် ရောက်ဖို့ စိတ်စောနေတယ်လေ။

ရုံးကိုရောက်ပါပြီ။ ဟော... ငါမပြောဘူးလား။ ထူးခြားမှု ရင်ခုန်စရာလေးတွေက ဆီးလို့ကြိုလို့။ ငါ့စားပွဲပေါ်မှာ ဖန်ပန်းအိုး လှလှလေးနဲ့ ပိတောက်ပန်းတွေက လန်းလန်းလှလှ ကြုကြုလွှင်လွှင်။ ဒါ ဘယ်သူလာထားတာပါလိမ့်။ ငါပိတောက်ပန်း ချစ်တတ်မှန်း ဘယ်လို လုပ်များသိနေလဲ။ ငါစားပွဲမှာ ထိုင်ပြီး၊ ဒီ ပိတောက်ပန်းတွေကို ပီတိစိတ်လျှမ်းတဲ့ မျက်နှာနဲ့ ကြည့်နေမိတယ်။

"နောက်မှ စဉ်းစားပါ။ ဒီမှာ လက်ဖက်ရည်ချိုဝေ့ကျလေး သောက်လိုက်ပါဦးဆရာ"

"မြတ်စွာဘုရား"

"ဘယ်လိုဖြစ်တာလဲဆရာရဲ့၊ ဘုရားတွေ ဘာတွေ တ,လို့ပါလား"

မမွန်က ငါ့ အမူအရာတွေကိုကြည့်ပြီး၊ တခစ်ခစ်ရယ်ရင်း သဘောကျနေတယ်။ လှုကဲခတ် အင်မတန်တော်တဲ့ မိန်းကလေးပဲ။

"ကျွန်တော် ဒီရုံးပြောင်းလာတာ ငါးရက်ရှိပြီ။ အထူး အဆန်းတွေနဲ့ချည်း ကြုံတွေ့နေရလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို အထူးအဆန်းတွေများလဲ ဆရာရဲ့"

"သိပ်ကို ထူးဆန်းနေတယ် မမွန်။ ကျွန်တော် ပိတောက်ပန်းကို သိပ်ချစ်တယ်။ ဟောဒီမှာ ပိတောက်ပန်းတွေ ဘယ်သူ လာထားတယ် မသိဘူး။ နောက်တစ်ခါ ကျွန်တော်က လက်ဖက်ရည် ချိုပေါ့ကျ သောက်နေရရင် ထမင်းမေ့၊ ဟင်းမေ့။ ဟော... အခု မမွန်က ယူလာပြန်ပြီ။ ဒီရုံးက ကျွန်တော့်အကြိုက်တွေ အားလုံး သိနေသလိုပဲနော်"

မမွန်က ထုံးစံအတိုင်း မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ် လုပ်ပြီး၊ နားထောင်တယ်။ မျက်ခုံးစင်းရော်တောင်ကို ပင့်ပြီး၊ စဉ်းစားနေတယ်။

"ဆရာ့အကြိုက်ကို ဒီရုံးက သိနေကြတာ မဟုတ်ပါဘူး။ မမွန် တစ်ယောက်တည်းက သိနေတာပါ။ ဟောဒီ ပိတောက်ပန်းတွေလည်း မမွန်ပဲ ယူလာပေးတာ"

"မမွန်က ကျွန်တော် ကြိုက်နှစ်သက်တာတွေအားလုံး သိနေသလိုပဲနော်။ အံ့ဩစရာ ကောင်းလိုက်တာဗျာ"

"အံ့ဩစရာမဟုတ်ပါဘူး ဆရာ။ လေ့လာထားလို့ သိနေတာပါ"

"ခင်ဗျာ"

"ဒီလိုပါ ဆရာ၊ မမွန်က ဆရာ့ရဲ့ ဂီတပရိသတ်ပါ။ ဆရာရေးတဲ့ သီချင်းတွေဆို မမွန်အရမ်းကြိုက်ပါတယ်။ ဆရာ့အကြောင်းပါတဲ့ မဂ္ဂဇင်းတွေ၊ စာစောင်တွေ မမွန်ဆီမှာ အကုန်ရှိတယ်။ သိပ်ပြီး ထူးထူးခြားခြား တိုက်ဆိုင်တာတွေကတော့ မမွန်နဲ့ ဆရာနဲ့ အကြိုက်ချင်း တော်တော်များများ တူနေတာပဲ"

"ဝမ်းသာပါတယ် မမွန်။ ဒါပေမယ့် မမွန်နဲ့ အကြိုက်မတူတာ တစ်ခုတော့ရှိတယ်နော် မမွန်မသိလို့"

"သိပါတယ်နော် အားကြီးသိ၊ ဒါ မဟုတ်လား"

မမွန် လက်မတစ်ခုထဲ ထောင်ပြီး သူမပါးစပ်ကို တေ့ပြတယ်လေ။ ငါအရက်ကြိုက်တာလည်း သူသိနေပါလား။ ဘယ်လို မိန်းကလေးပါလိမ့်။





"ဘုန်းကြီးလမ်း၊ လေးဆယ့်နှစ်လမ်း၊ ပုဇွန်တောင်၊ မြေနီကုန်းနဲ့ အလုံ ထော်လီကွေ့က ဆိုင်တွေဟာ ဆရာ့ရဲ့ သေတင်းကုပ်တွေ မဟုတ်လား"

"ဟာ.. ဗုဒ္ဓေါ"

"ဗုဒ္ဓေါ မတ,နဲ့ဦး ဒါထက် အံ့ဩစရာတွေ အများကြီး ကျန်သေးတယ်နော်"

မမွန်က မျက်လုံးလေးထောင့်ကပ်ပြီး ပြုံးစစနဲ့ ငါ့ကိုပြောတယ်။ သမင်မလေးတစ်ကောင်လို မြူးရွှင်ဖျတ်လတ်စွာ ထွက်သွားခဲ့တယ်။ ငါဟာ အကွေ့အကောက်များတဲ့ ဝက်ပါထဲ လျှောက်ရင်း ပဟေဠိဆန်တဲ့ပုစ္ဆာတွေကို မရေမရာ အဖြေရှာနေတဲ့လူ ဖြစ်မှန်း မသိဖြစ်နေပါလား။

"ပုစ္ဆာဆန်တဲ့ မမွန်ရယ်"

ငါ့ရဲ့နှလုံးသား ပင်အိုထက်မှာ အချစ်ရွက်သစ်နုတွေ ဖားဖားဝေ လာပါလား။ သောကမလွှမ်းတဲ့ လောကလမ်းမှာ ပန်းတွေခင်းပြီး၊ သင်းပျံ့မွှေးကြိုင်လို့ ငါနဲ့အတူ ပြိုင်လျှောက်ဖြစ်ခဲ့ ကြတယ်။ ငါဆိုတဲ့ ဂီတ အနုပညာရှင်ရဲ့ ရင်ခုန်ပွင့်တွေကို သံစဉ်ပိုးကြိုးနဲ့သီကုံးပြီး အနုဆုံး၊ အလှဆုံး သီချင်းတွေ ဖန်ဆင်းနိုင်ခဲ့တယ်။ တိမ်မြုပ်စဘဝက ငယ်ရုပ်ဆင် တစ်သွင် ဆန်းပြီး၊ ထိပ်တန်း တစ်ကျော့ပြန် ရောက်ခဲ့တယ်လေ။ အနုပညာသမား တိုင်းဟာ ရင်လှိုင်းခုန်ကြွနေမှ အနုပညာရှင်ဆန်တယ်လို့ ကြားဖူးတယ်။ ငါ့ရင်ကို လှိုင်းဆင်တုန်ခါအောင် ဝေဒနာပေးခဲ့သူက မမွန်ပါ။ ကျေးဇူးတင်ပါတယ် မမွန်ရယ်။

ရင်ဖိုမောလျတဲ့ ရက်ကလေးတွေကို ဘယ်လိုအရာနဲ့မှ မလဲနိုင်ဘူး။ ကြည့်လေ မမွန်ဟာ ငါသွားလေရာ အမြဲကပ်ပါနေတဲ့ အရိပ်ကလေး တစ်ရိပ် ပမာပဲ။ မနက် ရုံးရောက်ရင် တိုက်ပုံအင်္ကျီ ချွတ်ပေးတယ်။ ချိတ်နဲ့စနစ်တကျ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပေးတယ်။ သူ့ခေါင်းက ဘူးနဲ့ လက်ဖက်ရည်ချိုပေါ်ကျ ဝယ်ထားတယ်။ စားပွဲထိုင်လိုက်တာနဲ့ အသင့်ထည့်ပြီးသား။ လက်ဖက်ရည် သောက်ပြီးတာနဲ့ အကြင်နာအပြည့်နဲ့ အလိုက်သိမှုစေတနာက ရင်မှာပီတိဖြာခဲ့ရတယ်။

"ကိုကိုကြီး… ထူးခြားတဲ့ အတွေ့ရအောင် ဒူးယားလေး သောက်လိုက်ပါဦး"

မမွန်က သူ့စလင်းဘက်ထဲက ဒူးယားစီးကရက် တစ်လိပ်ထုတ်ပေးလိုက်ပြီး ဂက်စ်မီးခြစ်နဲ့ ကိုယ်တိုင်ခြစ်ပေးတယ်။ မမွန်ရဲ့ စလင်းဘက်က ဣန္ဒြသယအိတ်လို့ ပြောရင်ရတယ်။ ငါကြိုက်တဲ့ ဒူးယားကို ဘူးလိုက်ဝယ်ထားတယ်။ ဒါပေမယ့် တစ်လိပ်ချင်း ထုတ်တိုက်တယ်။ ဂက်စ်မီးခြစ်ဆိုလဲ အသင့်ပါပဲ။ ငါ အရက်စံချိန်လွန်ပြီး ခေါင်းကိုက်ဝေဒနာ မကြာခဏ ခံရတာ သူသိတယ်။ အနာဂျက်ဆင် မိုက်အိုဗစ်၊ အို သိပ်ချစ်စရာ။ ဘယ်သူနဲ့မှ ယှဉ်လို့မရအောင် အလိုက်သိနိုင်လွန်းတဲ့ မမွန်ရယ်။

ထမင်းစားချိန်ဆို အစစအရာရာ အသင့်ပြင်ပေးပြီး၊ ငါးရိုး၊ ကြက်သားအရိုးကအစ ထွင်ပေးလာတယ်။ ပါးစပ်ထဲ ခွံ့မကျွေးတာ တစ်ခုပဲ။ ထမင်းစားပြီး သွားကြားထိုးတတ်တာ သူသိတယ်။ သွားကြားထိုးတံကို ဘူးလိုက် ဝယ်ထားတယ်။ ထမင်းစားပြီး ဒူးယားတစ်လိပ် ပေးလာတယ်။ မီးခြစ်ပေးတယ်။ နိစ္စဓူဝ မေ့မရစရာလေးတွေပါလား မမွန်ရယ်။

ငါနဲ့ မမွန်ရဲ့ မျက်လုံးစကားတွေကို နှစ်ယောက်သားရဲ့ နှလုံးသားတွေက နားလည်နေကြတယ်။ မပြောဘဲသိ၊ မညှိရဘဲ တွယ်ငြိတဲ့ သံယောဇဉ်အသစ်နဲ့ ချစ်သူတို့ဘဝကို အလိုလိုရခဲ့တယ်။ သေသေချာချာ ဆက်ဆံကြည့်တော့မှ မမွန်ဟာ ပွင့်လင်းပြတ်သားတာကအစ ငါနဲ့တူနေတယ်။ နှစ်ယောက်စလုံး ထူးခြားတာကတော့ မမွန်ဟာ ငါနဲ့ ငါ့အနုပညာကလွဲပြီး ဘာမှစိတ်မဝင်စားသလို၊ ငါဆိုရင်လည်း မမွန် တစ်ယောက်တည်းကိုပဲ စိတ်ဝင်စားတယ်။ သူ့ကို ငါချစ်နေရင်ပြီးရော။ ငါကလဲ မမွန်ကို ချစ်နေရရင် ကျေနပ်ပြီ။ ကဲ… ဘာများလိုသေးလဲ။ အပျော်ရက်ကလေးတွေ နေ့တာရှည်ဖို့ပဲ။





ပြန်ပြောရင် သံယောဇဉ်ဆိုတာ စကားသုံးလုံးတည်းပေမယ့် အနေအထားက ရှည်လျားလွန်းပါလား။ ရင့်မာတဲ့ အချစ်ရဲ့အဆိပ်ဟာ ငယ်ထိပ်ကိုရောက်ပြီဆိုရင် ဦးနှောက်တွေ ခန်းခြောက်ပြီး အတွေး လမ်းပျောက်ခဲ့ရတယ်။ နေမမြင်၊ လေမမြင် အချစ်တိမ်စင်တွေနဲ့ လေနင်ရာ လွင့်မျောခဲ့ရတယ်။ ကြည့်ပါလား။ မမွန်နဲ့ ငါ အခန်းထဲမှာ ခေါင်းချင်းဆိုင်လို့ အချစ်ချင်းပြိုင်။ အပြင်မှာလည်း တတွဲတွဲနဲ့ မခွဲနိုင်မခွာရက် လက်ချင်းယှက်လို့။ ပတ်ဝန်းကျင်ရဲ့ ပစ်ခတ်တဲ့ ဝေဖန်ရေး စကားလုံးမြားတွေဟာ ငါနဲ့မမွန်ဆီရောက်ရင် ပန်းတွေ ဖြစ်သွားကြရော။

မှသားမပါ လက်ာမချောဆိုတဲ့ စကားကို ငါ သဘောကျနေတယ်။ အလုပ်ကိုဖြစ်လို့။ မမွန်နဲ့ငါ ချစ်နေကြသလား၊ လုံးဝ မချစ်ရေးချမချစ်။ နိုးရိုးခင်တာ။ နေ့စဉ် အချိန်ပိုအလုပ်ဆင်းရ၊ အချိန်မတော်မှ အိမ်ပေါ် ပြန်ရောက်တယ်ပေါ့။ ဒါလဲအမှန်ပဲ။ မမွန်ရဲ့ ရင်ခွင်မှာဆိုရင် မနိုးသောအိပ်ခြင်းနဲ့ အိပ်ချင်အိပ်ရပါစေ။ အနုပညာသမားဆိုတာ အစွဲအလန်းသန်ပြီဆိုရင် ငရဲပန်းကိုလည်း ပန်ဆင်တတ်ကြတယ်ဆိုတာ ငါယုံပြီလေ။ ပတ်ဝန်းကျင်ရန်တိုင်းကလည်း ကဆုန်ဆိုင်းလာတဲ့ မြင်းရိုင်းတစ်အုပ်လို တစ်ရုံးလုံး လှုပ်ခတ်လို့။

"ဘယ်လိုလဲ သူငယ်ချင်း၊ မင်းနဲ့မမွန် ဇာတ်ရှုပ်ကို ဘယ်လိုရှင်းမယ်လို့ စိတ်ကူးထားလဲ"

"နဂိုကတည်းက ရှင်းပြီးသားဇာတ်ပဲ။ ဘာမှ ရှုပ်စရာ မရှိပါဘူး"

"ဘယ်လို ရှင်းပြီးသား ဇာတ်လဲကွ"

"မမွန်ဟာ ငါနဲ့မတွေ့စဉ် ကာလကတည်းက ငါ့ရဲ့ ဘဝတစ်ခုလုံးကို သိထားပြီးသား။ သဘောပေါက် နားလည်ပြီးသား။ ငါကလဲ မထိမ်မချန် အမှန်အတိုင်း ပြောခဲ့တယ်။ မင်းမယုံရင် မမွန်ကို မေးကြည့်ပါ သူငယ်ချင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



မြေလတ်သား သူငယ်ချင်း 'ပြည့်လှိုင်'က ငါ့အပေါ်မှာ ထာဝရ စေတနာ ဖြူစင်ခဲ့သူ။ သူငယ်ချင်းများ လမ်းမှားပြီထင်ရင် အမုန်းခံပြီး ဝေဖန်သမှုနဲ့ ပြုပြင်တတ်သူ။ ငါ့ဘဝပျက်မှာကို သေမတတ် စိုးရိမ်နေတဲ့ သူငယ်ချင်းကောင်း ပီသသူ။ သူတကယ်ပဲ မမွန်ဆီမှာ ညင်ညင်သာသာ ချဉ်းကပ်တယ်။ ငါ့အကြောင်းကို ငါ့ထက်စုံအောင် မမွန်ကိုပြောပြခဲ့တယ်။ မမွန်တုန်လှုပ်ပြီး၊ နောက် ဆုတ်သွားအောင်လို့ပေါ့လေ။ သူပဲ တပ်လန် ပြန်ခဲ့တယ်။ မမွန်က ပြောလိုက်တယ်။ သူ့ 'ကိုကိုကြီး'ဘဝကို အားလုံး နားလည်ပြီးသား ပါတဲ့။ မှတ်ကရော။

တောမီးပမာ ပျံ့နှံ့လာတဲ့ ငါတို့သတင်းကြောင့် နှစ်ယောက်စလုံးကို ဆုံးမသူအကြံပေးသူများ ရှိသလို၊ ဝေဖန်သူ၊ ကဲ့ရဲ့ရှုံ့ချ သူတွေလည်း ပေါ်လာ ကြတယ်။ မတတ်နိုင်ဘူးလေ။ တစ်ယောက်နဲ့ တစ်ယောက် ရယူလိုခြင်း၊ ပိုင်ဆိုင်လိုခြင်း မပါဘဲချစ်ကြတာ အပြစ်ပြောစရာလား။ နှစ်ဦးသဘောတူ လက်တွဲတာ အရှက်ကွဲစရာမှ မဟုတ်တာ။ နှလုံးသားရေးရာ ဘာသာဗေဒ၊ ရင်ခုန်ခြင်းဒဿနနဲ့ အချစ်နိယာမတွေဟာ သိပ်နက်နဲတယ်။ ခက်ခဲတယ်။ ကိုယ်တွေ့ကြုံမှယုံကြမှာ။ နို့မို့ဆိုရင် အချစ်ကြောင်းအဖြစ် အပြစ်တောင် တင်ကြဦးမယ်။ ထားပါလေ ဘယ်သူမပြု မိမိမှုတဲ့…။

အချစ်ရက်တွေ သက်တမ်းရှည်လာတာနဲ့အမျှ သံယောဇဉ် နွယ်ပင် တွေ တွယ်ငင်လို့။ ငါတို့နှစ်ယောက်ရဲ့ နှလုံးသားကို အထပ်ထပ် ရစ်ပတ် နှောင်ဖွဲ့နေမိပါလား။ ပတ်ဝန်းကျင်မဲ့ လူသားနှစ်ယောက်ကို အရှက်တရား၊ အကြောက်တရား တို့များနဲ့မဆိုင်၊ အချစ်ချင်းပြိုင်ဖို့သာ အဓိက။ တွေ့ဆုံပြီး ခွဲခွာရတဲ့အချိန်တွေ ခါတိုင်းလို မချောမော မသွက်လက်တော့ဘူး။ မခွဲနိုင် မခွာရက်ဘဲ လက်တွဲမဖြည်ချင်။ အချိန်တန်လို့ အိမ်ပြန်ရခြင်းကို မလိုလား ခဲ့ကြ။

"ကိုကိုကြီးရယ် အိမ်မပြန်လို့ မရဘူးလား"

ငါ့တစ်ကိုယ်လုံး စကြဝဠာအပြင်ဘက်ကို လွင့်စင်ထွက်သွားသလို ခံစားလိုက်ရတယ်။ မမွန်နှုတ်ဖျားက မမျှော်လင့်တဲ့ စကားသံကြောင့် အံ့အား သင့်နေမိတယ်။





"ဘယ်ဖြစ်မလဲ မမွန်"

နှစ်ယောက်စလုံး အင်အားတွေ ကုန်ခန်းပြီး၊ နှမ်းလျ ဟိုက်မောနေကြတယ်။

"မမွန် ကိုကိုကြီးနဲ့ မခွဲနိုင်တော့ဘူး"

"နေ့တိုင်း တွေ့နေရတာပဲ မမွန်ရယ်၊ အိမ်မပြန်လို့မှ မဖြစ်တာ"

"ဟင့်အင်း… ဟင့်အင်း မမွန် ကိုကိုကြီးနဲ့ အမြဲနေချင်တယ်"

မမွန့်ထံက ဒုတိယအကြိမ် မမျှော်လင့်တဲ့စကားသံကြား ရပြန်ပြီ။ ငါ့ရင်အစုံမှာ လျှော်လှုပ်ခါသွားသလိုပဲ။ ဘာပဲဖြစ်ဖြစ် မမွန်ကို ငါချစ်တယ်။ ရှုးရှုးမှူးမှူးကို ချစ်တယ်။ မမွန် ဆိုသမျှ အလိုကျ လုပ်ပေးရမယ်။ ဒါကြောင့် ခွင့်တွေမကြာခဏယူပြီး မမွန်နဲ့ အချိန်ကုန်ဖြစ်တယ်။ ခါတိုင်းထက် မမွန်ကို အချိန်ပိုပေးလာရတယ်။ မမွန်ကလည်း ငါသွားလေရာအရပ်၊ အရိပ်လို လိုက်ကပ် နေခဲ့တယ်။ တိတ်တခိုးဘဝကို မေ့ထားပြီး၊ တိုင့်ပေါ် အလံစိုက်ချင် တဲ့ အိုက်တင်တွေ ပြပြလာတယ်။ နယ်ပယ်တွေ ချဲ့ထွင်လာတယ်။ ဟော… ကြည့်လေ။ ပေလီသွားချင်တယ်တဲ့။ ကိုကိုကြီးနဲ့ နှစ်ယောက်တည်း ပျော် ချင်တယ်တဲ့။ ဘာတတ်နိုင်မှာလဲ။ သွားမယ်ဆိုလည်း သွားလိုက်ရုံပေါ့။

မမွန်နဲ့ပတ်သက်လို့ ကျူးလွန်ခဲ့တဲ့ မုသားတစ်သောင်း တွင်တစ်ခု ထပ်ပေါင်းလိုက်ရပြန်ပြီ။ အိမ်နဲ့ ပတ်ဝန်းကျင်ကိုတော့ နယ်လှည့်စစ်ဆေးရေး သွားမည်။ တစ်လခန့်ကြာမည်ပေါ့။ ရုံးအသိုင်းအဝိုင်းမှာတော့ ဇာတိချက်ကြွေ မြေလတ်ကခြံမြေ အမွေခွဲမည့်ကိစ္စ ခွင့်တစ်လပြန်မည်ပေါ့။ ဘာဖြစ်တုန်း ရှေ့မှုန်တွေကြဲထားတဲ့ ပေလီ သဲသောင်ပေါ်မှာ နှစ်ယောက်သား ပြေးလွှား ဆော့ကစားကြမယ်လေ။ ပေလီက အကောင်းဆုံးဘန်ဂလိုကိုလည်း ဘွတ်ကင် လုပ်ပြီးပြီ။ ရုံးက ငွေငါးသောင်းကိုလည်း ယူထားပြီးပြီ။ ကိုယ်ပိုင်ငွေ မဟုတ်ပေမယ့် နောက်မှ ကြည့်ရှင်းမယ်။ နောင်ခါလာ နောင်ခါချေး။ လေယာဉ်လက်မှတ်ကလည်း အဆင်သင့်ပဲ။ အဝတ်အစားတွေ ထည့်ယူပြီး၊ လေဆိပ်ကို ထွက်ခဲ့တယ်။ မမွန်က လေဆိပ်မှာ ရောက်နှင့်နေပြီ ငါ့ကို ကြိုနေတယ်။ မမွန် လက်ကိုဆွဲပြီး လေဆိပ်ဧည့်ခန်းထဲကို ဝင်ခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့နှစ်ယောက်လောက် ပျော်တဲ့လူ ဒီဇည့်ခန်းထဲမှာ ရှိမှာမဟုတ်ဘူး။ အို.. ဒီကမ္ဘာမှာလည်း ရှိမှာမဟုတ်ဘူးလေ။ မမွန်က ငုဝါရောင် ပုလဲရှန်ကို ထက်အောက်ဆင်တူဝတ်ပြီး၊ ပိတောက်ပန်းတွေ ဝေနေအောင် ပန်ထားတယ်။ ငါ့ကိုလည်း မှတ်မိသေးလားဆိုတဲ့ အကြည့်နဲ့ ကြည့်နေတယ်။ သိတ်မှတ်မိတာပေါ့။ ငါ မမွန်တို့ ရုံးကိုစရောက်တဲ့နေ့က၊ မမွန်နဲ့ စတွေ့တဲ့နေ့က၊ မမွန်ဝတ်ထားတာ။ ဘယ်ရမလဲ။ ဒါလေးများ ငါကလည်း ကင်စိုအကျီအပြာနု၊ ဂျင်းဘောင်းဘီရှည်အပြာရင့်၊ ဝေါကင်းရှူးဖိနပ် အဖြူနဲ့ အပြာကျား။ နှစ်ယောက်စလုံး အပျံစား၊ ပီတိလွှမ်းတဲ့ နှလုံးသားကိုယ်စီ။ အပြုံးချင်းပြိုင်လို့ အကြည့်ချင်း မရှေ့တမ်းဆိုင်လို့ရယ်။

"ရှူး… ရှူး… ရှူး"

စူးရှကျယ်လောင်တဲ့အသံကြောင့် နှစ်ယောက်စလုံး အသံလာရာ ဆီသို့ လှမ်းကြည့်လိုက်မိတယ်။ မမွန်က မျက်နှာပျက်သွားတယ်။

"ပြည့်လှိုင်"

သူငယ်ချင်းရဲ့မျက်နှာက မကောင်းဘူး။ အကြောင်းတော့ ရှိမယ်။ သူက ငါ့ကို လက်ယပ်ခေါ်လိုက်တယ်။ မလှမ်းမကမ်းမှာ ရပ်နေတဲ့သူ့ဆီ ငါထသွားခဲ့တယ်။ သူက စာတစ်စောင် ထုတ်ပေးတယ်။ စကား လုံးဝမပြော။ ငါက စာရွက်ကို ဖြန့်ဖတ်လိုက်တယ်။

**မောင်**

*မောင်လို့ နောက်ဆုံး ခေါ်ခွင့်ပြုပါ။ မောင့်မျက်နှာလေးကိုလည်း နောက်ဆုံးကြည့်ပြီး နှုတ်ဆက်ပါရစေ။ မောင် စိတ်ချမ်းသာမယ်ဆိုရင် ရင်ကိုခွဲပြီး အသည်းကို မီးကင်ပေးမယ်။ အရက်နဲ့မြည်းချင် မြည်းပါဆိုတော့ မောင် တဟားဟားနဲ့ ရယ်ခဲ့တယ်လေ။ တကယ်ပါမောင်၊ မောင့်အတွက် အစစအရာရာ စွန့်လွှတ်ပေးနိုင်တဲ့သတ္တိ မိစန်းမှာ ရှိပါတယ်။ မောင့်ကို မိစန်း ယူခဲ့တာ ရိုးရိုးစာရေးလေးဘဝ။ လမ်းဘေးဂီတသမားနော်။*





*မိစန်းမိဘတွေက ပြည့်စုံချမ်းသာတယ်။ မောင်နဲ့သဘောမတူဘူး။ မိစန်း ရာထူးတွေ၊ ဂုဏ်တွေ၊ ငွေတွေ၊ မမက်မော။ ဂရုမစိုက်ဘဲ မောင့်နောက်ကို လိုက်ခဲ့တယ် မဟုတ်လား။*

*မောင့်ခြေလှမ်းတွေ ပျက်နေကတည်းက မိစန်း မောင့်ကို လေ့လာခဲ့တယ်။ အကြောင်းစုံလည်း သိပါတယ်။ မိစန်း ပြဿနာ မလုပ်ခဲ့ဘူး။ သားလေးရှေ့မှာလည်း မျက်ရည်မကျချင်ဘူး။ တိတ်တိတ်ပုန်းပူ၊ ငုံးဆူ လူမသိ၊ မချိသွားဖြဲ နေခဲ့ပါတယ်။ မြို့က ရန်ကုန်ကိုထွက် ပြေးလာခဲ့ကြပြီး၊ လက်တွဲရုန်းကန် ကြိုးစားခဲ့ကြတယ်။ ငတ်အတူ၊ ပြတ်အတူ ဘဝက လူတစ်လုံး သူတစ်လုံး ဖြစ်အောင် မနည်းရုန်းကန် ကြိုးစားခဲ့ကြတယ်။ ပန်းခင်းတဲ့လမ်း မဟုတ်ဘူးနော်။ သူဌေး သမီးတစ်ယောက် ဖွက်တောထဲရောက်ပြီး၊ မျောတိုင်ခနီ မိုးတဲ့အိမ်နဲ့ နေခဲ့တာ စိတ်ကူးယဉ်တာမဟုတ်ဘူး။ အဲဒါ ဘာဖြစ်လို့လဲသိလား။ မိစန်း မောင့်ကိုချစ်လို့ပေါ့။ အခုလို တိုက်နဲ့ကားနဲ့ရာထူးနဲ့၊ ဇနီးနဲ့သားနဲ့ ရေခဲနှင်းဆောင်း ဘဝကို ရောက်မှ ဘယ်လိုဖြစ်ရတာလဲ မောင်ရယ်။ ထားပါတော့လေ။ လူ့ဘဝမှာ ကံကုန်တဲ့အခါ ခွဲကြရတာ ဓမ္မတာပဲ။*

*ဘာပဲဖြစ်ဖြစ် ငယ်ချစ်ဆိုတော့ မောင့်ကိုသနားတယ်။ မိန်းမ နှစ်ယောက်ကြားမှာ ဗျာများနေရတဲ့ဒုက္ခကို မကြည့်ရက်ဘူး။ နောက်တစ်ခုက ကြိတ်ပြီးသား ကြံဖတ်တစ်ခုဟာ အရည်မရှိ တော့ဘူး။ ပြန်ကြိတ်ရင်လည်း အရည်ထွက်လာမှာ မဟုတ်ဘူး။ ဒီလိုပဲ မိစန်းအပေါ်မှာ မေတ္တာရေကြည် ခမ်းသွားတဲ့ မောင့် နှလုံးသားဆီက ရေကြည်ကို မမျှော်လင့်တော့ပါဘူး။ မိစန်းနဲ့ သားလေး မိဘမေတ္တာရိပ်မှာ ပြန်ပြီး ခိုလှုံတော့မယ်။ ခြံနဲ့တိုက်ကို မောင့်နာမည်နဲ့ လွှဲပေးတဲ့ စာချုပ်ရယ်၊ တရားဝင်ဇနီးအဖြစ်မှ ကွာရှင်းပေးတဲ့ စာချုပ်ရယ်။ အစ်ကိုပြည့်လှိုင်ကို ပေးခဲ့ပါတယ်။ နောက်ပြီး ရုံးငွေတွေ ပြန်သွင်းဖို့ ငွေငါးသောင်းလည်း အစ်ကိုကို*



www.burmeseclassic.com

www.burmeseclassic.com



*ပေးခဲ့ပါတယ်။ မိစန်းလေ တစ်ချိန်က မိဘဆွေမျိုး အသိုင်းအဝိုင်း၊ စည်းစိမ်ဥစ္စာတွေကို စွန့်လွှတ်ကျောခိုင်း နိုင်ခဲ့တယ်။ ဘာလို့လဲသိလား။ မောင့်ကိုချစ်လို့ အခု တစ်ခါစွန့်လွှတ်ရတာကတော့ ဘဝအပျက်ခံပြီး စွန့်လွှတ်ရတာ။ နှလုံးသားမဲ့ ရင်ဗလာနဲ့ အကြင်နာမဲ့ ဘဝပါ။ ဒါလည်း မောင်သိပြီးသားပါ။ ထပ်ပြောပါရစေ။ မောင့်ကို ချစ်လို့ပေါ့ကွယ်။*

*မောင့်ဘဝအေးမြသာယာပါစေ။*

တစ်ချိန်က အချစ်ဦး
မိစန်း

ငါ့မျက်လုံးတွေ ဝေဝါးပြီး ရင်ထဲက ဆူပွက်ပူလောင်သလို ခံစားရတယ်။ ငါ့အသိတရားတွေ ဘယ်ပျောက်သွားမှန်းမသိ။ စိတ်နဲ့ ကိုယ်နဲ့မတွဲမိ။ ငါ့ရဲ့ဦးနှောက်တွေ အတွေးစားကုန်ကြတယ်။ သတိ လိပ်ပြာက ဆုပ်မမိဖမ်းမရနဲ့ ပင်ပန်းလှပါလား။

“ဖေဖေ.. ဖေဖေ”

“မောင်ရေ.. မောင်..”

လေလှိုင်းတို့က သံစဉ်နများကို ငါ့နားစည်သို့ ပို့ပေးကြတယ်။ ငါ့ဦးနှောက်တွေ ကြည်လင်လာသလိုပဲ။ စိတ်ခွန်အားတွေ မွှားစည်းလာပြီလားပဲ။ အသိဉာဏ်တွေ တောင်ပံခတ်ပြီး ပြန်လာကြပြီ။ ငါဟာ ရုတ်တရက်ပဲ အတွေးအိပ်မက်ရှည်ကြီးထဲက လန့်ပြီး နိုးထခဲ့ရတယ်။

“ကိုကိုကြီး လေယာဉ်ပျံ ထွက်တော့မယ်၊ သွားစို့”

ငါ့လက်ကိုလာဆုပ်ကိုင်တဲ့ အလှနတ်သမီးလေးရဲ့ လက်ကိုကြောက်လန့်တကြား ရုန်းဖယ်လိုက်တယ်။ စိတ်အိပ်မက်ရှည်ကြီး ပျက်ပြယ်သွားတော့ အလှနတ်မိမယ်ဆိုတာ ဘယ်မှာလဲ။ ဘယ်ဟာလဲ။ ငါက သူ့မျက်နှာကို စိမ်းစိမ်းစိုက်ကြည့်လိုက်တယ်။





“ကိုကိုကြီး မမွန်လေ၊ ဘာကြည့်နေတာလဲ သွားကြမယ်”

ငါ့မျက်လုံးတွေ ဆန့်ကျင်ဘက်အရပ်ကို အကြည့်ရွှေ့လိုက်တယ်။ ဟော.. ဟိုမှာ ငါ့ဇနီး စန်းအေးမြနဲ့ သားကြီး ထက်ကောင်းကင်ပါလား။

“မသွားဘူး၊ မသွားဘူး။ ဘယ်တော့မှမသွားဘူး” ငါ့ဇနီးနဲ့ ငါ့သား ရပ်နေရာကို ပြေးသွားမိတယ်။ ဇနီးက အငိုမျက်လုံး၊ အပြုံးမျက်နှာနဲ့ ဆီးကြိုရှာတယ်။ ငါဟာ သားကိုပွေ့ပြီး၊ ဇနီးကို ဖက်လိုက်တယ်။ ပြီးတော့ အတွေးအိပ်မက်ရှည်ထဲက အလှနတ်သမီးလေးဆီ အကြည့်ပို့လိုက်မိတယ်။

“အလိုလေး မြတ်စွာဘုရား ကယ်တော်မူပါ”

မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးအစုံနဲ့ ဒေါသအမျက် ခြောင်းခြောင်းထွက်နေတဲ့ မမွန်ဆိုတဲ့ မိန်းကလေး။ ငါ့ရဲ့ အတွေးအာရုံသစ်တွေ လွင့်ပြယ်ပြီး အမြင့်တိမ်သလ္လာတွေ မျက်လုံးအိမ်က ကွာကျကုန်တော့ ဘယ်မှာနတ်သမီးလေး ဟုတ်လို့လဲ။ တကယ့် နတ်မိမယ်အလှပုလဲက ငါ့လက်ထဲမှာပါလား။ ပူလောင်တဲ့ရင်ခွင်သစ်မှ အေးမြတဲ့ရင်ခွင်ဟောင်းကိုပဲ ထာဝရခိုအောင်းတော့မယ်လို့ ဆုံးဖြတ်ချက် ချလိုက်မိတယ်။

ငါဟာ ဇနီးနဲ့သားကို လက်ဆွဲပြီး လေဆိပ်ကိုကျောခိုင်း ထွက်ခဲ့တယ်။ နောက်ပိုင်းကိစ္စကိုတော့ သူငယ်ချင်းက ရှင်းပေး လိမ့်မယ်။ လှည့်ကြည့်စရာ မလိုတော့ဘူးလေ။ ငါ့ဇနီး စန်းအေးမြက မျက်ရည်တွေနဲ့ ပြုံးနေတယ်။ ငါ့သား ထက်ကောင်းကင်ကတော့ ငါ့လက်ကိုဆွဲပြီး ခုန်ဆွခုန်ဆွနဲ့ ပျော်ပြီးလိုက်လာခဲ့တယ်။ အိပ်မက်ဆိုတာ မက်နေတုန်းခဏပဲ။ အိပ်ရာက နိုးပြီးအိပ်မက်ပြယ်ရင် ဘာမှမရှိတော့ဘူး။ ငါ့ရဲ့ အိပ်မက်ပွင့်တွေလည်း ပျက်လွင့်ကြွေခဲ့ပြီ မဟုတ်လား။

ပျဉ်းမနား မြင့်လှိုင်

---

အလင်္ကာရပ်ဝန်း၊ ရသဝတ္ထုတိုစာစု(၂)၊ ၂၀၀၄-၃၊ ဇွန်လ။



www.burmeseclassic.com

www.burmeseclassic.com

# မတန်တဆဈေးနဲ့ ဝယ်လိုက်ရတဲ့ အိပ်မက်

ကျော်စွာထက်

www.burmeseclassic.com

www.burmeseclassic.com

## မတန်တဆဈေးနဲ့ဝယ်လိုက်ရတဲ့အိပ်မက်

အဲဒီတုန်းက ဒီ တိုးချဲ့ကွက်သစ်ကလေးမှာ ဆေးခန်းလာဖွင့်တဲ့ ဆရာဝန် သုံးလေးယောက် ရှိတဲ့အထဲမှာ ကျွန်တော်တစ်ယောက်ပဲ လူပျို လူလွတ် ဆိုပါတော့။

အဲဒီတော့ တခြားဆေးခန်းတွေနဲ့စာရင် ကျွန်တော့် ဆေးခန်းမှာ အမျိုးသမီးလူနာတွေ နည်းနည်းပါးပါး ပိုလာကြတာမျိုးတွေ ရှိတာပေါ့လေ။ အဲဒီအထဲမှာ ဆယ်ကျော်သက်အရွယ် အပျိုဖြန်းကလေးတွေကနေ အရွယ်တော် တဆိတ်ပိုင်းတဲ့ နှစ်ဆယ်ကျော် အစိတ်ပိုင်းအရွယ် အပျိုလတ်တွေ အပါအဝင် အသက်သုံးဆယ် ပတ်ဝန်းကျင် အပျိုကြီးတွေအထိ ဆိုပါတော့။

သူတို့ အားလုံးထဲမှာ အပျိုကြီးတွေကတော့ နည်းနည်းတော့ပိုပြီး ကဲကြတယ်လို့ ဆိုရမလားပဲ။ သူတို့အရွယ်က အပျိုပေါက်ကလေးတွေလို အရှက်အကြောက်ကြီးတဲ့ အရွယ်လည်း လွန်ခဲ့ပြီးဆိုတော့ ယောကျ်ား





[..]ယောက်နဲ့ ပြောဆိုဆက်ဆံရာမှာ သိပ် ရှိုးတိုးရှန့်တန့် မနိုင်ကြတော့ဘူး [..]။ နောက်ပြီး သူတို့မှာက သူတို့ကိုယ်တိုင် အစွဲထုတ်ဖို့ အချိန်ကလည်း [သိ]ပ်မရှိတော့ဘူး ဆိုတော့ အလျှင်စလိုနိုင်ပြီး နည်းနည်းတော့ ရဲတင်းသလို ဖြစ်နေတာလည်း ပါမှာပေါ့။

ဒါပေမယ့် မိတ်ဆွေရေ ပုစွန်ဆိတ်ဆိုတာ အရွယ်ငယ်ပေမယ့် [ခေါ]င်လယ်တော့ ကူးတတ်သလိုပဲ။ မိန်းမဆိုတာလည်း အရွယ် ငယ်လို့ဆိုပြီး လျှော့တွက်လို့မရတာတော့ အမှန်ပဲဗျ။ ဒီလိုပြောနိုင်တာကလည်း ကျွန်တော့် [..]ရဲ့ များလွန်းလှတယ်လို့ မဆိုနိုင်တောင် မနည်းလွန်းလှတဲ့ အတွေ့အကြုံ တွေအရ ဆိုပါတော့။

ကျွန်တော် အခုလိုပြောလို့ မိန်းမတွေအားလုံးကို ဝါးလုံးရှည်နဲ့ သိမ်းယမ်းနေတယ်လို့တော့ မအောက်မေ့ပါနဲ့။ ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေး တွေ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတဲ့ မိန်းကလေးတွေ၊ ယောကျ်ားတွေ ထက်တောင် အရည်အချင်းရှိပြီး၊ လေးစားလောက်တဲ့ မိန်းကလေးတွေလည်း အများကြီး ရှိသေးတယ်ဆိုတာ ဝန်ခံပါတယ်။

ထားပါတော့လေ။ အခုဟာက စောစောကပြောခဲ့တဲ့ မိန်းကလေး တွေထဲကမှ ''ဖူးငုံ''ဆိုတဲ့ ကောင်မလေးတစ်ယောက် အကြောင်းကို ကျွန်တော် ပြောချင်လို့ပါ။

''ဖူးငုံ''ဆိုတာ အသက်(၁၆)နှစ် လောက်ပဲရှိဦးမယ့် ကောင်မလေး တစ်ယောက်ပါ။ အဲဒီ ဖူးငုံအပါအဝင် သူတို့မိသားစုဟာ ဖျားတိုင်းနာတိုင်း နေမကောင်းတိုင်း ကျွန်တော့်ဆေးခန်းကိုပဲ စွဲစွဲမြဲမြဲ လာကြတဲ့သူတွေပဲ ဆိုပါ တော့။ ကျွန်တော်လည်း အစကတော့ လူနာပေါင်းစုံ ကြားထဲမှာ သူတို့ မိသားစုကို သတိထားမိတယ်ရယ်လို့ မဟုတ်ပါဘူး။ ဒါပေမယ့် ကိုယ့် ဆေးခန်းကိုပဲ နှစ်ခေါက်၊ သုံးခေါက်ကနေ လေးခေါက် ငါးခေါက် လောက်အထိ စွဲစွဲမြဲမြဲ လာပြီဆိုတော့ သတိထားမိလာရုံမက တဖြည်းဖြည်း တစ်ယောက်နဲ့ တစ်ယောက် ခင်မင်ရင်းနှီးလာတယ်လို့ပဲ ပြောပါတော့။

တကယ်တော့ သူတို့မိသားစုမှာ ရောဂါတစ်ခုတစ်ရာ ကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကျယ် ရှိကြတာတော့ မဟုတ်ပါဘူး။ ဖူးငုံဆိုရင်လည်း အပျိုအရွယ်တွေမှာဖြစ်တတ်တဲ့ သွေးအားနည်းပြီး မူးတာမော်တာ မျိုးအပြင် ချာတိတ်မက အနေအထိုင် ရေချိုးမိုးချိုးလည်း မဆင်ခြင်လေတော့ တစ်ခါတလေ ဖျားတာနာတာလောက်ပဲ ရှိတာပါ။ ဒါပေမယ့် ရာသီဥတု အကူးအပြောင်းလို အဖျားအနာထူတဲ့ အချိန်မျိုး၊ တုပ်ကွေးရာသီမျိုး ဆိုရင်တော့ ဖူးငုံအပါအဝင် ဖူးငုံရဲ့အမေရော၊ မောင်လေးရော အများတန်းတူ မဖျားတဲ့အခါမျိုးဆိုတာ မရှိသလောက်ရှားပြီး၊ ကျွန်တော့်ဆေးခန်းကို ရှေ့ဆုံးက ရောက်လာကြတာချည်းပါပဲ။

ဖူးငုံက အရုပ်အမောင်းကလည်း နည်းနည်းကောင်းပြီး၊ ခန္ဓာကိုယ်ကလည်း အချိုးကျကျနဲ့ ဖွံ့ဖြိုးလှပတဲ့သူဆိုတော့ သူ့အသက် က (၁၆)နှစ်သာဆိုပေမယ့် တကယ်တမ်းကျတော့ ၁၇-နှစ်၊ ၁၈ နှစ်အရွယ် အပျိုကြီးဖားဖားလို့တောင် ထင်ရလေ့ရှိတယ်။ သူ့မောင်လေးက အသားနည်းနည်းညိုပြီး၊ သူ့အမေက အသားမဖြူမညိုလို့ ဆိုနိုင်ပေမယ့် ဖူးငုံကတော့ ဘယ်သူ့သွားတူတယ်လို့ ပြောရခက်လောက်အောင်ပဲ အသားအရေက ဝင်းမှည့်နေအောင်ကို ဖြူတာပါ။ ဖူးငုံနာမည်နဲ့ လိုက်ဖက်အောင်ပဲ ရုပ်ရည်ကလေးကလည်း ဆွဲဆောင်မှုရှိပြီး၊ သနားကမားနဲ့ တော်တော်လေးကို ကြည့်လို့ကောင်းတယ် ဆိုပါတော့။

တစ်နေ့မှာ ဖူးငုံ မူးလို့ဆိုပြီး သူ့အမေနဲ့အတူ ကျွန်တော့် ဆေးခန်းကို လာပြရင်း သူ့အမေက ကျွန်တော့်ကို စကားစတယ်။

"ဆရာ့နှမက ဆရာ့ကိုမပြောရဲလို့တဲ့။ သူက နယ်ကပြောင်းလာတဲ့သူဆိုတော့ အတန်းထဲမှာ အင်္ဂလိပ်စာညံ့တယ်ဆရာရဲ့။ အဲဒါ စနေ၊ တနင်္ဂနွေလို ကျောင်းပိတ်ရက်မှာ ဆရာ့ဆီ အင်္ဂလိပ်စာ သင်ချင်လို့တဲ့။ ဆရာ့ကို အဲဒီလိုပြောဖို့ဟာကို သူ့ဘာသာသူ မပြောရဲတာနဲ့ ကျွန်မကို ပြောခိုင်းလို့"

သူ့အမေရဲ့ စကားကြောင့် ကျွန်တော် နည်းနည်းတော့ အံ့ဩသွားမိတာပေါ့။





ဒါပေမယ့် အမှန်အတိုင်း ဝန်ခံရရင် ဘယ်သူ့ကိုမှ စာသင်ပေးရတဲ့ အလုပ်မျိုးကို ကျွန်တော် မလုပ်ချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်မှာက ဆေးကုတဲ့အလုပ်အပြင် စာရေး၊ စာဖတ်တဲ့အလုပ်နဲ့ အချိန်ပိုရယ်လို့ သိပ်မရှိလို့ပါ။ ဖူးငုံရဲ့အမေကတော့ တစ်ခါတလေ ဆေးခန်းမှာ လူနာမလာတဲ့အချိန်မျိုးဆိုရင် ကျွန်တော် စာဖတ်နေတတ်တာကိုကြည့်ပြီး အားနေလို့ စာဖတ်နေတာလို့ ထင်ချင်လည်း ထင်မှာပေါ့လေ။ တကယ်တော့ ကျွန်တော် စာဖတ်နေတာက အပျင်းပြေ စာဖတ်နေတာမျိုးမဟုတ်ဘဲ အိမ်ကနေ ဆေးခန်းကို လာကတည်းက ဖတ်ရမယ့်စာအုပ်တွေကို တမင်ယူလာခဲ့ပြီး လူနာမလာတဲ့ အချိန်မျိုးမှာ စာရေးသူတစ်ယောက်အတွက် မဖြစ်မနေ လုပ်ရမယ့် အလုပ်တစ်ခုအနေနဲ့ တမင် စာဖတ်နေရတယ်ဆိုတာကို အကြောင်းမသိတဲ့ လူတွေကတော့ ဘယ်နားလည်နိုင်ပါ့မလဲ။

ဒါကြောင့်လည်း ဖူးငုံကို စာသင်ပေးဖို့ အကူအညီ တောင်းတဲ့ကိစ္စကို ဘယ်လိုငြင်းရရင် ကောင်းမလဲလို့ ကျွန်တော် စဉ်းစားရတာပေါ့။ နောက်တစ်ခု ဒီကလေးမကို ကျွန်တော် စာမသင်ပေးချင်တဲ့ အကြောင်းက ကျွန်တော်က လူပျိုလူလွတ်ဖြစ်နေပြီး ဒီကလေးမက အပျိုအရွယ်ကလေး ဆိုတော့ မသင့်တော်ဘူးလို့ ထင်တာလည်း ပါတယ်ဆိုပါတော့။ ဒါပေမယ့် ခင်မင်နေတဲ့ သူတွေဆိုတော့ ဖြုန်းစားကြီး ပြောလိုက်ဖို့ကလည်း မကောင်းတတ်တာနဲ့ ဘယ်လိုငြင်းရရင် ကောင်းမလဲဆိုတာ စဉ်းစားရင်း ကျွန်တော် ဟိုမေးဒီမေး လျှောက် မေးနေရတယ်။

"အင်း ဖူးငုံက ဘယ်နှတန်းမို့လို့လဲ"

"သမီးက အတန်းတော့ နောက်ကျတယ်ဆရာရဲ့။ ကျွန်မတို့က မန္တလေးကို ရွှေဘိုနယ်ဘက် ကျေးတောက ပြောင်းလာကြတာ ဆိုတော့ ရွာကနေရွှေဘိုကို ကျောင်းပြောင်းနေတော့ တစ်ခါ၊ ရွှေဘိုကနေ မန္တလေးကို ကျောင်းပြောင်းနေတော့ တစ်ခါ၊ နှစ်တွေပုပ်ကုန်လို့ သမီးက ၇ တန်းပဲ ရောက်သေးတယ်။ အဲဒါ သူက သူ့ထက်ငယ်တဲ့သူတွေနဲ့ အတူတူ ကျောင်းတက်ရလို့ ရှက်တယ်ဆိုပြီး ကျောင်းမနေချင်တော့ပါဘူး လုပ်နေလို့ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ချော့မော့ပြီး ကျောင်းထားနေရတာ။ အခုလည်း အင်္ဂလိပ်စာ မလိုက်နိုင်ဘူး ဆိုလို့ ဆရာ့ကို အကူအညီတောင်းရတာပါ''

''ကောင်းတာကတော့ ၇ တန်း အင်္ဂလိပ်စာသင်တဲ့ ကျူရှင်လေး ဘာလေး စုံစမ်းပြီး၊ အဲဒီမှာ တက်နိုင်းရင် ပိုပြီးစနစ်ကျလိမ့် မယ်ထင်တယ်''

ကျွန်တော် သွယ်ဝိုက်ပြီး မသိမသာ ငြင်းကြည့်လိုက်တယ်။

''ကျွန်တော်က စာသင်ပေးဖို့ အချိန်လည်း သိပ်မရသလို၊ ဒီခေတ် သူတို့ သင်ရိုးညွှန်းတမ်းတွေက ကျွန်တော်တို့ ခေတ်နဲ့လည်း သိပ်မတူတော့ဘူး ဆိုတော့ ကျွန်တော်သင်ရင် အံဝင်ခွင်ကျ ဖြစ်လိမ့်မယ်လို့ သိပ်မထင်ဘူး။ အဲဒီတော့ ကျွန်တော်ပြောသလို သူ့ကို ၇ တန်း အင်္ဂလိပ်စာသင်တဲ့ ကျူရှင်ကို တက်နိုင်းလိုက်ပါလား အဒေါ်ရဲ့''

''အင်္ဂလိပ်စာ ကျူရှင်လည်း တက်နေတာပဲ ဆရာရယ်။ အဲဒါလည်း လူအများနဲ့ သင်ရတာဆိုတော့ ဆရာနမက သူမသိတဲ့စာကို ကျူရှင်ဆရာကို မမေးရဲဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဆရာသင်ပေးဖို့ အချိန်မရတောင်မှ သူမသိတဲ့ စာလေးတွေကို စနေ၊ တနင်္ဂနွေလို ကျောင်းပိတ်ရက်မျိုးမှာ ဆရာ့ဆီ လာမေးပါရစေ။ အဲဒီလောက်တော့ ကူညီပေးပါ ဆရာရယ်''

သူ့အမေကလည်း တောကသာ တက်လာတယ် ဆိုပေမယ့် စကား အတတ်ကြီးပါ။ ကျွန်တော် မကူညီချင်လို့ မရလောက်အောင်ဘဲ ပြောတတ် ဆိုတတ်တယ်ဆိုပါတော့။

ဒါကြောင့်လည်း ဆက်ငြင်းနေဖို့ မကောင်းတော့တာနဲ့ နောက်ဆုံး မှာ စာမေးတာလောက်တော့ ရပါတယ်ဆိုပြီး ကျွန်တော် လက်ခံလိုက်ရတယ်။

အဲဒီနောက်တော့ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်တဲ့နေ့တိုင်း မနက် (၁၀)နာရီလောက်ဆိုရင် ကျွန်တော့်ဆေးခန်းကို ဖူးငုံ ရောက်လာတော့တာပဲ။ ကျွန်တော့် ဆေးခန်းက မနက်(၈)နာရီ၊ (၉)နာရီ လောက်မှာ လူနာရှုပ်တတ်ပြီး၊ မနက် (၁၀)နာရီကျော်ရင် လူနာ ရှင်းသွားတတ်တာမို့ သူမေးတဲ့စာတွေကို ကျွန်တော် ရှင်းပြချိန်ရပါတယ်။





အစကတော့ ကျွန်တော့်ဆီ စာသင်ချင်တယ်။ စာမေးချင်တယ် ဆိုတော့ ဖူးငုံကို ပညာလိုလားတဲ့သူလို့ ကျွန်တော်ထင်မိတာ အမှန်ပဲ။ ဒါပေမယ့် နောက်တော့မှ ဖူးငုံဟာ စာကိုစိတ်ဝင်စားတဲ့သူ မဟုတ်မှန်း တဖြည်းဖြည်းနဲ့ ကျွန်တော် သဘောပေါက်လာရတယ်။ သူမေးတဲ့စာတွေကို ကျွန်တော်ကသာ စိတ်ရှည်လက်ရှည် ရှင်းပြနေပေမယ့် သူ့စိတ်က စာထဲမှာ မရှိဘူး။ မျက်လုံးကလည်း ဂနာမငြိမ်ဘဲ ဟိုရောက်လိုက်၊ ဒီရောက်လိုက်နဲ့။ တကယ်တော့ ဖူးငုံကိုကြည့်ရတာ စာသင်ချင်တာနည်းနည်း စပ်မိစပ်ရာ စကားတွေကို လျှောက်ပြောနေပြီး၊ ပေါ့ပေါ့တန်တန် နေချင်တာက ခပ်များများ ပါ။ ပြီးတော့ ကျွန်တော့်ဆီလာတိုင်း သူ ပြင်ဆင် ဝတ်စားလာပုံက စာ လာသင်တာနဲ့ မတူဘဲ ပွဲလမ်းသဘင်သွားဖို့ ပြင်ဆင်ဝတ်စား ထားသလို ရှိုးနဲ့မိုးနဲ့ အပျံစားပဲလေ။

နောက်ပြီး ဖူးငုံက အသက်ငယ်သလို စိတ်ကူးကလည်း တော်တော် ယဉ်တဲ့သူလို့ ဆိုရမလားပဲ။

အစကတော့ သူ့နာမည်ကို 'ဖူးငုံ'လို့ ခပ်လှလှလေး မှည့်ထားတာ ကိုကြည့်ပြီး သူ့မိဘတွေကိုတောင် တောကသာတက်လာတယ် ဆိုပေမယ့် နာမည်ပေးတာ ခေတ်မီသားပဲလို့ စိတ်ထဲက ကျွန်တော် ချီးကျူးမိသေးတယ်။ ဒါပေမယ့် ကျွန်တော့်ဆီ ဖူးငုံ စာလာသင်တိုင်း သူ့ စာအုပ်တွေပေါ်မှာ ရေးထားတဲ့ နာမည်က 'သန်းသန်းနွယ်'ဆိုတာပဲ ဖြစ်နေလို့၊ တစ်နေ့တော့ ဖူးငုံကို ကျွန်တော် မေးကြည့်လိုက်မိတယ်။

''သန်းသန်းနွယ်ဆိုတာက ဖူးငုံရဲ့ ကျောင်းနာမည်လား''

''ဟုတ်…'' ''ဟင့်အင်း အိမ်နာမည်လည်း သန်းသန်းနွယ်ပဲ''

သူ့အဖြေကြောင့် ကျွန်တော် နားမလည်သလို ဖြစ်သွားမိ တာတော့ အမှန်ပါ။

''ဒါဆိုရင် ဖူးငုံဆိုတာက ဘာနာမည်လဲ''

ကျွန်တော် အဲဒီလိုမေးလိုက်တော့ သူရယ်နေတယ်။ ပြီးမှ-



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါက ကိုယ်ဘာကိုယ် မှည့်ထားတဲ့ နာမည်။ ရုပ်ပြစာအုပ်တစ်အုပ်ထဲက ဇာတ်လိုက်ကောင်မလေး တစ်ယောက်ရဲ့ နာမည်လေ။ အဲဒီနာမည်လေးကို သဘောကျတာနဲ့ ကိုယ့်ဘာကိုယ် 'ဖူးငုံ'လို့ နာမည်မှည့်ထားတာ''

''သေလိုက်ပါတော့ကွာ''လို့တောင် ကျွန်တော် အော်ပစ်လိုက်ချင်စိတ်ပေါက်သွားမိတယ်။ အဲဒါသာ ကြည့်တော့ပေါ့လေ။ သူ့အဖို့တော့ နာမည်တစ်လုံးကို မှည့်ရတာဟာ ထမင်းစား ရေသောက်တာ ထက်တောင်လွယ်ပါသေးလားလို့ တွေးမိပြီး၊ ကျွန်တော် စိတ်ပျက်လက်ပျက် ပြုံးလိုက်မိတယ်၊ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်က အဲဒီနာမည်ကို မှတ်ကျိုးနေတာရော၊ သူကိုယ်တိုင်ကလည်း စကားပြောတိုင်း သူ့ကိုယ်သူ 'ဖူးငုံ' 'ဖူးငုံ'နဲ့ စကားထဲမှာ ထည့်ထည့်ပြော နေတာရောကြောင့် သူ့နာမည်ကို ''သန်းသန်းနွယ်''လို့ ပြင်မခေါ်ဖြစ်ဘဲ 'ဖူးငုံ'လို့ပဲ ကျွန်တော် ဆက်ခေါ်နေမိတယ် ဆိုပါတော့။

သူနဲ့စကားပြောကြည့်တော့မှ သူ့မှာ ပညာရေးနဲ့ ပတ်သက်ပြီး ဘာရည်ရွယ်ချက်မှ ဟုတ်တိပတ်တိ မရှိဘဲ သူ့ရုပ်ကလေး အားကိုးနဲ့ လင်ကောင်းသားကောင်း ရဖို့တစ်ခုပဲ ကြိုးပမ်းအားထုတ် နေတယ်ဆိုတာ ကျွန်တော် သဘောပေါက်လာရတယ်။ သူ့ကြည့်ရတာ သူ့ရုပ်ရည်ကိုလည်း အင်မတန်လှတယ်လို့ အထင်ကြီးနေပုံပဲလေ။ တကယ်တမ်းကျတော့ လှတယ်ဆိုပေမယ့် သူ့ရုပ်ရည်က မန္တလေးသူ စစ်စစ်တွေလောက်တော့ ဘယ် မြို့ဆန်ပါ့မလဲ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ၁၆ နှစ်ဆိုတဲ့ အသက်အရွယ်ဟာ အိမ်ထောင်ရေးကို ယောင်လို့တောင် မစဉ်းစားသင့်သေးဘဲ စာပဲကြိုးစားရမယ့် အရွယ်ပဲ မဟုတ်လား။ ဒါပေမယ့် ခက်တာက ဖူးငုံရဲ့ခေါင်းထဲမှာ ကျောင်းစာရယ်လို့ လုံးဝမရှိဘဲ အိမ်ထောင်ရေးပဲ အချိန်ပြည့် လွှမ်းမိုးနေတယ်လို့ ပြောရမလားပဲ။ စကားစပ်မိတိုင်းလည်း သူ့ကို ဟိုလူက စာလိုက်ပေးတဲ့အကြောင်း၊ ဒီလူက ရည်းစားစကား လိုက်ပြောတဲ့အကြောင်း။ အရပ်ထဲက ဘယ်သူ့မိဘတွေကတော့ သူ့ကို သဘောကျလို့ သူတို့သားနဲ့ ပေးစားချင်တဲ့အကြောင်း စတာတွေကို ဂုဏ်ယူပြီး ပြောနေလိုက်တာ ရှုန်းရှုန်းကိုဝေနေတာပဲ။





မရွှေချောက ကျောင်းစာနဲ့ပတ်သက်ပြီးသာ ရည်ရွယ်ချက် မကြီးပေမယ့် အိမ်ထောင်ဖက် ရွေးတဲ့နေရာမှာတော့ ရည်ရွယ်ချက်ကြီးပုံလည်း ရတယ်။ 'ငွေတစ်မတ်နဲ့ ငါးကြင်းခေါင်း ကိုင်ချင်တယ်' ဆိုသလိုပဲ။ သူ့ကြည့်ရတာ ဆရာဝန်လို၊ အင်ဂျင်နီယာလို ပညာတတ်မျိုးနဲ့မှ လက်ထပ်ချင်တဲ့ပုံပါ။ သူ့ရုပ်သူ့ရည်နဲ့ဆိုရင် အဲဒီလိုပညာတတ်မျိုးနဲ့ သေချာပေါက် ရနိုင်တယ်လို့လည်း ယုံကြည်နေတဲ့ပုံပါ။ ခုလို စနေ၊ တနင်္ဂနွေနေ့တိုင်း ကျွန်တော့်ဆီ လာနေတာဟာလည်း တကယ်တော့ စာသင်ချင်လို့ စာမေးချင်လို့ထက် ကျွန်တော့်နဲ့နီးစပ်အောင်၊ ရင်းနှီးအောင် လာနေတယ်ဆိုတာ နောက်တော့မှ ကျွန်တော် တဖြည်းဖြည်းနဲ့ ရိပ်စားမိလာရတယ်။

သူ့ဘက်ကသာ စိတ်ကူးယဉ်နေပေမယ့် ကျွန်တော့်ဘက်က ကြည့်ရင်တော့ ကျွန်တော့်ထက် (၁၀)နှစ်မကငယ်တဲ့ ဒီလိုမလောက်လေး မလောက်စား ၇-တန်းကျောင်းသူကို ဘယ်လိုလုပ်ပြီး စိတ်ဝင်စားလို့ ရနိုင်မလဲ။ ကိုယ်လက်ထပ်မယ့် မိန်းကလေးတစ်ယောက်ဟာ ကိုယ်နဲ့ အတွေးအခေါ်ချင်း၊ အယူအဆချင်း၊ လူနေမှုအဆင့်အတန်းချင်း ကွာဟလွန်းရင် ဘယ်လိုလုပ်ပြီး အဆင်ပြေပြေ လက်တွဲဖို့ ဖြစ်နိုင်မလဲဆိုတာ ခင်ဗျားလည်း တွေးမိမှာပါ။ နောက်ပြီး ကျွန်တော့်မှာက လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ ချစ်သူကလည်း ရှိပြီးသားလေ။ ကျွန်တော့်ချစ်သူနဲ့ ကျွန်တော်ဆိုတာက အသက်အရွယ်ရော၊ ပညာအရည်အချင်းရော တူသလို၊ အတွေးအခေါ် အယူအဆရော ဝါသနာရော တူညီကြတဲ့သူတွေဆိုတော့ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ရှိတဲ့သံယောဇဉ်က ခိုင်မြဲပြီးသားကိုး။

အသက်အရွယ်အားဖြင့် ကျွန်တော့်နှမ အငယ်ဆုံးထက်တောင် ငယ်ဦးမယ့် ဒီလို မလိမ်မိုးမလိမ်မာ ချာတိတ်မကို ဒီအတိုင်း မသွန်သင် မဆုံးမဘဲ ကျွန်တော် လျစ်လျူရှုထားတယ်တော့ မဟုတ်ပါဘူး။ ငယ်ရွယ်တုန်းမှာ အိမ်ထောင်ရေးကို မစဉ်းစားဘဲ ကျောင်းစာ တစ်ခုတည်းကိုသာ ကြိုးစားဖို့၊ မိဘက ကျောင်းထားပေးနိုင်တုန်းမှာ ဘွဲ့တစ်ခုရအောင်လုပ်ဖို့၊ ဘွဲ့ရပြီးမှ အိမ်ထောင်ပြုရင်လည်း နောက်မကျသေးရုံမက ကိုယ့်အတွက်ပိုမို သင့်တော်တဲ့ အိမ်ထောင်ဖက်ကိုတောင် ရနိုင်သေးတယ်ဆိုတဲ့ အကြောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



သူနားဝင်လောက်မယ့်စကားလုံးတွေနဲ့ စကားစပ်မိတိုင်း ကျွန်တော် ရှင်းပြပါတယ်။ နောက်ပြီး ဒီခေတ်မှာ မိန်းကလေးတစ်ယောက်ဟာ ရုပ်ရည်လှတာတစ်ခုတည်းနဲ့ ယောကျ်ားတွေရဲ့ ရေရှည်တန်ဖိုးထားမှု၊ ချစ်ခင်မြတ်နိုးမှု၊ လေးစားမှုကို မရနိုင်ကြောင်း၊ ရုပ်ရည်လှတာအပြင် ကိုယ်တိုင်က အရည်အချင်းရှိဖို့၊ အသိဉာဏ်ရှိဖို့၊ တန်ဖိုးရှိဖို့၊ ဣန္ဒြေသိက္ခာရှိဖို့ လိုအပ်ကြောင်း။ ဒါတွေနဲ့ ပြည့်စုံဖို့ ဆိုတာကလည်း ပညာကိုအခြေခံပြီး မိမိကိုယ်ကို ပြုစုပျိုးထောင်ယူမှသာ ရနိုင်ကြောင်း စသည်ဖြင့်ပေါ့ဗျာ။ ကိုယ့်နှမအရင်းလေးလို သဘောထားပြီး၊ လိမ္မာရေးခြားရှိအောင် ကျွန်တော် အမျိုးမျိုး သွန်သင်တည့်မတ် ကြည့်ပါတယ်။ ဒါပေမယ့် ခက်တာက ကျွန်တော် ဘယ်လိုပဲ သွန်သင် ဆုံးမ ဆုံးမ၊ ချာတိတ်မ ကြည့်ရတာ နားဝင်ပုံမရသလို သူ့ကိုယ်သူ ပြုပြင်ပြောင်းလဲမှုလည်း မရှိပါဘူး။

ဒါနဲ့ နောက်ဆုံးတော့ ကျွန်တော်လည်း ပညာမလိုလားတဲ့သူတစ်ယောက်ကို စာ ဆက်သင်ပေးနေလို့ အကျိုးမရှိဘူး ဆိုတာကို တွေးမိတာနဲ့၊ ကျွန်တော့်မှာ လုပ်စရာအလုပ်တွေရှိတဲ့ အကြောင်းထဲက သူ့ကို အချိန်ကုန်ခံပြီး စာသင်ပေးနေရတဲ့အပြင် လူပျိုလူလွတ်နဲ့ အပျိုဆိုတော့ ပတ်ဝန်းကျင်က မေးငေါ့မယ်ဆိုရင်လည်း ငေါ့နိုင်တာမို့ လာမယ့်စနေနေ့ကစပြီး စာလာမသင်နဲ့တော့လို့ သူ့ကို ပြောပစ်လိုက်ရတယ် ဆိုပါတော့။

အဲဒီနေ့က မျက်စိပျက် မျက်နှာပျက်နဲ့ ဖွားငုံပြန်သွားလေရဲ့။ အဲဒီလို သူပြန်သွားတာကို ကြည့်ပြီး၊ ကျွန်တော်စိတ်ထဲ ကတော့ ဘယ် ကောင်းနိုင်မှာလဲ။ ဒါပေမယ့် ကျွန်တော့်ဘက်က ဒီလိုမပြတ်သားဘဲ လျော့တိလျော့ရဲလုပ်နေရင် ဒီချာတိတ်မအနေနဲ့ သူ့ကိုယ်သူပြုပြင်မှာ မဟုတ်တာကြောင့် ကျွန်တော့်အနေနဲ့ ဒီလိုပဲ လုပ်လိုက်ရတဲ့ သဘောပါ။

နောက်နေ့နေ့လယ် ၁၁ နာရီခွဲလောက် ကျွန်တော် မနက်ပိုင်းဆေးခန်းပိတ်မယ်အလုပ်မှာ တစ်ခုခုပြောချင်တဲ့ မျက်နှာနဲ့ ကျွန်တော့်ဆေးခန်းကို ဖွားငုံအမေ ရောက်လာလေရဲ့။

"ဆရာရယ် မနေ့က ဆရာ့နှမက ဆရာက စာလာမသင်နဲ့တော့လို့





ပြောလိုက်လို့တဲ့ အိမ်ရောက်တော့ တရှုံ့ရှုံ့ငိုနေတယ်။ ဒါနဲ့ကလည်း ဆရာကတော့ အကြောင်းမဲ့ စာလာမသင်တော့နဲ့လို့ ပြောမှာမဟုတ်ပါဘူးအေ။ ညည်းက ဆရာမကြိုက်တာ ဘာလုပ်မိလို့လဲမှ မသိတာ။ ဆရာ့ကို အမေ အကျိုးအကြောင်း မေးပြီး တောင်းပန်ကြည့်ပါဦးမယ်။ စာမေးပွဲပြီးတဲ့အထိတော့ စာဆက်သင်ပေးပါဦးလို့လည်း ဆရာ့ကိုအမေ မေတ္တာရပ်ခံပေးပါ့မယ်လို့ သမီးကို ဖျောင်းဖျပြီး ဒီနေ့ အကျိုးအကြောင်းသိရအောင် ဆရာ့ဆီ လာတွေ့တာပါ။ ကျွန်မသမီးက အရွယ်ကလည်း ငယ်သေးတော့ အစစအရာရာ ဘာမှ နားမလည်သေးပါဘူး ဆရာရယ်။ မိုက်တာမှားတာရှိရင်လည်း ကိုယ့် နှမအရင်းလေးလို သဘောထားပြီး သွန်သင်ဆုံးမပေးပါ။ ဆရာ့ကို ကျွန်မ အပ်ပါတယ်"

ကိုယ့်သမီးအကြောင်း တကယ်ပဲ မသိတာလား။ သိလျက်နဲ့ မသိချင်ယောင်ဆောင်နေတာလားတော့ မပြောတတ်ဘူး။ ဖွားငုံရဲ့ အမေထ 'အပြောကတော့ တယော'လို့ ဆိုရလောက်အောင်ပဲ တော်တော်ညက်တဲ့သူပါ။

ဒီတော့လည်း သူ့သမီးအကြောင်းသိအောင် ကျွန်တော် ပြောရတော့တာပေါ့။

"ပညာကို တကယ်လိုလားတဲ့ သူဆိုရင်တော့ ကျွန်တော် သင်ပေးရတာ ဝန်မလေးပါဘူး အဒေါ်။ ခုတော့ ပြောတော့သာ စာသင်ချင်တယ်ဆိုပေမယ့် တကယ်သင်ပေးတော့ အဒေါ်သမီးက စာထဲမှာ စိတ်မပါဘူးဖြစ်နေတယ်။ ကျွန်တော် သွန်သင်ဆုံးမလည်း ဆုံးမတာသာ ရှိတာပဲ။ ကာယကံရှင်ကမှ မပြုပြင်တော့ ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူး။ အဲဒီတော့ သူလည်း အကျိုးမထူး၊ ကျွန်တော်လည်း အချိန်ကုန်တာပဲ အဖတ်တင်နေတာမို့ လာမသင်နဲ့တော့လို့ ကျွန်တော် ပြောလိုက်တာပါ"

"သမီးက ငယ်သေးတော့ ပညာကို လိုလားရကောင်းမှန်း သိပ်မသိသေးလို့ပါ ဆရာရယ်။ ('ပညာကိုသာ လိုလားရကောင်း မှန်းမသိတာပါ။ ယောကျ်ားကျ လိုချင်ရမှန်း သိနေပါပြီ။ အဒေါ် သမီးက ငယ်သေးလို့သာ တော်တော့တယ်'လို့ ကျွန်တော် ကြားဖြတ် ပြောချင်လိုက်တာ လွန်ရော



www.burmeseclassic.com

www.burmeseclassic.com



နေပေမယ့် မကောင်းတတ်တာနဲ့ မျိုသိပ်ထားရတယ်။) သူ့စိတ်ထဲကတော့ ဆရာတို့လို ပညာတတ်တဲ့သူတွေကို အားကျနေတာပါ။ ကျွန်မတို့မှာလည်း လက်ချိုးပြီးရေကြည့်မှ ဒီသမီးနဲ့ ဒီသားလေး နှစ်ယောက်ပဲ ရှိတာဆိုတော့ သူတို့ ရှေ့ရေးအတွက် ရွာမှာရှိတဲ့ လယ်ကလေးကို ရောင်းချပြီး၊ မန္တလေး တို့ တက်လာရတာပါ။ သမီးက သမီးဦးလေးလည်းဖြစ်တော့ သူ့ အဖေဆိုရင် ဒီသမီးကို အင်မတန်ချစ်၊ အင်မတန်လည်း မျှော်လင့်ထားရှာတာ။

"ငါ့သမီးက အချောအလှလေးဟာ အေးမြရ။ ကျက်သရေကလည်း ရှိလိုက်တာ လွန်ရောကပဲ။ တကယ့်ကို မင်းကတော်၊ စိုးကတော်ရုပ်။ ငါ့ သမီးကို တောမှာ ဆက်ထားလို့တော့ မဖြစ်ဘူး။ တောမှာ ဆက်ထားရင် တောသားနဲ့ပဲ ရနေလိမ့်မယ်။ ငါတို့ မန္တလေးကို ရွှေ့ရအောင်ဆိုပြီး သူ့အဖေ က ပြောတာနဲ့ မန္တလေးကို ကျွန်မတို့ ရွှေ့လာကြတာ။ (အဲလိုပြောတော့ ကျွန်တော် ပြုံးမိသေးတယ်။ သူတို့ မန္တလေးကို ပြောင်းလာကြတာဟာ သူ့တို့သမီးကို ပညာတတ်စေချင်လို့ထက် လင်ကောင်း၊ သားကောင်း ရစေ ချင်လို့ဆိုတာ ပေါ်လွင်နေတာကိုး။) ဒါပေမယ့် ကျွန်မကတော့ ကျွန်မသမီးကို ငယ်သေးလို့ ပညာသင်စေချင်သေးတယ်။ ဒါကြောင့်လည်း သူ ကျောင်းမနေ ချင်တော့ဘူး ဆိုပေမယ့် ချော့မော့ပြီး၊ ကျောင်းထားနေရတာပါ။ တော်ကြာ ကျောင်းထွက်လိုက်ရင် စိတ်လေသွားမှာလည်း စိုးတယ်ပေါ့ ဆရာရယ်။ အဲဒီတော့ ကျွန်မသမီးလေး မလိမ္မာရင်လည်း ဒီတစ်ကြိမ် တစ်ခါတော့ ခွင့်လွှတ်ပါလို့ ဆရာကို ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မလည်း သူ့ကို ဆရာ့စကား နားထောင်ဖို့၊ စာကြိုးစားဖို့ ဆုံးမပါ့မယ်။ ဆရာလည်း ထိုယ့်နှမအရင်းလေးလို ဆရာ့ဆီ ခါတိုင်းလို လာမေးခွင့်ပြုပါ။ ဆရာက စာလာမမေးနဲ့တော့လို့ ပြောလိုက်လို့ဆိုပြီး အခု သမီးက စိတ်အားငယ်ပြီး မျက်ရည်နဲ့ မျက်ခွက်ဖြစ်နေလို့ပါ ဆရာရယ်။ ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်"

ပြောရင်းကနေ ဖွားငုံ့အမေရဲ့ အသံက ငိုသံတောင်ပါလာတယ်။ မိဘဆိုတော့လည်း ကိုယ့်သားသမီးကို အဆိုးမမြင်ရက်တာ ကျွန်တော် သဘောပေါက်ပါတယ်။ တကယ်တမ်း တွေးကြည့်တော့လည်း ကောင်မလေး





အနေနဲ့ အသက်ကလည်း ငယ်သေးသလို၊ အတွေ့အကြုံ ဗဟုသုတကလည်း နည်းရှာလေတော့ တွေးမှားခေါ်မှား ဆိုတာမျိုးလောက်တော့ ရှိမှာပေါ့လေ။ ကျွန်တော့်ဘက်ကတော့ ကရုဏာဒေါသနဲ့ ပြောလိုက်ဆိုလိုက်ပေမယ့် သူ့ ကိုယ်သူ တကယ် ပြုပြင်မယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ လက်မခံနိုင်၊ ခွင့်မလွှတ်နိုင်စရာအကြောင်း မရှိပါဘူး။ လူဆိုတာ သူ့အရွယ်မပြောနဲ့ ကျွန်တော်တို့ အရွယ်တောင် မှားနိုင်ပြုနိုင်သေးတာကိုး။

ဒါကြောင့်လည်း လူငယ်တွေအပေါ် ခွင့်လွှတ်တဲ့စိတ်နဲ့ စဉ်းစားပြီး သူ့အမေရဲ့ မေတ္တာရပ်ခံချက်ကို ကျွန်တော် လက်ခံလိုက်ရတယ်ပဲ ပြောပါတော့။

ပထမတစ်ပတ် နှစ်ပတ်တော့ တော်တော်လေးကို ပြောင်းလဲ တိုးတက်လာပြီလို့ ချီးကျူးရလောက်အောင်ပဲ ဖွားငုံက ကျွန်တော် စာရှင်းပြ တာတွေကို စိတ်ပါလက်ပါ ဂရုတစိုက်နဲ့ နားထောင်ရုံမက ကျွန်တော် ကျက်ခဲ့ဖို့မှာလိုက်တဲ့ အင်္ဂလိပ်စာ ဝေါဟာရတွေကိုလည်း သေချာကျက်မှတ် လာတာ တွေ့ရတာမို့ ဒီလိုဆိုရင်တော့ မဆိုးပါဘူး လို့တောင် ကျွန်တော် အောက်မေ့လိုက်မိသေးတယ်။ ဒါပေမယ့် ခွေးမြီးကောက် ကျည်တောက်စွပ် ထားတဲ့ကမှ ကျည်တောက် ချွတ်လိုက်တောင် ဒီထက်တော့ ကြာကြာ ဖြောင့်ဦးမယ်လို့ ပြောရမလိုပဲ။ နောက်တော့လည်း ဖွားငုံက အရင်ပုံစံအတိုင်း ဒုံရင်းဒုံရင်း ပြန်ဖြစ်လာတာပါပဲ။

ဒီအထဲ သူ့အမေကြီးကပါ မရိုးမသားနဲ့ ကျွန်တော်နဲ့ ဖွားငုံ့တို့ နီးစပ်အောင် ဖန်တီးပေးတဲ့ စကားမျိုးတွေနဲ့ လှော်ပေးလာပြန်တယ်။

"သမီးက ပြင်ဦးလွင်ကို မရောက်ဖူးလို့ ဒီသီတင်းကျွတ် ကျောင်း ပိတ်ရက်မှာ ကျွန်မတို့ကို လိုက်ပို့ပေးဖို့ ပူဆာနေတယ် ဆရာရယ်။ ကျွန်မတို့ ကလည်း အူတူတူ အတတတွေဆိုတော့ ဘယ်မှမရောက်ဖူးသလို ဘယ်မှ လည်း မသွားတတ်မလာတတ်ဘူး။ သူ့ သူငယ်ချင်းတွေနဲ့ သွားမယ်ဆိုတော့ လည်း ကလေးတွေချည်းပဲမို့ စိတ်မချဘူး။ အဲဒါ ဆရာလိုက်ပို့ပေးရင်တော့ သွားလို့ ပြောထားရတယ်။ ဆရာအားတဲ့ တစ်ရက်ရက်မှာ လိုက်ပို့ပေးနိုင်ရင် တော့ သူ့ခမျာ ဝမ်းသာရှာမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေရဲ့ စကားကိုကြားရတော့ ကျွန်တော် စိတ်ပျက် လက်ပျက်နဲ့ ပြုံးလိုက်မိတယ်။ ကျွန်တော်ဟာ လူလည်တစ်ယောက် မဟုတ်ပေမယ့် ဆင်ခြင်တုံတရား နည်းပါးပြီး။ ကိစ္စတစ်ခုကို လုပ်သင့်မလုပ်သင့် မဝေခွဲတတ်အောင်ပဲ အူတူအတဲ့ လူတစ်ယောက်တော့လည်း မဟုတ်ပါဘူး။ ခင်ဗျားဝဲ စဉ်းစားကြည့်လေ၊ ဒီကလေးမနဲ့ ကျွန်တော်နဲ့ နှစ်ယောက်တည်း ပြင်ဦးလွင်ကို သွားဖို့ဆိုတာ သင့်တော်တဲ့ကိစ္စလား။ ကျွန်တော်ဟာ သူတို့ ဆင်ထားတဲ့ ထောင်ချောက်ထဲကို မမြင်မကန်းနဲ့ ဝင်တိုးရလောက်အောင်အထိ မည့်ဖျင်းသေးပါဘူး။ နောက်ပြီး သူတို့ အကူအညီတောင်းလို့သာ စာသင်ပေးနေရပေမယ့် ဒီကလေးမလေးအပေါ် ကျွန်တော်ဘယ်လိုမှ မသာယာမိသလို စိတ်ထဲကလည်း ကိုယ့်နှမလေးတစ်ယောက်၊ ကိုယ့်တပည့်မလေး တစ်ယောက်ထက် ဘယ်လိုမှ ပိုပြီး သဘောထားလို့ မရပါဘူး။

အမှန်တော့ သနားစရာ ကောင်းလောက်အောင်ပဲ အသိဉာဏ်နည်းတဲ့ ဖူးငုံရော၊ သူ့အမေရောဟာ ယောကျ်ားတွေအပေါ် တော်တော်ကလေးကို သွေးတွက်ထားတဲ့ပုံပါ။ သူတို့ထင်တာက ယောကျ်ားဆိုတဲ့ သတ္တဝါမျိုးဟာ ရုပ်လှတဲ့ မိန်းကလေးမျိုးကိုမြင်ရင် ဒါမှမဟုတ် အဲဒီလိုမျိုး မိန်းကလေးမျိုးနဲ့ အနေနီးရင် မရှောင်နိုင် မတိမ်းနိုင်ဘဲ သေချာပေါက်ကို ကြိုက်လာလိမ့်မယ်လို့ တိုင်းသေတွက် ထားတဲ့ပုံပါပဲ။ ဒီတော့လည်း သားကောင်ရဲ့အထာကို မသိဘဲ တောလိုက်နေတဲ့ ခပ်ညံ့ညံ့မုဆိုးတွေလို မြားကုန်လူပန်းတာပဲ အဖတ်တင်ပြီး သားကောင်နဲ့တော့ လွဲချော်နေဦးမှာပဲ။

အဲဒီလို သူတို့သားအမိကို ကျွန်တော်စိတ်ပျက်တာ မှန်ပေမယ့် ကိုယ့်ဘက်ကပဲ မမှားအောင်နေရုံပဲလို့ သဘောထားပြီး စာထဲမှာ စိတ်မဝင်စားလှတဲ့ ဖူးငုံကို စနေ၊ တနင်္ဂနွေတိုင်း ကျွန်တော့်ဆီ လာနေသရွေ့ ကျွန်တော်က ဆက်သင်ပေးခဲ့တယ်ပဲ ပြောပါတော့။

ဒါပေမယ့် တစ်ခါမှာတော့ စနေ၊ တနင်္ဂနွေ နှစ်ရက်စလုံး ဆေးခန်း ပိတ်လိုက်ရတဲ့အကြိမ် တစ်ကြိမ် ရှိသွားခဲ့တယ်။ ဘာလို့လဲဆိုရင် နယ်မြို့တစ်မြို့မှာနေတဲ့ ကျွန်တော့်ချစ်သူ မန္တလေးကို လာလို့ပါ။ ကျွန်တော့်ချစ်သူက





မန္တလေးမှာ နှစ်ရက်လောက်ပဲ နေချိန်ရမှာမို့ သူ ရောက်တုန်းရောက်ခိုက် ဈေးဝယ်တာတို့၊ သွားစရာ၊ လာစရာရှိတဲ့နေရာတွေကို လိုက်ပို့ပေးရအောင် ဆေးခန်းကို ကျွန်တော် ပိတ်လိုက်တဲ့သဘောပါ။

ကျွန်တော့်ချစ်သူ နယ်ပြန်သွားလို့ ကျွန်တော် ဆေးခန်း ပြန်ဖွင့်ပြီး နောက်တစ်ပတ် စနေနေ့မှာတော့ ခါတိုင်းလိုပဲ စာသင်ရအောင် ဖူးငုံ ရောက်လာတယ်။

“ပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေ နှစ်ရက်စလုံး ဆရာဆေးခန်း မဖွင့်ဘူးနော်။ ဘာဖြစ်လို့လဲ”

အကြောင်းတိုက်ဆိုင်လာပြီမို့ ဖူးငုံရဲ့အမေးကို ကျွန်တော် အမှန်အတိုင်းပဲ ပြန်ဖြေလိုက်တယ်။ အခြေအနေအမှန်ကို သူသိသွားရင် စိတ်ကူးယဉ် အိပ်မက်တွေနဲ့ လှုပ်ရှားနေတာတွေကို ပြန်ရုပ်သိမ်းသွားမလား ဆိုတဲ့ အတွေးမျိုးလည်း ပါတယ် ဆိုပါတော့။

“အဲဒီရက်တွေက မကွေးမှာနေတဲ့ တို့ချစ်သူ မန္တလေးကို အလည်လာလို့လေ။ အဲဒါ သူသွားချင်တဲ့နေရာတွေ လိုက်ပို့ပေးရအောင်လို့ ဆေးခန်း ပိတ်လိုက်တာ”

ရုတ်တရက်တော့ ဖူးငုံ မျက်နှာပျက်သွားသလို ဖြစ်သွားပေမယ့် မချိပြုံးနဲ့ပဲ ကျွန်တော့်ကို ဆက်မေးတယ်။

“ဆရာ့အမျိုးသမီးက တော်တော်ချောလားဟင်”

ယောကျ်ားတွေဟာ ချောတဲ့လှတဲ့ မိန်းမတွေကိုပဲ ကြိုက်လိမ့်မယ်လို့ စွဲမှတ်ထားပြီး အလှကလွဲရင် ကျန်တဲ့တန်ဖိုးတွေကို မသိဘဲ အလှနဲ့ပဲ ယောကျ်ားတွေကို သိမ်းသွင်းဖို့ကြိုးစားနေတဲ့ ဖူးငုံကို ကျွန်တော် သဘောပေါက်စေချင်တာနဲ့။

“တို့ချစ်သူက ဖူးငုံရဲ့ တစ်ဝက်လောက်တောင် မလှပါဘူး။ ဒါပေမယ့် အရည်အချင်းရှိတယ်။ အရမ်းတော်တယ်။ သူ့ကိုယ်သူ တော်အောင်လည်း အမြဲကြိုးစားနေတယ်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် စကားကို ကြားတော့ ဖူးငုံ ပိုပြီး မျက်နှာပျက်သွားလေရဲ့။

အဲဒီနောက်မှာတော့ ကျွန်တော့်ဆီကို အရင်ကလို ဖူးငုံ မှန်မှန်မလာတော့ပါဘူး။ ကျွန်တော့်ဘက်ကတော့ ဖူးငုံကို 'လာခဲ့ပါ' လို့လည်း မခေါ်တော့သလို၊ 'မလာနဲ့တော့' လို့လည်း မတားတော့ပါဘူး။ သူလာလို့ စာမေးရင် ရှင်းပြလိုက်ပြီး၊ မလာလို့ စာမမေးရင်တော့လည်း ရှင်းမပြရုံဘဲ နေလိုက်ရုံပေါ့။

ပထမပိုင်းတော့ ကျွန်တော့်ဆီကို ဖူးငုံလာလိုက်၊ မလာလိုက် လုပ်နေရာက တဖြည်းဖြည်းနဲ့ နောက်ပိုင်းကျတော့ လုံးဝ မလာတော့ဘူး။ သူမလာတော့လည်း ကျွန်တော့်အဖို့ အားတဲ့အချိန်တွေမှာ အရင်ကလို စာဖတ်ဖို့ အချိန်ပြန်ရလာတာမို့ ပိုပြီးတော့တောင် ကျွန်တော့်အလုပ် ကျွန်တော် လုပ်နိုင်သေးတယ်ဆိုပါတော့။

အဲဒီလိုနဲ့သုံးလေးလအကြာ တစ်နေ့မှာတော့ ကျွန်တော့် ဆေးခန်းကို ဖူးငုံ့အမေ ဆေးလာ ထိုးရင်းနဲ့ ကျွန်တော့်ကို ပြော တယ်။

"သမီးက ဆရာ့ကို အားနာလို့ စာလာမမေးတော့တာ ဆရာရဲ့။ နောက်ပြီးအခု သူ့မှာစာသင်ပေးတဲ့ ဆရာလည်းရှိနေပြီ။ အဲဒီ ဆရာကလည်း ဆရာ့လို ဆရာဝန်တစ်ယောက်ပါပဲ။ ဆရာကသာ သမီးကို ဘယ်မှလိုက်မပို့တာ။ အဲဒီ ဆရာဆိုရင် သမီးကို ပြင်ဦးလွင်တောင်မကဘူး။ စစ်ကိုင်းတောင်တို့၊ မင်းကွန်းတို့တောင် လိုက်ပို့ပေးပြီးပြီ"

အပေါ်ယံကြည့်ရင် စကားပြောတတ်တယ်။ လည်တယ် ထင်ရသလောက် တကယ်တမ်းကျတော့ ရိုးလွန်း၊ အလွန်းပြီး ပြောချင်ရာပြောတတ်တဲ့ ဖူးငုံအမေရဲ့စကားဟာ စိတ်ပျက်စရာ ကောင်းရုံမက သနားစရာ၊ ပြုံးချင်စရာ ကောင်းတာလည်း အမှန်ပါ။

"ဖူးငုံအတွက် အဆင်ပြေတယ်ဆိုရင် ပြီးတာပါပဲ အဒေါ် ရယ်။ ဝမ်းသာပါတယ်"





ကျွန်တော်ကတော့ အဲဒီလောက်ပဲ ပြန်ပြောလိုက်တယ်။

အဲဒီနောက်တော့ ဖူးငုံနဲ့ ကျွန်တော် မတွေ့တော့သလို ဖူးငုံနဲ့ ပတ်သက်ပြီးလည်း ဘာမှမကြားသိရဘဲ နေလာလိုက်တာ ကျွန်တော့်ဆီကို ဖူးငုံရောက်လာပြီး၊ သူ့အကြောင်းတွေကို ရင်ဖွင့်တဲ့ နေ့အထိ ဆိုပါတော့။

တမင် ဇာတ်နာအောင် လုပ်ကြံဖန်တီးပြီး ရေးထားတဲ့ သမားရိုးကျ ဝတ္ထုမျိုးကို စိတ်ပျက်တတ်တဲ့ ကျွန်တော့်အဖို့ ကျွန်တော်ကိုယ်တိုင် ဒီဝတ္ထုကိုလည်း ဇာတ်နာအောင် လုပ်ကြံဖန်တီးပြီး ရေးထားသလို မြင်မှာစိုးတာကြောင့် ဖူးငုံပြောပြတဲ့ ဒီအဖြစ်အပျက် တွေကို ဆက်ပြီးတော့တောင် မရေးချင်တော့တာ အမှန်ပါ။ ဒါပေမယ့် တကယ့် အဖြစ်အပျက်တွေဟာ တစ်ခါတလေမှာ စိတ်ကူးယဉ်ဝတ္ထု တွေထက်တောင် ဝတ္ထုဆန်တတ်သေးတယ် ဆိုတဲ့ စကားကို ခင်ဗျား လက်ခံတယ်ဆိုရင်တော့ ဖူးငုံအကြောင်းကို ပြီးအောင် ကျွန်တော် ဆက်ပြောချင်ပါသေးတယ်။

ရှည်ရှည်ဝေးဝေး မပြောဘဲ အတိုချုံးပြီး ပြောရရင်တော့ ဖူးငုံဟာ လူလိမ်လူညာတစ်ယောက်နဲ့ တွေ့သွားခဲ့တာပါ။ စိတ်ကူး ယဉ်တဲ့စိတ်တွေနဲ့ ဆရာဝန်တစ်ယောက်ကို အရူးအမူး၊ လက်ထပ်ချင်နေတဲ့ ဒီမအူမလည် ကောင်မလေးကို ဟိုလူက ပိပိရိရိ ဆရာဝန်ဟန်ဆောင်ပြီး၊ အကြိမ်ကြိမ်အခါခါ အသွန့်ချိုးသွားခဲ့တယ်ပဲ ပြောပါတော့။ သူအားရအောင် ခူးဆွတ်ခြွေမွပြီး၊ ကောင်မလေးကို စွန့်ခွာသွားလို့ ကောင်မလေးက လိုက်ရှာစုံစမ်းတော့မှ ဒီလူဟာ မယားငုတ်တုတ်နဲ့ ကလေးနှစ်ယောက်အဖေ အိမ်ထောင်ရှင် အရောင်းအဝယ်သမား တစ်ယောက်မှန်း သိရတော့တဲ့အဖြစ်ပါ။

ကောင်မလေးက ကျွန်တော့်ဆီလာပြီး၊ ဒီအကြောင်းတွေကို ဖွင့်ပြောရင်း ငိုရှာတယ်။ ကျွန်တော်လည်း ကောင်မလေးကိုကြည့်ပြီး၊ ယူကျုံးမရဖြစ်ရတာကလွဲရင် ဘာတတ်နိုင်မှာလဲ။ အဲဒီယုတ်မာတဲ့ လူလိမ်လူညာကို တရားစွဲချင်ရင်တော့ ဥပဒေကြောင်းအရ တရားစွဲလို့ရတယ် ဆိုတာလောက်ပဲ ကောင်မလေးကို ကျွန်တော် သိသလောက် အကြံဉာဏ်ပေးနိုင်ခဲ့တယ်။ ကောင်မလေးဟာ စိတ်ရောကိုယ်ပါ ချွတ်ခြုံကျနေပြီး တစ်ရက်က နှစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



လည်း မရချင်တော့တာမို့ ''ပြုသူအသစ်၊ ဖြစ်သူအဟောင်း''လို့သာ သဘောထားပြီး၊ အဲဒီလူကို ဘာမှမလုပ်ခဲ့တော့ပါဘူး။

အခုတော့ ကောင်မလေးဟာ တကယ့်ဘဝဆိုတာ စိတ်ကူးယဉ်အိပ်မက်တွေလောက် မလွယ်ဘူးဆိုတာကို ကောင်းကောင်း နားလည်သဘောပေါက်သွားပြီ၊ နောင်တတွေနဲ့အတူ တည်ငြိမ်သွားခဲ့ပါပြီ။

သူ့ရဲ့စိတ်ကူးယဉ် အိပ်မက်တွေအတွက် ကောင်မလေး ပေးဆပ်လိုက်ရတဲ့ အရင်းအနှီးတွေက ကြီးလွန်းလှပေမယ့် ကောင်မလေးအဖို့ နောင်တကလွဲပြီး ဘာမှမရလိုက်တာကို တွေးမိတိုင်း ကောင်မလေးအပေါ် ကရုဏာသက်မိဆဲပါပဲ။

ကျော်စွာထက်

မဟေသီ၊ အမှတ်၂၅၁၊ ၂၀၀၅-ခုနှစ်၊ အောက်တိုဘာလ။

ရန်အောင်စာပေ

# အိပ်မက်စိမ်း တံတား

မိချမ်းဝေ

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်စိမ်းတံတား

နေခြည် ဝင့်ဝါနေသော မနက်ခင်းသည် "လှိုင်းသစ်" ပုစွန် အအေးခန်း အလုပ်သမလေးများ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် တစ်နေ့တာ သက်ဝင်လှုပ်ရှားမှု ဓာတ်ဝင်ခန်းကို ရိုက်ကူးရန် အဆင်သင့် ဖြစ်နေပေတော့သည်။

သူတို့ကလေးတွေ ရောက်လာလျှင် နားနေဆောင်မှာ ထမင်းချိုင့်များ၊ ပစ္စည်းများထားမည်။ ပြီးလျှင် အလုပ်ခွင်ဝတ်စုံကို လဲလှယ် ဝတ်ဆင်ကြမည်။ ရွှေစင်ရှေ့မှာရပ်မည့် တောင့်တင်းသန်မာသော ခြေသလုံးများသည် တောစီး ရာဘာဖိနပ်ရှည်၏ သယ်ဆောင်ရာသို့ ဝုံ့ဝုံ့စားစား လိုက်ပါသွားကြမည်။ နာခေါင်းယဉ်နေပြီဖြစ်သော ညီစို့စို့ အေးသက်သက်ရနံ့တို့ ထုံအိမွှေ့ပျော်ရာ စက်ရုံ ခန်းမကျယ်ကြီးထဲမှာတော့ အလုပ်တာဝန်ဝတ္တရားတို့ အသီးသီးအသက စောင့်ကြိုနေလိမ့်မည်။ သူတို့၏ ခြေသလုံး တောင့်တင်းခိုင်မာသလို သူတို့၏ လက်များ သွက်ထားလိုက်သည်မှာ စက်အလားပင်။

---

ရှုမ်ရှင်အမြုတေ (၁၆၃)၊ ၂၀၀၈-ခုနှစ်။





ရေခဲကိုထောင်ကိုင် အလုပ်သမားကောင်လေးတွေ တစ်ယောက်ကို တစ်ယောက် အော်ဟစ် စကားဆိုမြည်သံက လှုပ်ရှားမှုနှင့်အပြိုင် သက်ဝင်နေလေတော့ လှိုင်းသစ်ရဲ့ ရှင်သန်မှုတွေ မကြာမီ ရှန်းကြွလာတော့မည်။

ကျွန်မ သည်နေရာကို ရောက်နေသည်မှာ တစ်ပတ်ခန့် ရှိပေပြီ။ ပတ်ဝန်းကျင်နှင့်လည်း အတန်အသင့် ကျွမ်းဝင်နေပါပြီ။ သည်အချိန်ဆို ကျွန်မသူငယ်ချင်း ငြိမ်းတစ်ယောက် သမီးကျူရှင်ပို့ပြီးအပြန် လက်ဖက်ရည်ပွဲပြင်နေရော့မည်။ ကျွန်မ စက်ရုံဘက်မှ လူနေဘန်ဂလိုတွေ အိမ်ဘက် ပြန်လျှောက်လာကာ ငြိမ်းကိုကူညီဖို့ စိတ်ကူးလိုက်သည်။

"ဟော.. ကေတောင် လမ်းတစ်ပတ် လျှောက်ပြီးပြီ ထင်တယ်။ လာ.. လက်ဖက်ရည် သောက်ကြစို့ရဲ့"

စားပွဲပေါ်မှ ကောက်ညှင်းပေါင်းနှင့် ငါးကင် မွှေးမွှေးက ဆာလောင်မှုကို ဆွတ်ချူလိုက်လေသည်။ ငါးမုန့်ကြော် ပူပူကြွပ်ကြွပ်တွေ ထပ်ရောက်လာပြန်သည်။ ငြိမ်းကိုယ်တိုင် နှပ်ထားသော လက်ဖက်ရည် ကျကျကလည်း ဆွဲဆောင်အား ကောင်းလှသည်။

"ကဲ.. ကောက်ညှင်းပေါင်း ပူတုန်းစားရအောင် ဦးဝင်းအောင်တော့ ညကများသွားလို့ မထနိုင်သေးဘူး သူ့ကိုမစောင့်ဘဲ စားကြစို့"

ငြိမ်းဆီက မကျေနပ်ချက်ကို ဖုံးကွယ် သိုသိပ်ထားသော အသံထအနားစဖွာကာ မသပ်မရပ်နိုင်လှသည်။ ကျွန်မ တိတ်ဆိတ်စွာပင် ကောက်ညှင်းပေါင်းဆီသို့ လက်လှမ်းလိုက်သည်။

"ကေရေ ယောကျ်ားတစ်ယောက်ဆီက စင်းလုံးချော အရည်အချင်းကို မင်း မျှော်လင့်မိသလား။ မျှော်လင့်မိတယ်ဆိုရင် အဲဒီ မျှော်လင့်ခြင်းဟာ မှားယွင်းမှုတွေနဲ့ ပလုံစီနေပေလိမ့်မယ်"

ငြိမ်းက စကားပြောလျှင် အဲသည်လို ဝေါဟာရအဆန်း တွေထည့်ပြောလေ့ရှိသည်။ ကျွန်မ ငြိမ်းကို သဘောကျသလို လှမ်းကြည့်နေရင်း..

"မျှော်လင့်ခွင့်တော့ရှိတယ် မဟုတ်လား။ ငြိမ်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ် အခွင့်ရှိသလောက် လုပ်မယ်ဆိုရင် မဆုံးတေးကို သီနေရသလို ဖြစ်တော့မပေါ့။ အစကတော့ အသောက်အစားဆိုတာ ချိုနဲ့လားပေါ့။ အခုတော့လည်း အသောက်အစား လှမင်းသားပေါ့ကွယ်။ မင်း မြင်ရဲ့မဟုတ်လား။ ညနေဆို ဆက်ရက်မင်းစည်း စိမ်တည်နေတာ။ ကိုယ်ဟာ ဒီအနံ့အသက်ကို သိပ်ပြီး ရွံရှာမုန်းတီးခဲ့သူပေါ့။ သူ သောက်နေချိန်ကိုလည်း အနားမှာမနေချင်ဘူး။ သမီးကိုလည်း မရှိစေချင်ဘူး။ ပင်ပန်းတယ်လို့ အကြောင်းပြမလား။ သူတို့လိုလူတွေမှာ ပင်ပန်းတယ်ဆို စက်ရုံထဲကလူတွေ ဆိုဖွယ်ရာ မရှိပေါ့။ နောက်ဆုံးတော့ ကြိုက်လို့ သောက်တယ်ပေါ့။ အရင်က စိတ်ကောက် စိတ်ဆိုး၊ အခုတော့ ကောက်စရာ ဆိုးစရာ စိတ်တွေ ကုန်သလောက် ဖြစ်သွားပါပြီ။ ကိုယ် နေတတ်သွားပြီ ဆိုပါတော့"

ငြိမ်းက နေတတ်သွားပြီတဲ့။ ဒါဆိုရင် ကျွန်မရော မနေတတ်လို့ပဲ။ လောင်းလုံမြို့ထဲက လှိုင်းသစ် ပုစွန်အအေးစခန်းဆီ ရောက်နေတာလား ငြိမ်းကလည်း အခေါက်ခေါက် အလည်ခေါ်ဖူးသည်နှင့် ကျွန်မရဲ့ ရှုပ်ထွေးနောက်ကျိနေသော စိတ်ကို ထွက်ပေါက်ပေးလိုသည်နှင့် ရောက်လာရသည့် ခရီး..။

ငြိမ်းက အသက်ကြီးမှ အိမ်ထောင်ကျသူဖြင့် ငြိမ်းသမီးက ယခုမှ ရှစ်တန်း၊ အိမ်ထောင်ကျစောသော ကျွန်မမှာတော့ သမီးပင် ဘွဲ့ရပြီး၊ အဝေးမှာ တာဝန်ထမ်းနေပြီ။ တကယ်ဆို အိမ်ထောင်ရေး အနှယ်ထိုင်ပြီးသား မောင်နှင့်ကျွန်မအဖို့ သည်အသက်အရွယ်ရောက်မှ ကတိမ်းကပါးဖြစ်စရာ အကြောင်းမရှိလှ။ အချိန်ကာလသည် လူတစ်ယောက်ရဲ့ စိတ်ကို ပြောင်းလဲစေပါသလား။ ငွေကြေးသည် လူတစ်ယောက်ရဲ့စိတ်ကို ပြောင်းလဲစေပါသလား။

နှစ်ယောက်စလုံး ဝန်ထမ်းဘဝဖြင့် အနှစ်နှစ်ဆယ်ကျော် အိမ်ထောင်ရေးသည် သမားရိုးကျဆန်စွာ ရင့်ထွားခဲ့သည်။ တစ်ယောက်နဲ့တစ်ယောက် နှစ်နှစ်ကာကာ ချစ်ခြင်းမှ ဆင့်ပွားလာသည့် အိမ်ထောင်ရေးမို့ သစ္စာမဲ့တာ၊ ဖောက်ပြန်တာ၊ စိတ်အလိုလိုက် မှောက်မှားတာတွေ မရှိစဘူးခဲ့။ ထူးခြားသည်မှာ နှစ်ဦးစလုံးပင် စောစီးစွာ အလုပ်မှ အနားယူခဲ့ကြသည်။





မောင့်မှာ ဆီးချိုသွေးချိုရောဂါ အလျင်အမြန် ဝင်ရောက်လာပြီး အလုပ်မှ အနားယူခဲ့ကြသည်။ ကြည်လင်နေသော မောင့်စိတ် ကန်ရေပြင်ကို ခဲပစ်သလို ဖြစ်သွားပြီလား။ ဆီးချိုသွေးချိုနှင့်အတူ စိတ်ကျရောဂါ ကပ်ပါလာခဲ့သည်မှာ လူမသိသူမသိ ဖွဖွညင်သာ။

အလုပ်မှအနားယူပြီးနောက် ဂံဇာတ်ဆရာက ကျွန်မကို အိမ်ပွဲစား၊ ကားပွဲစားလိုင်းကို ပစ်ချပေးလိုက်သည်။ ပထမတော့ ရပ်ကွက်ထဲမှ အပေါင်းအသင်းတွေနှင့် အပျင်းပြေ အပျော်သက်သက်လုပ်ရာမှ ငွေမြင်တော့ ထိုလောကမှ မထွက်နိုင်တော့သော ကျွန်မ။ မြိုးမြိုးမြက် မြက်ရလာသော ဝင်ငွေအပေါ် ကျေနပ်နှစ်သိမ့်မှုတွေ ပီတိတဝေဝေနှင့် အစိုးရဝန်ထမ်းအဖြစ်နှင့် အချိန်ကုန်ခဲ့သည်ကိုပင် နောင်တရမိချင်ချင်။ သမီး ကြီးပြင်းလာသည်နှင့် အိမ်၏လိုအပ်ချက် နှစ်ဆတက်လာချိန် ကျွန်မရှာဖွေသော ငွေကြေးသည် နေ့စဉ်လည်ပတ်မှုယန္တရားကို ကောင်းမွန်သွက်လက်စွာ မောင်းနှင်နိုင်ခဲ့သည်။

အိမ်ပွဲစားတစ်ယောက် လျှောက်ရသည့် ခြေလှမ်းများ၊ ပြောရသည့် စကားများ၊ ကုန်ဆုံးသွားသော အင်နာဂျီ။ ထိုအရာများရင်းပြီး ရလာသည့် ငွေကြေးပမာဏသည် အိမ်ရဲ့လိုအပ်ချက်ကို ဖြည့်ဆွက်နိုင်ခဲ့သော်လည်း ပြောင်းလဲလာသော မောင့်ရဲ့ စိတ်ကွက်လပ်ကို ဖြည့်ဆည်းဖို့ရာ မစွမ်းသာခဲ့ပါချေ။ မိန်းမသားတစ်ယောက် ငွေရှာနေခြင်း၊ ငွေရှာနိုင်ခြင်းသည် ရိုးမယ်ဖွဲ့စရာ အပြစ်များဖြစ်ခဲ့မည်ဟု မည်သည့်အခါမှ စိတ်ကူးမိခြင်းမရှိခဲ့။

"ကေ မင်းငွေရှာနိုင်တယ်ဆိုတိုင်း..."

မောင့်နှုတ်ဖျားမှ မြည်တွန်တောက်တီးသံသည် ငွေရှာနိုင်ခြင်းအပေါ် ရိုးမယ်ဖွဲ့သည့် တောင်ပံတွေ တဖျပ်ဖျပ် ယမ်းခါနေတော့သည်။

"ဟိုတုန်းက မောင်ရှာခဲ့တယ်။ အခု ကေရှာတယ်။ ဘယ်သူရှာရှာ အတူတူပါပဲ။ မောင် ဝင်ငွေမရှိတဲ့အချိန်မှာ ကေရှာတဲ့ငွေဟာ မောင်လည်း သုံးပိုင်ခွင့်ရှိပါတယ်။ မောင်ရှာတဲ့ငွေမှ ငွေလို့ ထင်တာကတော့ မဟုတ်သေးဘူး။ မောင့်စိတ်ကို နည်းနည်းလောက် လျှော့လိုက်ပါ။ တစ်ယူသန်ကြီး တင်းနေရင် အိမ်ဟာပျော်ရွှင်ဖွယ် မကောင်းတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ယောက် လျှာနှင့်သွား စာတ်ခင်းနေသည်နှင့် သမီးသည် အဝေးမှာ အလုပ်သွားလုပ်နေတော့၏။ "မေမေတို့ ကလေးတွေ မဟုတ်ဘဲ ခဏခဏရန်ဖြစ်နေတာ သမီးရှက်တယ်" ကိုယ့်သားသမီးရှေ့မှာ ရှက်ရွံ့အားငယ်မှု ခံစားချက်သည် ကျွန်မ နှလုံးသားကို ဒဏ်ရာအနာတရ ဖြစ်စေခဲ့ပြီ။ မောင်သည် ဘယ်တော့မှ အလိုမကျ၊ အလိုမပြည့်။ အစဉ်အမြဲ စိတ်တိုင်းမကျမှုများဖြင့် ပေါက်ကွဲနေသည်။

ထိုအရာသည် ကျွန်မ ပုံဖော်လိုသော အိမ်ထောင်ရေး မဟုတ်ပါ။ ကျွန်မ အိပ်မက်ထဲမှ နှင်းခဲရဲတိုက် မဟုတ်ခဲ့ပါ။ မိန်းမတစ်ယောက် ရှေ့တန်းသို့ထွက်ကာ ငွေရှာနေသောကိစ္စသည် မည်သူ့ကို ထိခိုက်နစ်နာစေသနည်း။ အိမ်ထောင်ဦးစီးရဲ့ ဂုဏ်သိက္ခာကို ထိပါးရာ ရောက်လေသလား။ ဦးကထမ်းနေသူ လက်ပန်းကျလို့ ပဲ့ကထမ်းနေသူ ပိုအားစိုက်ခြင်းပင်ဖြစ်သည်။

အလုပ်ခွင်ပြင်ပသို့ ရောက်ရှိသွားသော ယောကျ်ားတွေ သည်လို စိတ်ဓာတ်တွေ ပြောင်းလဲတတ်ပါသလား။ ကြုံလာသမျှ ဆီးခံ၊ သည်းခံ၍ အကောင်းဆုံး ရင်ဆိုင်ကြရမည့်အနေအထားမှာ အလိုမကျမှုတွေကို ပုံကြီးချဲ့၍ ငွေရှာနေသူကို ဖေးကူမှု မပေးသည့်အပြင် စကားလုံး နင့်နင့်နဲ့နဲ့များဖြင့် ပစ်ပေါက်နေလေတော့။

"ဟော.. လက်ဖက်ရည်တွေ အေးကုန်ပြီ။ ငိုင်နေပြန်ပြီလား ကေရဲ့။ ဘယ်လိုလဲ စိတ်က ဦးဇေယျာဆီ ရောက်သွားပြီထင်တယ်။ ဒီအချိန် သူဘယ်လို စားသောက်နေပါလိမ့်လို့လေ"

ကျွန်မက ခေါင်းကို ခပ်လေးလေးယမ်းခါလိုက်မိသည်။ ကျွန်မ သတိရခြင်းနှင့် ငြိမ်းထင်နေသည့် သတိရခြင်းက ထပ်တူမကျပါ။

"နေ့ခင်းစာ ဘာစားချင်သလဲပြော။ ရေခူကို ခပ်စပ်စပ်ကလေး သုပ်မယ်။ ပုစွန်ကြီး လတ်လတ်တွေကို အကြော်မှုန့်လူးပြီး ကြော်မယ်။ ဒီဘက်နယ်ကထွက်တဲ့ တညင်ရွက် ဟင်းချိုပူပူလေးလည်း တစ်ခွက် ချက်မယ်။ သမီးနဲ့ ကိုဝင်းအောင်အကြိုက် ကြက်သားနဲ့ အာလူးဆီပြန်ကလေးလည်း တစ်ခွက်ပါမယ်ပေါ့။ ကေ ဘာစားချင်သေးလဲ"





"ဟင့်အင်း စားချင်တာ အထွေအထူး မရှိပါဘူးကွယ်။ အဆင်ပြေရာသာ ချက်ပါ။ ဒေသစာတွေ စားရတာလည်း အမှတ်တရ ဖြစ်တာပေါ့"

လက်ဖက်ရည်ဝိုင်းသိမ်းပြီး၊ ကျွန်မတို့နှစ်ယောက် ဘန်ဂလိုရှေ့ရှိ ငြိမ်းရဲ့ သစ်ခွပင်တွေနားဆီ ရောက်နေခိုက် ဦးဝင်းအောင် နိုးလာကာ လက်ဖက်ရည်ကို ကမန်းကတန်းသောက်လျက် စက်ရုံဆီသို့ ထွက်သွားလေသည်။ သည်လိုတော့လည်း သွက်လက်လို့ပါလား။

"ဦးဝင်းအောင် အလုပ်သွားခါနီး အင်္ကျီပုဆိုး ထုတ်ပေးတာတို့ ဘာတို့လုပ်ပေးလေ့ မရှိဘူးလား"

"ဘာရယ် ကေ၊ ဘာပြောတာလဲ"

"ဩော် ဦးဝင်းအောင် အလုပ်သွားခါနီး အဝတ်အစား မပြင်ဆင်ပေးရဘူးလား မေးတာပါ"

"အင်္ကျီတွေ ပုဆိုးတွေ လျှော်ဖွပ်၊ မီးပူတိုက်ပြီး ဗီရိုထဲ ထည့်ထားပေးတာလေ။ သူ့ဘာသာ ယူဝတ်ပေါ့။ တစ်ခါမှ ထုတ်မပေးပေါင်"

ကျွန်မကတော့ မောင်အပြင်သွားခါနီးတိုင်း ပြင်ဆင်ပေးလေ့ရှိသည်၊ မောင်ရေချိုးနေပြီဆို မျက်နှာသုတ်ပုဝါ အဆင်သင့်။ ပုဆိုးအင်္ကျီ အဆင်သင့်။ မောင်ဝတ်မည့် အဝတ်ကို ကျွန်မကိုယ်တိုင် ရွေးချယ် ဆင်ယင်ပေးခဲ့သည့် အိမ်ထောင်သက် တစ်လျှောက်လုံးက အလေ့အကျင့်သည် တော်ရုံဖြင့် မပျောက်နိုင်မည့်အရာ မဟုတ်ပေ။ ခုနေခါတော့ မောင်တစ်ယောက် သူ့ဘာသာ အင်္ကျီအဝတ်အစား ထုတ်ဝတ်နေရှာမည်။ ဗီရိုထဲမှ အဝတ်အစားများကုန်ပါက သူကိုယ်တိုင်ပင် လျှော်ဖွပ်ရတော့မည်။ အဝတ်သာမဟုတ် အစားအသောက်ပါ ကိုယ်တိုင် စီစဉ်နေရသည်က ဘယ်လိုမှ အဆင်ပြေဖွယ်ရာ မမြင်။ အိုးနင်းခွက်နင်း ဖြစ်နေမှာ သေချာသည်။

"ကိုယ်လည်း သမီးကျူရှင်၊ အိမ်အလုပ်တွေနဲ့ လုံးချာလိုက်နေလို့ ကေ့ကို ဘယ်ကိုမှ မပို့ဖြစ်သေးဘူး။ မောင်းမကန်တို့၊ သင်္ဘောဆိပ်တို့၊ မျှော်ရစ်ဘုရားတို့ ပို့မယ်။ ညနေ သူပြန်လာရင် နည်းနည်း နားပူနားဆာ လုပ်ဦးမှ။ ဦးဝင်းအောင်က စိတ်ရင်းမဆိုးလှပါဘူး။ မိသားစုအပေါ် ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ဆည်းပေးရမယ်ဆိုတာ နားလည်ပါတယ်။ အပြည့်အဝ ကောင်းသူ မဟုတ်ပေမယ့် ခြွင်းချက်နဲ့ ကောင်းသူလို့ ဆိုရင်ရပါတယ်''

''ခြွင်းချက်နဲ့ ကောင်းသူ''

ငြိမ်းအပြောကို ကျွန်မ ရယ်ချင်သွားလေသည်။

''ဘာရယ်တာလဲ ကေရဲ့။ ခြွင်းချက်နဲ့ ကောင်းသူဆိုတာ အကောင်း အပြည့် မဟုတ်ပေမယ့် အကောင်းဘက် များများပါလို့ တော်သေးတာပေါ့။ လောကကြီးမှာ လိုချင်တာ အပြည့်အဝရဖို့ဆိုတာ ဘုရားသခင်ကပေးတဲ့ အထူးဆုလာဘ်ကြီး ဖြစ်မှာပါ။ ခြွင်းချက်နဲ့ ကောင်းသူနဲ့တောင် မတွေ့ဘဲ ကောင်းခြင်းတွေနဲ့ လွဲချော်ခဲ့သူ တစ်ယောက်အကြောင်း ကေ သိအောင် ပြောပြဦးမယ်''

ငြိမ်းစကားက ထူးဆန်းနေ၍ ကျွန်မတို့ ပန်းကြည့်ခြင်းကို ရပ်ဆိုင်းလိုက်လေသည်။ ငြိမ်းသည်ရှေ့မှ ဦးဆောင်ကာ မြစ်ဆိပ်ဘက်သို့ လျှောက်နေသည်။ မလှမ်းမကမ်းမှာ အလျားရှည် မြစ်တစ်စင်းသည် ညင်သာသွဲ့သွဲ့ စီးဆင်းနေသည်။ မြစ်ရေသည် ကြည်လင်ခြင်းကင်းစွာ နောက်ကျုနေသည်ကို ကြည့်၍ မြစ်လက်တက်ငယ်တစ်ခုဟု ခန့်မှန်းရ၏။

ဘန်ဂလိုနှင့် စက်ရုံကြားတွင် လှေရပ်နားရာ ဆိပ်ဦးတံတားတစ်ခု ရှိသည်။ ပင်လယ်မှဖမ်းမိသော ပုစွန်များ စက်ရုံသို့ပို့ရာ လှေဆိုက်သည့်နေရာ ဖြစ်ဟန်တူသည်။ တံတားဟုဆိုသော်လည်း မြစ်ကိုဖြတ်ကူးထားသော တံတား မဟုတ်ပါ။ လှေဆိုက်သည့် ဘောတံတားသဘောမျိုး သစ်ဖြင့် တည်ဆောက်ထားသော တံတားဖြစ်သည်။

ငြိမ်းခြေလှမ်းများ ထိုဘောတံတားထိပ်မှာ ရပ်တန့်လေသည်။ ငြိမ်းသည် ဘောတံတားထိပ်မှာရပ်ကာ စက်ရုံအနောက် ဘက်ကျကျ မြစ်ဆိပ်တစ်နေရာဆီသို့ ငေးကြည့်နေလေသည်။ ကျွန်မကတော့ ငြိမ်းကြည့်နေသည့်နေရာထက် ဘောတံတားမှ နောက်ပြန်မြင်ကွင်း ဘန်ဂလို အိမ်နှစ်လုံးနှင့် စက်ရုံတို့ကိုသာ စိတ်ဝင်စားနေမိသည်။





''ဟောဒီ တံတားက ပုစွန်လှေတွေဆိုက်ကပ်ရာ တံတားအသစ်ပေါ့။ တံတွားအဟောင်းက ဟိုအတော်လှမ်းလှမ်းမှာ မြင်လား။ ဒီကနေ ခပ်ဝါးဝါးမြင်နေရတာလေ။ အခု အသုံးမပြုတော့တာကြာပြီ။ အဲဒီတံတားကို ဒီက လူတွေက အိပ်မက်စိမ်းတံတားလို့ ခေါ်ကြတယ်''

''အိပ်မက်စိမ်းတံတားတဲ့လား။ ဘယ်သူပေးတဲ့ နာမည်လဲ ကမျာဆန်လှပါလား''

''အိပ်မက်စိမ်း တံတားဟာ ဒေါ်စိမ်းလွဲရည်နဲ့ တစ်စိတ်တစ်ဒေသ ပတ်သက် နေတယ်ကေရဲ့''

''ဆိုပါဦး ဒေါ်စိမ်းလွဲရည်ဆိုတာက''

''ဒေါ်စိမ်းလွဲရည်ဟာ ဒီ လှိုင်းသစ် ပုစွန်အအေးခန်း စက်ရုံကို ဦးစီးဦးဆောင်ပြုသူ ဦးဝဏ္ဏအောင်ရဲ့ ဇနီးပေါ့။ ဦးဝဏ္ဏအောင်ဆိုတာ နာမည်နဲ့ လိုက်ဖက်အောင် ချောမောတဲ့ အရာရှိကြီး တစ်ယောက်ပါ။ အရပ်မြင့်မြင့်၊ အသားလတ်လတ်၊ ရုပ်ရှင်မင်းသား နေအောင်လို ရုပ်ရည်မျိုး။ ရုပ်ရည်ကြောင့်လား၊ နဂိုဗီဇကြောင့်လား မသိဘူး။ ဦးဝဏ္ဏအောင်ဟာ မိန်းမတော်တော် ပွေရှုပ်တယ်လို့ဆိုတယ်။ ရောက်တဲ့ရွာမှာ တစ်ကျိဆောက်သူ အဖြစ်လည်း နာမည်ကြီးတယ်။ လှိုင်းသစ်ကိုရောက်ပြီး မကြာခင် ကမျောကင်းရွာက မိန်းမလည်တစ်ယောက်နဲ့ တွဲပါလေရော။ အဲဒီမိန်းမထ မင်းပေါက်စိုးပေါက် လာသမျှ အရာရှိအရာခံ အလွှတ်မပေးဘဲ ကိုယ့်ထမင်း အတွက် သူ့အလှကို အသုံးချနေသူပေါ့။

ဒီသတင်းကြားလို့ ဇနီးဖြစ်သူ ဒေါ်စိမ်းလွဲရည် လိုက်လာတော့ သူတို့ နှစ်ယောက်က ခရီး အတော်ပေါက်နေကြပြီ။ ဒေါ်စိမ်းလွဲရည် ဆိုတာလည်း နာမည်နဲ့လိုက်အောင် စိမ်းဖန့်ဝါရွှေတဲ့ အလှကိုပိုင်ဆိုင်သူပါ။ သူဟာ မြေလတ်မြို့တစ်မြို့က ဂုဏ်သရေရှိမိသားစုမှ ပေါက်ဖွားလာတဲ့ အမျိုးကောင်းသမီးတဲ့။ လက်ရှိ အထက်တန်းပြရာထူးနဲ့ ကျောင်းဆရာမအလုပ်ကို ခုံမင်လွန်းလို့ ဦးဝဏ္ဏအောင် ပြောင်းရွှေ့ရာမြို့တွေကို မလိုက်နိုင်တာက အစပြုလို့ ဦးဝဏ္ဏအောင်ရဲ့ ဝါသနာဗီဇကို အားပေးသလို ဖြစ်နေတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံမှာ ယောကျ်ားတွေ ဘာကြိုက်သလဲဆိုတာ ကိုယ် နားမလည်နိုင်ဘူး ကေ။ ဒေါ်စိမ်းလဲ့ရည်ရဲ့ ထူထူဝဲဝဲ ဆံပင်အုံကြီးရဲ့အလှဟာ မိန်းမသားအချင်းချင်း ငေးမောအားကျခဲ့ရပေမယ့် ဦးဝဏ္ဏအောင်ရဲ့ နူးညွတ်မှု အာရုံကို မချော့မြှူနိုင်ဘူးလား။ မျက်ခုံးစိမ်းစိမ်း၊ မျက်ဝန်းဖန့်ဖန့်တွေကရော ဦးဝဏ္ဏအောင်ရဲ့ နှလုံးသားကို မလှုပ်နှဲ့နိုင်ဘူးလား။ ကိုယ်စဉ်းစားလို့ မတတ်တော့ဘူး။ သူတို့မှာ တွတ်တီးတွတ်တာ ချွဲနွဲ့မယ့် သားသမီးရတနာ မရှိတာက ရော သူတို့ အိမ်ထောင်ရေးမှာ နှုတ်မရအောင် ဗူးနေတဲ့ မြားတစ်စင်းလား။

ခက်တာက ဒေါ်စိမ်းလဲ့ရည် ရောက်တာတောင် ဘန်ဂလိုကို ဟို မိန်းမ အလာမပျက်ဘူး။ ကိုယ့်ဇနီးမယားအပေါ် လေးစားမှု တံတိုင်းကို ဒီလောက် လွယ်လွယ်နဲ့ ဖြိုပစ်လိုက်တာတော့ မကောင်းပါဘူး။ ဦးဝဏ္ဏအောင် ရဲ့ အကွပ်မဲ့တဲ့ ပရမ်းပတာ အပြုအမူတွေဟာ ဒေါ်စိမ်းလဲ့ရည်ကို အမှောင် ချောက်အတွင်း တွန်းပို့လိုက်တဲ့ အရာတွေပေါ့"

ငြိမ်းက မောသွားသလို စကားကို ရပ်တန့်လိုက်လေသည်။ ကျွန်မ လည်း သူ့အပြောမှာ မောပန်းစွာလိုက်ပါရင်း ဒေါ်စိမ်းလဲ့ရည်ကို မျက်စိထဲ ပုံဖော်ကြည့်နေသည်။

"ဒီဒေသ မိုးများတဲ့ဒေသ၊ မိုးရွာရင်လည်း အုံ့အုံ့သည်းသည်း ရွာလေ့ရှိတယ်။ အဲဒီညက တစ်ညလုံး မိုးတွေလေတွေ ကြီးလိုက်တာ။ ကိုယ်တို့နဲ့ ကပ်လျက်ဘန်ဂလိုမှာ ဦးဝဏ္ဏအောင်တို့ လင်မယားနေတာဆိုတော့ ညဦး မိုးသံလေသံကြားမှာ လင်မယားရန်ဖြစ်သံ ဆူဆူညံညံ ကြားလိုက်ရ သေးတယ်။ ဟိုမိန်းမ မထိမဲ့မြင် ဝင်ထွက် သွားလာနေတဲ့ ကိစ္စကို ဒေါ် စိမ်းလဲ့ရည် ဘယ်လို ကြည်ဖြူနိုင်ပါ့မလဲ။ ဒီတော့ တိုးတိုးတစ်မျိုး၊ ကျယ် ကျယ်တစ်မျိုး ရန်ဖြစ်သံတွေဟာ ပတ်ဝန်းကျင်အတွက် မထူးဆန်းဘူးပေါ့"

အဲဒီညက ဒေါ်စိမ်းလဲ့ရည်ဟာ အိပ်မက်စိမ်းတံတားကနေ မပြန် လာတဲ့ခရီးကို ထွက်ခွာသွားခဲ့တယ်။ စက်ရုံညစောင့် အလုပ်သမားကောင်လေး အပြောကတော့ ဒေါ်စိမ်းလဲ့ရည်ဟာ တံတားထိပ်မှာ အကြာကြီး ရပ်နေသေး တာတဲ့။ ကောင်လေးက ဒီလိုလုပ်မယ်မထင်လို့ ငေးကြည့်နေတာ။ သူ





ဝတ်နေကျ ဆင်စွယ်ရောင် အပွင့်စိပ်စိပ်ဝတ်စုံက မှောင်ရီဝေဝါးအောက်မှာ ထင်းထင်းကြီး မြင်သာနေတာလေ။ ဂုန်းခနဲ အသံကြားမှ ကောင်လေးလည်း ဦးဝင်းအောင်ကို လာနိုးမှသိကြရတာ။ မြစ်က ရေစီး သိပ်သန်နေချိန်ဆိုတော့ ဘယ်လိုမှ ရှာလို့မရကြဘူး။ နောက်သုံးရက်ကြာမှ အောက်ဘက်က တံငါ ရွာကလေးမှာ အလောင်းကို သွားတွေ့တော့ ယူကြုံးမရ နှမြောတသခြင်း တွေသာ ပတ်ဝန်းကျင်မှာ လှိုင်းဂယက်ထ ကျန်ခဲ့တော့တယ်"

"ဒေါ်စိမ်းလဲ့ရည်မရှိတော့ ဦးဝဏ္ဏအောင်ရဲ့ အခြေအနေ ကရော"

"အင်း... ဒါ့ကြောင့် ယောကျ်ားတွေရဲ့စိတ်က ခန့်မှန်းရခက် တယ်လို့ ပြောတာပေါ့။ မယားရှေ့ထားပြီး မှောက်မှားနေတဲ့ မိန်းမကို ဦးဝဏ္ဏအောင်က တကယ် ယူသလားဆိုတော့ မယူဘူး။ နောင်တတော့ အတော် ရသွားဟန်တူတယ်။ လူမြင်တင့်တယ်အောင် ဟန်ဆောင် နောင်တ လည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ။ အခုတော့ မြိတ်မြို့နယ်ထဲက ငါးစခန်းတစ်ခု ကို ပြောင်းသွားပါပြီ။ ဦးဝဏ္ဏအောင် ပြောင်းသွားပေမယ့် ဒေါ်စိမ်းလဲ့ရည်ရဲ့ အကြောင်းကတော့ ပြောစမှတ် ကျန်ရစ်ခဲ့တာ ဒီနေ့တိုင်ပါပဲ။ နောက်တစ်ခု ထူးဆန်းတာက ဒီမှာ တာဝန်ကျတဲ့ ဦးဝင်းအောင်လို အရာရှိကအစ စက်ရုံ ညစောင့် ကလေးတွေအဆုံး အိပ်မက်တစ်ခုကို အဖန်တလဲလဲ မက်လေ့ရှိ တယ်။ အဲဒီအိပ်မက်ဟာ တံတားထိပ်မှာ ဒေါ်စိမ်းလဲ့ရည်ရပ်နေတဲ့ ပုံသဏ္ဌာန် အတိုင်းမြင်မက်တဲ့ အိပ်မက်ပါ။ ဒီအိပ်မက်ကနေပြီး၊ ဒီတံတားဟာလည်း အိပ်မက်စိမ်းတံတားရယ်လို့ လူတွေပါးစပ်မှာ စွဲနေတော့တာပါပဲ။ တချို့ ကတော့လည်း မိုးကြီးတဲ့ညတွေဆို စက်ရုံနဲ့ဘန်ဂလိုကြားမှာ ဒေါ်စိမ်းလဲ့ရည် ကို တွေ့ရလေ့ရှိတယ်လို့ ဆိုကြတယ်"

ကျွန်မသည် မြစ်ပြင်နောက်ကျိုကျိုကိုကြည့်ကာ စိတ်တွေ ရှုပ်ထွေး နောက်ကျူလာလေသည်။ အိပ်မက်စိမ်းတံတားဘက်ကို လှမ်းကြည့်တော့ တံတားထိပ်မှာ မည်သူတစ်ဦးတစ်ယောက်မျှ ရှိမနေပါ။ မလိုချင်တာတွေဟာ သိမ့်သိမ့်သည်းသည်း ရရှိပြီး၊ ထိုဝေဒနာ နင့်နင့်နည်းနည်း၏ လေးလံဖြိုထုမှု ကြောင့် မြစ်ပြင်ထဲ နစ်ကျပျောက်ဆုံးသွားခဲ့သူ၊ အချစ်ရှုံးသူ ဒေါ်စိမ်းလဲ့ရည် အတွက် စာနာမှု ရင်တံတိုင်းသည် တဆတ်ဆတ် တုန်ယင်လျက်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ ၃ နာရီလောက် ကျတော့ ဦးဝင်းအောင် စီစဉ်ပေးမှုနှင့် မောင်းမကန် ကမ်းခြေဆီသို့ ထွက်ခဲ့မှသာလျှင် ထိုဝေဒနာ အထုံးအဖွဲ့များကို ပင်လယ်ရေအေးစိမ်းစိမ်းဖြင့် ဖြေဖျောက်ရလေသည်။ ငြိမ်းရဲ့ သမီးကလည်း ရောက်ဖူးပြီးမို့ မလိုက်လိုဟုဆိုရာ ကျွန်မနှင့် ငြိမ်းသာလျှင် ခရီးစဉ်မှာ သွေ့ခြောက်ခြောက် နိုင်နေတော့သည်။

မောင်းမကန် တောင်လက်မောင်းတွေကြားမှ ကားကလေး တရိပ်ရိပ် ပြေးနေစဉ် အချိုးအကွေ့တစ်နေရာမှ မောင်းမကန်ကမ်းခြေကို မြင်တွေ့လိုက်ရစဉ်မှာပင် စိတ်လက်ကြည်လင် လန်းဆန်းသွားသည် ဟုဆိုရချေမည်။ ပင်လယ်ရေနှင့် တကယ်ထိတွေ့တော့ လှိုင်းယက်ပင့်တင်တို့၏ ကလူကျီစယ်မှု အောက်မှာ ငြိမ်းအေးချမ်းခြင်း သုခကို ခံစားရလေသည်။ ပင်လယ်ရေစိမ်ပြီး၊ တမ်းစပ်မှ စားသောက်ဆိုင်လေးထဲမှာ အုန်းစိမ်းရည် ချိုချိုသောက်ရင်း စိတ်အပန်းဖြေကြရသည်။

"မင်းကြည့်လိုက်စမ်း ကေ။ တိမ်တွေက တောင်တန်းတွေကို ထိနမ်းတယ်။ ကောင်းကင်က ပင်လယ်ကို ညှို့ငင်တယ်။ ပျားပိတုန်းတွေက ပန်းတွေကို ရစ်ဝဲတယ်။ ဒါဟာ သဘာဝတရားကြီး မဟုတ်လား။ ဖိုမ တစ်နည်းအားဖြင့် လင်နဲ့မယား ဆက်ဆံရေးမှာလည်း နားလည်ထောက်ကူမှုတွေနဲ့ ဖွဲ့တည်ထားတာလေ။ အခုလို အိမ်ထောင်သက် ရင့်လာတာနဲ့ အမျှ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် မြှူဆွယ်မှုတွေနဲ့ ကျားကန်ထားရမှာပါ။ အသက်ကြီးလာတော့ ဖေးကူလက်တွဲဆိုတဲ့ အခန်းက ပါဝင်လာပြီပေါ့။ အခုတောက ဦးဇေယျာကို ထားပစ်ခဲ့တာ သဘာဝကျရဲ့လားလို့ ကိုယ်တွေးနေမိတယ်။ ပြီးတော့ ဦးဇေယျာမှာ ဆီးချိုသွေးချိုနဲ့ဆိုတော့..."

"တော်.. တော်ပါတော့ ငြိမ်းရယ်၊ ကိုယ်လဲ စိတ်လိုက်မာန်ပါ ထွက်လာပြီးမှ နောင်တရပါတယ်။ ကိုယ်ဘာလို့များ သူ့ စိတ်ကို နားမလည်နိုင်ရပါလိမ့်။ သည်းမခံနိုင်ရပါလိမ့်လို့ မေးခွန်းတွေ မေးမိတာလည်း အခါခါပါ။ တကယ်တော့ ကိုယ် သူ့အပေါ် နောင်တွယ်နေတဲ့ ချစ်ခြင်းဟာ ပင့်ကူကောင်ရဲ့ခြေဖျားမှာ ကပ်ငြိနေတဲ့ စေးထန်းငြိတွယ်မှုမျိုးနဲ့ နှောင်ဖွဲ့နေတယ်ဆိုတာ ကြာလေ သဘောပေါက်လေပါပဲ"





ထိုနေ့က လွတ်လပ်သော ပင်လယ်လေသည် ကျွန်မ၏ စိတ်ဝိညာဉ် အမှောင်တိုက်ကို လင်းပွင့်သွားစေလေသလား။ ပြာလွင်လွင် ကောင်းကင် ပြင်ကျယ်၏ အသက်ဓာတ်က ငြိမ်းအေးခြင်း သန္တိသုခကို ရစေလေသလား။ သောင်ကမ်းဖြူလွလွသို့ ခေါင်းငုံ့ ကျီစယ်နေသော လှိုင်းခေါင်းဖြူတို့ရဲ့ ချစ်စရာ ဓလေ့ဘာသာက ကျွန်မရဲ့ ညှိုးနွမ်းအားငယ်မှုကို လန်းစင်ဝင့်ဝါ စေသလား။ အပြန်လမ်းသည် သာတောင့်သာယာ ကမ္ဘာကြီးဆီသို့ အခြား ကမ္ဘာဂြိုဟ်တစ်ခုမှ ပြန်လာသလို သွက်လက် ကြည်လင် နေတော့သည်။

ထိုညမှာပင် မမျှော်လင့်သော အိပ်မက်ဆိုးသည် ဖြန့်းစားကြီး ရောက်ချ လာလေသည်။

တကယ်ဆို မောင်းမကန်မှာရေကူးပြီး မောမောနှင့်ပြန်လာသည့် ညမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သင့်ပါလျက် အိမ်မက်ဆိုးကြောင့် တစ်ဝက် တစ်ပျက် နိုးလာသည့် ကျွန်မ။ အိပ်မက်ထဲမှာ အိပ်မက်စိမ်းတံတားသည် ထင်ထင်ရှားရှားကြီး ပေါ်လွင်နေသည်။ မြစ်ရေစီးသံသည် တဝေါဝေါ ဆူညံနေသည်။ မိုးကြီးလေကြီးထဲ မိန်းမတစ်ယောက် အိပ်မက်စိမ်းတံတားဆီ ဦးတည်သွားနေသည်။ ပြီးတော့ ဝုန်းခနဲ ရေထဲသို့ တစ်စုံတစ်ရာ ကျဆင်းသွားသည့်အသံ။

ကျွန်မ နိုးထလာတော့ ချွေးစေးတွေ ပြန်နေသည်။ ပြတင်းတံခါးမှ ကြည့်လိုက်သောအခါ အပြင်ဘက်မှာ အိပ်မက်ထဲမှာလို မိုးတွေရွာမနေပါ။ အမှောင်မပြယ်သေး။ အလင်းသည် မဝံ့မရဲတိုးဝင်စ၊ နံနက်ဆည်းဆာ မြင်ကွင်းတွေ မသဲမကွဲ ဝေဝါးနေချိန်။

ပြတင်းတံခါးမှ ချိုအီအီမွှေးရနံ့တစ်ခု ဝေ့ဝေ့ဝဲဝဲ တိုးဝင်လာသည်၊ ကျွန်မ နံနက်တိုင်း လမ်းထလျှောက်နေကျ တစ်ခါမှ ထိုမွှေးရနံ့မျိုးမရဘူးခဲ့။ စံပယ်ရနံ့လား၊ အင်း.. ကျွန်မ မသိသော ပန်းရနံ့ တစ်ခုခုလေလား။ ထိုရနံ့သည် ကျွန်မကို အိမ်ထဲမှထွက်လာရန် မြှူဆွယ်လိုက်လေသည်။

အိမ်ပြင်ရောက်တော့ မွှေးရနံ့သည် ပိုမို သိပ်သည်းလာလေသည်။ ကျွန်မခြေလှမ်းတွေ လှုပ်ရှားလာသည်။ မမြင်ရသည့် စွမ်းအားတစ်ခုက



www.burmeseclassic.com

www.burmeseclassic.com



အလုံးအရင်းနှင့် ညို့ယူနေသလို၊ ထိုအမွှေးရနံ့နောက်လိုက် သွားမိသည်။ အို··· ကျွန်မ စက်ရုံအနောက်ဘက်ဆီ သွားနေမိသည်ပါလား။ စက်ရုံအနောက်ဘက်မှာ အိပ်မက်စိမ်းတံတား ရှိသည်။ ငြိမ်း တစ်ခါလှမ်းပြသဖြင့် အဝေးမှ မြင်ရသည်မှအပ၊ အိပ်မက်စိမ်းတံတားသည် ကျွန်မနှင့် ရင်းနှီးမှု မရှိလှပါ။ ကျွန်မ ဘာကိစ္စ အိပ်မက်စိမ်းတံတားဆီ ဦးတည်ပြီး သွားနေသနည်း။ အဓိပ္ပာယ်မရှိလှပါ။

ကျွန်မ ခြေလှမ်းတွေကို ရပ်ပစ်လိုက်သည်။ ထိုအချိန်မှာပင် တံတားထိပ်မှာ လူတစ်ယောက်ရပ်နေသည်ကို မသဲမကွဲ တွေ့လိုက်ရသည်။ သေချာသည်မှာ မိန်းမတစ်ယောက် ဖြစ်နေခြင်းပင်။ ချက်ချင်းပင် ကျွန်မ အိပ်မက်ကို သတိရလိုက်မိသည်။ ဒေါ်စိမ်းလှဲ့ရည်များလား။

တိတ်ဆိတ်နေသော ဝေလီဝေလင်း အချိန်ကြီးတွင် ငိုညည်းသံသဲ့သဲ့သည် ချောက်ချားစဖွယ် ပေါ်ထွက်နေသည်။ ဒေါ်စိမ်းလှဲ့ရည်ရဲ့ ဇာတ်က ပြီးဆုံးသွားပြီ မဟုတ်လား။ ဒါဆိုလျှင် ဤအနီးဝန်းကျင်မှ အလားတူ အမျိုးသမီး တစ်ယောက်ကော မဖြစ်နိုင်ဘူးလား။ ဘာကိစ္စနှင့် ပူပန် သောကမြိုက်စွာ ဖွဲ့ဖွဲ့ကြွေကြွေ ငိုကြွေးနေသနည်း။ ကျွန်မသည် အမျိုးသမီးကို နှစ်သိမ့်ရန် အိပ်မက်တံတားဆီသို့ ခပ်သွက်သွက် လှမ်းမိသည်။ လူမလျှောက်တာ ကြာပြီဖြစ်သော တောလမ်းကလေးသည် မြက်ရိုင်းပင်တို့ဖြင့် တောထူ ကြမ်းရှနေ၏။ တံတားထိပ်ရောက်တော့ မြစ်ပြင်လေ တဟူးဟူးက စိမ့်ခနဲ အေးတက်လာသည်။ အိပ်မက်ထဲမှာလို မိုးများရွာဦးမှာလား။ မရွာပါ။ ဆောင်းနှောင်း နှင်းမြူတို့သာ လှိုက်ခနဲ ဝေ့တက်လာသည်။ ပတ်ဝန်းကျင်သည် အလင်းအား တိုးဝင်လာရမည့်အစား ဝေ့ဝါးမှုန်သီလှာသည်။ အမျိုးသမီးနှင့် နီးလာသည်နှင့်အမျှ ရှိုက်ငင်နေသဖြင့် လှုပ်ခုန်နေသော သူမ၏ နောက်ကျောပြင်သိမ့်သိမ့်ကို စိတ်လှုပ်ရှားဖွယ် မြင်နေရသည်။

ကျွန်မသည် သူမကို နှစ်သိမ့်စကားဆိုရန် လက်ကိုဆန့်တန်း လိုက်လေသည်။ ထိုအချိန်တွင် မြူခြည်တို့ ဆိုင်းဆိုင်းတွဲ့တွဲ့ မှိုင်းမှိုင်းကျဆင်းလာသည်မှာ သူမနှင့်ကျွန်မကြား နှင်းကန့်လန့်ကာ ခြားထားသည့်နှယ်။ ထူးဆန်းသည်မှာ ကျွန်မဆန့်တန်းလိုက်သည့် လက်၏ အတွေ့အထိသည်





ထိသလို မထိသလို မရေမရာဖြစ်ပြီး တကယ်တန်းမှာတော့ ရှေ့မှာ မည်သည့်အရာဝတ္ထုမှ မရှိတော့ပါချေ။

နှင်းတောထဲမှာ သူမဘယ်ကို ရောက်သွားပါသလဲ။ တံတားထိပ်မှ ရေထဲခုန်ချသွားလျှင်လည်း အသံကြားရမည်။ ယခုဘာသံမှ မကြား။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်လျက်၊ အလင်းဖျော့ဝန်းကျင်၌ ကျွန်မ တစ်ယောက်တည်း။ ဟင်း·· ဒါဆို စောစောက အမျိုးသမီး ရှူအီမွှေးရနံ့။ ဒါဟာ·· ဒါဟာ တစ်စုံတစ်ရာ ခြောက်လှန့်မှုလေလား။

ကျွန်မရဲ့ ညာဘက်လက်ဖဝါးပြင်ကို ဖြန့်ကြည့်တော့။ ဘုရားရေ·· ဆံခြည်မျှင်စအချို့။ ဒါဆိုရင် စောစောက လေထုထဲ ထိသလို၊ မထိသလိုနှင့် ထိလိုက်မိသည့်အရာမှာ အမျိုးသမီး၏ ဆံခြည်မျှင်တွေလား။ စောစောက အမျိုးသမီးဆံပင်ကို ထုံးဖွဲ့ထားသလား၊ ဖားလျားဝေဝေ ကျဆင်းနေသလား။ ကျွန်မ သတိမထားမိလိုက်။ သတိထားမိလိုက်သည်မှာ အမျိုးသမီး ဝတ်ထားသော ဝတ်စုံ၏ ဖြူတွတ်တွ အဆင်အသွေးကိုပင်။

“အဲဒီညက သူဝတ်နေကျ ဆင်စွယ်ရောင် အပွင့်စိပ်စိပ် ဝတ်စုံက မှောင်ရိပ်ဝေတဝါးအောက်မှာ ထင်းထင်းကြီး မြင်သာနေတယ်”

ငြိမ်း တစ်ခါပြောဖူးသော အိပ်မက်စိမ်း တံတားရဲ့ ဇာတ်ဝင်ခန်း ဒါဆိုရင်·· ဒါဆိုရင်···

“ကေရေ··· မြတ်ကေနိုင်ရေ”

ဟင်··· ငြိမ်းရဲ့ခေါ်သံ။ ခပ်ဝေးဝေးမှ နီးလာသော ငြိမ်းရဲ့ ခေါ်သံသည် အဆက်မပြတ်။ ကျွန်မကို ငြိမ်းလိုက်ရှာနေပြီထင်ပါရဲ့။ ငြိမ်းရေ ကိုယ်ဒီမှာ။ ကေ ဒီမှာ အသံပေးချင်ပေမယ့် ရုတ်တရက် အသံထွက်ဖို့ ကြိုးစားမရ ဖြစ်နေတာ ဆန်းလှပါလား။ ငြိမ်းသည် တံတားဝေါ်ထို သွက်သွက်လှမ်း လာလိုက်သည်မှာ တံတားဟောင်းကလေးပင် တုန်ခါနေတော့၏။

“ကေ·· ကြည့်စမ်း၊ ဒီမှာတစ်ယောက်တည်း ဘာလုပ် နေတာလဲ။ ခါတိုင်းလို လမ်းလျှောက်ထွက်သွားတယ် ထင်နေတာ။ စက်ရုံစောင့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ဒီဘက်ကိုသွားတာ တွေ့တယ်ဆိုလို့။ ဘာကိစ္စ ကေက အိပ်မက်စိမ်းတံတားပေါ် ရောက်နေတာလဲ။ ဘုရားရေ… ကေ့ တစ်ကိုယ်လုံး အေးစက်တောင့်တင်း နေပါလား။ လာ လာ ပြန်ကြပါစို့။ စောစောစီးစီး ညှို့သည်ရောက်လာလို့ ကေရဲ့။ ဟိုမှာဘယ်သူလဲ ကြည့်စမ်းပါဦး"

ငြိမ်းက ကျွန်မပခုံးကို ခပ်ဆတ်ဆတ် ယမ်းခါကာ စကားတွေ အဆက်မပြတ် တတွတ်တွတ် ပြောနေသည်။ ကျွန်မ ငြိမ်းကို ပြန်ပြောစရာ စကားမရှိလှပါ။ အိပ်မက်စိမ်းတံတားပေါ် ရောက်နေသည့် ကိစ္စသည် မည်သူတစ်ဦးတစ်ယောက်ကို ပြောပြ၍ကောင်းသည့် ကိစ္စမဟုတ်။ ကျွန်မ တစ်ယောက်တည်းနှင့်သာ သီးခြားဆိုင်သည့် ကိစ္စဖြစ်သည်။ ငြိမ်းစကားထဲမှာ စောစောစီးစီး ညှို့သည်ရောက်လာ လို့ဆိုပါလား။ ဘယ်က ညှို့သည် ဝါလိမ့်။ လောင်းလုံမြို့နယ်ထဲမှ လှိုင်းသစ် အအေးခန်းစက်ရုံဆီ ကျွန်မထံ လာသည့် ညှို့သည်မှာ မည်သူဖြစ်မည်လဲ။

ပတ်ဝန်းကျင်တွင် စောစောကလို နှင်းမြူငွေ့တွေ မရှိတော့ သော်လည်း အလင်းသည်အမှောင်ကို ထိုးဖောက်ဖို့ ရုက်ရွံ့နေဆဲ။ အိပ်မက် စိမ်းတံတားရဲ့ အဝင်ထိပ်မှာတော့ လူတစ်ယောက် ရပ်နေသည်။ ကျွန်မသည် ထိုသူအနီးသို့ ခပ်သွက်သွက်လျှောက်သွားလို့ ခရီးဆောင်အိတ်ကို လွယ်လျက် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေ ရိတ်သင်ပယ်ဖျက်ဖို့ မေ့လျော့ဟန်တူနေသော ညှင်းသိုးသိုးအသွင် သဏ္ဌာန်ဖြင့် လူတစ်ယောက်။

"ကိုယ်တစ်ယောက်တည်းနေရတာ သည်းမခံနိုင်လောက်အောင် ငြီးငွေ့လာလို့ ကားလမ်းကနေ လိုက်ချလာတာ။ ညက ထားဝယ်ရောက်တော့ မိုးချုပ်နေပြီ။ အခု မနက်စောစောကြီး လိုင်းကားမစောင့်နိုင်ဘဲ ဆိုင်ကယ် ကယ်ရီငှားပြီး…"

အလို.. ဘုရားရေ မောင်၊ ကေရှိရာကို လိုက်လာခဲ့သည့် မောင်။ ငြိမ်းရဲ့စကားဖြင့် ပြောရလျှင် ခြင်းချက်နှင့် ကောင်းသူကြီးကတော့ စေးထန်းနှောင်ဖွဲ့အပ်သော ငွေ့ရည်ဖွဲ့ ချစ်ခြင်းမေတ္တာ များစွာဖြင့် လာခြင်း ကောင်းစွာ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။





စောစောက တွေဝေအုံ့မှိုင်းနေသော စိတ်သည် ရုတ်တရက် ပွင့်လင်း စွာဖြင့် သွေးတို့သည် နွေးထွေးစွာ လည်ပတ်လာလေသည်။ ကျွန်မသည် လူမသိသူမသိ (ကျွန်မကိုယ်ကျွန်မပင် မသိသော အလွမ်းများ၏) စေ့ဆော်မှု ကြောင့် မောင့်လက်ကို ကိုင်ဆွဲကာ အိပ်မက်စိမ်းတံတားပေါ်သို့ ပြန်တက် လိုက်လေသည်။ မောင်ကတော့ ကျွန်မ အပြုအမူကို နားမလည်ရှာပါ။

မြစ်ပြင်သည် တဖြည်းဖြည်း ဝင်းပလာသောအလင်း အောက်တွင် နံနက်ခင်း၏ပြယုဂ် ဝါရည်ဝါသွေးဖန့်ဖန့်ဖြင့် တလွန့်လွန့် စီးဆင်းနေသည်။ မြစ်တို့မည်သည် နှစ်ခါပြန်စီးဆင်းမှု မရှိတဲ့။ မကောင်းသော အနိဋ္ဌာရုံများ၊ အတွင်းသားကို လှိုက်စားနေသော အပုတ်ကျင်များ၊ ရက်စက်ကွဲကြေသော နှလုံးသွေးအလျဉ်များ မြစ်ရေမှ သယ်ဆောင်သွားပါလေတော့။

ဟောသည့်ကမ္ဘာ့ခမြမှာ အတုအယောင်အချစ်၊ အယောင်ဆောင် အချစ်တွေ ဆုံးရှုံး၊ ဘဝနိဂုံးမလှသည့် အဖြစ်များရှိသလို၊ စစ်မှန်သော အချစ် တို့ရင့်မာစွာ သီးပွင့်၊ ကမ္ဘာတည်သရွေ့ ဆင့်ကမ်း၊ ဘဝခရီးလမ်းရှည်ကြီး ဆုံးအောင် ထုံးဖွဲ့နှောင်တွယ်မည့် လူသားတွေ ရှိနေသေးတယ်ဆိုတာ အိပ်မက် စိမ်းတံတား သိစေချင်လိုက်တာ။

"ကေရေ နေလို့မှကောင်းရဲ့လား။ စိတ်ကောင်းကောင်း ထားနော်။ ဦးဖေယျာလည်း အဝေးကြီးကလာရတာ ခရီးပန်းနေပြီ။ နားပါစေတော့။ တို့တစ်တွေ အိမ်ထဲမှာ ကော်ဖီသောက်ပြီး နွေးနွေးထွေးထွေး သွားနေကြရ အောင်လာပါ။ သွားကြစို့ရဲ့"

လောလောဆယ် ကျွန်မအပြုအမူအတွက် နားမလည်နိုင်စွာ စိတ်ပူ နေသော ငြိမ်းနှင့်ခရီးဝေးမှ ယခုပင်ရောက်လာသော မောင့်အပေါ်မှာ ကျွန်မ အတွေ့အကြုံနှင့် ရင်တွင်းခံစားချက်ကို ဖွင့်ဟထုတ်ဖော် ပြောဆိုရန် ဆန္ဒမရှိ လှပါ။

တစ်ခုပြောချင်သည်မှာ ငြိမ်းစိုးရိမ်သလို မဟုတ်ဘဲ။ ကျွန်မ ကိုယ် ရော စိတ်ပါ ကျန်းမာရေးကောင်းသည် ဆိုသောကိစ္စပင်။

ထိုအရာသည် သေချာသည်ထက် သေချာလွန်းလှ၏။

မိချမ်းဝေ



www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်နှင့် ကျွန်မ

ဝေမာ

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်နှင့်ကျွန်မ

( ၁ )

အိပ်မက်သည် တကယ်မဟုတ်။

( ၂ )

မဖြစ်သင့်သော၊ မဖြစ်အပ်သော၊ မဖြစ်ချင်သော အရာများ တကယ်တမ်း ဖြစ်လာခဲ့ပါလျှင် အိပ်မက်သာ ဖြစ်စေချင်ကြပြီး၊ မျှော်မှန်းထားသော၊ ဖြစ်စေလိုသောအရာများ၊ တွေ့ကြုံရပြီဆိုပါက တကယ်မှ ဟုတ်ရဲ့လားဟု အိပ်မက်မဖြစ်စေလိုသော ဆန္ဒတွေနှင့် ကိုယ့်ကိုယ်ကို ဆန်းစစ်ကြမြဲပင် မဟုတ်ပါလား။





အိပ်မက်ကို ဘယ်လိုကြောင့် မက်ရသည်။ ဘာကြောင့် ဖြစ်လာရသည်။ ဘယ်သို့သော အကြောင်းအရာများက ဖြစ်ပေါ်စေသည် စသည် စသည်ဖြင့်။ သုတေသီများစွာ၊ ပညာရှင်များစွာတို့ကလည်း မိမိတို့ ထင်မြင်ရာတွေနှင့် အတွေ့အကြုံ လေ့လာတွေ့ရှိချက်တို့ ပေါင်းစပ်၍ အမိပ္ပာယ် အမျိုးမျိုးကို ဖွင့်ဆိုကြ၏။

သို့သော် ကျွန်မလိုချင်သော အဖြေကိုမူ တိတိပပ ကျေကျေနပ်နပ် ရခဲ့သည်တော့ မရှိချေ။ ဖတ်ဖူး၊ မှတ်ဖူးသည်တို့ကလည်း ကျွန်မကို ရှင်းလင်းစွာ အဖြေမပေးခဲ့ပေ။ ဝိုးတဝါး ပြေပျောက်လွင့်ပါး ခဲ့ရသည်ချည်း ဖြစ်၏။

စင်စစ်မူ အမှန်အတိုင်းဝန်ခံရလျှင် ကျွန်မ လိုချင်သည့် အဖြေမှာ ကိုယ်ဖြစ်စေချင်သော အကြောင်းအရာကနေ ဆက်နွယ်ပေါက်ဖွား လာစေချင်သော အဖြေ ဖြစ်ပေသည်။ ကျွန်မက အိပ်မက်ဆိုတာ စိတ်စွဲလန်းရာကနေ ဖြစ်လာစေချင်နေမိ၏။

( ၃ )

ကျွန်မတွင် အိပ်မက် မမက်ဖူးသောနေ့ဟူ၍ မရှိသလောက်ဝင် ရှား၏။ တစ်ခါတစ်ရံမှာ အိပ်မက် မက်သော်လည်း ကောင်းစွာ အိပ်ရေးဝ နေပြီ။ တစ်ခါတစ်ရံကျလျှင်မူ အိပ်မက်ကြောင့် အိပ်ရေးမဝသလို ခံစားရ တတ်သည်။ အိပ်မက်ရှည်ကြီးများလည်း တစ်ခါတလေ မက်နေတတ်သေး၏။ ဝတ္ထုတစ်ပုဒ်၊ ရုပ်ရှင်တစ်ကား ဖတ်ရ ကြည့်ရ သလို၊ အခန်းများ တစ်ခုနှင့် တစ်ခု အဆက်အစပ်ရှိနေတတ်ပြီး တချို့အိပ်မက်များ ကျလျှင်တော့ရှု ရယ်မောစရာ ကောင်းလောက်အောင် ဟိုရောက်၊ သည်ရောက် ဆန်းပြားစွာ လည်း မက်နေတတ်သေး၏။ အိပ်မက်တစ်ခု မက်နေတုန်း ကြားမှာနိုးသွားပြီး ပြန် အိပ်ပျော်သောအခါ ယင်းအိပ်မက်ကိုပင် ဆက်ပြီး မက်နေတတ်တာ လည်းရှိသေး၏။

ကျွန်မသည် အိပ်မက်ကို စိတ်ဝင်စားပြီး ဘာကြောင့် ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာသလဲဆိုတာကို ကျွန်မ လူမှန်းသိတတ်စအရွယ်၊ ပညာသင်စ အရွယ်ကတည်းက စူးစမ်းခဲ့သည်။ ကျွန်မ ပြောခဲ့သလိုပင် ရေရာသေချာသော၊ ရှင်းလင်းပြတ်သားသော အဖြေကိုမူမရခဲ့ပေ။ အဲသည် တုန်းကတော့ စိတ်ရွဲလန်းခြင်းဆိုတာ ဘာမှန်းမသိသေးသော အချိန်ကပင် ဖြစ်ပေလိမ့်မည်။

ကျွန်မ အရွယ်ရလာချိန်၊ တစ်စုံတစ်ဦးကို စိတ်၌ စွဲလန်းစပြုလာချိန်၊ ညများစွာတွင် အိပ်မက်၌ သူ့ကိုမြင်လိုလှသော ဆန္ဒများ ပေါ်ပေါက်လာခဲ့သောအခါ အိပ်မက်ကို ပို၍ ကျွန်မ တွယ်တာလာမိလေသည်။ အိပ်မက်နှင့် ပတ်သက်သော အကြောင်းအရာများစွာကို စာအုပ်တွေထဲတွင် ရှာဖွေမိလာခြင်းနှင့် ကိုယ့်ထက်ရင့်ကျက် အသိဉာဏ်ကြွယ်မည်ထင်သော သူတွေထံ မေးမြန်းခြင်းတို့ ရှိလာတော့၏။

ထိုအခါများတွင် ကျွန်မအပေါ် အရွယ်မရောက်သေးသူကို ဆရာလုပ်သလို ထင်ရာမြင်ရာ စွတ်ရွတ်ပြောသွားသူများအား မျက်လုံး အဝိုင်းသားဖြင့် ငေးကြည့်ရင်း သူတို့ပြောသည်များကို ဟုတ်နိုးနိုးဖြင့် ထင်ခဲ့လေသည်။ တကယ်တမ်း ကျပြန်တော့လည်း မဟုတ်ခဲ့ပြန်ချေ။ စာအုပ်များထဲတွင်လည်း သုတေသီအသီးသီးက ကိုယ့် အယူအဆများ၊ ကိုယ့်သက်သေပြချက်များဖြင့် ရှင်းလင်း အဖြေထုတ်ကြသော်လည်း ကိုယ်ကပင် ဉာဏ်မမီ၍ပဲလားမသိ၊ ကျေနပ်သော အဖြေကိုမူ မရခဲ့ပြန်ချေ။

သို့သော် သူတို့ထံမှ ကျေနပ်သော အဖြေတစ်ခု ရခဲ့တာတော့ ရှိလေသည်။ နေ့လယ်နေ့ခင်းက တွေ့ကြုံခဲ့ရသော အဖြစ်အပျက်နှင့် လူတို့ကို ၎င်းည၏ အိပ်မက်ထဲတွင် တွေ့မြင်ရခြင်းရှိသည် ဆိုတာတော့ အမှန်ပင်။ ဤသည်ပင် စိတ်စွဲလန်းမှုကြောင့်ပေလား၊ မဖြစ်နိုင်ဘူးဟုတော့ ဆိုချင်သည်။ ကိုယ်သတိမထား၊ ဂရုမပြုမိသောသူတွေကို ညအိပ်မက်များတွင် ပါဝင်ပတ်သက်နေပြီး၊ ကိုယ် စိတ်စွဲလန်းသောအရာ စွဲလမ်းမိသူကိုမူ စွဲလမ်းချိန်မှစ၍ အဘယ်ကြောင့် ကျွန်မ အိပ်မက်များတွင် ပါဝင် မမက်ရလေသနည်း။ ကျွန်မ တွေးတောဆန်းစစ်နေမိ၏။ ကိုယ်ဖြစ်စေချင်နေမိသည်က ဆိုခဲ့သည့်အတိုင်းပင် စိတ်စွဲလန်းရာမှ အိပ်မက်ဆိုတာ ဖြစ်လာရသည် ဟူ၍ပင်။





သူတို့အပြောကတော့ လွယ်လွယ်ပင်။ ကိုယ်စွဲလမ်းနေသူက ကိုယ့်ကို ဂရုမပြု အလေးမထား၍ အိပ်မက်တွင် မပါဝင်ခြင်းဖြစ်မည်။ သည်တော့ ကျွန်မကပင် ထပ်၍ ပြောလိုက်ချင်သေးသည်။ ကိုယ်ကသာ ကြည့်မှုပြီး၊ ကိုယ့်ကိုမသိတဲ့ မင်းသား၊ မင်းသမီးတွေကျတော့ အဘယ်ကြောင့် အိပ်မက်တွင်ထည့်၍ မက်ရလေသနည်း။ ကျွန်မ စကားအကျကောက်ခြင်း မဟုတ်ပေ။

သည်မင်းသား၊ မင်းသမီးတို့ကို နှစ်သက်သည်က လွဲ၍ စိတ်ထဲ၌ စွဲလမ်းတမ်းတခြင်း မရှိခဲ့ပါချေ။ ကျွန်မ အတွေးကို လုံးချာ လိုက်နေမိတော့၏။

အိပ်မက်နှင့်ပတ်သက်၍ ကျွန်မ၌ ထူးခြားချက်တွေ ရှိနေသည်ဟု ကိုယ့်ကိုယ်ကို ထင်နေမိသည်။ ကျွန်မသည် တစ်ပါးသူ မဟုတ်၍ သူများတွေဘက်ကတော့ မည်သို့ရှိမည်ဟု မသိချေ။ ကျွန်မ ချစ်ခင် စွဲလန်းနေမိသူကို စွဲလမ်းတွယ်တာနေသည့် အချိန်ကစလို့ ကျွန်မ အိပ်မက်များတွင် မက်ခဲလှလေသည်။ သူ့ကို အပြင်မှာ အဘယ်သို့ပင် တွေ့နေရသည်ဖြစ်စေ၊ သူနှင့်ကိုယ် မည်မျှပင် နားလည်နေကြသည်ဖြစ်စေ အိပ်မက်၌လည်း ကျွန်မသည် သူ့ကိုတွေ့မြင်လို့ နေချင်သေး၏။

သို့သော် ကိုယ်နှင့်မဆိုင်သော အကြောင်းအရာများ လူများကိုသာ အိပ်မက် မက်နေတတ်ပြီး၊ သူ့ကိုမူ မြင်မက်ခဲသော၏။ သူ့ကို အိပ်မက်၌ တွေ့မြင်ရသော အခါများတွင်လည်း အချိန်ကာလမှာ တိုတောင်းလွန်းလှပြီး အပြင်ကလိုပင် သူသည် ရင့်ကျက်ပြုံးနှင့် ကျွန်မကို ကြည့်နေတတ်သည်။ တစ်ခါမှ စကားပြောလေ့မရှိဘဲ ကိုယ်ကလည်း သူ့ကို မသိသလို၊ သိသလိုနှင့် ပြန်ကြည့်နေတတ် ပြန်ချေသေး၏။ ဒါပေမယ့် သူဝတ်လေ့ရှိသော မီးခိုးရောင် ဆွယ်တာ လက်ပြတ်ကလေးကတော့ သူ့ကိုမက်သော အိပ်မက်တိုင်းမှာပါလေ့ ရှိတတ်သည်။ ရှပ်ဖြူလက်ရှည်ပေါ်မှ မီးခိုးရောင် ဆွယ်တာလေးကို သူ မြတ်မြတ်နိုးနိုး ဝတ်လေ့ရှိကြောင်း ကျွန်မ သတိပြုမိသည်မှာ ကြာလေပြီ။ ကောင်းစွာ ဖြီးသင်ထားသော သူ့ ဆံပင်ကြောင့်ပင်လား မသိရှိရင်းစွဲ အသားထက်ပိုပြီး သူကရင့်ကျက် နေသလိုပင်။ နွေ၊ မိုး၊ ဆောင်း သူ့ကိုမက်သော အိပ်မက်တိုင်းတွင် သည်ဆွယ်တာ မီးခိုးရောင် လက်ပြတ်ကလေးကို ဝတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ဆဲ ဖြစ်လေသည်။ သည် ဆွယ်တာလေးကို ဘာကြောင့်များ သူဒီလောက် ဝတ်ယ်တာနေရ သလဲဟု ကျွန်မ သိချင်လှ၏။

သူ့ကို မက်သောအိပ်မက်မှ ကျွန်မနိုးလာသောအခါ အိပ်ရာထဲတွင် အိပ်မက်ကို ပြန်စဉ်းစားနေသည်ကို ကျေနပ်နေမိ၏။ ထိုအိပ်မက်မျိုးကို ကျွန်မ မကြာခဏ မက်လိုသော်လည်း မက်ခဲလှပါသည်။ နေ့လယ်နေ့ခင်း သူ့ကို တွေ့နေရသော်လည်း အဘယ်ကြောင့်များ သူသည် ညဥ့်လယ်အိပ်မက်များ တွင် ကျွန်မထံပါးသို့ အရောက်မလာခဲ့ရ လေသနည်းဟူ၍ ကျွန်မ သိလိုသေး ပေမယ့် အဖြေကတော့ မှိုင်းမှုန်နေဆဲပင် ရှိနေ၏။

ကိုယ် ချစ်ခင်ခွဲလမ်းနေသူတွေကို အိပ်မက်၌ တွေ့ခွင့်မရခြင်းသည် ကိုယ်တစ်ယောက်တည်း အတွက်ပင် ဖြစ်နေသလို အထင်မှားစေရန် ကျွန်မ၌ အကြောင်းအခြင်းများစွာ ရှိနေသေးသည်။ ဆုံးပါး ကွယ်လွန်သွားပြီ ဖြစ်သော ဖေဖေ၊ ဦးလေးအငယ်ဆုံးနှင့် ကျွန်မအချစ်ဆုံး တူကလေးတို့ကိုလည်း ကျွန်မ သည် အိပ်မက်၌ တွေ့ဆုံလိုကြောင်း ဆန္ဒပြုမိသော်လည်း ထုံးစံအတိုင်းပင် မက်ခဲ ပြန်၏။

ဖေဖေ ကွယ်လွန်စကတည်းကပင် ကျွန်မသည် ဖေဖေ့ကို အိပ်မက် များတွင် လာပါရန် ဖိတ်ခေါ်နေမိသေး၏။ တခြားဘဝ ရှိခဲ့ပါလျှင်လည်း ထိုဘဝသည် ကျွန်မနှင့် ယူဇနာအဘယ်မျှ ဝေးကွာနေသည် မသိချေ။ ဖိတ်ခေါ်သော်လည်း ဖေဖေ မလာခဲ့ပါ။ ကွယ်လွန်သူများသည် သူတို့နှင့် နီးစပ်ရာ၊ တွယ်တာသူများကို ကွယ်လွန်စတွင် အိပ်မက်၌ ကိုယ်ထင်ပြလေ့ ရှိသည်ဟု ကျွန်မကြားဖူး၏။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ဖေဖေ့ကို ဘယ်လို အနေအထားနှင့်ဖြစ်စေ အိပ်မက်တွင် တွေ့လိုမြင်လိုသော ဆန္ဒသာ ပြင်းပြ နေ၏။

ကွယ်လွန်ပြီး နှစ်အတန်ကြာမှသာ ဖေဖေ့ကို အိပ်မက်တွင် မကြာခဏ ကျွန်မ မက်ခဲ့ရလေသည်။ အိပ်မက်ထဲတွင် ကျွန်မသည် ဝမ်းသာ ကြေကွဲနေမိ၏။ ဖေဖေ ကွယ်လွန်ပြီးပြီကို အိပ်မက်ထဲတွင် ကျွန်မသိနေ၏။ ဖေဖေ့ကို ကြည့်ရသည်မှာလည်း ဧည့်သည်တစ်ဦးလို တွေ့နေရသည်။ ပြီးလျှင် တစ်နေရာရာကို ဖေဖေ ပြန်သွားတော့မည်ကို ကျွန်မသိနေ၏။ အိပ်မက်ထဲတွင်





ဖေဖေသည် ကျွန်မကို စကားများစွာမပြော။ မပြန်ပါနဲ့တော့ ဖေဖေရယ်ဟု ကျွန်မက ပြောသောအခါများတွင် ဖေဖေသည် ကျွန်မအား သံယောဇဉ် ကင်းသော မျက်ဝန်းများဖြင့် ကြည့်လေ့ရှိ၏။ အပြင်တွင် တကယ်မရှိ တော့သော ဖေဖေ့ကို အိပ်မက်ထဲတွင် ကျွန်မ မကြာခဏ တွေ့လိုလှပါချေ၏။ အိပ်မက်ထဲတွင် တွေ့ရသော ဖေဖေ့ကို မျက်တောင်မခတ် ကျွန်မ ကြည့်နေမိ ၏။ အိပ်မက် မက်ရင်းပင် အိပ်မက်မှန်း ကျွန်မ သိရပြန်၏။ ဘယ်လောက် ဝမ်းနည်းဖို့ ကောင်းလိုက်ပါသနည်း။

အိပ်မက်ထဲတွင် ကျွန်မတွေ့လိုသူတစ်ဦး ရှိပြန်ရသေး၏။ လွန်ခဲ့သော နှစ်နှစ်ကျော်ခန့်က သေဆုံးသွားခဲ့သော ကျွန်မတူငယ် လေး 'ကိုမျိုး' ကို ဖြစ်သည်။ ကိုမျိုးကွယ်လွန်စကလည်း ကျွန်မသည် ကလေးကို တွေ့မြင်လိုလှ၍ ထုံးစံအတိုင်း အိပ်မက်ထဲလာဖို့ရန် ဖိတ်ခေါ် မိပြန်၏။ သူကလေးကလည်း ခေါ်တိုင်း မလာပြန်ချေ။ သူ့မိဘနှင့် တခြား ဆွေမျိုးတွေကတော့ ကိုမျိုးကို ခဏခဏအိပ်မက် မက်ကြ၏။ ဟိုသူက မက်လိုက်၊ သည်လူက မက်လိုက်နှင့်။ ကျွန်မ ထံတော့ သူလာချင်သော အချိန်မှ လာ၏။ ကွယ်လွန်ပြီး လများစွာ ကြာမှ အိပ်မက်ထဲတွင် ကိုမျိုးကို တွေ့ရသည်။ ကိုမျိုးမှာ အသက်ရှင်စဉ်က ကျွန်မနှင့် အလွန်အနေနီးစပ်ပြီး ကျွန်မကလည်း တူ၊ တူမတွေထဲမှာ သူ့ကိုအချစ်ဆုံးဖြစ်သည်။ လူကြီး အလိုက်ကို အလွန်သိပြီး၊ ချစ်စရာကောင်းလောက်အောင် ပြောဆိုနေထိုင် တတ်သည်။ အိပ်မက်ထဲတွင် သူ့ကို ကျွန်မက ပျောက်သွားမတတ် နိုးနိုး နေကာ တစ်အား ဖက်ထားနေမိ၏။ နွေးထွေးသော သူ့ကိုယ်လုံးလေးကို ကျွန်မ ထိတွေ့ ခံစားနေရ၏။ အိပ်မက်လား တကယ်လားဟု ကလေးမျက်နှာ ကိုကြည့်ရင်း ကျွန်မကိုယ်တိုင် ကိုမျိုးကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်များ ပြန် မြင်ယောင်လာမိ၏။ အိပ်မက်မှန်း သိလာရသည့်အခါ အိပ်မက် မဖြစ်စေ လိုသော ဆန္ဒတွေနှင့် ကလေး၏ ဝမ်းဗိုက်ပူပူလေးတွင် မျက်နှာ အပ်ကာ သည်းထန်စွာ ကျွန်မငိုနေမိသည်။ ဘာမျှမတတ်နိုင်ပါ။ အိပ်မက်ထဲမှာပင် သိရက်နှင့်ရသမျှ အချိန်လေးကို နှမြောစွာအသုံး ချရင်း ကလေးကို ပွေ့ဖက်ထားနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်ပြီးသူများကို အိပ်မက်၌ ကျွန်မတွေ့ရသောအခါ သူတို့ သေဆုံးပြီးပြီမှန်း ကျွန်မက သိနေ၏။ သူတို့ကလည်း ခေတ္တ လာလည်သလို ဖြစ်နေ၏။ လူချင်း အကြောင်းအရာချင်းသာ ကွာခြားမည်။ ခံစားရခြင်း ကတော့ အတူတူပင်။ ဖေဖေ၊ ကိုမျိုး၊ ပြီးတော့ ကျွန်မ ဦးလေးအငယ် လေးလေး။ သူတို့အားလုံးပင် အိပ်မက်ထဲတွင် စကားများစွာ မပြောကြ။ ပြန်ကြတော့မည့် ဧည့်သည်များပမာ။ သံယောဇဉ်ကင်းသော အကြည့်များဖြင့် အားလုံးအတူတူပင်။ အိပ်မက်ထဲ၌ ကြေကွဲစွာကျန်ရစ်သူ ကျွန်မကသာ အိပ်မက်မှန်းသိရက်နှင့် ဖွတ်ပင် သူတို့မသေသေးဟု ယုံကြည်နေမိ၏။ သူတို့ကို ဆွဲထားနေမိသည်။ အိပ်မက်ကို တကယ်ဖြစ်နေစေချင်သေး၏။ အိပ်မက်က နိုးလာသောအခါ သူတို့ကို တွေ့လိုက်ရခြင်းသည် အိပ်မက်ဖြစ်နေမှန်း သိလိုက်ရ၍ ခံစားရသော ဝေဒနာမှ ပြောမပြတတ်လောက်အောင်ပင် ဆိုးရွားလှသည်ဟုထင်သည်။

ကျွန်မ ပြန်စဉ်းစားနေမိ၏။ ဖေဖေ မကွယ်လွန်မီအချိန်တွေ တုန်းက အိပ်မက်ထဲတွင် ဖေဖေ သေဆုံးသွားကြောင်း မက်ရသည့် အခါ အိပ်မက်ထဲမှာပင် ကျွန်မသည်ကြေကွဲမဆုံးခဲ့။ အိပ်မက်ဖြစ်ပါစေဟု အိပ်မက် ထဲ၌ အခါခါဆုတောင်းနေမိသည်။ ထိုအိပ်မက်မှ လန့်နိုးလာသောအခါ အပြင်တွင် တကယ်ငိုရှိုက်နေသော ကိုယ့်ကိုယ်ကို စမ်းသပ်နေမိသည့်အတွက် ဝမ်းသာမဆုံးချေ။ အိပ်ခန်းထဲမှ ပြေးထွက်လာပြီး လှေကားမှဆင်းကာ ဖေဖေ့ စာကြည့်ခန်းကို လှမ်းကြည့်မိ၏။ လက်နှိပ်စက်ဖြင့် တကုပ်ကုပ် စာမူရေး နေသော ကျောကုန်း ဖြူဖြူကို တစိမ့်စိမ့်ကြည့်ရင်း ရင်တလှပ်လှပ် ခုန်နေမိ သည်။ ထိုနေ့ တစ်နေ့လုံး ဖေဖေ့ လှုပ်ရှားပြုမူနေပုံ မှန်သမျှကို လိုက်ကြည့် နေမိ၏။ ဖေဖေကတော့ ဘာမှမသိရှာ။ တစ်နေ့လုံး ဖေဖေခိုင်းသမျှ ကျွန်မ မညည်းမညူ လိုက်လုပ်ပေးနေသဖြင့် ဖေဖေက 'မိသက် တယ်လိမ္မာနေ ပါလားဟေ့'ဟု ချီးမွမ်းစကားဆိုလေ၏။ မျက်ရည်ဝဲ သော မျက်လုံးဖြင့်သာ ဖေဖေ့ကို ကျွန်မ ကြည့်နေမိသည်။

ဖေဖေ့ကို အမှန်တကယ်ဆုံးရှုံးရသော အချိန်တွင်တော့မူ ကျွန်မသည် ထိတ်လန့်တုန်လှုပ်ဖွယ် အိပ်မက်ရှည်ကြီးသာ ဖြစ်လိုက် စေချင်မိ၏။ ဖေဖေ ကွယ်လွန်သည့်နေ့က ညကို ပြန်သတိရနေမိသည်။ မေမေ့ကို တွယ်ဖက်ထား





ရင်း ကြိတ်မှိတ် အိပ်နေသော ကျွန်မသည် အခုဖြစ်ပျက်နေခြင်းတို့ကို အိပ်မက် အဖြစ် အဆုံးသတ်စေချင်နေသည်။

ကျွန်မသည် မျက်လုံးကို အတင်း မှိတ်ထားနေမိသည်။ အိပ်ပျော် သွားလိုက်ချင်၏။ ဖေဖေ မရှိတော့ဘူး ဟူသောအသိကို နှလုံးသားက လက်မခံချင်။ ယခု ခံစားနေရသည်များကို အိပ်မက်ရှည်ကြီး တစ်ခုအဖြစ် ရင်ဆိုင်လိုက်ချင်သည်။ ကျွန်မဆန္ဒ မပြည့်ဝခဲ့ပေ။ မေမေ့ကို ကြောက် လန့်တကြား ဖက်တွယ်ထားသော ကျွန်မသည် မျက်လုံးများ မှိတ်ထား သော်လည်း စင်စစ်မူ အိပ်မပျော်သွားသေးချေ။ နားကတော့ အတိုင်းသား ကြားနေရ၏။ ကိုယ့်ကိုယ်ကို လိမ်ချင်သော်လည်း နားကိုမူ လိမ်၍မရ။ အသုဘအိမ်၌ ညဥ့်နက်သည်အထိ လူမစဲချေ။ ဆွေမျိုးတစ်ယောက်လာလိုက် အော်ငိုလိုက်နှင့်။ ငိုသံများကို ကျွန်မ အကြားအာရုံက ကောင်းစွာ လက်ခံနေသည်။ အိပ်မပျော် တစ်ချက်၊ ပျော်တစ်ချက်ဖြင့် နိုးလာသော အခါ ခါတိုင်းလိုပင် အိပ်မက်လေလားဟု လိမ်ချင်နေသေး၏။ အိမ်အပေါ်ထပ် အိပ်ခန်းမှပြေး ဆင်းပြီး ဖေဖေ့စာကြည့်ခန်းကို လှမ်းကြည့်မိတော့ ဟင်းလင်း ပြင်။ အိမ်ရှေ့ဧည့်ခန်းကို ခေါင်းငုံ့မိလျှင်ဖြင့် အရုဏ်နံနက်ခင်း၏ ဖြာရှိုင်း သောအလင်းရောင်တွင် အသုဘ ခုတင်ပေါ်၌ စိတ်လျှော့ငြိမ်သက်စွာ လဲလျောင်းနေသော ဖေဖေ။ တကုပ်ကုပ်ဖြင့် စာမူရေးနေသော ဖေဖေ မဟုတ်။ အပြင်တွင် တကယ်ရင်ဆိုင် နေရမှန်း အမွှေးတိုင်နံ့များ၊ နှင်းဆီပန်းရနံ့များက ကျွန်မကို အမှန်မြင်စေရန် တိုက်တွန်းနေကြ၏။ ယခုတိုင်ပင် ထိုအနံ့များ၏ ယစ်မူးရီဝေစေခြင်းကို ကျွန်မ ပြန်လည်ခံစားနေရသည်။

ဖေဖေ ကွယ်လွန်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုပင် ကျော်လွန်ခဲ့ ချေပြီ။ ဖေဖေ့ကို တွေ့လိုသော် အိပ်မက်ထဲတွင် တွေ့မြင်ရသည့် အခြေအနေ သို့ ရောက်ခဲ့ရလေ၏။ သို့သော် ကိုယ်တွေ့တိုင်းလိုမူ တွေ့ခွင့်ရသည် မဟုတ်ချေ။

ကျွန်မ၏ အိပ်မက်တို့သည် ကျွန်မအလိုကို လိုက်ခဲလှချေ သည်ဟု အပြစ်တင်နေမိသည်။ သူတစ်ပါးတွေအတွက် မည်သို့ရှိချေလေမည်လဲဟု ကျွန်မ မသိချင်။



www.burmeseclassic.com

www.burmeseclassic.com



စင်စစ်တော့မူ အိပ်မက်ဆိုတာ ပုံသေနည်းမရှိ။ သူမက်ချင် သလိုမက်မည်ဟူ၍ပင်။ နောက်ဆုံးတော့ ကျွန်မယူဆရချေတော့မည် ထင်၏။

ကျွန်မ အသက်ရှိသေးသရွေ့ နေ့များစွာ ရှိသလို ညများစွာလည်း ရှိချေသည်။ ထို့အတူပင် ကျွန်မသည် အိပ်မက်များစွာနှင့်လည်း ကြုံတွေ့ရင်ဆိုင်နေရဦးမည် ထင်၏။

ဝေမာ

မဟေသီမဂ္ဂဇင်း၊ အမှတ်(၆၇)၊ ၁၉၉၀၊ မေလ။

ရန်အောင်စာပေ

BURMESE CLASSIC .com

# အိပ်မက်ကြော်ငြာ

ကျော်ရင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ကြော်ငြာ

ဦးရွှေခင် တစ်ယောက် ကားအက်စီးဒင့်နဲ့ သေရှာပါလေရော။

လုပ်ငန်းကြီးတစ်ခုလုပ်ဖို့ သဘောတူစာချုပ်လွှာ လက်မှတ်ထိုးပွဲ ကအပြန် သူစီးလာတဲ့ကားကို အလွန်အကျွံ အရက်မူးလာတဲ့ လူငယ်တစ်စုရဲ့ ကားက ဝင်အောင်းမိလို့ ခမျာ ပွဲချင်းပြီး ဆုံးရှာတာပါ။

ဘဝကူးလာတဲ့ ဦးရွှေခင်ကို နတ်ပြည်ပို့ရမလား၊ ငရဲပြည်ပို့ရ မလားဆိုတာ တမလွန်စီမံခန့်ခွဲရေး၊ နတ်မင်းက ဝေခွဲမရဘူး ဖြစ်နေတယ်။ သူ့အလုပ်အကိုင်မှာ အဆိုးအကောင်း ဒွန်တွဲနေတာချည်းပဲ။

ဦးရွှေခင်ကလည်း လူပါးလူနပ်ပါ။ တမလွန် စီမံအုပ်ချုပ်ရေး နတ်မင်းနဲ့ တွေ့ချိန်မှာ သူ့ကို သင်္ဂြိုဟ်တုန်းက သူ့မိသားစုက ထည့်ပေး လိုက်တဲ့ ရွှေစက္ကူတွေထဲက တစ်ထပ်ကို တမလွန်အုပ်ချုပ်ရေးမှူး နတ်မင်း နဲ့တွေ့ချိန်မှာ စားပွဲအောက်က လက်လျှိုပြီး ပေးလိုက်တယ်။





နတ်မင်းကလည်း ဦးရွှေခင်ကို မြင်ကတည်းက ခင်မင်စိတ် ဖြစ်ခဲ့ ပါသတဲ့။ ဒါနဲ့ နတ်ပြည်ပို့ရမလား၊ ငရဲပြည်ပို့ရမလား။ ဝေခွဲလို့ မရသေးတဲ့ သူ့ လျှို့ဝှက်ချက်ကို နတ်မင်းက ပြောပြတယ်။ ဦးရွှေခင်ကလည်း ရတဲ့ အခွင့်အရေးကို ဘယ်တုန်းကမှ အလွတ်မပေးခဲ့ဖူးဘူး။ ငရဲပြည်နဲ့ နတ်ပြည် တစ်လှည့်စီ သွားကြည့်ပါရစေ။ သူ သဘောတွေ့ရာ သွားပါရစေဆိုတော့ တမလွန်နေရာချထားရေး နတ်မင်းကလည်း သဘောတူတယ်။ ငရဲပြည် တစ်ရက်၊ နတ်ပြည်တစ်ရက် အစမ်းလေ့လာရေးအဖြစ် သွားကြည့်ရမယ်။ ပြန်လာပြီးမှ ဘယ်ကိုသွားမယ်ဆိုတာ တိတိကျကျ ဆုံးဖြတ်ပေါ့လို့ ခွင့်ပြု တယ်။

နတ်လမ်းညွှန် တစ်ယောက်က ဦးရွှေခင်ကို ငရဲပြည်ကို အရင် လိုက်ပို့တယ်။ ငရဲပြည် အဝင်ဂိတ်က ငရဲသားလက်ထဲ ဦးရွှေခင်ကိုအပ်တယ်။

ငရဲပြည်ဆိုတာ ဦးရွှေခင်ထင်သလို အမြင်မဆိုးဘူးတဲ့။ အဝင်ဝမှာ Welcome to Golden Flame Land ဆိုတဲ့ ဆိုင်းဘုတ်ကြီးက ဟိန်းနေ တာပဲ။ သူတို့လာကြိုတဲ့ ငရဲသားကလည်း မွန်မွန်ရည်ရည်ပါပဲ။ ကာတွန်း စာအုပ်တွေထဲပါတဲ့ ငရဲသားပုံတွေလို မျက်နှာထား ဆိုးဆိုးမဟုတ်ဘူး။ ဦး ရွှေခင်ကို တွေ့တာနဲ့ ငရဲသားက သူ့လက်က အရင်ကမ်းပေးပြီး၊ 'ဝဲလ်ကမ်း တူဟဲလ်၊ နိုက်စ်တူမိယူ'' လို့ အင်္ဂလိပ်စကားနဲ့ နှုတ်ဆက်တယ်။ ဦးရွှေခင် ကလည်း 'နိုက်စ်တူမိယူ' လို့ ပြန်နှုတ်ဆက်တယ်။ သူ့အတွက်ထဲမှာ ငရဲဆိုတာလည်း နိုင်ငံတကာက ရောက်ရတဲ့နေရာမို့ အင်္ဂလိပ်စကားသုံးတာ ထင်ပါရဲ့လို့ အောက်မေ့တယ်။

ဦးရွှေခင်ကို လာကြိုတဲ့ငရဲသားက သူ့နာမည်ကို ကိုကိုမောင် ငြိမ်းအေးဖြစ်ကြောင်း၊ ညွှန်လမ်းညွှန်ဖြစ်ကြောင်း၊ မြန်မာလူမျိုး ဖြစ်ကြောင်း၊ မိတ်ဆက်တော့ ဦးရွှေခင် တော်တော် ဝမ်းသာသွားပါတယ်။ ငရဲပြည်မှာ ကိုယ့်နိုင်ငံသားအချင်းချင်း လာတွေ့နေတာကိုး။ ငရဲ ညွှန်လမ်းညွှန် ကိုကို မောင်ငြိမ်းအေးကလည်း ဦးရွှေခင်အတွက် ယာမမင်းကြီးရုံးတော်က သူ့ကို တမင်ရွေးချယ် တာဝန်ပေးတာဖြစ်ကြောင်း ရှင်းပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်အလှန် ပဋိသန္ထာရစကားတွေ ပြောကြပြီးနောက် ဦးရွှေခင်က ဧရဲ့ညွှန်လမ်းညွှန်ကို သဘောကျသွားတယ်။ ခင်ဗျားနာမည် ခေါ်ရတာ မောလိုက်တာဗျာ။ ကိုငြိမ်းလို့ပဲ ခေါ်မယ်။ ကျွန်တော့်ကိုလည်း အစ်ကိုကြီး လို့ပဲခေါ်ပါ ဖြစ်သွားရော။

ကိုငြိမ်းက အစ်ကိုကြီး ကိုရွှေခင်ကို ဧရဲပြည်အဝင်ဂိတ်ထဲ ခေါ်သွားသတဲ့။ ဂိတ်အဝင်က လမ်းနှစ်သွယ်ရှိတယ်။ တစ်လမ်းက Visitor Only လို့ ရေးထားပြီး၊ လမ်းတစ်သွယ်ကတော့ Public Only ဆိုပြီး ညွှန်ပြထားတယ်။ လမ်းနှစ်သွယ်လုံး အဆုံးမှာတော့ ဂိတ်တံခါးမကြီးတွေ ရှိသတဲ့။ တံခါးမကြီးတွေကလည်း တစ်ခုနဲ့တစ်ခုအတူတူပဲ။ ကနုတ်ပန်းတွေနဲ့ ရွှေတွေလည်း ဝင်းပြောင်လို့။

ဦးရွှေခင်ကို Visitor ဆိုတဲ့ အပေါက်ဘက် ကိုငြိမ်းက ခေါ်သွားတယ်။ သူ အပေါက်ဝရပ်လိုက်တာနဲ့ တံခါးမကြီးက အလိုလို ပွင့်သွားပြီး အဝင်ဝမှာ ဧရဲသူမ ချောချောလေး လေးယောက်က၊ ဂျပန်စတိုင်လ် ခါးညွတ်အရိုအသေပေးပြီး၊ 'ဝဲလ်ကမ်းတူဟဲလ်'လို့ ပြောကြပြန်တယ်။ ဦးရွှေခင်ကလည်း အကျင့်ပါနေတဲ့အတိုင်း ကောင်မလေးတစ်ယောက်ရဲ့ ပခုံးပေါ်လက်တင်ပြီး "သိုင်းခရု သိုင်းခရု"လို့ပြောရင်း စေ့စေ့စပ်စပ် ကြည့်လိုက်တော့ ကလေးမတွေက စကပ်တိုတိုတွေနဲ့ပါကလား။ မျက်နှာလေးတွေကလည်း ပြုံးလို့ချိုလို့၊ သူဝင်ပြီးတာနဲ့ တံခါးမကြီး ပြန်ပိတ်သွားတယ်။

ဧရဲပြည်အဝင် လမ်းတစ်လျှောက်ကလည်း လျှပ်စစ်မီးရောင်တွေ ထိန်လင်းလို့။ ခန်းမဆောင်ကြီးတစ်ခုလုံးကို လေအေးစက်က နိုင်သလိုမို့ အေးအေးစိမ့်စိမ့်လေးနဲ့ မွှေးလို့ တယ်နိပ်ပါလား။ လမ်းဘေးတစ်လျှောက်မှာလည်း Duty Free Shop တွေ စီဒီအိုကေ ဆိုင်ခန်းတွေ၊ ဒစ်စကိုကလပ်တွေ၊ စားသောက်ဆိုင်တွေ တန်းစီလို့။ ဦးရွှေခင် အိတ်ထဲမှာ ရွှေစက္ကူ ငွေစက္ကူတွေ အများကြီး ကျန်သေးတယ်။ ကိုငြိမ်းကို ခေါ်ပြီး ရှိုင်ရယ် အေးရှားဟောက်စ်လို့ အင်္ဂလိပ်လိုနဲ့ တရုတ်လို နှစ်ဘာသာ ဆိုင်းဘုတ်ရေးထားတဲ့ စားသောက်ဆိုင်ထဲဝင်ပြီး နံနက်စာ ဒင်ဆမ်း စားကြတယ်။





စားသောက်ပြီးကြတော့ ဦးရွှေခင်ကို အပန်းဖြေဥယျာဉ် ဆိုတာ ကိုငြိမ်းက ခေါ်သွားတယ်။ ဝင်ကြေးမပေးရဘူး။

"အဆင့်မြင့် အပန်းဖြေဥယျာဉ်တွေ တို့ဆီမှာလည်းရှိနေပြီကွ။ မင်းတစ်ခေါက်လောက်တော့ အလည်ပြန်လာကြည့်ရင် အရမ်း တိုးတက်နေတာ တွေ့မယ်"လို့ ဦးရွှေခင်က ကိုငြိမ်းကိုပြောတယ်။ ကိုငြိမ်းက ရုပ်ရှင်ကားထဲက ကောင်းဘွိုင်မင်းသားစတိုင်လ် ပခုံးကိုတွန့်လိုက်ပြီး၊ "ဟဲ.. ဟဲ.. ဟဲ.. ကျွန်တော် ဒီမရောက်ခင်က အပန်းဖြေဥယျာဉ်ထဲမှာ ခာတ်လိုက်သေပြီး၊ ရောက်လာတာ"လို့ ပြောပါတယ်။

အပန်းဖြေဥယျာဉ်ကိုတော့ ကိုရွှေခင်က သိပ် ထူးခြားလာတယ်လို့ မထင်ပါဘူး။ ဒါနဲ့ 'တခြားသွားရအောင်ကွာ'ဆိုတော့ ကိုငြိမ်းက 'ဒီမှာ ကြော်ငြာရိုက်နေတာရှိတယ်။ သွားကြည့်မလား' ဆိုပြီး ပြန်မေးတယ်။ ဒါနဲ့ပဲ ကြော်ငြာရိုက်ကွင်းကို သူတို့နှစ်ယောက် ရောက်သွားကြပါလေရော။ ကြော်ငြာရိုက်နေပုံက ဆီကန်ကြီးထဲမှာ မင်းသမီးနဲ့ မော်ဒယ်မလေးတွေက ရေကူးဝတ်စုံဝတ်ပြီး၊ ကူးခတ်နေကြတာပါ။ ဒါကို ငါးထပ်တိုက်မြင့်ကြီး ပေါ်မှာရှိတဲ့ မင်းသားက မှန်ပြောင်းနဲ့ လှမ်းကြည့်တယ်။ ကြည့်နေရင်း စိတ်မထိန်းနိုင်တဲ့ပုံမျိုး ငါးထပ်တိုက်ပေါ်ကနေ ဧရဲဆီကန်ထဲ ဒိုင်ဗင်ပစ်ပြီး ထိုးဆင်းတဲ့ပုံ ရိုက်တာပါ။

ဒီရိုက်ကွင်းကို ကြည့်ရင်း ဦးရွှေခင် 'တို့ဆီက စာနယ်ဇင်းဆရာတွေသာ မြင်ရင် နာမည်မှာစနေနံပါတဲ့ မင်းသားနဲ့မင်းသမီး ဧရဲပြည်ရောက်ဆိုပြီး သတင်းရေးမှာပဲကွာ"လို့ ကိုငြိမ်းကို ပြောပါတယ်။

ကြော်ငြာရိုက်ကွင်းက ရိုက်လက်စ ခဏနားတယ်။ မင်းသမီးနဲ့ မော်ဒယ်လ်မလေးတွေ ဆီကန်ကြီးထဲက ပြန်တက်ပြီး ကန်ပေါင်ပေါ်မှာ ဟိုလျှောက်ဒီလျှောက် လုပ်နေကြတယ်။ တစ်ကိုယ်လုံးဆီတွေနဲ့ လိမ်းထားသလို ရွှဲအိလို့။ ကြည့်မဝဘူး။

"ရှရွန်စတုန်းနဲ့ ဂျူလီယာရောဘတ်လည်း အထဲမှာ Turn to Hell ဆိုတဲ့ ရုပ်ရှင်ကားကြီး လာရိုက်နေတယ်"လို့ ကိုငြိမ်းက ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေခင်က "ဟာ‥ ဟုတ်လား၊ နိပ်လိုက်တာဗျာ။ သွားကြည့်ရအောင်" ဆိုပြီး သူ့အမှတ်ိုပြောတယ်။ ရုပ်ရှင်ရိုက်ကွင်းက နှစ်ရက်ခရီးလောက်သွားရမှာ ဖြစ်ကြောင်း၊ ဦးရွှေခင်ရဲ့ ငရဲပြည်လာခွင့် ဗီဇာက တစ်ရက်သာဖြစ်လို့ သွားလို့မရနိုင်ကြောင်း၊ ကိုငြိမ်းကပြောတော့ ဦးရွှေခင် မချင့်မရဲဖြစ်သွားတယ်။ နောက်တစ်ခါ လာရင်တော့ သွားကြည့်ဦးမယ်လို့ စိတ်ထဲက တေးထားလိုက်တယ်။

စားသောက်ဆိုင်မှာ စားလိုက်သောက်လိုက်၊ ကြော်ငြာရိုက်ကွင်းက မော်ဒယ်လ်မလေးတွေ ငမ်းလိုက် CDOK သီချင်းဟဲလိုက်၊ ကြော်ငြာရိုက်ကွင်း သွားကြည့်လိုက်နဲ့ ငရဲပြည်တစ်နေ့တာဟာ ဘယ်လိုကဘယ်လို အချိန်ကုန်သွားမှန်းတောင် မသိလိုက်ဘူးဆိုတယ်။ ပြန်ချိန်တန်တော့ ကိုငြိမ်းက ဦးရွှေခင်ကို ဂိတ်ဝအထိ ပြန်လိုက်ပို့တယ် ငရဲပြည်ဧည့်မှတ်တမ်းမှာ ဦးရွှေခင်က…

"ကာတွန်းစာအုပ်ထဲ ဆွဲထားတာ ငရဲပြည်နဲ့တကယ် လက်တွေ့မြင်ရတဲ့ ငရဲပြည်ဟာ အထင်အမြင် တခြားစီပါပဲ။ ကာတွန်း ဆရာတွေအားလုံးကို ဖိတ်ခေါ်ပြီး ငရဲပြည်ပို့ချင်ပါသေးတယ်"လို့ ရေးခဲ့ပါတယ်။

တမလွန် စီမံခန့်ခွဲရေးနတ်မင်းရုံးက နတ်လွှမ်းညွန့်က နောက်ရက်မှာ နတ်ပြည်အဝင်အဝ လိုက်ပို့ပြီး ဧည့်ကြိုနတ်မိမယ် တစ်ယောက်လက်ထဲ ဦးရွှေခင်ကို လွှဲအပ်ပေးတယ်။

နတ်မိမယ်က သူ့နာမည် တင်သန္တာဝင်းဖြစ်ကြောင်း၊ လူ့ဘဝ တုန်းက မန္တလေး မဟာမြတ်မုနိစောင်းတန်းမှာ နို့ဗွာန်ကုန် ရောင်းချခဲ့သူ ဖြစ်ကြောင်း မိတ်ဆက်ပါတယ်။

နတ်ပြည်ကတော့ ငရဲပြည်လို အဝင်ဂိတ်နှစ်ခု မရှိပါဘူး။ ဂိတ်မကြီး တစ်ခုတည်းကပဲ ဝင်ရပြီး၊ ဦးရွှေခင်အတွက် ဧည့်စာရင်းမှတ်တမ်းမှာ ရေးသွင်းရတဲ့ GUEST ဆိုတဲ့ ရင်ထိုးတံဆိပ်တစ်ခု ထုတ်ပေးပြီး၊ ရင်ဘတ်မှာ ချိတ်ရတယ်။ ငရဲပြည်တုန်းကလို ဧည့်သည်တော်ဆိုပြီး စပယ်ရှယ်ဝင်ပေါက်တွေ ဘာတွေနဲ့မဝင်ရလို့ ဦးရွှေခင် နတ်ပြည်ကို သဘောမကျ





ဖြစ်နေတယ်။ သိကြားမင်းနဲ့တွေ့ရင်တော့ ဧည့်သည်တော်တွေကို သီးခြား အစီအစဉ်လုပ်ပေးဖို့ အကြံပြုဦးမယ်လို့ သူစိတ်ကူးတယ်။

နတ်မိမယ် တင်သန္တာဝင်းက "အန်ကယ် ပထမဦးဆုံး စားရိပ်သာ သွားပြီး နတ်သုဒ္ဓါ သုံးဆောင်ပါ"လို့ ဖိတ်တယ်။ ဦးရွှေခင်က သူ့ကို နတ်မိမယ်လေးက အန်ကယ်လို့ခေါ်တာ မကြိုက်ပါဘူး။ အစ်ကိုကြီးလို့ မိုးမွန်အောင်ခေါ်တဲ့ ငရဲပြည်က ကိုငြိမ်းကို သူ လွမ်းသလိုလို ဖြစ်သွားတယ်။

နတ်သုဒ္ဓါအရသာက သိပ်မဆိုးပေမယ့် သက်သတ်လွတ် ဖြစ်နေလို့ ဦးရွှေခင် ခံတွင်းမတွေ့ဘူး။ ပိုဆိုးတာက တစ်ခါစားပြီးရင် တစ်နေကုန် မဆာတော့ဘူးဆိုလို့ ဘယ်မှာ လျှာအရသာ ရှိတော့မှာလဲလို့ ဦးရွှေခင် ဘဝင်မကျ ဖြစ်ပြန်တယ်။

နတ်ပြည်ထဲ လျှောက်ကြည့်တော့ အဝင်လမ်းကလေးက တိတ်ဆိတ်လို့၊ နတ်ဗိမာန်ကလေးတွေထဲမှာ နတ်သားတွေက ဝိပဿနာ ထိုင်ရှုနေကြတယ်။ ကြည့်ရတာ ပျင်းစရာကြီး။

"နတ်သမီးလေးတွေ နေတဲ့ဘက် သွားကြည့်ချင်တယ်" ဆိုတော့ နတ်မိမယ်က "အန်ကယ် အထူးဧည့်သည်မို့ ကျွန်မက လိုက်ပို့တာ။ မဟုတ်ရင် သွားခွင့်မရှိဘူး"တဲ့။

"နတ်သမီးများသာလို့" မြန်မာဘာသာနဲ့ ရေးထားတဲ့ ဘက်ကို သွားကြတယ်။ ဦးရွှေခင်က 'ငရဲပြည်မှာ ဆိုင်းဘုတ်တွေကို အင်္ဂလိပ်လို ရေးတာဗျ။ နတ်ပြည်ကတော့ မြန်မာလိုပဲ ရေးတာနော်' လို့မေးတော့ နတ်မိမယ်က 'ဒီမှာတော့ မြန်မာတွေပဲ များတာကိုး' လို့ဖြေတယ်။ ဦးရွှေခင်က လူ့ဘဝက သူ့ပတ်ဝန်းကျင်မှာ မြင်ခဲ့ရတဲ့ ရွှေကျောင်းပြောင်ပြောင်တွေကို သတိရပြီး သာဓုအကြိမ်ကြိမ် ခေါ်မိပါတယ်။

နတ်သမီးလေးတွေကို မြင်ရပါပြီ။ နတ်ဘုံနတ်နန်းတွေကြားမှာ လမ်းလျှောက်နေကြတာပါ။ သို့ပေမယ့် ဝိပဿနာ အရှုအမှတ်နဲ့ပဲ လျှောက်လှမ်းနေကြတာ။ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်။ တထယ့် တစ်လှမ်းချင်း ရွှေ့ရုံလျှောက်နေတဲ့ နတ်သမီးကလေးတွေကို ကြည့်ရင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ငရဲပြည်တုန်းက မြင်ခဲ့ရတဲ့ မော်ဒယ်လ်မလေးတွေနဲ့တော့ ကွာပါ့ကွာလို့ ဦးရွှေခင် စဉ်းစားတယ်။

နတ်ပြည်မှာ တစ်နေ့ကုန်အောင် ဦးရွှေခင် မနေနိုင်ပါဘူး။ ဖျင်းတာနဲ့ နေ့တစ်ဝက်နဲ့ပဲ လှည့်ပြန်ခဲ့ပါတယ်။

တမလွန်နေရာချထားရေး ရုံးကိုရောက်တော့ သူ့ကိုငရဲပဲ ပို့ပါတော့လို့ တောင်းဆိုတယ်။ သူ့ သဘောအတိုင်းပါပဲ နတ်လမ်းညွှန် တစ်ယောက်က ဦးရွှေခင်ကို ငရဲပြည်ဝလိုက်ပို့တယ်။

အရင်တစ်ခေါက်ကလည်း ရောက်ဖူးပြီးသားလမ်းပါ။ ဒီတစ်ခါတော့ ဦးရွှေခင်က အမြဲတမ်းနေထိုင်မယ့်သူမို့ ညှိသည်ဝင်ပေါက်က မဝင်ဘဲ Public Only ဝင်ပေါက်က ဝင်ရတယ်။ ဒီဝင်ပေါက်ရဲ့ အပြင်ဘက်အမြင်ကတော့ Visitor Only ဝင်ပေါက်နဲ့ အတူတူပဲ။ ကနုတ်ပန်းတွေနဲ့ ရွှေတွေလည်း ဝင်းအိလို့။

တံခါးကြီးအလိုလို ပွင့်လာတာနဲ့ ဦးရွှေခင်အထဲကို လှမ်းဝင်လိုက်တယ်။ သူလည်းအထဲရောက်ရော တံခါးကြီးက ဂျိုင်းခနဲ ပြန်ပိတ်သွားတယ်။ တံခါးဝမှာ စကပ်တိုတိုနဲ့ ညှို့ကြိုမ ချောချောလေးတွေလည်း မရှိဘူး။ ကာတွန်းစာအုပ်တွေထဲကလိုပဲ မျက်နှာထားဆိုးဆိုးနဲ့ ငရဲသားနှစ်ယောက်က သူ့ဆီကို လျှောက်လှမ်းလာပြီး၊ သူ့လက်မောင်းနှစ်ဖက်ကို တစ်ယောက်တစ်ဖက် ဆုပ်ကိုင်လိုက်ကြတယ်။

အဲယားကွန်းလည်း မရှိပါလား။ ပူလိုက်တာ။ အတွင်းခန်းထဲက ထယ်သံပါအောင် အာခေါင်ကိုခြစ်အော်တဲ့ အသံစူးစူးဝါးဝါးကို ဦးရွှေခင် ကြားလိုက်ရတော့ ဖျန်းခနဲကြက်သီးထသွားတယ်။ သူ ငရဲပြည်မဟုတ်တဲ့ နေရာတစ်ခုကိုများ မှားပြီးရောက်လာသလား။

"ဒါ.. ဒါ.. တကယ့်ငရဲပြည်လား"လို့ မယုံမရဲနဲ့ သူ့ဘေးက ငရဲသားကိုမေးတော့ 'ဟုတ်တယ်'လို့ လေသံပြတ်ပြတ်နဲ့ ပြန်ဖြေတယ်။ ဦးရွှေခင်က လေသံပျော့လေးနဲ့။ "တမြန်မနေ့က ကျွန်တော် လေ့လာရေး တစ်ခေါက် ရောက်ခဲ့ပါသေးတယ် ခင်ဗျာ။ အဲဒီတုန်းက ငရဲပြည်က





ဒီလိုမဟုတ်ပါဘူး"ဆိုတော့ ငရဲသားက ဟက်ဟက်ပက်ပက် ရယ်တယ်။ ပြီးမှ "အဲဒီတုန်းက ကြော်ငြာသဘောကိုးဗျ။ ကိုယ့်လူက ကြော်ငြာကို ယုံပြီး အဟုတ်မှတ်တော့ ခံရတာပေါ့"တဲ့။

ဒီအချိန်မှာ သူတို့လျှောက်လှမ်းလာတဲ့ ကွန်ကရစ်ကြမ်းပြင် အက်ကွဲကြောင်းကြားထဲက ငရဲမီးတောက်ကြီးတစ်ခု ဟုန်းခနဲ ထတောက်ပြီး ဦးရွှေခင်ရဲ့ ရင်ဘတ်ကို ဟပ်လိုက်တယ်။ ဦးရွှေခင်လည်း "အောင်မလေးဗျ" လို့ အော်ရင်း အိပ်မက်က လန့်နိုးတယ်။

ကျော်ရင်မြိုင်

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း၊ အမှတ်(၁၂၈)၊ ဇူလိုင်လ၊ ၂၀၀၀-ခုနှစ်၊



www.burmeseclassic.com

www.burmeseclassic.com

# အလွမ်းအိပ်မက်

ခင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

# အလွမ်းအိပ်မက်

မဆုံစည်းကြလျှင် ကောင်းမည်ဟု တွေးမိခဲ့သော်လည်း တွေ့ဆုံဖို့ မျှော်လင့်ခဲ့တာ အမှန်ပင်။

သူ့အကြောင်း တွေးမိရုံဖြင့် ကိုယ့်တစ်ကိုယ်လုံး အေးလိုက်၊ နွေးလိုက်။

နှလုံးသွေးတို့ ပူလောင်လျက် ရင်ခုန်လာသည်။ လက်ဖျားတွေ အေးလျက် ကတုန်ကယင်။ လက်ဖက်ရည်ပူပူ တစ်ခွက်သာ ကိုယ့်ကိုယ်ထဲ ဝင်မသွားလျှင် ရင်ခုန်မှုကို သိမ်းဆည်းနိုင်ဖို့ မလွယ်ပေ။ စိတ်တွေက ကယောက်ကယက်၊ ခြေလှမ်းတွေက ကိုယ့်ခြေလှမ်းလို့ပင် ကိုယ် မမှတ်မိချင်။ တွေ့ချင်သော်လည်း မတွေ့ရဲ၊ တွေ့ဖို့ မမျှော်လင့်ရဲပေမယ့် တွေ့မြင်ခွင့်တော့ ရချင်သေးသည်။

ငုဝါပန်းတွေက ပွင့်လာကြပြန်ပြီ။





နေ့လယ် သုံးနာရီလောက်က အခါမဲ့ မိုးရွာချသည်။ မိုးရေသည် ကြည်လင်နေ၏။ ကောင်းကင်သည်လည်း မိုးရေပါသလောက် မညို့မှိုင်းလှပေ။

လူတွေစည်ကားရာမှ အနည်းငယ်ရှဲလျက် အရိပ်အောက်မှာ မိုးခိုနေသည်။

နိုကလေးတွေ ဘယ်မှာလဲ။

စောစောက မီးကြိုးတန်းပေါ်တွင် စီတန်းလျက် တွေ့ခဲ့ရသေးသည်။ သူတို့ တောင်ပံလေးတွေ မိုးရေစိုနေပြီလား။

ကျွန်မမှာ ထီးမပါခဲ့ပေ။

ခါတိုင်းလို ထီးမိုးပေးမည့်သူလည်း မရှိ။

သည်လမ်းကလေး လျှောက်လာတိုင်း သူနှင့်တွေ့မည်ဟု မျှော်လင့်လျက်။ ရင်ထဲမှာ နွေးလိုက်၊ အေးလိုက် ဖြစ်ရသော်လည်း သူကတော့ ရှိမနေခဲ့ပေ။

တစ်ခါက သူပေးထားခဲ့သည့် အိတ်ဆောင်ကွန်ပျူတာ ဂထာန်းပေါင်းစက် ထဲမှာ သူ၏လိပ်စာ၊ ဖုန်းနံပါတ်တို့ကို သိမ်းဆည်းထားဆဲဝင်။ ကျွန်မကပင် စတင်၍ အဆက်ဖြတ်ခဲ့သည်မို့ သူ့ကို အညွှန်ခံ အရှုံးပေးသလိုမျိုး ကိုယ်ကစတင်၍ ဆက်သွယ်ဖို့ မဖြစ်နိုင်ပါ။ သူ့အနေနှင့် ကျွန်မထံ စာရေးခဲ့လျှင်တော့ ရောက်မည်ထင်ပါသည်။ သူ ဘာကြောင့် စာမရေးခဲ့ပါလိမ့်။

သူနှင့် အဆက်အသွယ် ပြတ်သွားခဲ့ရသည်မှာ အဆောင်ပြောင်း၍လည်း ဖြစ်သည်။ ဒီနှစ် တစ်နှစ်လုံး အဆောင်ပြောင်းခဲ့ရသည်မှာ ငါးနေရာရှိခဲ့ပြီ။ အဆောင်လည်းပြောင်း၊ ကုမ္ပဏီက ဝင်ငွေကျသဖြင့် အလုပ်နေရာပါ ပြောင်းရပြန်ရော။ သူ့အနေနှင့် ကျွန်မကို လိုက်ရှာဖွေဖို့တော့ မလွယ်ပါ။ သည်လို အပြောင်းအရွှေ့တွေကြားမှာ သူနှင့်ကျွန်မ၏ မရေရာ မိုးတိမ်လေးလည်း ပျောက်ဆုံးခဲ့ရသည်။

သည့်အရင်ကတော့ ကျွန်မနှလုံးသား၏ တစ်နေရာတွင် သူ့အပြုံးများဖြင့် စွန်းထင်းနေခဲ့ကြောင်း ကျွန်မ မသိပါ။ ကဗျာတွေကတော့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝိညာဉ်ထဲမှာ တစ်စတစ်စ သေဆုံးလို့နေသည်။ ကျွန်မသည် ခန္ဓာကိုယ် အခွံ ဟင်းလင်းကြီးဖြစ်လျက် ကျွန်မ မဟုတ်သော ကျွန်မများသာ နေရာတိုင်းမှာ သွားလာလှုပ်ရှားနေခဲ့သည်။ မှန်ထဲမှာ ကြည့်ပြန်တော့လည်း ကိုယ့်ကိုယ်ကို ပြန်မတွေးနိုင်ခဲ့။ အသက်မဲ့နေသည့်ပမာ ဖြူရော်ရော် မျက်နှာကိုသာ မြင်ရသည်။

တစ်ပိုင်းတစ်စ စိုသောအင်္ကျီသည် ကိုယ်မှာကပ်လျက်ပင် ရွာသောမိုးကို အပြစ်မတင်မိခဲ့။

မိုးရွာတော့ ကျွန်မ လွမ်းလာသည်။

ဝေဝါပန်းတွေကို ကြည့်ရင်း လွမ်းလို့လာမိသည်။ လမ်းပေါ်တွင် ပြန်၍လှုပ်ရှားတွေးလာသည်။

ကျွန်မ ဘေးတွင် သူရှိမနေခဲ့ပါ။

ထို့ကြောင့်လည်း အလွမ်း၏ သိပ်သည်းဆကို ပိုမိုစေသည် ထင်သည်။ သူရှိနေလျှင်လည်း သူ၏ရှေ့မှာ ပြုံးပြဖို့အခွင့်အရေး ရှိမရှိ မသေချာခဲ့ပါ။ သူ့စိတ်ထဲမှာ ကိုယ့်ကို မုန်းနေဦးမှာလား။ ဒါမှမဟုတ်...

ကိုယ့်ဘာသာပဲ ပြုံးမိပြန်သည်။

အပြုံးက ပီပြင်မှုမရှိပါ။

ကျွန်မတို့ မတွေ့ကြတာ ကြာနေပြီ။

တစ်နှစ်နီးပါး။ အလုပ်က ၃၆-လမ်းမှ Site ထဲသို့ ပြောင်းသွားရတတည်းက ဖြစ်သည်။ Site ထဲသို့ ရောက်ဖို့က ကန်တော်ကြီး ပတ်လမ်းအတိုင်း လမ်းတော်တော် လျှောက်ရသည်။ ကားမှတ်တိုင်နှင့်လည်းမနီး။ Site ထဲက ကားတစ်စီးစီးနှင့်သာ မဟုတ်လျှင် ကျွန်မလည်း အပြင်မထွက်ဖြစ်ခဲ့။ ပြီးတော့ အပြင်က ဖုန်းတွေလည်း ခေါ်ပေးလေ့မရှိ။

ကန်တော်ကြီး ပတ်လမ်းအတိုင်း လမ်းလျှောက်၍ နွမ်းနယ်စွာ ပြန်လာခဲ့တိုင်း ရင်ထဲမှာ လှိုင်းထအောင်ပင် သူ့ကိုသတိရလို့ နေခဲ့သည်။ သတိရခြင်းကို ရင်ထဲမှာပဲ မှတ်ထားချင်သည်က ကျွန်မ၏ အားနည်းချက်ပင်။





တစ်နေ့တည်းသာ အားလပ်ရက်ဖြစ်သည့် တနင်္ဂနွေနေ့မှာတော့ တရုတ်စာ သွားတက်နေမိသည်။

အိပ်မက်တွေအကြောင်း ပြောစရာ အဖော်မရှိ။ သီချင်းတွေအကြောင်း ဆွေးနွေးစရာ အဖော်မရှိ။ နှုတ်ခမ်းနီတွေ၊ Roll On တွေ၊ မိတ်ကပ်တွေအကြောင်းပဲ ပြောနေရသည်။ Discount နှင့် ရောင်းသည့် လက်ကိုင်အိတ်တွေ အကြောင်းဖြစ်ဖြစ်ပေါ့။

မိုးစက်တွေကို မြင်ရတော့ သူ့ကိုလွမ်းသည့် အလွမ်းက ပို၍ ပီပြင်လာခဲ့ပါသည်။ လက်ဖက်ရည်ဆိုင်ကလေးမှာ ကျွန်မ တစ်ယောက်တည်း ထိုင်ရင်း မိုးအတိတ်ကိုစောင့်ဆိုင်း နေခဲ့ရသည်။ သည်ဆိုင်မှာ ဘီယာလည်း ရသည်လေ။ သူ့ကို ကျွန်မက ကဗျာတွေအကြောင်း ပြောပြခဲ့ဖူးသည်။

မိုးတိတ်သွားလျှင် အလွမ်းတွေလည်း ဆိတ်သုဉ်းသွားပါစေ။ မြတ်နိုးစိတ်ကလေးတစ်ခုက ကိုယ့်ဘဝကို ဖျက်ဆီးပစ်မည့် ဗိုင်းရပ်(စ်) ကောင်လို ဘယ်လိုများ ခိုတွယ်နေခဲ့ပါလိမ့်။ ဘဝကို ကြောက်ရွံ့ ချောက်ချားမှုတွေနှင့် ဖျားနာ သေဆုံးသွားစေမှာလား။ ယပ်တောင် ကလေးတွေပေါ်က နာမည်စာလုံးလေးတွေ ဖြစ်ဖြစ်သွားတတ်တဲ့ လူတွေထဲ ကျွန်မ ပါဝင်လေဦးမှာလား။

သူကတော့ ကျွန်မ သေဆုံးခဲ့လျှင် ချစ်ရမှာကြောက်၍ သေဆုံးရသည် ထင်လေမလား။ သတင်းစာထဲမှာ နာရေးသတင်းကို တွေ့လျှင် ပြေးလို့လာလေမည်လား။ သူ့အတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုလို့ ဆိုဦးမှာလား။ ခုတောင် ရှာလို့မတွေ့နိုင်တဲ့ သူ့ကိုတမလွန် ဘုံဘဝ တစ်ခုကနေ ရှာဖွေမိလေဦးမှာလား။

သူ့ကို လွမ်းခွင့်လေး တစ်ခုတောင် မပေးနိုင်ခဲ့သည့် မိန်းမ တစ်ယောက်အဖြစ် ထာဝစဉ် မုန်းသွားတော့မှာလား။ မြေမြှုပ် သင်္ဂြိုဟ်လို့ရမည့် နေရာမျိုးမှာဆိုလျှင် ကျွန်မ၏ သင်္ချိုင်းနေရာတွင် တမာပင်ကလေးတစ်ပင် စိုက်ဖို့ မှာခဲ့ချင်သည်။ တမာပင်ကလေးက နွေဦး ရောက်လျှင် ပန်းကလေးတွေ ပွင့်တိုင်း လေထဲမှာပန်းရနံ့တွေ မွှေးနေပါ။ အဲဒီမွှေးရနံ့က သူ့ဆီခေါ်



www.burmeseclassic.com

www.burmeseclassic.com



တိတ်တခိုး မြတ်နိုးမိခဲ့သည့် အချစ်၏ အမှတ်အသားဖြစ်ပါစေ။ ခုတော့ လက်ဖက်ရည်ဆိုင်ကလေး၏ ပြတင်းပေါက်က ငေးရင်း သူ့အကြောင်းကိုပဲ တွေးနေခဲ့သည်။

သူ၏ဘေးတွင် မြတ်နိုးဖွယ် လှပဖြူဖွေးသော မိန်းကလေး တစ်ယောက် ရှိနေခဲ့ပြီလား။ တွေးရင်းဝမ်းနည်းလို့ လာရသည်။ ထိုသို့ ရှိနေခဲ့လျှင်လည်း အပြစ်မတင်ရက်ပါ။ ဘဝ၏ အခြေအနေများပေါ်တွင် မှီတည်ပြောင်းလဲသွားတတ်သည့် အချစ်အကြောင်း နားလည်မိ၍ပင်။ ရင်နင့်ရခြင်းကိုသော်မှ သူမသိစေရပါ။

တကယ်တော့ သူနှင့်ကျွန်မက ဘာသာစကား မတူညီခဲ့ကြပေ။ အသက်ရှင် ရပ်တည်ရေးအတွက် အလုပ်လုပ်ကြရင်း ကျွန်မက ကျွန်မပိုင် ကမ္ဘာလေးကို သီးသန့် ထူထောင်ချင်မိသည်။ သူက လူ့ဘဝ၏ ပျော်ရွှင်သုခများကို ခံစားရင်း ဘဝကို အလိုက်သင့်အလျားသင့် ကုန်ဆုံးချင်ခဲ့သူ။ ကဗျာများကို မချစ်တတ်သကဲ့သို့ သမိုင်းစာအုပ်များကိုလည်း မဖတ်ချင်သူပင်။

တစ်ခါက သူနှင့်ကျွန်မ စကားပြောဖြစ်ခဲ့ရာ ''ကျွန်တော်တော့ သမိုင်းစာအုပ်တွေကို အမုန်းဆုံးပဲ''

''ဘာလို့လဲ''

''သမိုင်းစာအုပ်ထဲမှာ စစ်ပွဲတွေနဲ့ ပြည့်နေတာပဲ။ ဘုရင်ဧကရာဇ်တွေ ကြီးမြင့်ဖို့အတွက် စစ်တိုက်ပေးကြရတယ်။ ခုလည်း ကြည့်ပါလား။ ဘော့စနီးယားမှာ၊ အီရတ်မှာ၊ ရုရှမှာ တိုက်နေကြပြန်ပြီ။ နောင်တစ်နေ့ကျရင် အဲဒါတွေကို သမိုင်းအဖြစ်နဲ့ သင်ကြရဦးမှာပဲ။ လူတွေ တစ်ယောက်နဲ့တစ်ယောက် မုန်းလောက်စရာမရှိဘဲနဲ့ နိုင်ငံအချင်းချင်း တိုက်ကြ၊ သေကြတာတွေ ရေးထားတာ သမိုင်းဆိုရင် ဘာလုပ်ရဦးမှာလဲဗျာ''

သာမန် တွေးရင်တော့ သူပြောသလိုလည်း အဟုတ်သားပင်။ တော်လ်စတွိုင်းက ပြောခဲ့သည်။ လူတွေရဲ့ ခန္ဓာကိုယ်ထဲမှာ သွေးတွေအစား ရေတွေရှိနေခဲ့မှ စစ်ပွဲတွေ မရှိတော့မှာတဲ့။ တကယ်တော့ ဘုရင်ဧကရာဇ်တွေရဲ့ သွေးဆာတဲ့ စစ်ပွဲတွေမှာပါ လူတွေ ဘယ်လောက် သေခဲ့ကြပြီလဲ။





ဒါပေမယ့် လူ့သမိုင်းဆိုတာကတော့ အချည်းအနှီး သေဆုံးမှုတွေ သက်သက်အတွက် ရေးဖွဲ့ခဲ့တာ မဖြစ်နိုင်။ 'ရှန်ဒဲလာရဲ့စာရင်း' လို ရုပ်ရှင်မျိုးတွေမှာကျ ဂျူးလူမျိုးတွေကို ကယ်တင်ခဲ့တဲ့ ရှန်ဒဲလာဆိုတဲ့ လုပ်ငန်းရှင်တစ်ယောက်ရဲ့ သမိုင်းပဲ မဟုတ်လား။ လူတစ်ဦးချင်းစီမှာ သမိုင်းတွေရှိနေခဲ့သည်။ အတိတ်ကို မေ့ပျောက်ပစ်ပြီး အနာဂတ်ကို တည်ဆောက်လို့မရနိုင်။ ကျွန်မရော သူ့မှာပါ သမိုင်းရှိလိမ့်မည်။ ကျွန်မတို့ဘဝရဲ့ရပ်တည်မှု၊ ယုံကြည်မှု၊ ကြိုးပမ်းမှု၊ ဆုံးရှုံးမှု၊ အရာအားလုံး သမိုင်းပဲ ဖြစ်လိမ့်မည်။

''တို့ကတော့ သမိုင်းစာအုပ်တွေကို ကြိုက်တယ်''

သူက ကျွန်မကို နားမလည်သလို ကြည့်သည်။ ကျွန်မ စုဆောင်းထားသည့် ဘိုးတော်ဘုရားလက်ထက် မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းလို စာအုပ်မျိုးကို ပခုံးတွန့်၍ ကြည့်သည်။ တရုတ်ပညာရှိ ခိုင်ဖုန်းရုံးက တရားသူကြီးပေါင်ချိန်၏ ဖြောင့်မှန်ပုံကိုသာ လူတွေက စိတ်ဝင်စားကြသည်။ ဘိုးတော်ဘုရား လက်ထက်က ဆွေတော်မျိုးတော်များနှင့် မြေမှုကိစ္စတွင် ခုံသမာဓိဦးပေါ်ဦးက သူ့ခုံရုံးပေါ်တွင် တရားဆိုင်ရန် ဘုရင်ကိုယ်တိုင်အား ဆင့်ခေါ်၍ ဘုရင်ကိုယ်တိုင် ကိုယ်စားလှယ်လွှတ်၍ တရားဆိုင်ခဲ့ရသည့် အဖြစ်ကို ဘယ်သူမှမသိကြ။ ကျွန်မက သူ့ကို ဘာမှဆက်မပြောမိတော့။ ပြုံးပြလိုက်သည်။ သူက-

''အဲဒီစာအုပ်တွေ ချထားပြီး ကျွန်တော်နဲ့ စကားပြောပါလား။ အနည်းဆုံး ကျွန်တော့်အမေနဲ့ ဘာပြောလာခဲ့တယ် ဆိုတာဖြစ်ဖြစ် ပြန်ပြောပြချင်တယ်''

''ဘာပြောခဲ့တာလဲ''

သူက ခပ်ရှုံ့ရှုံ့ပြုံးရင်း တစ်နေရာကို စူးစိုက်ကြည့်ရာက ကျွန်မမျက်နှာကို နွေးထွေးစွာကြည့်ရင်း…

''ကျွန်တော့်မှာ ချစ်သူရှိကြောင်း ပြောပြလိုက်ပြီ''

''တယ်ဟုတ်ပါလား၊ ဘယ်မှာလဲ မင်းချစ်သူ၊ တို့ကို မိတ်ဆက်ပေးမှာလား''



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မ လက်ကိုရှုတ်တရက် လှမ်းကိုင်လိုက်သည်။

"ဒီမှာပဲ"

ကျွန်မ လက်များကိုလွှတ်၍ မပေးပေ။

သူ့လက်များ၏ နွေးထွေးမှုကြောင့် ကျွန်မ တုန်လှုပ်သွားမိတာ အမှန်ပင်။ ဒါပေမယ့် နွေးထွေးမှုရှိန်းသော သွေးကြောများကြောင့် ရင်ခုန်သွားရသည့် တုန်လှုပ်မှုကို ကျွန်မက မပြခဲ့ဘဲ ရယ်၍နေခဲ့သည်။

"တို့တော့ မဖြစ်နိုင်ဘူး"

ကျွန်မ၏ မျက်လုံးများထဲမှ တစ်စုံတစ်ရာ အရိပ်မထင်အောင် ထိမ်းရှောင်မိခဲ့သည်။ သူက တောင်းပန်တိုးလျှိုးသော မျက်လုံးများဖြင့် ကြည့်နေခဲ့သည်။ သူ၏အကြည့်များမှာ နက်ရှိုင်းလှပ၍၊ ထောက်မိနိုင်းဆ၍ မရနိုင်သော ပီတိနှင့်သောကတို့ဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

သူ့အကြည့်အတွက် ကျွန်မ ဝမ်းနည်းသွားခဲ့ရသည်။

"ချစ်တယ်ဆိုတာ တစ်ယောက်ကို တစ်ယောက် ယုံကြည်ဖို့ပဲ၊ ကျွန်တော့်ကို မယုံကြည်နိုင်ဘူးလား"

"ယုံချင်ပါတယ်၊ ဒါပေမယ့် တို့မှာ ယုံကြည်နိုင်ဖို့ အင်အားမရှိသေးဘူး"

"ဘာကြောင့်လဲ"

"တို့ဘဝရဲ့ မပြည့်စုံမှုတွေကြောင့်ပဲ"

"ခင်ဗျားမှာ ဘာတွေမပြည့်စုံလို့လဲ။ အလုပ်ရှိတယ်။ ပညာတတ်တယ်။ သင့်တင့်တဲ့ ရုပ်ရည်လည်း ရှိတယ်။ ချစ်တတ်တဲ့ စိတ်ကလေးသာရှိရင် အကုန်လုံး ပြည့်စုံသွားမှာပဲ"

"ဒါတွေက အပေါ်ယံတွေပါ၊ တို့ လူတစ်ယောက်ကို တို့ဘဝရဲ့ အရှင်သခင်အဖြစ် မကိုးကွယ်နိုင်ဘူး။ အိမ်ရှင်မတစ်ယောက်အဖြစ်နဲ့လည်း ဘဝမှာပျော်နိုင်မယ် မထင်ဘူး"





"ခင်ဗျားက ဘယ်လိုဘဝမျိုး လိုချင်တာလဲ"

"လွတ်လပ်တဲ့ဘဝ၊ အမှီအခိုကင်းတဲ့ဘဝ၊ အချစ်ဆိုရင်လည်း ပိုင်ဆိုင်မှု အချုပ်အနှောင်မပါတဲ့ အချစ်မျိုး"

"ခင်ဗျားကို ဘယ်လို အချစ်မျိုးဖြစ်ဖြစ် ပေးနိုင်မယ်ဆိုရင်ကော"

"တို့ မယုံဘူး"

"မယုံဘူး တစ်လုံးတည်းနဲ့တော့ ကျွန်တော့် မျှော်လင့်ချက်တွေကို မဖျက်ဆီးသင့်ပါဘူးဗျာ။ ယုံလာအောင် ကျွန်တော် ကြိုးစားမှာပဲ"

"ဒါဆို တို့လက်ကို လွှတ်ပေး"

သူက 'ဆောရီး' ဟု ရေရွတ်ရင်း လက်ကို ညင်သာစွာ လွှတ်ပေးလိုက်သည်။ မျက်လုံးအကြည့်များအောက်တွင် အချစ်စိတ်သည် အရည်ပျော်လုမတတ် ဖြစ်ခဲ့ရသည်။

သူ့ကို ကျွန်မ မမုန်းခဲ့...။

ဘဝတစ်ခုလုံးပုံ၍ မယုံကြည်ရဲခဲ့ခြင်းမှာ အစွန်းများ လွတ်အောင် သွားချင်သော သူ၏နေထိုင်မှုကြောင့် ဖြစ်သည်။ "မစ္ဆိမလမ်း" သီချင်းသံ ကြားတိုင်း၊ ကျွန်မရင်မှာ လှိုင်းခတ်အောင် ခံစားခဲ့ရတတ်သည်။ ဘာကြောင့်လဲ မသိပါ။

"အလယ်အလတ်လမ်းထဲ အစွန်းများလွတ်အောင် သွားကြစို့နော်"

ကျွန်မက ထာဝစဉ် အစွန်းများထဲမှ နေချင်သူဖြစ်ခဲ့ပါသည်။ ခံစားမှု အစွန်း၊ နာကြည်းမှုအစွန်း၊ အစွန်းတရားများကသာ ကျွန်မ နှလုံးသားကို ပူနွေးလောင်မြိုက် လာစေမည်ထင်သည်။

ကွယ်ရိုဆာဝါ၏ နောက်ပိုင်းရုပ်ရှင်များကို ကျွန်မ မကြိုက်ခဲ့ပါ။ အမှမ်းအပြောက် များလွန်းသည်ထင်၍ ဖြစ်သည်။ ကျွန်မ မြတ်နိုးခဲ့ရသော ရိုးရိုးသန့်သန့် ဇာတ်ကားကလေးများလည်း ကြည့်စရာမရှိ၍ ရုပ်ရှင်ရုံများဆီသို့ မရောက်ဖြစ်ပါ။ သမိုင်းစာအုပ်များကို မကြိုက်သော သူက သွေးသံရဲရဲ အက်ရှင်ကားများကို နှစ်သက်လေ့ရှိသူ ဖြစ်ပါသည်။ ဗီဒီယိုဇာတ်ကားများ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း လိင်ကိစ္စကို အသားပေးလွန်းသဖြင့် ကြည့်လေ့သိပ်မရှိပါ။ ကျွန်မ၏ဘဝ၊ ကျွန်မ၏နှလုံးသား၊ ကျွန်မ၏ ခံစားမှုများဖြင့် တည်ဆောက်ထားသည့် ကျွန်မ၏ဘဝကို ပိုင်ဆိုင်သူသည် သူဖြစ်ခဲ့မည်ဆိုလျှင် ကျွန်မ၏ စိတ်ကူးအိပ်မက်များထဲတွင်သာ သူ့ကို ပိုင်ဆိုင်ခွင့် ပေးနိုင်ပါလိမ့်မည်။

တကယ်တော့ ကျွန်မသည် သူ့ကို လွမ်းခွင့်ကလေးတစ်ခုပင် မပေးဘဲ လမ်းခွဲခဲ့ဖူးသော်လည်း ကျွန်မ၏ စိတ်ဝိညာဉ်ထဲတွင် သူ့အား လွမ်းဆွတ်ခွင့်ကို အစဉ်အမြဲ တောင့်တမိလေသည်။

ခင်မြဇင်

ရှပ်ရှင်တေးကဗျာ၊ ၁၉၉၉-ခုနှစ်၊ ဇူလိုင်။

ရန်အောင်စာပေ

# အိပ်မက်

နေနော်

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်

( ၁ )

ကျွန်တော် သိချင်နေတာတစ်ခုက အဲဒီအိပ်မက်ဟာ ဘယ်လို ရည်ရွယ်ချက်နဲ့ ကျွန်တော့်ဆီကို ရောက်ရှိလာခဲ့သလဲဆိုတာပါပဲ။

ကျွန်တော်က အိပ်မက်တွေနဲ့ပတ်သက်ပြီး တလေးတနက် မလေ့လာခဲ့ဖူးပေမယ့် အိပ်မက်မက်သူနဲ့ အိပ်မက်ရဲ့အကြားမှာ ဆက်စပ်မှုတစ်စုံတစ်ရာ ရှိနေတတ်တယ်ဆိုတာကိုတော့ ကျွန်တော် နားလည်ထားခဲ့တယ်။ အိပ်မက်တစ်ခုဟာ အစာမကြေလို့ဖြစ်စေ၊ စိတ်စွဲလို့ဖြစ်စေ၊ ဟိုတွေးသည်တွေးတွေးရင်း အိပ်ပျော်သွားလို့ဖြစ်စေ မက်တတ်သလို မသိစိတ်ထဲမှာ ကိန်းအောင်းနေတဲ့ ကိုယ်ဖြစ်ချင်နေတဲ့ ဆန္ဒတစ်ခုကိုလည်း အိပ်မက်အဖြစ် ပုံဖော်မြင်မက်လေ့ ရှိတယ်။

ကျွန်တော့်ကို စိတ်အနှောင့်အယှက်ဖြစ်စေခဲ့တဲ့ အိပ်မက်ဟာ အဲဒီအကြောင်းရင်းတွေအနက်က တစ်ခုခုကို အခြေခံပြီး မြင်မက်လာတာလို့





ယူဆနိုင်ပေမယ့် သေချာတာတစ်ခုကတော့ အဲဒီညက ကျွန်တော်ဟာ အစာမကြေ ဖြစ်မနေခဲ့သလို ဟိုတွေးသည်တွေးလည်း တွေးမနေခဲ့ဘူး။ နောက်ပြီး စိတ်စွဲမှုလို့ သတ်မှတ်ရလောက်အောင် အိပ်မက်ထဲကလို လှပတဲ့အမျိုးသမီးကို အပြင်မှာ ကျွန်တော်တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ ဒါဖြင့် ကျွန်တော့်အိပ်မက်ဟာ ကျွန်တော်ဖြစ်ချင်တဲ့ ဆန္ဒတစ်ခုများလား၊ ဟင့်အင်း·· အဲဒါကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အဲဒီအိပ်မက်ဟာ မသိစိတ်ထဲမှာ ကိန်းအောင်းနေခဲ့တဲ့ ကျွန်တော် ဖြစ်ချင်နေတဲ့ ဆန္ဒတစ်ခု မဟုတ်ဘူးဆိုတာ အိပ်မက်ကျမ်းကို ပြုစုခဲ့သူ ဒေါက်တာဖရိုက်နဲ့ လောင်းကြေးထပ်ရဲလောက်အောင်ကို ကျွန်တော် သေချာပါတယ်။

တကယ်လို့ အိပ်မက်ထဲက အဖြစ်အပျက်ဟာ 'မသိစိတ်ထဲက ဆန္ဒတစ်ခု'ပါလို့ လျော့လျော့ပေါ့ပေါ့ လက်ခံလိုက်မယ် ဆိုလျှင်တောင်မှ ကျွန်တော်ဟာ အဲလိုအိပ်မက်မျိုး မြင်မက်နိုင်ဖို့အတွက် လျှို့ဝှက်သည်းဖို စာရေးဆရာသော်လည်းကောင်း၊ လျှို့ဝှက်ဝတ္ထုတွေ အဖတ်များသူ သော်လည်းကောင်း၊ ဒါမှမဟုတ် ဟော်ရာတို့၊ ဆပ်စ်ပဲင်းတို့လို ဗီဒီယိုအခွေတွေ အကြည့်များသူ သော်လည်းကောင်း ဖြစ်ရလိမ့်မယ်။ ဘာဖြစ်လို့လည်း ဆိုတော့ ကျွန်တော့်အိပ်မက်ဟာ ဂျိမ်းဟက်ဒ်လီချေစ့်ရဲ့ ဝတ္ထုထဲက ဇာတ်ဝင်ခန်းတစ်ခုများလားလို့ သံသယ ဖြစ်ရလောက်အောင်ကို လျှို့ဝှက်သည်းဖို ဆန်နေလို့ပါပဲ။

ရင်ဖိုဖွယ်ကောင်းသလို စိတ်ပျက်ဖွယ်လည်းကောင်းတဲ့ အဲဒီအိပ်မက်ဟာ နွေနှောင်းကာလရဲ့ ညတစ်ညမှာ ကျွန်တော့်ဆီကို စတင်ရောက်ရှိလာခဲ့တာပါ။

( ၂ )

အဲဒီညဟာ သွေ့ခြောက် တိတ်ဆိတ်တဲ့ည ဖြစ်ပေမယ့် အိပ်မက်ထဲက ပြတင်းပေါက် အပြင်ဘက် ရာသီဥတုကတော့ စွတ်စို ဆုညှို့နေပါသတဲ့။ အဲလို မိုးတွေ သည်းသည်းမည်းမည်းရွာနေတဲ့ ညတစ်ညရဲ့



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်းယံ အချိန်လောက်မှာ သိပ်လှတဲ့ အမျိုးသမီး တစ်ယောက် ကျွန်တော့် အိပ်မက်ထဲကို ရောက်ရှိလာခဲ့ခြင်းနဲ့ ကျွန်တော့်အိပ်မက်ဟာ စတင်ခဲ့ပါတယ်။

သူမ ရောက်ရှိလာရခြင်းရဲ့ အကြောင်းရင်းကတော့ အကူအညီ ဆိုတာနဲ့ အကာအကွယ်ဆိုတာ နှစ်ခုကို ကျွန်တော့်ဆီက တောင်းဆိုဖို့ ဖြစ်ပါသတဲ့။ သူမရဲ့အဆိုအရ သူမဟာ စိတ္တဇလူသတ်သမား တစ်ယောက်ရဲ့လက်က ထွက်ပြေးလာရသူဖြစ်ပြီး၊ အဲဒီလူသတ်သမားဟာ သူမကိုသတ်ဖို့ သူမ နောက်ကို လိုက်နေပါသတဲ့။ နောက်ပြီး ရက်စက်ဆိုးသွမ်းတဲ့ လူသတ်သမားဟာ အပြစ်မဲ့တဲ့ လူတစ်ယောက်ကိုလည်း သူမရှေ့တင် ဓားနဲ့ထိုးပြီး သတ်ပစ်ခဲ့ဝါသေးတယ်။ မိုးရေတွေ ရွှဲရွှဲစိုပြီး၊ ရင်ခုန်ဖွယ် ကောင်းလောက်အောင် လှပစွာဆွဲဆောင်မှုရှိတဲ့ အမျိုးသမီးဟာ အေးစိမ့်မှုနဲ့ ကြောက်လန့်မှုတွေကြောင့် တစ်ကိုယ်လုံး တုန်ယင်နေရှာပါတယ်။ ကျွန်တော်ဟာ ချက်ချင်းပဲ အဲဒီအမျိုးသမီးကို ကျွန်တော့် အိပ်ခန်းလေးထဲမှာ သွားရောက်ပုန်းခိုခွင့် ပြုလိုက်ပါတယ်။ အိပ်ခန်းရှိရာကို အမျိုးသမီးထွက်သွားပြီး၊ သိပ်မကြာခင်မှာပဲ သူမ ပြောတဲ့ စိတ္တဇလူသတ်သမားဆိုသူဟာ ကျွန်တော့် အိမ်တံခါးဝကို အမှန်တကယ် ရောက်ရှိလို့လာပါတယ်။

အဲဒီလူဟာ အိမ်တံခါးကို ခပ်ကြမ်းကြမ်းခေါက်ရင်း အမျိုးသမီး တစ်ယောက် ကျွန်တော့်အိမ်ကို ရောက်ရှိလာခြင်း ရှိမရှိ။ အလောတကြီး မေးတယ်။ ပြီးတော့… အဲဒီအမျိုးသမီးဟာ လူတစ်ယောက်ကို ဓားနဲ့ထိုး သတ်သွားတဲ့ စိတ်ဖောက်ပြန်နေသူ ဖြစ်ကြောင်းနဲ့ သူ့ရဲ့ ဇနီးလည်း ဖြစ်ကြောင်း ပြောလာပါတယ်။ ကျွန်တော်က ဘယ်အမျိုးသမီးမှ ရောက်မလာကြောင်းနဲ့ တကယ်လို့ ဒီဘက်ကို ရောက်လာလျှင်လည်း ဒီဘက် လမ်းကြောင်းထဲကို ထွက်ပြေးသွားတာ ဖြစ်နိုင်ကြောင်း၊ ပြန်အဖြေပေးလိုက်တဲ့ အခါ အဲဒီလူဟာ ကျေးဇူးတင်စကားကို ကမန်းကတန်း ပြောရင်း ကျွန်တော် ညွှန်ပြလိုက်ရာဘက်ကို ကသုတ်ကရက် ထွက်ခွာသွားပါတော့တယ်။

အဲဒီနောက်တော့ လူသတ်သမား ပြန်သွားပြီဖြစ်ကြောင်း၊ အမျိုးသမီးကို ပြောရင်း နှစ်သိမ့်အားပေးဖို့ အမျိုးသမီးပုန်းခိုရာ ကျွန်တော့် အိပ်ခန်း





ဆီကို ထွက်လာခဲ့တယ်။ (ကျွန်တော့် အိပ်မက်ရဲ့ စိတ်ဝင်စားဖွယ် အကောင်းဆုံးနဲ့၊ ရင်ခုန်ဖွယ် အကောင်းဆုံး အဖြစ်အပျက်တွေဟာ အဲဒီနောက်ပိုင်းမှာ စတင်ခဲ့တာပါ။)

ကျွန်တော် အိပ်ခန်းထဲရောက်သွားတော့ အမျိုးသမီးဟာ အိပ်ခန်းဝကို ကျောခိုင်းအနေအထားနဲ့ ကျွန်တော့် ခုတင်ပေါ်မှာ ပိုင်စိုးပိုင်နင်းထိုင်လို့။ မိုးရေတွေကြောင့် အချိုးအစားကျနနေတဲ့ သူမရဲ့ ကိုယ်ဟန်ကြော့ရှင်းမှုနဲ့ ဆံပင်ရှည်ရှည်တွေရဲ့ လှပမှုဟာ ကျွန်တော့်ကို အသက်ရှူမှားမတတ်ပါပဲ။ ကျွန်တော်ဟာ ကတုန်ကယင်ဖြစ်စွာ အိပ်ခန်းထဲ ဆက်မဝင်ရဲတော့ဘဲ အခန်းဝ မှာတင် ရပ်ပြီး၊ လူသတ်သမား ပြန်သွားပြီဖြစ်ကြောင်း လှမ်းပြောလိုက်တယ်။ ဒါပေမယ့် အမျိုးသမီးဟာ ကျွန်တော့်စကားကို တစ်စုံတစ်ရာ တုံ့ပြန်မလာ သလို ကျွန်တော့်ကိုလည်း လှည့်ကြည့်မလာခဲ့ဘူး။

သူမရဲ့ အေးစက်ငြိမ်သက်နေမှုက ကျွန်တော့်ကို ဇဝေဇဝါ ဖြစ်လာ စေသလို ကျွန်တော့်ခြေလှမ်းတွေကိုလည်း ယိမ်းယိုင်လွဲမှားစွာနဲ့ပါပဲ သူမ ဆီကို စတင်ရွေ့လျားစေပါတော့တယ်။ အမျိုးသမီးလို့ ခပ်ကျယ်ကျယ်ခေါ်ရင်း သူမနဲ့ လက်တစ်ကမ်း အကွာလောက်မှာ ကျွန်တော် ရပ်နေလိုက်ချိန်မှာတော့ သူမ ကျွန်တော့်ဘက်ကို ဖြည်းဖြည်းလေး လှည့်ကြည့်လာပါတယ်။

သူမရဲ့မျက်နှာဟာ စောစောကလို ရင်ခုန်ဖွယ်လှပဆဲဖြစ် ပေမယ့် စောစောတုန်းကလိုတော့ ကြောက်ရွံ့မနေတော့ဘဲ တလေးတနက် တည်ငြိမ် နေတာကို တအံ့တဩ သတိပြုလိုက်မိတယ်။ ဗိုပြီး အံ့ဩစရာကောင်းတာက တော့ သူမရဲ့မျက်လုံးတွေပါပဲ။

အမျိုးသမီးရဲ့ မျက်လုံးတွေဟာ ပစ္စုပ္ပန်အသိနဲ့ ကင်းကွာနေသလို သွေးဆာနေတဲ့ သားရဲတစ်ကောင်လို ကြောက်မက်ဖွယ် ကောင်းလောက်အောင် တဖျပ်ဖျပ် လက်နေကြတယ်။ ကျွန်တော် သူမ မျက်လုံးတွေကို စိုးရိမ်တကြီး ကြည့်ရင်း…

"အမျိုးသမီး မင်းနေကောင်းရဲ့လား"

လို့လှမ်းမေးလိုက်ပေမယ့် ဘာမှအဖြေ ပြန်မပေးဘဲ ကျွန်တော့်ကို သာ စူးလက်စွာ တုံ့ပြန် စိုက်ကြည့်နေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကြည့်ရတာ ပုံမှန်မဟုတ်သလိုပဲ"

သည်တစ်ခါတော့ ကျွန်တော့် မှတ်ချက်စကားကို သူမ ထိုင်ရာက ထရပ်ရင်း အဖြေပေးလာပါတယ်။

"လူတစ်ယောက်ကို သတ်ခဲ့တဲ့မိန်းမ တစ်ယောက်ဟာ ဘယ်နှယ့် လုပ်ပြီး ပုံမှန်ဟုတ်နိုင်ပါ့မလဲ"

ဘုရား… သူမရဲ့စကားက ဘယ်လိုကြီးပါလိမ့်။

"လူတစ်ယောက်ကို ဟုတ်လား"

ကျွန်တော် တအံ့တသြ ရေရွတ်လိုက်တော့ ကျွန်တော်နဲ့ နီးကပ်စွာ တိုးရပ်လာတဲ့သူမဟာ ခေါင်းညိတ်ရင်း…

"လောလောဆယ်တော့ လူတစ်ယောက်တည်းပါပဲ။ ဒါပေမယ့် တအောင့်ကြာရင်တော့ နှစ်ယောက် ဖြစ်ချင်ဖြစ်သွားမှာပေါ့"

တအောင့်ကြာရင်တဲ့။

ကျွန်တော် သူမကို နားမလည်နိုင်စွာ ငေးကြည့်နေချိန်မှာပဲ သူမရဲ့ ညာလက်ဟာ ကျွန်တော်ဆီကို ရွေ့လျားလို့လာတယ်။ လက်ခနဲ အရောင်ဖြာသွားမှုကြောင့် သူမရဲ့လက်ထဲမှာ တစ်စုံတစ်ခု ပါလိမ့်မယ်လို့ ကျွန်တော် သတိပြုလိုက်မိပေမယ့် အဲဒီတစ်စုံတစ်ရာဟာ ကျွန်တော်ရဲ့ ဘယ်ဘက်ရင်အုံထဲကို တဆုံးစိုက်ဝင်သွားတဲ့ ပြောင်လဲ့ချွန်မြနေတဲ့ ဓားမြှောင်တစ်ချောင်း ဖြစ်ကြောင်းကိုတော့ ကျွန်တော် အတော်နောက်ကျမှ သိခွင့်ရလိုက်ပါတယ်။

သိပ်လှတဲ့ အမျိုးသမီး တစ်ယောက်ရဲ့ သိပ်လှတဲ့ ဓားမြှောင် တစ်ချောင်းနဲ့ ထိုးစိုက်လိုက်မှုကြောင့် ကျွန်တော့်ဟာ တအောင့်ကြာမှာပဲ တအံ့တသြ သေဆုံးသွားပါတော့တယ်။

( ၃ )

အတော့်ကို လျှို့ဝှက်သည်းဖိုဆန်ပြီး အတော်လည်း ရင်ခုန်ဖွယ်ကောင်းတဲ့ အဲဒီအိပ်မက်ဟာ ပထမဦးဆုံး စတင်မက်စဉ်အခါမှာပဲ





ကျွန်တော့်ကို စိတ်အနှောင့်အယှက်ဖြစ်စွာ တုန်လှုပ်ချောက်ချားစေခဲ့တယ်။ ပိုပြီးတုန်လှုပ်ဖို့ ကောင်းတာတစ်ခုက (အိပ်မက်ထဲမှာက သေဆုံးခဲ့ပေမယ့် အပြင်မှာ တကယ်မသေခဲ့တဲ့) ကျွန်တော့်ဆီကို အဲဒီအိပ်မက်ဟာ ညတိုင်းလိုလို ရောက်ရှိလာတတ်ခြင်းပါပဲ။

ဒါဟာ ဘာသဘောလဲ၊ အိပ်မက်တစ်ခုတည်းကို ညစဉ်မက်ပြီး၊ အိပ်မက်ထဲမှာ ကျွန်တော်ဟာ ညတိုင်း သေဆုံးနေရတာက ဘယ်လိုအဓိပ္ပာယ်ပါလဲ။

အဲဒီအဖြစ်အပျက်အားလုံးကို သွေးလေချောက်ချားမှု ကြောင့်လို့ အမည်တပ်မယ် ဆိုရင်တောင်မှ လူတစ်ယောက်ဟာ ညတိုင်း သွေးလေချောက်ချားမှုကြောင့် အိပ်မက် မမက်နိုင်သလို အိပ်မက်တွေဟာလည်း တစ်ထပ်တည်း မတူညီနိုင်ဘူး။ ဒါပေမယ့် ကျွန်တော့် အိပ်မက်တွေကတော့ အမြဲတမ်း တစ်ထပ်တည်းပါပဲ။

စွတ်စိုဆုညံတဲ့ရာသီဥတု၊ မိုးတွေစိုရွှဲနေတဲ့ အမျိုးသမီးတစ်ယောက်၊ ပြီးတော့ ကြောက်မက်ဖွယ် မျက်လုံးတွေနဲ့ ချွန်မြပြောင်လဲ့နေတဲ့ ဓားမြှောင်တစ်ချောင်း၊ နောက်ဘယ်ဘက်ရင်အုံရဲ့ ဆစ်ခနဲ နာကျင်သွားမှုနဲ့အတူ တအံ့တသြ သေဆုံးသွားရတဲ့ ကျွန်တော်။

အရာအားလုံးဟာ ဗီဒီယိုတစ်ခွေကို ပြန်ကြည့်နေရသလို အသေးအဖွဲလေးတွေကအစ လွဲမှားမှုမရှိစွာ တူညီနေခဲ့တယ်။ အိပ်မက်၊မက်ပုံကစပြီး အိပ်မက်အဆုံး အလန့်တကြား နိုးလာပုံအထိပါပဲ။

ကျွန်တော့်ရဲ့ ညစဉ်အိပ်စက်မှုတွေဟာ အဲဒီ အိပ်မက်ရဲ့ တိုက်စားမှုကြောင့် ကယောင်ကတမ်း လန့်နိုးခြင်းတွေနဲ့ အဆုံးသတ်မှု များလာတဲ့အခါ ကျွန်တော်ဟာ အဲဒီအိပ်မက်ကို ရွံရှာမုန်းတီးစွာ ကြောက်ရွံ့လာသလို အိပ်မက်ရဲ့ ရည်ရွယ်ချက်ကိုလည်း ပြင်းပြစွာ သိချင်လာတော့တယ်။

ဖရိုက်ရဲ့ကျမ်း တခြားအိပ်မက်ကျမ်းတွေနဲ့ တသသနိစယ်ကျမ်းတွေကို လက်လှမ်းမီရာ လိုက်လံဖတ်ရှုခဲ့ပေမယ့် တိကျသေချာတဲ့ အဓိပ္ပာယ် တစ်စုံတစ်ရာကိုတော့ ခိုင်လုံစွာ မရှာဖွေနိုင်ခဲ့ဘူး။ ဒါပေမယ့် စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းတဲ့ တွေ့ရှိမှုတစ်ခုကတော့ အိပ်မက်ဆိုတာ စိတ်ရွဲလို့ဖြစ်စေ၊ သွေးလေချောက်ချားလို့ဖြစ်စေ မက်တတ်သလို၊ ရှေ့ဖြစ်မယ့် အကြောင်းအရာတစ်ခုကိုလည်း ကြိုတင် မြင်ယောင်တဲ့အနေနဲ့ မက်တတ်ပါသတဲ့။ ဘုရားသခင် ဒါဖြင့် ကျွန်တော့်အိပ်မက်ဟာ တကယ်ဖြစ်လာမယ့် အဖြစ်အပျက်တစ်ခု လေများလား။

ကျွန်တော်ဟာ ဗေဒင်ယတြာ ဆိုတာမျိုးတွေကို သိပ်တော့ အယုံအကြည် မရှိလှပေမယ့် အဲဒီအိပ်မက် ခြောက်လှန့်မှုကြောင့် အိပ်မက်မကောင်းလျှင် ပျောက်အောင် လုပ်နည်းဆိုတာတွေကို အကုန် လျှောက်လုပ်ရတော့တယ်။ ထမင်းတစ်ဆုပ်၊ ရေတစ်မှုတ်ကို သစ်ငုတ်တိုပေါ် သွားတင်တဲ့နည်းကစပြီး ကျွန်တော့်မွေးနေ့ရဲ့ ဘြိုရန်းနဲ့ စတုရန်းကျတဲ့ အဲဒီဗုဒ္ဓဟူးနံ သစ်သားပြားတွေခင်းပြီး တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်တဲ့နည်းအထိပါပဲ။

ဒါပေမယ့် ညတိုင်း ရောက်ရှိလာတယ်တဲ့ အိပ်မက်ကတော့ ဘယ်လိုမှ ပျောက်ကွယ်မသွားခဲ့သလို အိပ်မက်ထဲက အဖြစ်အပျက်တွေကလည်း ဘယ်လိုမှကွဲလွဲမလာခဲ့ပါ တစ်ခါတလေ အမျိုးသမီးရဲ့ ခားမြှောင် ထွက်ပေါ်မလာခင် ဒါမှမဟုတ်လည်း ကျွန်တော်ရင်အုံထဲ စိုက်မဝင်ခင်ပေါ့။ အိပ်မက်ဟာ ပြီးဆုံးသွားသင့်ပေမယ့် အဲဒီအိပ်မက်ရဲ့ အဆုံးသတ်မှုကတော့ အလွန်ပဲ တိကျသေချာလွန်းပါတယ်။ ထိတ်လန့်တကြား သေဆုံးသွားပြီး အိပ်ရာက လန့်နိုးလာရတာတွေ များလာတဲ့အခါ ကျွန်တော်ဟာ ညတွေကိုဖြတ်သန်းဖို့ ဒိုင်ယာဇီပင်ရဲ့ အကူအညီကို ရယူရပါတော့တယ်။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာတစ်ခုက အိပ်ဆေးဆိုတာဟာ အိပ်မပျော်မှုကိုသာ ကုစားနိုင်ပြီး အိပ်မက်၊မက်မှုကိုတော့ ဘယ်လိုမှ မတားဆီးနိုင်ခြင်းပါပဲ။

ဒီလိုနဲ့ အိပ်မက်နဲ့ ကျွန်တော်ဟာ လုံးထွေးရစ်ပတ် ဖြစ်စွာနဲ့ပဲ မိုးရာသီရဲ့ ညတွေထဲကို ချင်းနင်းဝင်ရောက်လို့ လာခဲ့ပါတော့တယ်။

❖





( ၄ )

အိပ်မက်ထဲကလို စွတ်စိုဆူညံတဲ့ မိုးဦးကျကာလရဲ့ ညတစ်ည မှာတော့ ကျွန်တော်ဟာ ''ကတိမတည်သူများလို့''အမည်ရတဲ့ စာအုပ်တစ်အုပ်ကို ကြိုးစားပမ်းစား ဖတ်ရှုနေခဲ့တယ်။ စာအုပ်ဟာ ပျင်းရိဖွယ်ကောင်းလှသလို ကျွန်တော့်မျက်လုံးတွေကလည်း လေးလံထိုင်းမှိုင်းစွာ အိပ်စက်မှုကို အငမ်းမရ တောင်းဆိုနေကြပြီ။

ဒါပေမယ့် ဒီညအဖို့ အိပ်မက် မမက်ရအောင် မအိပ်ဘဲနေ မယ်လို့ ဆုံးဖြတ်ထားပြီးဖြစ်တဲ့ ကျွန်တော်ဟာ ပျင်းရိဖွယ် စာအုပ်အထူကြီးထဲမှာ အာရုံစူးစိုက်နိုင်အောင် အတင်းကြိုးစားနေမိတယ်။

''ဂိုန်း၌ ဖောဖောသီသီ ချမ်းသာသော အရာများမှာ ကတိများသာ ဖြစ်လေသည်။ တစ်ယောက်ယောက်ကို ကတိတစ်ခုခုပေးဖို့ အတွက် ဂိုန်းဘယ်တုန်းကမှ နှမြောတွန့်တိုခြင်း မရှိခဲ့သလို ထိုကတိကို ပြန်ဖျက်ရန် အတွက်လည်း ဘယ်တုန်းကမှ တုံ့ဆိုင်း တွေဝေခြင်းမရှိခဲ့။ သူပေးခဲ့ပြီး သူပြန်လည်ဖျက်ခဲ့သည့် အကြီးအကျယ်ဆုံး ကတိတစ်ခုကတော့...

အထက်ပါဝါကျ မပြီးဆုံးခင်မှာဘဲ ခပ်ကျယ်ကျယ် အသံတစ်ခုက ကျွန်တော့်နားထဲကို ဆူညံစွာ ဝင်ရောက်လို့လာတယ်။ အဲဒီအသံဟာ ပျဉ်ပြားတစ်ခုကိုဖြစ်စေ၊ စားပွဲခုံတစ်ခုကိုဖြစ်စေ၊ တံခါးတစ်ချပ်ကို ဖြစ်စေ၊ လက်သီးဆုပ်နဲ့ ထုတဲ့အခါ ထွက်ပေါ်လာတတ်တဲ့ အသံမျိုးနဲ့ ခပ်ဆင်ဆင်တူတဲ့ အသံတစ်ခုပါ။ အဲဒီအသံ ထွက်ပေါ် လာရာအရပ်ကို ခန့်မှန်းကြည့်လိုက်တော့ ဘုရား... ကျွန်တော့် အိမ်ရှေ့တံခါးဆီကပါလား။

ကျွန်တော့် ယူဆချက်သာ မမှားဘူးဆိုရင် အိမ်တံခါးအပြင် ဘက်မှာ လက်သီးဆုပ်နှစ်ခုကို မညှာမတာ အသုံးပြုနေတဲ့ တစ်စုံတစ်ယောက် ရှိနေလိမ့်မည်။ ပြီးတော့ အဲဒီတစ်စုံတစ်ယောက်ဟာ ''လူမှုရေး''ဆိုတဲ့ စကားလုံးနဲ့ 'ယဉ်ကျေးမှု'ဆိုတဲ့ စကားလုံးတွေကို မကြားခဲ့ဘူးသူ တစ်ယောက်လည်း ဖြစ်နေလိမ့်မည်။ တကယ်ဆို ဒီအချိန်ဟာ သန်းခေါင်စာရင်း စစ်လေ့စစ်ထရှိအချိန်မျိုး မဟုတ်သလို ဧည့်သည်လာသင့်တဲ့ အချိန်မျိုးလည်း မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တစ်ညလုံး မအိပ်ဘဲနေဖို့ ဆုံးဖြတ်ထားပြီးဖြစ်တဲ့ ကျွန်တော် အဲဒီတစ်စုံတစ်ယောက်ကို လက်ခံတွေ့ဆုံဖို့ ချက်ချင်းပဲ ဆုံးဖြတ်လိုက်ပြီး၊ အိမ်ရှေ့တံခါးဆီကို လျှောက်လာခဲ့တယ်။ ကံကြီးပေလို့သာပဲ။

ကျွန်တော်သာ နည်းနည်းလေး နောက်ကျသွားမယ်ဆိုရင် ကျွန်တော့် အိမ်တံခါးဟာ တစ်ခုခုဖြစ်သွားတော့မှာ အသေအချာပါပဲ။ ကျွန်တော် စိတ်တိုတောင်းစွာ ပြီးတော့ အပြင်ဘက်ဩသည်ဟာ ဘယ်သူဘယ်ဝါဖြစ်မလဲဆိုတာကို စိတ်ဝင်စားစွာ အိမ်တံခါးကို မြန်မြန်ဆွဲဖွင့်လိုက်တယ်။ တံခါးပွင့်သွားတယ်ဆိုရင်ပဲ ကျွန်တော့်အိမ်ထဲကို လေတိုက်သလို ဝင်ရောက်လာကြတာက မိုးရေစက်အချို့နဲ့ တစ်ကိုယ်လုံး စိုရွှဲနေတဲ့ အမျိုးသမီးတစ်ယောက်ပါပဲ။

ဘုရားကယ်တော်မူပါ။

ဒီအမျိုးသမီးဟာ ကျွန်တော့် အိပ်မက်ထဲက အမျိုးသမီးပါပဲလား။

ကျွန်တော် ငေးကြောင် မှင်သက်စွာ အံ့သြနေမိတယ်။ အမျိုးသမီးက ကျွန်တော် မေ့လျော့နေမိတဲ့ တံခါးပြန်ပိတ်ဖို့ကိစ္စကို ကျွန်တော့် ကိုယ်စား ဆောင်ရွက်လိုက်ရင်း ကျွန်တော့်အား အားကိုးတကြီး မော့ကြည့်တယ်။ ပြီးတော့ ကမန်းကတန်း ကတုန်ကယင်အသံနဲ့ . . .

"ကျွန် . . ကျွန်မကို တစ်ခုလောက်ကူညီပါရှင် . . . ကျွန်မ ရှင့်အခန်းထဲမှာ ခဏလောက် ပုန်းနေပါရစေ။ ကျွန်မ နောက်ကို လူသတ်သမား တစ်ယောက် လိုက်နေလို့ပါ"

အင်း . . ဒါကလည်း အိပ်မက်ထဲက အတိုင်းပါပဲလား။

ကျွန်တော် သူမကို အထိတ်တလန့် ငေးကြည့်နေချိန်မှာပဲ သူမက သူမနောက်ကိုလိုက်နေသူဟာ စိတ်ဖောက်ပြန်နေသူ ဖြစ်ကြောင်းနဲ့ စောစောလေးကပဲ လူတစ်ယောက်ကို သူမရှေ့တင် ဓားနဲ့ ထိုးသတ်ခဲ့ကြောင်း ကျွန်တော့် အိပ်မက်ထဲကအတိုင်း ဆက်ပြောလာပါတယ်။ ကျွန်တော်သာ သူမနဲ့ပတ်သက်တဲ့ အိပ်မက်တစ်ခုကို ကြိုတင်မြင်မက်မထားခဲ့ရင် သူမရဲ့ စကားတွေကို ယုံကြည်မိလိုက်မှာ အမှန်ပါပဲ။





ကျွန်တော် အမျိုးသမီးရဲ့လက်ထဲကို လှမ်းကြည့်လိုက်တော့ အိပ်မက်ထဲကလို ပြာလဲ့ချွန်မြနေတဲ့ ဓားမြှောင်တစ်ချောင်းကို မတွေ့ရပေမယ့် အဲလိုဓားမြှောင်မျိုး ကောင်းကောင်းဝင်ဆံ့နိုင်တဲ့ မိန်းမကိုင် ပိုက်ဆံအိတ်တစ်ခုကိုတော့ တွေ့လိုက်ရတယ်။

"တဆိတ်ရှင် ကျေးဇူးပြုပြီးတော့ . . ."

အိပ်မက်ထဲကအတိုင်း တွေ့ကြုံနေရမှုကြောင့် ငေးကြောင်နေမိတဲ့ ကျွန်တော့်ကို အမျိုးသမီးက အကူအညီ အကာအကွယ်ပေးဖို့ စကားစလာပြန်တယ်။ ကျွန်တော် အိပ်ခန်းရှိရာ ဘက်ကို ကမန်းကတန်း လက်ညိုးညွှန်လိုက်ရင်း . . .

"ဟိုး . . . အိပ်ခန်းထဲမှာ သွားပုန်းနေလိုက်ပါ"

ကျွန်တော့် စကားဆုံးတယ်ဆိုရင်ပဲ အမျိုးသမီးဟာ အိပ်ခန်းရှိရာဘက်ကို ထိတ်လန့်တကြား အမူအရာနဲ့ ကသုတ်ကရက် ထွက်သွားတော့တယ်။ သူမ အိပ်ခန်းထဲ ဝင်သွားကြောင်း သေချာသွားတဲ့ အချိန်မှာတော့ ကျွန်တော့် အိပ်ခန်းတံခါးဝဆီကို ခြေသံလုံလုံနဲ့ လျှောက်လာပြီး အခန်းတံခါးကို အပြင်ကနေ သော့ခတ်လိုက်တယ်။ အဲဒီနောက်တော့ အံ့သြတုန်လှုပ်မှု၊ ရေစိုနေတဲ့ အမျိုးသမီးအလှရဲ့ ဆွဲဆောင်မှုတွေကြောင့် တလှပ်လှပ်ခုန်လိုက်နေတဲ့ ရင်အစုံကို တည်ငြိမ်အောင်ထိန်းရင်း ဒုတိယအကြိမ်မြောက် ဆပ်မံထွက်ပေါ်လာဦးမယ့် တံခါးခေါက်သံကို စိုးကရက်သောက်ရင်း စောင့်ဆိုင်းနေလိုက် တော့တယ်။

( ၅ )

ကျွန်တော် မျှော်လင့်နေတဲ့ တံခါးခေါက်သံဟာ . . . စီးကရက် တစ်ဝက်မကျိုးခင်မှာပဲ ထွက်ပေါ်လို့လာပါတယ်။ ကျွန်တော် တံခါးဖွင့်ပေးလိုက်တော့ အချိန်မတော် တံခါးလာခေါက်ရတဲ့အတွက် အားနာနေပုံရတဲ့ လူတစ်ယောက်ဟာ ကျွန်တော့်ကို မရဲတရဲကြည့်ရင်း "အမျိုးသမီး" တစ်ယောက်များ တွေ့လိုက်မိပါသလားလို့ မေးလာတယ်။ ပြီးတော့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးဟာ စိတ်ဖောက်ပြန်နေတဲ့ သူ့ဇနီးဖြစ်ကြောင်းနဲ့ လူတစ်ယောက်ကို သတ်သွားခဲ့ကြောင်း (ကျွန်တော့် အိပ်မက်ထဲကအတိုင်း) ပြောလာပါတယ်။ ကျွန်တော် သူ့ကို ခေါင်းညိတ်ပြလိုက်ရင်း…

"လာ… ကျွန်တော့် နောက်လိုက်ခဲ့"

အဲဒီနောက်တော့ စိတ္တဇလူသတ်သမား အမျိုးသမီး ပုန်းခိုနေရာ အိပ်ခန်းဆီသို့ ကျွန်တော်တို့နှစ်ယောက် လျှောက်လာခဲ့ကြတယ်။ အိပ်ခန်းသော့ကိုဖွင့်ပြီး၊ ဝင်လိုက်တယ်ဆိုလျှင်ပဲ ခုတင်ပေါ်မှာ ကျောခိုင်းအနေအထားနဲ့ထိုင်နေတဲ့ အမျိုးသမီးဟာ ကျွန်တော်တို့နှစ်ယောက်ကို ဖျတ်ခနဲ လှမ်းကြည့်တယ်။ ကျွန်တော့်ဘေးက သူ့ခင်ပွန်းကို တွေ့လိုက်ချိန်မှာတော့ အမျိုးသမီးရဲ့ မျက်နှာဟာ အံ့ဩထိတ်လန့်မှုတွေနဲ့ သိသာစွာ ပျက်ယွင်းသွားတဲ့အပြင် ကျွန်တော်တို့ နှစ်ယောက်ကြားက ဖြတ်သန်းပြီး အိပ်ခန်းအပြင်ဘက်ကို ထွက်ပြေးနိုင်ဖို့အတွက်လည်း စတင်ကြိုးစားတော့တယ်။

ဒါပေမယ့် ဖြစ်နိုင်ခြေတွေကို ကြိုတင်ကာကွယ်ထားပြီး ဖြစ်တဲ့ ကျွန်တော်ဟာ အိပ်ခန်းတံခါးကို သော့ခလောက်နဲ့ အချိန်မီ ခတ်ထားနိုင်တဲ့အတွက် အမျိုးသမီးရဲ့ကြိုးစားမှုဟာ အချည်းအနှီး ဖြစ်သွားရရှာပါတယ်။ အဖော်အမျိုးသားက ကျွန်တော့်ကို လှည့်ကြည့်ရင်း သူ့ကိုဖမ်းချုပ်ဖို့ နောင်ကြီးပါ အကူအညီပေးပါလို့ ပြောလာတယ်။

ကြောက်လန့်တကြား ရုန်းကန်လူပ်ရှားနေတဲ့… အမျိုးသမီးရယ်၊ ကျွန်တော်တို့ရယ်၊ သုံးယောက်သား ထွေးလုံးရစ်ပတ် ဖြစ်နေချိန်မှာပဲ အိပ်မက်ထဲက ကျွန်တော့် ရင်အုံကို စိုက်ဝင်ခဲ့ဖူးတဲ့ ပြာလဲ့ချွန်မြနေတဲ့ ဓားမြှောင်ဟာ မျက်လှည့်ပြလိုက်သလို လက်ခနဲ ထွက်ပေါ်လာပြီး တစ်စုံတစ်ယောက်ရဲ့ ရင်အုံထဲကို အရှိန်နဲ့ပြေးဝင် သွားပါတော့တယ်။ ဝမ်းနည်းဖွယ်ကောင်းလှတဲ့ အဲဒီအဖြစ်အပျက်ဟာ ကျွန်တော် တစ်စုံတစ်ရာ မတားဆီးနိုင်ခင်မှာပဲ ဆိုးရွားလျင်မြန်စွာ ဖြစ်ပျက်လာခဲ့တာပါ။

စိတ္တဇဝေဒနာရှင် အမျိုးသမီးဟာ ကျွန်တော့် ရှေ့မှာတင် လူတစ်ယောက်ကို ထပ်မံသတ်ဖြတ်လိုက် ပြန်ပါပြီ။





အမျိုးသမီးရဲ့ ဓားမြှောင်ကြောင့် သွေးတွေစိုရွှဲနေတဲ့ အဖော် အမျိုးသားရဲ့ ရင်အုံကို ကျွန်တော် စိတ်မကောင်းစွာ လှမ်းကြည့်လိုက်မိတယ်။

အဲဒီအချိန်ကျမှ အဖြစ်အပျက်တွေဟာ ကျွန်တော် မျှော်လင့်ထားတာနဲ့ ဆန့်ကျင်စွာ ဖြစ်ပျက်ပြီးစီးနေကြောင်း တအံ့တဩ သတိပြုလိုက်မိတော့တယ်။ ဓားထိုးခံလိုက်ရသူဟာ ကျွန်တော်ထင်သလို အမျိုးသမီးရဲ့ ခင်ပွန်းမဟုတ်ဘဲ သူမကိုယ်တိုင် ဖြစ်နေခြင်းပါပဲ။ အံ့ဩတုန်လှုပ်စွာ နားမလည်နိုင်စွာ အဖော်အမျိုးသားလက်ကို ကျွန်တော် လှည့်ကြည့်လိုက်တော့။

ဘုရားရေအိပ်မက်ထဲမှာ ကျွန်တော်တွေ့ခဲ့ရသမျှ မျက်လုံး အစုံဟာ ဒီလူ့ဆီမှာပါလား၊ သွေးဆာနေတဲ့ သားရဲတစ်ကောင်လို၊ ပစ္စုပ္ပန်အသိ ကင်းကွာနေတဲ့ စိတ်ဖောက်ပြန်နေသူ တစ်ယောက်လို အဲဒီလူရဲ့ မျက်လုံးတွေဟာ ကြောက်မက်ဖွယ်ရာ တဖျပ်ဖျပ်လက်နေကြတယ်။ ကျွန်တော် အံ့ဩမှင်တက်စွာ ငေးကြောင်နေချိန်မှာပဲ အဲဒီလူရဲ့ညာလက်ဟာ ကျွန်တော့် ဘယ်ဘက်ရင်အုံဆီကို ရွေ့လျားလာပါတော့တယ်။

အဲဒီနောက်တော့…

သိပ်လှတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ သွေးတွေပေကျံနေတဲ့ သိပ်လှတဲ့ ဓားမြှောင်တစ်ချောင်းရဲ့ ထိုးစိုက်လိုက်မှုကြောင့် တအောင့်အကြာမှာပဲ ကျွန်တော်ဟာ တအံ့တဩ သေဆုံးသွားရပါတော့တယ်။

ကျွန်တော် မသေခင် တွေးလိုက်မိတာ တစ်ခုကတော့ ခု အဖြစ်အပျက်တွေ အားလုံးဟာ အိပ်မက်တစ်ခု ဖြစ်နိုင်တယ် ဆိုတာပါပဲ။

နေနော်

နှင်းနေနွယ်၏နှောင်ကြိုး ခံစားမှုစာစုများ။ ၂၀၀၂-ခုနှစ်၊ စက်တင်ဘာလ။



www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်လွင့်ပြယ်

မခြူးပွင့်

ရန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်လွင့်ပြယ်

သမားတော်ကြီး ဦးကောင်းဦးသည် နံဘေးမှဇနီးသည် 'မိ'ကို ကြည့်ပြီး စိတ်နှလုံးတွင် များစွာချမ်းမြေ့သွားလေသည်။ သူနှင့် ယှဉ်တွဲ မာတ်ပုံအရိုက်ခံနေသော 'မိ'သည် အနှစ်သုံးဆယ်လုံးလုံး သူ့နံဘေးမှာ မြဲမြံစွာရပ်တည်၍ ပါရမီဖြည့်ခဲ့သော၊ အနစ်နာခံခဲ့သော ပြီးတော့ သူ့ကိုလည်း လွန်စွာ မြတ်နိုးချစ်ခင်ရုံမက ရုပ်ဆင်းအင်္ဂါ အလှမ္ဘာနှင့်လည်း ပြည့်စုံကြွယ်ဝသော ဇနီးသည်မို့ ခုချိန်မှာတော့ သူ့အတွက် အထွတ်အမြတ်ထားရာ ဖြစ်နေတော့သည်။

'မိ'နှင့်သမီး မာတ်ပုံအတူ ရိုက်ကြပြန်သည်။ သမီးက သူနှင့်တူ၍ 'မိ'လိုတော့ သဇင်ခက်လေးနှယ် သေးသွယ်စွာ ယဉ်စစ မနိုင်ပေ။ အရပ်မြင့်မြင့် ခပ်ပြည့်ပြည့် ခန္ဓာကိုယ်နှင့် သမီးသည် ကျက်သရေတော့ ပြည့်ဝလေသည်။ သမီးဝတ်ထားသော သတို့သမီးဝတ်စုံနှင့် သမီးသည် များစွာ လိုက်ဖက် တင့်တယ်ကာ သမီး၏အပြုံးသည်လည်း ရွှန်းလက် တောက်ပနေတော့သည်။ သမီး၏သတို့သားသည်လည်း သမီးနှင့်လိုက်ဖက်စွာ ထွားကျိုင်း





ခံ့ညားလျက် ချမ်းမြေ့မှု အလုံးစုံကိုပိုင်ဆိုင်သော သူ၏အပြုံးမျိုးကို မင်္ဂလာဧည့်ခံပွဲ တစ်လျှောက်လုံးမှာ ပြုံးနေခဲ့လေသည်။

ဧည့်သည်များကို 'မိ'က အပြုံးတို့ ဝေဆာစွာဖြင့် တောက်လျှောက်ဧည့်ခံနေခဲ့သည်။ ဧည့်သည်များကလည်း မိ၏အလှနှင့် လိုက်လှဲသော အပြုံးများတွင် စိတ်နှလုံးညွှတ်နူးကြလျက် ကောင်းခြင်းစကားတွေသာ ဆိုနေခဲ့ကြသည်။

"မိရေ၊ မိက တစ်သက်လုံး ကံကောင်းလာတဲ့ မိန်းမပါလားကွယ်"

"မိက အရွယ်တင်လိုက်တာကွယ်။ သမီးနဲ့ဆို ညီအစ်မတွေ ကျနေတာပဲ လှလိုက်တာ"

"သားတွေ၊ သမီးတွေကလည်း တော်လိုက်ကြတာ။ သမီးလေးက ရော တကယ့်ကို ဆင်စီးလို့ မြင်းရံတာပဲနော်"

ဤစကားများက မိကို လက်ဆွဲနှုတ်ဆက်ရင်း ပြောသွားသည့် စကားများ ဖြစ်ကြသည်။ သည့်ထက်ပို၍ ဝိုင်းဖွဲ့ပြောသော စကားများကိုလည်း သူအမှတ်မထင် ကြားခဲ့ရသေးသည်။

"ခင်မိုမိက တော်လည်းတော် ထက်လည်း ထက်တယ်နော်။ ဒေါက်တာကောင်းဦးကလည်း မိသဘောချည်းပဲ ထင်တယ်။ သားတွေကရော သူ့အဖေလို ဆရာဝန်ပါရဲ့လား"

"ပါတယ်လေ။ သားအကြီးဆုံးက ကလေးဆေးရုံမှာ ကလေးအထူးကုဆရာဝန်လေ။ အဲဒီကလေးက စာကိုတော်တာ။ ဆယ်တန်း အောင်တုန်းကလည်း တစ်နိုင်ငံလုံးမှာ ပထမရခဲ့တာဆိုလား"

"သားအငယ်ကလည်း မညံ့ဘူးနော်။ အင်ဂျင်နီယာ ဘွဲ့ရပြီး နိုင်ငံခြားသင်္ဘော လိုက်နေတာပဲ"

"ဪ.. အားကျစရာကွယ်။ သားတွေက အိမ်ထောင်မကျကြသေးဘူး"

"အင်းလေ သမီးအငယ်ဆုံးက အရင်ဆုံး အိမ်ထောင်ကျတာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး... ဒါဆို မိကို ကပ်ထားဦးမှ ထင်ရဲ့။ ကိုယ့်မှာက သမီးတွေ အများကြီးပဲကွယ့်၊ ဟင်း... ဟင်း..."

ကြားရသမျှတော့ မိအတွက် ဂုဏ်ယူဖွယ်ရာ စကားများသာတည်း။ ထိုစကားဝိုင်းနှင့် ကပ်လျက်စားပွဲတစ်ခုတွင် ဒေါက်တာကောင်းဦး လာရောက်ညှိခံလိုက်တာကိုပင် မသိကြသော ပဝါတကားကား ရောင်စုံ လက်ဝတ်ရတနာ တဖျပ်ဖျပ်နှင့် အမျိုးသမီးတစ်သိုက်သည် သူထွက်လာချိန်အထိ စကားအမျှင် မပြတ်ကြသေးပေ။

ခြုံ၍ပြောရလျှင်တော့ အစစအရာရာသည် ကျက်သရေမင်္ဂလာ အတိပြီး၍ သူ့ရင်တစ်ခုလုံးမှာလည်း ချမ်းမြေ့နေခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ သမီး၏မင်္ဂလာပွဲသည် မိဘများအတွက်ပါ မင်္ဂလာရှိစေလျက် အေးချမ်းစွာ ပြီးဆုံးသွားသောအခါတွင် မိသည် သက်ပြင်းရှည်ကြီးချလျက် ပဝါစကို အသာဖယ်လိုက်ပြီး အိပ်ရာပေါ်တွင် အသာလှဲပြီး အမောဖြေလေသည်။

"ဘယ်လိုလဲ မိ၊ တော်တော် မောသွားပြီလား"

မိသည် မျက်လွှာကို အသာမှေးရင်း ယပ်တောင်ကို တဖျတ်ဖျတ် ခတ်နေလေရာ နံ့သာယပ်တောင်၏ မွှေးရနံ့သင်းသင်းက တစ်ခန်းလုံးတွင် နုးညံ့စွာ မွှေးနေလေသည်။

"သမီးရော... ကို"

"သမီးနဲ့သမက်က သူတို့နေဖို့ ပါရမီခြံကို သွားကြည့်ကြတယ်။ သားကြီးကတော့ ဆေးရုံနိုက်(တ်)ဂျူတီ ဝင်ရမယ်တဲ့။ သားငယ်ကတော့ ညီမနဲ့ယောက်ဖကို ကားမောင်းပြီး လိုက်ပို့လေရဲ့"

"အင်း... အင်း... ကောင်းတယ်"

သူသည် အဝတ်အစားများကို လဲလှယ်နေရင်းမှ ဖျတ်ခနဲ မိကို တစ်ချက် လှမ်းကြည့်မိသည်။ မျက်နှာသည် စောစောကနှင့် ဆန့်ကျင်စွာ ငြိမ်သက် အေးစက်လျက် သူ့ကိုကြည့်နေသော ရှုးရဲရဲ မျက်လုံးတို့ကို





မြင်လိုက်ရချိန်မှာတော့ သူ့ရင်ထဲကို စိုးရွံ့မှု တစ်စုံတစ်ရာသည် မသိမသာ အနေအထားဖြင့် တိုးဝှေ့ ဝင်ရောက်လာသည်။

"မိ ကို့ကို ဘာပြောချင်လို့လဲ"

မိ ဘာမျှမပြောသေးဘဲ သူ မေးလိုက်မိသည်။ မိက ဘာမျှ ပြန်မပြောဘဲ ခုတင်ပေါ်မှဆင်းကာ မင်္ဂလာဧည့်ခံပွဲ၏ အဝတ်အစားနှင့် လက်ဝတ်ရတနာတို့ကိုချွတ်၍ လဲလှယ်နေလေသည်။ ဓာနားတပ် ညဝတ်အင်္ကျီ ရှည်ရှည် ဖားဖားနှင့် ဆံနွယ်တို့ ပြေလျော့နေသော မိသည် နုနယ်သော မိန်းကလေးလေး တစ်ယောက်သဖွယ် ကြည့်မဝချင်စရာ ဖြစ်သော်လည်း ရင်ထဲမှ စိုးရွံ့မှုကြောင့် မကြည့်ရဲသလို ခံစားနေရသည်။

မိသည် ခုတင်ပေါ်သို့ ပြန်ထိုင်ရင်း သူ့ကိုစူးစိုက်စွာ ကြည့်နေပြန်သည်။

"ကို စိတ်ချမ်းသာနေလား ဟင်"

သူ စီးကရက် မီးညှိရင်းက ခေါင်းညိတ်ကာ 'ဘာဖြစ်လို့လဲ မိ' ဟု ပြန်မေးမိသည်။

"မိလည်း စိတ်ချမ်းသာလို့ပါ"

သူ မိ ဆက်ပြောလာမည့် စကားကို နားစွင့်နေမိသည်။

"မိ ရည်ရွယ်ခဲ့တာ ဒါပါပဲ ကိုရယ်။ သားတွေ၊ သမီးတွေ အရွယ်ရောက် သူတို့ခြေထောက်ပေါ် သူတို့ ရပ်တည်နိုင်သွားရင် မိခင် တစ်ယောက်အတွက် ဘဝမှာပြည့်စုံပြီလို့ ယူဆခဲ့လို့ ဒီအချိန်ထိ မိ စောင့်ခဲ့တာပါ။ မိအတွက်တော့ ဘဝဟာ အဓိပ္ပာယ်ရှိသွားပါပြီ"

မိစကားကို သူနားလည်နိုင်ဖို့ စဉ်းစားရင်း မိမျက်နှာပေါ်မှာ အရိပ်တွေကို ရှာဖွေနေမိသည်။ မိမျက်နှာသည် မြင်နေကျထက်ပို၍ တည်ငြိမ်ခြင်းကပဲ သူ၏စိုးရွံ့မှုကို နှိုးဆွနေခြင်း ဖြစ်မည်။

"ကို"

"ဘာလဲ မိ"



www.burmeseclassic.com

www.burmeseclassic.com



"မိနဲ့သမီး မင်္ဂလာခန်းဝင်ပစ္စည်းတွေ သွားဝယ်ရင်း မီနီမားကက်တစ်ခုမှာ ဘယ်သူနဲ့တွေ့ခဲ့တယ်ထင်လဲ ကို"

မိက ရုတ်တရက် ဖျတ်ခနဲ မေးလိုက်လျှင် သူ အံ့သြစွာဖြင့် နဝေတိမ်တောင် ဖြစ်နေဆဲမှာပင် မိက ဆက်ပြောသည်။

"မိ မခင်လှဲ့နဲ့ တွေ့ခဲ့တယ်"

"ဘာ"

မိပြောလိုက်သော ခပ်တိုတို စကားတစ်ခွန်းတွင် ပါလာသော နာမည်တစ်ခုသည် အနိုက်အတန့်မှာပင် သူ့ရင်ထဲကို လျှော်ပြိုလဲလိုက်သလို ပြောင်းဆန်အောင် လှုပ်ရှားသွားစေတော့သည်။

"မိ ဘာတွေ လာပြောနေတာလဲ"

အရှင်းကြီး ကြားလိုက်ရသော အကြောင်းကို ပြန်မေးနေမိသော သူ့အသံသည် သူ့အသံနှင့်မတူအောင်ပင် အက်ကွဲ တုန်ခါနေသည်။

"ကို့ရဲ့ တစ်ခါက မခင်လှဲ့လေ။ ကို မေ့နေပြီလို့တော့ မိက မထင်ပါဘူး။ မေ့ထားတာပဲ ဖြစ်ချင်ဖြစ်မှာပါ"

တည်ငြိမ်လွန်းသော မိ၏ မျက်ဝန်းတို့ကိုကြည့်ပြီး ပြင်းထန်သော စိုးရွံ့စိတ်က တစ်ကိုယ်လုံးသို့ စိမ့်ဝင်ပျံ့နှံ့သွားလေသည်။

"မိ ဒီအချိန်မှာ ဘာလို့ ဒီစကားတွေ ပြောရတာလဲ။ ကိုယ် စိတ်ချမ်းမြေ့နေတာကို မိ မမြင်ချင်ဘူးလား"

မိအပြုံးသည် သူ့အတွက် နှစ်သိမ့်ပြုံးတော့ ဟုတ်ဟန်မတူ။

"ဘာပဲဖြစ်ဖြစ်လေ မခင်လှဲ့ဟာ ကိုလက်ခံလို့ ကို့ဘဝထဲ ဝင်ခဲ့တဲ့ မိန်းမတစ်ယောက်ပဲလေ။ နောက်ပြီး ဖြစ်ခဲ့တဲ့အကြောင်း တွေကလည်း အိပ်မက်တွေမှ မဟုတ်တာ"

"ဟုတ်တော့ ဟုတ်တယ် မိ။ ဒါပေမယ့် အဲဒီအဖြစ်အပျက် တွေဟာ သိပ်ကိုကြာသွားခဲ့ပြီပဲ။ အခုမှ ဘာလို့ မိက..."





တကယ်တော့ မိပြောတာ မှန်ပါသည်။ သူ မခင်လှဲ့ကို မေ့စရာအကြောင်း မရှိခဲ့ပါ။ သို့သော် မိကို ချစ်ခင်မြတ်နိုးလှသော စိတ်ဖြင့် တမင်တကာ ကြိုးစားပြီး မေ့ထားခဲ့လေသည်။ မိနှင့်တကွ သားသမီး သုံးယောက်၏ သံယောဇဉ်ကြိုးမျှင်တွေက သူနှင့် မခင်လှဲ့ကြားရှိ နှောင်တွယ်မှုကို လွယ်ကူစွာပင် ဆွဲဖယ်ပစ်နိုင်ခဲ့လေသည်။

❖

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကို ကြာပြီဟု ယူဆလျှင် ရသော်လည်း စေ့စေ့တွေးလျှင် အရိပ်တို့က ပီပြင်စွာ မြင်ရတုန်း ဖြစ်သည်။

ထိုစဉ်က မြို့နယ်ဆရာဝန်အဖြစ် သူတာဝန်ကျရာ ဆေးရုံတွင် မခင်လှဲ့က ဆေးရုံ ရုံးခန်းမှ စာရေးမကလေး ဖြစ်ခဲ့သည်။ အသားဝင်းဝင်း၊ မျက်လုံးနက်နက်များနှင့် ဖျားစွာလှပသော မခင်လှဲ့သည် မြို့နယ်ဝန်ထမ်းများ လောကမှာတော့ နာမည်ထင်ရှား လူသိများခဲ့လေသည်။

သူနှင့် မခင်လှဲ့သည် လုပ်ငန်းခွင်မှာ ရင်းနှီးရင်း တဖြည်းဖြည်းနှင့် မခင်လှဲ့က သူ့ကို စိုးမိုးလာနိုင်ခဲ့လေသည်။ တကယ်တော့ မိနှင့် သားသမီး သုံးယောက်သည် ထိုအချိန်၌ ရှိနှင့်ပြီးဖြစ်သည်။ ထိုစဉ်က မိသည် ကျောင်းထားကာစ သားကြီး၏ပညာရေးကြောင့် သူ့နောက်သို့ ရုတ်တရက် မလိုက်လာနိုင် ရှာခဲ့ပေ။ အထီးကျန်နေသော သူသည် သူနှင့် အနီးဆုံးမှာရှိပြီး၊ သူ့အပေါ်မှာလည်း ညွတ်နူးနေပုံရသော မခင်လှဲ့ဆီသို့ တဖြည်းဖြည်းနှင့် အာရုံဝင်စားကာ ယိမ်းယိုင်လာမိတော့သည်။ အသိတရားဝင်ကာ နောက်ဆုတ်ရန် စဉ်းစားနေဆဲမှာပင် ခြေလှမ်းတွေက အလိုလိုနေရင်း ရှေ့သို့ တိုးမိကာ မရှောင်သာအောင် တွယ်ငြိခဲ့မိကြလေသည်။ နှစ်ယောက်သားသည် မှားမှန်း သိသိနှင့် နောက်ဆုတ်ရန် မကြိုးစားနိုင်ကြတော့ဘဲ ပင်လယ်ပြင်တွင်း သက်ဆင်းလျက် ဆားငန်ရေကို ငန်မှန်းသိသိ သောက်မိခဲ့ကြခြင်းပင်တည်း။ အကင်းပါးသော မိကလည်း သူနှင့် မခင်လှဲ့တို့၏အဖြစ်ကို တစ်စွန်းတစ်စ ရိပ်မိရုံမျှနှင့်ပဲ သူ့နောက်သို့ အမြန်ဆုံး လိုက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကြည့်စမ်း ကို၊ ဒါ ဘာလဲ"

မိသည် သူ့အိပ်ရာတွေကို ရှင်းခါ သိမ်းဆည်းရင်း ခေါင်းအုံးစွပ်ကြားမှာ မိန်းမဆံညှပ်တစ်ချောင်း တွေ့သွားခဲ့ခြင်းဖြစ်သည်။

သူ့အတွက် ရာသက်ပန် အမှားတစ်ခုကို ကျူးလွန်ခဲ့မိခြင်းအတွက် အပြေတစ်ခုမှန်း သိလိုက်ရလေသည်။ မိသည် စိတ်ထားကြီးမြတ်သည်နှင့်အမျှ ခိုင်မာသော မိန်းမတစ်ဦးသာတည်း။ သူ့အပေါ်တွင် ထိုပြဿနာနှင့်ပတ်သက်၍ ထုတ်ဖော်ငြူစူခြင်း ကင်းလျက် ထိုမြို့မှအမြန်ဆုံး ပြန်လည်ပြောင်းရွှေ့နိုင်ရေးကိုသာ ပါးနပ်လိမ္မာစွာ ကြိုးစားခဲ့လေသည်။ ထိုအချိန်က မိ၏ရင်တွင်းသို့ သူ ခန့်မှန်း၍မရနိုင်အောင် မိအမူအရာတွေက သိုသိပ်လွန်းလှသည်။

မိနှင့်မခင်လှဲ အိမ်မှာ ရင်ဆိုင်တွေ့ကြရင်း မခင်လှဲကို ပြောခဲ့သည့်စကားများကိုသာ သူသည် သံမှိုနှယ်စွဲနေတုန်းဖြစ် သည်။

"မခင်လှဲ စဉ်းစားပါ။ မိမှာ ကလေးသုံးယောက် မွေးပြီး ကိုကလွဲရင် ဘယ်သူမှ အားကိုးစရာမရှိပါဘူး။ မခင်လှဲက အခုမှ အသက်ငယ်ငယ်လေး။ ခုကိစ္စကလည်း နောက်ဆုတ်လို့ရတဲ့ အနေအထားပဲရှိပါသေးတယ်။ ကုန်ကုန်ပြောမယ် မခင်လှဲရယ်၊ နောက် မဆုတ်ချင်လည်း မိကတော့ ကို့ကို ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူး။ ဒီလိုပြောရတာ ဒီကလေးတွေရဲ့ ဘဝကြောင့်ဆိုတာတော့ မခင်လှဲ သိစေချင်တယ်။ မိရဲ့ သားသမီးတွေဟာ မိစုံဖစုံနဲ့ လောကအလယ်မှာ တင့်တောင်းတင့်တယ် ဖြစ်စေချင်တာ မိရဲ့ မှန်တဲ့သစ္စာပဲ"

ထိုစဉ်က မိနှင့်မခင်လှဲသည် အိမ်ပြင်ဝရန်တာမှာ သူပြန်ရောက်နေသည်ကို မသိခဲ့ကြပေ။ သူသည် မိန်းမသားနှစ်ယောက်ရှိရာ အိမ်ထဲသို့ မဝင်ရဲဘဲ ဆေးရုံသို့ ပြန်သွားခဲ့ရသည့်အဖြစ်သည် ခုချိန်မှာ ပြန်စဉ်းစားလျှင် ရှက်ဖွယ်လီလီ ဖြစ်ရပ်ပင်။ တကယ်တော့ သူ့အတွက် ထိုကာလများသည် ဘဝထဲမှ ဖဲ့ထုတ်ပစ်လိုက်ချင်သော အချိန်များပင် ဖြစ်တော့သည်။

ရန်ကုန်မြို့သို့ သူပြန်ပြောင်းလာခဲ့ပြီးသည့် နောက်ပိုင်း မှာတော့





သူနှင့်မခင်လှဲတို့ အလိုအလျောက် ဝေးကွာသွားခဲ့တော့သည်။ မိ၏ ပါးနပ်လိမ္မာမှုဖြင့်ပင် သူ၏အမည်းစက်သည် ထင်ကျန်ရစ်ခြင်းမရှိဘဲ သူ့ အသိုင်းအဝိုင်းတွင် ဖနီးနှင့် သားသမီးများအတွက် အားထားဂုဏ်ယူဖွယ်ရာ ဖခင်တစ်ဦး ဖြစ်လာခဲ့သည်။ အတိတ်တို့ ကျန်ခဲ့သော မြို့လေးတွင်လည်း မခင်လှဲ၏ စိတ်သဘောထားကြီးမြင့်စွာ နှုတ်ဆိတ်နေခဲ့မှုဖြင့် သူတို့နှစ်ယောက်၏ အကြောင်းသည် မပီမပြင်ရှိရာမှ တစ်စတစ်စ မှုန်ဝါးပျောက်ကွယ်သွားခဲ့ရလေသည်။ သည်သို့ဖြင့် သူသည် ကံကောင်း အကြောင်းလှသောလူတစ်ယောက်အဖြစ် ခိုင်မာစွာပင် ဘဝကိုရင်ဆိုင်လာနိုင်ခဲ့သည်။

သည်အချိန်ကျမှ 'မိ'သည် သူ့ကိုမည်သည့်အကြောင်း များကြောင့် သူသင်္ဂြိုဟ်ခဲ့ပြီးသော အတိတ်အား ပြန်လည်တူးဖော် ရင်ဆိုင်စေရပါသနည်း။

ယခုတော့ မိသည် သူနှင့်မဆိုင်သော အကြောင်းအရာကို ပြောနေသလို သူ့ကို မခင်လှဲအကြောင်းတွေ ပြောပြနေပြန်သည်။

"ကို့ မခင်လှဲက အရင်ကထက်တောင် လှနေလေရဲ့။ သူ့ အသက်လည်း ဘယ်ငယ်ပါ့မလဲ။ မိထက် ငယ်လှလေးငါးနှစ်ပေါ့။ ဒါပေမယ့် လေးဆယ်ဆိုတဲ့ အရွယ်နဲ့တောင်မလိုက်ဘူး။ သူ့ဘေးမှာလည်း သူ့သမီးလေးပါတယ်။ ထူးခြားတာက အဲဒီသမီးလေးက မိတို့ရဲ့သမီးနဲ့ အရမ်းတူနေတယ်ကို"

ဤအခါမှာတော့ မိစကားကို နားထောင်နေသော သူသည် ခုန်၍ပင်ထမိတော့မတတ် လန့်ဖျပ်သွားခဲ့သည်။

"ဘာပြောတယ် မိ"

"သမီးနဲ့ ညီအစ်မဆိုရင် ဘယ်သူမှ ငြင်းမှာမဟုတ်ဘူး လို့ပါ"

ရုတ်ချည်းမှာပင် သူသည် တာဝေးခရီးကို မနားတမ်း ပြေးလာရသူတစ်ယောက်ပမာ မောလျစွာဖြင့် အားအင်ချည့်နဲ့ သွားတော့သည်။ ခုချိန်မှာတော့ သူသည် မိ၏ စကားဦးတည်ရာကို ရိုးတိုးရိပ်တိတ် သဘောပေါက်စပြုခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မိက အဲဒီကလေးမဟာ ကို့သမီးလို့ ပြောချင်တာလား"

"ငြင်းစရာ မလိုတဲ့အကြောင်းပဲ ကိုရယ်။ ကို့အကြောင်းကို ကိုပိုသိမှာပါ။ အဲဒီကောင်မလေးဟာ မိရဲ့သမီးလိုပဲ ကို့မျက်လုံးနဲ့ ကို့နှုတ်ခမ်းကို အမွေရထားတယ် သိလား"

မိ၏မျက်ဝန်းတွင် မျက်ရည်တို့ဖြင့် ရွှန်းစိုလာခြင်းကို သူ အံ့ဩစွာဖြင့် ငေးမောရင်း ပြီးခဲ့သမျှသည် အိပ်မက်မဟုတ်ခြင်းအား ခုချိန်မှာ ပို၍ ပီပြင်စွာ သိရှိနားလည် သွားလေတော့သည်။

"မိ သူတို့သားအမိနေတဲ့ လိပ်စာကို မရရအောင် စုံစမ်းထားတယ်။ ကိုသွားတွေ့လိုက်ပါ။ အခုအချိန်မှာတော့ မခင်လှဲကို မိခင်တစ်ယောက်အနေနဲ့ မိ ကိုယ်ချင်းစာတတ်ပါပြီ ကို။ မိတစ်ခုပဲ အံ့ဩတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကို့ အပေါ်မှာ မခင်လှဲ ရေငုံနှုတ်ပိတ်နေခဲ့တာကိုပါပဲ"

မိသည် ခုတင်ပေါ်မှဆင်းလျက် ကျောက်ရုပ်လို ငြိမ်သက်သွားသော သူ၏ ခန္ဓာကိုယ်နံဘေးမှ ဖြတ်၍ အခန်းပြင်ဘက်သို့ ဖြည်းညင်းစွာ ထွက်ခွာသွားသည်။ အိမ်အပြင်တွင် လရောင်က ထိန်လင်းစွာ ဖြာကျနေသည်။ လေအငွေ့တွင် သစ်ရိပ်များ ယိမ်းထိုးလှုပ် ရှားနေသလို သူ့အတွေးများမှာလည်း မငြိမ်သက်နိုင်ကြတော့ပေ။

မေ့ထားတာ ကြာပြီဖြစ်သော မခင်လှဲသည် မိ၏ ဆွဲဖယ်မှုဖြင့် ဖွင့်ဟသွားသော သူ့ အတွေးအိမ်တွင်းသို့ တရွေ့ရွေ့နှင့် လှမ်းလို့ လာနေသည်။

❖

လေကားက ကျဉ်းမြောင်းသလို မတ်စောက်လှသည်။ ဆေးများ လွင့်ပြယ်နေသော တိုက်နံရံတို့သည် အလင်းရောင် ကောင်းစွာ မရရှိမှုကြောင့် ပို၍ အိုဟောင်းနေလေသည်။ သူသည် မိပေးလိုက်သော လိပ်စာကတ်ပြားလေးကို ကြည့်ပြီး၊ သုံးထပ်မြောက် အရောက်တွင် အခန်းတစ်ခုရှေ့မှာ





ရပ်လိုက်မိသည်။ ထိုအချိန်၌ သူသည် မောပန်းနွမ်းနယ်လျက် ရှိပြီး၊ နှလုံးတို့မှာလည်း တဒိတ်ဒိတ် ခုန်နေခဲ့သည်။

တံခါးကို တစ်ချက်ချင်း၊ လေးပင်စွာ ခေါက်မိပြီးသည့် အချိန်မှာတော့ အစစအရာရာကို ရင်ဆိုင်ရန် အားမွေးပြီး ဖြစ်လေသည်။

တံခါးဖွင့်လာချိန်တွင် အခန်းထဲတွင် နိုင်ငံခြား တေးသွားသံသည် လွင့်ပျံ့ကာနေဆဲဖြစ်သည်။ တံခါးလာဖွင့်ပေးသော မိန်းမရွယ်သည် သူ့ကို ခပ်စိမ်းစိမ်းကြည့်ပြီး၊ "ဘာကိစ္စလဲ"ဟု အသံပြတ်နှင့် မေးလေသည်။

"ဒီအိမ်က ဒေါ်ခင်လှဲနဲ့ တွေ့ချင်လို့ပါ"

"ဒေါ်ခင်လှဲ၊ ဩော် မမလှဲကို ပြောတာပေါ့။ ဟုတ်ပါတယ်။ ဒါ သူ့အိမ်တော့ သူ့အိမ်ပါပဲ။ ဒါပေမယ့် မမလှဲ မရှိဘူး"

"ဒါဖြင့် သူ့သမီး"

"ဩော် စိုးယုလား ရှိတယ် ရှိတယ်"

မိန်းမရွယ်က သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး နောက်ဘက်သို့ လှည့်ကာ "စိုးယုရေ၊ ဒီမှာ ညည်းဧည့်သည်ဟေ့"ဟု လှမ်းအော်ပြီး သူ့ကိုလည်း တစ်ချက်ပြုံးပြ၍ ဝင်ရန် လမ်းဖယ်ပေးလေသည်။

ဧည့်ခန်းသည် ပေနှစ်ဆယ်လောက် ရှည်၍ ဆယ့်ငါးပေလောက်တော့ ကျယ်မည် ထင်သည်။ ဖယောင်းပုဆိုး လိမ္မော်ရောင် ခင်းထားလျက် ဗိုင်ဘာဆက်တီများ၊ တီဗီ၊ ရေခဲသေတ္တာ၊ ပန်ကာ စသည့် အဆောင်အယောင်များဖြင့် ပြည့်စုံစွာရှိသော်လည်း အားလုံးသည် ဖရိုဖရဲဖြင့် ပွစာကြဲနေသည်။ ထိုအထဲမှာမှ မိန်းကလေး သုံးယောက်ခန့်က ကြမ်းပြင်ပေါ် နေရာအပြည့်ယူကာ ဗွီဒီယိုကြည့်နေကြသည်။ ဗွီဒီယိုကို တည့်တည့်ရင်ဆိုင်မိသော သူသည် ရုတ်တရက်မှာပင် ကြက်သီးမွေးညင်းများ ထလျက် မျက်နှာတစ်ပြင်လုံးထူအန်းကာ မျက်လုံးများကို ဆတ်ခနဲ လွှဲပစ်လိုက်ရသည်။ သို့တိုင်အောင် မှန်သားပြင်မှ အသွင်တို့သည် သူ့ သူငယ်အိမ်တွင်း၌ တွယ်ငြိ ကပ်ပါလာသလို ခံစားရကာ အနေရ အထိုင်ရခက်စွာ ရှိဆဲမှာပင် အခန်းတွင်းမှ သူ့သမီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆင်သော မိန်းကလေးတစ်ယောက်က ခပ်သုတ်သုတ် ပြေးထွက်လာသည်။

“ဟော့ ‥ ဟော့ နှင်တို့ဗွီဒီယို ရပ်လိုက်ဦးလေ။ ဒီမှာ ငါ့ဧည့်သည် ရောက်နေတယ်”

မိန်းကလေးက ပြောင်ချော်ချော် အမူအရာဖြင့် ဗွီဒီယိုကို ပိတ်ခိုင်းလိုက်ပြီးမှ သူ့ဘက်သို့ မျက်နှာမူလေသည်။ နှုတ်ခမ်းတို့ကို ရဲတွတ်နေအောင် ဆိုးထားကာ ဂျင်းအောင်းဘီရှည်နှင့် ဒူးဆစ်နီးပါးရှည်သော ရှပ်အင်္ကျီ ပွပွကြီးကိုဝတ်လျက် အနောက်တိုင်း ရုပ်ရှင်မင်းသမီးများသဖွယ် သူ့ကို မျက်လွှာမေးစင်းပြီး ကြည့်နေသော မိန်းကလေးသည် သူ့သမီး စိုးယုတဲ့လား။ သူ့ရင်သည် ထိုခဏ၌ တသိမ့်သိမ့် ကြေကွဲသွားမိလေသည်။

“ရှင့်ကို စိုးယု မမြင်ဖူးပါဘူး”

မိန်းမငယ်၏ နှုတ်ဆက်စကားမှာ သိမ်မွေ့စွ တကား။ မိပြောသော သူ့မျက်လုံးနှင့် နှုတ်ခမ်းများကို အမွေရထားသည်ဆိုသည့် သူ့သမီး၏ မျက်နှာလေးကို သူရဲရဲပင် မကြည့်ဝံ့တော့။

“ဦးက သမီးမေမေရဲ့ မိတ်ဆွေဟောင်းပါ”

ထိုစကားကိုတော့ သူပြောလိုက်နိုင်သေးသည်။ ထိုအခါမှာတော့ စိုးယု အနည်းငယ် အံ့သြဟန်ပြုပြီးမှ ဘာကို သဘောကျသွားသည်ကို မသိဘဲ အသံထွက်အောင် တစ်ချက်ရယ်လိုက်သည်။

“သြော် ‥ ဦးကလည်း၊ ဒီအချိန်ဆို မာမီ မရှိတတ်ဘူးလေ။ အပြင်သွားတယ်။ ဦးစောင့်ချင်ရင်တော့ စောင့်လိုက်ဦးပေါ့။ ပြန်လာခါနီးပြီတော့ ထင်ပါတယ်”

လာမိမှတော့ မထူးပြီ။ သူ့ကို လူထူးလူဆန်းသဖွယ် ဝိုင်းကြည့်နေသော ကလေးမတို့၏ မျက်လုံး သုံးလေးစုံကို အတားအဆီးမရှိ ရင်ဆိုင်ရင်း နီးရာ ကုလားထိုင်တစ်လုံးတွင် အသာဝင်ထိုင်လိုက်ရသည်။ ခဏနေတော့ စောစောက ဗွီဒီယိုကြည့်နေသော မိန်းကလေး သုံးယောက်က ထပြန်သွားကြလေသည်။ ဒီအခါတွင်မှ သူ အနည်းငယ် အသက်ရှူချောင်သွားလျက်





စီးကရက် တစ်လိပ်ကို မီးညှိကာ ဖွာရှိုက်ရင်း ကုန်ခဲလှသော **အချိန်တို့ကို** မောပန်းနွမ်းယိစွာဖြင့် စောင့်နေရလေသည်။ သူ့သမီးဆိုသည့် စိုးယုမည်သော မိန်းမငယ်ကတော့ အခန်းထဲ ပြန်ဝင်သွားပြီးနောက် ပေါ်မလာတော့။

စီးကရက်တစ်လိပ် ကုန်ခါနီးမှ တံခါးခေါက်သံနှစ်ချက်ကို ကြားရလေသည်။ “မာမီပြန်လာပြီထင်တယ်” ဟူသော စီလွင်သည့် အသံလေးနှင့်အတူ စိုးယုပြေးထွက်လာပြန်ကာ တံခါးကို ခပ်သွက်သွက် ဖွင့်ပေးလိုက်သည်။ ဝင်လာသူက သူစောင့်နေခဲ့သည့် စိုးယုမာမီ(သို့မဟုတ်) တစ်ခါက သူ၏ မခင်လှဲ့ အစစ်ပင်တည်း။ အမျှော်ကြီးမျှော်ဆဲ ရောက်လာခြင်း ဖြစ်သော်လည်း သူ့အမောတို့သည် မပြေသည့်အပြင် ထပ်ဆင့်၍သာ ထုထည်ကြီးမား လာတော့သည်။

မခင်လှဲ့သည် ရုတ်တရက် သူ့ကိုမြင်လိုက်ရသဖြင့် အလွန်တရာ အံ့သြသွားပုံရသော်လည်း ခဏသာဖြစ်လေသည်။ ချက်ချင်းပင် မထူးခြားသည့် အမူအရာသို့ ပြောင်းလဲပစ်လိုက်ကာ သူ နှုတ်မဆက်ရသေးခင်မှာပဲ သူ့ကိုစပြီး နှုတ်ဆက်လေသည်။

“သြော် ဦးကောင်းဦးပါလား။ လွဲ့ လွန်ခဲ့တဲ့ တစ်လကျော်လောက်က ဦးကောင်းဦးရဲ့ ဇနီးနဲ့ ဈေးဝယ်ရင်း တွေ့ခဲ့သေးတယ်”

စိုးယုကတော့ သူ့အမေလက်ထဲမှ ပစ္စည်း တစ်ပွေ့တစ်ပိုက်ကြီးကို ဆီးကြိုပွေ့ပိုက်ကာ ဝမ်းသာအားရ တစ်ခုပြီးတစ်ခု ထုတ်ကြည့်နေသည်။

“မာမီ များလှချေလား၊ ဘယ်သူပေးလိုက်တာလဲ”

“ဟယ်ရီ သင်္ဘောက ပြန်ရောက်လာပြီလေ။ အောက်မှာ ပါတယ်။ သူ့မိတ်ဆွေတွေရောပဲ မာမီ သမီးကို လာပြန်ခေါ်တာ။ ဟယ်ရီက မာမီတို့သားအမိကို ရှိုင်းရယ်ဂါးဒင်းမှာ ဒင်နာကျွေး မလို့တဲ့”

“အိုကေ မိုက်တယ်ဟေ့။ ဒါဆို စိုးယု ရေချိုးလိုက်ဦးမယ်။ နာရီဝက်တော့ စောင့်ဦးလို့နော် မာမီ”

ချက်ချင်းပင် စိုးယုက အိမ်ထဲသို့ မြူးတူးခုန်ပေါက်လျက် ပြေးဝင်သွားတော့သည်။ နှစ်ယောက်တည်း ကျန်ရစ်သောအခါမှ သူသည်



www.burmeseclassic.com

www.burmeseclassic.com



မခင်လှဲ့၏မျက်နှာကို စိုက်ကြည့်လျက် သည်မျက်နှာ၊ သည်ကိုယ်နေဟန်ထားတို့သည် တစ်ချိန်က သူနှင့်ရင်းနှီးကျွမ်းဝင် ခဲ့ဖူးသည်မှာ အိပ်မက်မဟုတ်ခဲ့ပါလားဟု တွေးနေမိပြန်သည်။ ပန်းဆီရောင် ပိုးပျော့ဝတ်စုံနှင့် မခင်လှဲ့သည် များစွာစွဲမက်ဖွယ်ရာ ချောမောလှပနေသော်လည်း သူ့အတွက်တော့ ရင်နှင့်ဖွယ်ရာ ခါးသီးမှုတစ်ရပ်ကို ဖန်တီး၍ နေလေသည်။

"ဦးကောင်းဦး ဘာလာလုပ်တာလဲ"

"ကိုယ် မခင်လှဲ့တို့ သားအမိကို လာတွေ့တာပါ"

မခင်လှဲ့သည် နူးညံ့စွာပြုံးရင်း ခေါင်းကို ယမ်းလေသည်။

"ခုချိန်မှတော့ မထူးတော့ပါဘူး ဦးကောင်းဦးရယ်"

မခင်လှဲ့၏ တိုးတိတ်စွာ ညင်သာသောစကားကို သူ ဂရုမစိုက်ဘဲ စိတ်ထဲမှာ အုံနွေးနေသည့်အကြောင်းကို အချိန်မဆိုင်းဘဲ ဆက်ပြောလိုက်သည်။

"မိက ပြောတယ်။ လှဲ့သမီးလေးက ကိုနဲ့မိရဲ့ သမီးလေးနဲ့ သိပ်တူတာပဲတဲ့"

ဤအခါမှာတော့ မခင်လှဲ့ အသံထွက်အောင်ပင် ရယ်မောနေတော့သည်။ ရယ်သံမပြယ်တပြယ်တွင် "တူသလား"ဟု လှမ်းမေးသည်။ သူ့ရင်ထဲတွင် နင့်ခနဲဖြစ်ကာ ပြန်မဖြေတတ်တော့ပေ။

"ရုပ်ချင်းတော့ တူချင်တူမှာပေါ့။ ဒါပေမယ့် လှဲ့သမီး စိုးယုရဲ့ဘဝနဲ့ ရှင့်ဇနီးမိရဲ့ သမီးဘဝကတော့ တခြားစီပဲလေ။ ဘယ်လိုမှ ဆက်စပ်လို့ မဖြစ်တော့ပါဘူး"

မခင်လှဲ့သည် ရယ်မောနေရာမှ ရုတ်ခြည်းပင် မျက်ရည်တွေ ဝဲလာကာ မျက်ဝန်းတစ်ဝိုက်တွင် ရွှန်းစိုလာပြန်သည်။ လှဲ့က မျက်နှာကို မော့ကာ သူ့ထံမှ အကြည့်ကို လွှဲပစ်လိုက်ရင်း...

"စိတ်ကူးမယဉ်ချင်တော့ဘူး ဦးကောင်းဦးရယ်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကသာ ရှင်နဲ့ပြန်ဆုံရရင် လှဲ့ အရမ်းဝမ်းသာမှာပါ။ ခုတော့ အစစအရာရာ နောက်ကျသွားခဲ့ပါပြီ"





မခင်လှဲ့က ဆွေးရိပ်သမ်းလာသော အသံတွင် သူ နှစ်မျောလျက် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က အဖြစ်တို့သည် အနီးဆုံးသို့ လေအလျင်ပမာ လျင်မြန်စွာ ရောက်ရှိလာကြပြန်သည်။ တကယ်တော့ သူသည် မခင်လှဲ့ကို ခလုတ်တိုက်မိခြင်း မဟုတ်ပါတကား။

"ဒါပေမယ့် လှဲ့ စိုးယုနဲ့ပတ်သက်လို့ ကိုယ့်မှာတာဝန်"

သူ့စကားကို အဆုံးသတ်ခွင့်ပင် မခင်လှဲ့က မပေးတော့ဘဲ ကမန်းကတန်း လက်ကာရင်းက "နေပါစေမလိုပါဘူး ဦးကောင်းဦး၊ တကယ်ပြောတာပါ" ဟုတားမြစ်လေသည်။ ပြီးတော့မှ...

"ဦးကောင်းဦး သိအောင် တစ်ခုပဲပြောချင်ပါတယ်။ လောကမှာ ကိုယ်မွေးထုတ်လိုက်တဲ့ သားသမီးကို မသိတဲ့ မိခင်ဆိုတာ မရှိပါဘူး။ ကိုယ့်ကြောင့် လူဖြစ်လာတဲ့၊ သားသမီးရှိလို့ ရှိမှန်းမသိတဲ့ ဖခင်တွေသာ ရှိနေတတ်တာပါ။ သဘာဝကလည်း ဒါကို ခွင့်ပြုထားတာမို့ လှဲ့အနေနဲ့ ကြုံသမျှကို ခါးစည်းပြီး ရင်ဆိုင်ခဲ့ပါတယ်ဆိုတဲ့ အဖြစ်ပါပဲ"

"မင်း အဲဒီအချိန်တုန်းက ဒါတွေ ဘာလို့မပြောခဲ့လဲလှဲ့"

"မမေးနဲ့တော့ ဦးကောင်းဦးရယ်၊ တစ်ခုတော့ရှိတယ်။ သမီးကို လှဲ့ မမွေးဘူးလို့ အဲဒီအချိန်က ဆုံးဖြတ်ခဲ့လို့ပဲ"

"လှဲ့ရယ်"

"ဒါပေမယ့် လှဲ့ မကြာခင်မှာပဲ မိခင်စိတ်တွေ ဝင်လာ ခဲ့တယ်"

"ကိုယ် ဘာမှမသိခဲ့ဘူးလဲ့"

မခင်လှဲ့သည် မျက်ဝန်းတွေ စိုစွတ်နေသည့်ကြားက အားယူလျက် ပြုံးနေလေသည်။

"အခုတော့ လှဲ့ ပတ်ဝန်းကျင်၊ လှဲ့အသိုင်းအဝိုင်းမှာ စိုးယုလို ကလေးတွေ အများကြီးပါပဲ ဦးကောင်းဦး။ ရှင့်ကို သူ့အဖေမှန်း ခုမှ သိစေရင်လည်း စိုးယုအတွက် ဘာမှထူးခြားတော့မှာ မဟုတ်ပါဘူး။ ရှင့်အနေနဲ့လည်း လှဲ့တို့သားအမိနဲ့ ခုချိန်မှ လာပတ်သက်လာရင် ရှင့်ရဲ့ အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



ခံညားနေတဲ့ဘဝပါ နာသွားလိမ့်မယ်။ ရှင် လဲ့ပြောတာကို နားလည်မယ် ထင်ပါတယ်''

မခင်လဲ့သည် ပြောစရာ စကားတွေ ကုန်သွားသလို သူ့အနားမှ ခွာလျက် တံခါးဝဆီကို လျှောက်သွားကာ တံခါးကို ဆွဲဖွင့်လိုက်လေသည်။

''ကဲ… ရှင်ပြန်ပါတော့ စိုးယုလည်း ထွက်လာခါနီးပြီ''

သူသည် ဦးနှောက်တွေ ဆူပွက်လျက် အတွေးတွေ လွန်းပျံသဖွယ် ဟိုဒီကူးယှက်ကာ ဘဝအတွက် အမောပန်းဆုံးအချိန်တွေကို ထာဝရ ဖြတ်ကျော် ရတော့မည့်အရေး တွေးမိကာ ဖြေမပြေနိုင်တော့ပေ။ တကယ်တော့ သူက အိပ်မက်ဟု တစ်လျှောက်လုံး ယူဆခဲ့သော မခင်လဲ့နှင့်သူ့အကြောင်း သိရှိလိုက်ရပြီဖြစ်လေသည်။ ဤခဏ၌ သူအတောင့်တဆုံးမှာ သူသည် အသေးငယ်ဆုံးသော မြူမှုန်တစ်ခုအဖြစ်နှင့် စကြဝဠာအတွင်းမှ လွင့်စင် ပျောက်ကွယ်သွားလိုခြင်းပင် ဖြစ်တော့သည်။

မခြူးပွင့်

---

မဟာမဂ္ဂဇင်း၊ အမှတ်(၅)၊ စက်တင်ဘာလ၊ ၁၉၉၆-ခုနှစ်။



# အိပ်မက်အမှတ် – ၁၇

---

ကိုချစ်

www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်အမှတ် - ၁၇

စက်ဘီးလက်ကိုင်ကို ဆုပ်ထားတဲ့ လက်နှစ်ဖက်စလုံး ထုံပြီးတော့ ကျဉ်နေပြီ။

ရင်ဘတ်ကို လေမတိုးအောင် ဂျာကင်ဇစ်ကို အပေါ်ထိ ဆွဲစေ့ထားရတယ်။ ပြီးတော့ ဖလန်နယ်မာဖလာနဲ့ ခေါင်းကို ခပ်တင်းတင်းပတ်ထားသေးတယ်။ ဒါတောင် တစ်လမ်းလုံး လေတိုးခံထားရတဲ့ နားသီးဖျားနဲ့ နားရွက်ဖျားကို စမ်းကိုင်ကြည့်တော့ ရေခဲမှတ်နား ကပ်နေသလား ထင်ရတယ်။

ဥရောပလို ဖွေးဆွတ်နေအောင် အဖြူပွင့်ကြီးတွေ မဟုတ်ပေမယ့် သေချာကြည့်ရင် မြင်နိုင်တဲ့ နှင်းမှုန်နှင်းဖွားလေးတွေက မျက်နှာတစ်ခုလုံးကို အရှိန်နဲ့ ပြေးပြေးပြီး တိုးတိုက်သွားကြတယ်။ ကြာလာတော့ နှာခေါင်းပိတ်ပြီး နှာရည်တောင် ယိုလာတယ်။

လက်ကနာရီကြည့်လိုက်တော့ ခုနစ်နာရီထိုးဖို့ ဆယ်မိနစ်ပဲ လိုတော့တယ်။ ပြာမှုံမှုံ နှင်းထုကြားမှာ နီကြင်ကြင် ပြာသာဒ်တွေကို ကြည့်ရတာ ဗုဒ္ဓဝင်ပန်းချီကား တစ်ချပ်လိုပဲ။





လမ်းဘေး ပလက်ဖောင်း ဝဲယာမှာတော့ လမ်းလျှောက်သူလျှောက်၊ ပြေးသူပြေးကြနဲ့ စည်ကားနေပြီ။ မိန်းကလေးတွေ အပါအဝင် လူငယ် တော်တော်များများကတော့ ဘောင်းဘီ အရှည်တွေနဲ့ချည်းပဲ။ တချို့လည်း ထရက်ဆုနဲ့ပေါ့လေ။

တချို့က မှန်မှန်ကလေး ပြေးနေကြတယ်။ တချို့ကတော့ တံတောင်ဆစ်ကိုချိုး၊ ခါးကိုမတ်၊ တင်ကိုနောက်ပစ်ပြီး ပုံစံမှန်မှန်နဲ့ လျှောက်နေကြတယ်။ ကြည့်လို့တော့ ကောင်းသား။

တတိယအရွယ်ပိုင်း တချို့ကတော့ တုတ်ကောက်ကို ဟန်ပါပါ လွဲလျှောက်ကြတယ်။ အမယ် တချို့များ အတွဲလိုက် စကားတပြောပြောနဲ့။

တချို့များ ဘယ်အချိန်ကများ အိပ်ရာက ထလာကြတယ် မသိဘူး။ ပလက်ဖောင်းပေါ်က နောက်မှီခုံမှာ နောက်လှန်ပြီး အသက် ပြင်းပြင်းရှူရင်း အမောဖြေနေကြပြီ။

အချိန်ရင့်လာမှ နှင်းက ပိုတောင် ထူလာသေးတယ်။

ရှေ့ကိုက်သုံးဆယ်လောက်ပဲ ကွဲကွဲပြားပြား မြင်ရတယ်။ ကားတွေကတော့ ရှေ့မီးဖွင့်ပြီး မောင်းရတယ်။ ကားမီးက ဖြာထွက်လာတဲ့ အလင်းတန်းတွေက နှင်းမှုန်၊ နှင်းပြောက်တွေကို တွန်းတိုက် တိုးဝှေ့ပြီး လမ်းပြနေတယ်။

မင်္ဂလာတံတားကျော်တော့ မျက်နှာချင်းဆိုင်က ပြေးလာတဲ့ မိန်းကလေးသုံးယောက်ထဲက တစ်ယောက်က လှမ်းနှုတ်ဆက်တယ်။

"ဆရာ..." တဲ့

တပည့်ထဲက တစ်ယောက်ယောက်ပဲ ဖြစ်မှာပေါ့။ ဒီလောက်များတဲ့ ကျောင်းသားတွေထဲမှာ ဘယ်လိုလုပ်မှ မမှတ်မိနိုင်ဘူး။ သူတို့ကတော့ ကိုယ့်ကိုသိမှာပေါ့။

ကျော်ဟိန်းကို လူတိုင်းသိပေမယ့် ကျော်ဟိန်းကတော့ လူတိုင်းကို မသိနိုင်ဘူးလေ။ ဒါနဲ့ မရိုင်းအောင် "ဟော်.. အေး အေး" လို့သာ ကယောင်ကတမ်း တုံ့ပြန်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်ကြီးမွန်အဝင်ဝဘေးမှာ စုပေါင်းပြီး လှေကျင့်ခန်း လုပ်နေကြတာ။ ဆယ်ယောက်၊ ဆယ့်ငါးယောက်လောက် ရှိမယ်။ အနားရောက်မှ သေချာကြည့်တော့ အားလုံးဟာ ငါးဆယ်နဲ့ခြောက်ဆယ် တန်းချည်းပဲ။

ပြီးတော့ အားလုံးက ဘောင်းဘီရှည် အပွကြီးတွေနဲ့။

ဧပြီမှာ လေးဆယ်ပြည့်ခဲ့တာဆိုတော့ ကိုယ့်အသက်အရွယ် အရဆိုရင် ဒီလိုမျိုး ဖြစ်သင့်ပြီ။

ကျန်းမာရေးအတွက် လူ့ဘဝကို အသက်ရှည်ရှည် နေလို့ရဖို့ မနက်စောစောထ၊ လိုက်ချင်တဲ့ကလေး လိုက်ခဲ့၊ နိုးမရတဲ့ကောင် နေပစေ။ လမ်းလျှောက်ထွက်မယ်။ ကျုံးကိုဖြတ်တိုက်လာတဲ့ လေကောင်းလေသန့် လတ်လတ်ဆတ်ဆတ်ကို အဆုတ်ထဲထိ အားရပါးရ ရှိုက်သွင်းမယ်။ ကော့ကော်ကန်ကား လှေကျင့်ခန်းလေး နည်းနည်းပါးပါးလုပ်၊ ချွေးကလေး စို့လာသည်အထိ အိမ်အရောက် ခပ်သွက်သွက် ပြန်လျှောက်။

အိမ်ရောက်တော့ ပေါင်မုန့်တစ်ချပ်နဲ့ နွားနို့ ဒါမှမဟုတ် ကော်ဖီ ပူပူလေး တစ်ခွက်သောက်၊ ရာသီစာ အသီးအနှံတစ်ခုခုစား၊ မနက်ဆိုတော့ အကောင်းဆုံးကတော့ သင်္ဘောသီးဆိုကောင်းရဲ့။

ပြီးမှရေနွေးနဲ့စပ်ပြီး ရေချိုးရင်ချိုး၊ မချိုးရင် ခြေလက် စင်အောင်ဆေး၊ အဝတ်အစားလဲ၊ ကျောင်းသွား။ ဟန်ကိုကျလို့။

မသိလို့မှ မဟုတ်တာ။ ဒီအသက်အရွယ် ဒီလိုနေသင့်တယ် ဆိုတာ သိတာပေါ့။ နေချင်တာပေါ့။

ဒါပေမယ့် ကိုယ်က သူများနဲ့တူသလား၊ ကိုယ့်အခြေအနေ ပလက်ဖောင်းပေါ်က လူတွေရဲ့အခြေအနေက တူသလား၊ ဟိုတုန်း ကတော့ အလုပ်မရှိဘဲ ပလက်ဖောင်းပေါ် လျှောက်သွားနေတဲ့သူ ဆိုတာ၊ ကလေကချေလို့ လူကြီးတွေ ပြောကြတာ ကြားဖူးတယ်။ ခုအဲဒီလူကြီးတွေကို ခေါ်ပြချင်တယ်။ ပြီးတော့ သူတို့စီးထားတဲ့ ဝေါ့ကင်းရှူး အနွေးထည်နဲ့ ဂျင်းပင်တန်ဖိုးတွေကို တွက်ပြလိုက် ချင်တယ်။





ဒါကတော့ ဆိုလိုတာက သူတို့က ကျန်းမာရေးအတွက် အသက်ရှည်အောင် ဒီလိုနေကြတာ။ ကိုယ်က သူတို့လုပ်သလို လိုက်လုပ်ရင် အသက်တိုမှာ သေချာတယ်။

တွက်ကြည့်လေ။

မနက်လေးနာရီခွဲတာနဲ့ အိပ်ရာက လင်မယားနှစ်ယောက် စလုံးထရတယ်။ ဒါတော့ သူတို့နဲ့ အတူတူလောက်နေမှာပဲ။

ကိုယ်က ထင်းမီးဖိုကို မွှေးရတယ်။ မိန်းမက ညကတည်းက ပြုတ်ထားတဲ့ ငါးရိုးတွေထုထောင်းပြီး၊ အရည်ငင် မုန့်ဟင်းခါးအိုး စ,တည်ရပြီ။ သူက ကြက်သွန်တို့၊ ငှက်ပျောဖတ်တို့ လှီးချွတ်နေချိန်မှာ ကိုယ်က ပြုတ်ပြီးသား ကုလားပဲကို ဆန်ခါစိပ်နဲ့ တိုက်ချပြီး ချေရတယ်။

ပြီးရင် အိမ်ရှေ့မှာတင်ပဲ စားပွဲတွေ၊ ဖင်ထိုင်ခုံအပုလေးတွေ အစီအရီချပေးပြီး၊ ဆိုင်ခင်းရတယ်။ ပြီးရင် အကြီးနှစ်ကောင်ကိုနှိုး၊ တညည်းညည်းနဲ့ ထလာပြီး မျက်နှာသစ်၊ အိမ်သာတက်နဲ့ နာရီဝက်လောက် အချိန်ဖြုန်းသေးတာ။

"ဟဲ့ . . . မပြီးသေးဘူးလား၊ သွက်သွက်လုပ်စမ်း၊ နေမြင့်သွားလိမ့်မယ်"

နောက်ကနေ မီးစနဲ့တို့သလို မြည်တွန်တောက်တီးနိုင်မှ၊ ပြီးရင် တစ်ယောက်က မုန့်ဖတ်သွားဝယ်ရတယ်။ တစ်ယောက်က တောက်တိုမည်ရ လိုတာလုပ်ပေးပေါ့လေ။

ဒါနဲ့ပဲ ခြောက်နာရီခွဲ၊ ခုနစ်နာရီမတိုင်ခင်း ရောက်သွားတာပဲ။

ငယ်ငယ်က ဝတ္ထုစာအုပ်တွေထဲမှာ ဖတ်ရဖူးတယ်။ တက္ကသိုလ် ဆရာဆိုတာ သိပ်အားကျတာပေါ့။ ကိုယ်က ကျောင်းသားဘဝမှာ မြင်ရ တွေ့ရတော့ သိပ်အထင်ကြီးတာပဲ။ ပညာရှိကြီးတွေပေါ့လေ။

ကိုယ်ပိုင်ကားလှလှလေးတစ်စီးကို ကိုယ်တိုင်မောင်းပြီး ကျောင်းကို လာမယ်၊ မိန်းတောင်ဘက်က ကဏ္ဍပြင်ရိပ်မှာ ကားကို ထိုးရပ်လိုက်၊ ကားမှန်



www.burmeseclassic.com

www.burmeseclassic.com



တွေတင်လိုက်ပြီး ကူရှင်ပေါ်က တိုက်ပုံအင်္ကျီကို ပခုံးပေါ်မှာ လက်ညှိုးလေးကောက်ပြီး ချိတ်ထားလိုက်မယ်။ ပြီးတော့ အင်္ဂလိပ်စာအုပ် နှစ်အုပ်လောက် ချိုင်းမှာညှပ်ပြီး ကားသော့ ပိတ်လိုက်မယ်။ ပြီးရင် မိန်းလှေကားထစ်ပေါ်ကို တစ်လှမ်းချင်း မှန်မှန်လေး တက်သွားမယ်။

ဘယ်လို အရသာရှိမှန်း မသိဘူး။

ဒါပေမယ့် လက်တွေ့ တကယ့်ဘဝမှာ ကျတော့ "လက်ထောက်ကထိက"ဆိုတာကလွဲလို့ ကျန်တာတစ်ခုမှ ဖြစ်မလာခဲ့ဘူး။ ကိုယ်ပိုင်ကားထားဦး၊ စက်ဘီးတောင် အနိုင်နိုင်။

အင်း… ဒီတော့ စာပဲသင်ရတာပေါ့လေ။

အဲဒီလို ရတဲ့အချိန်ကလေးကို လုယက်ကုတ်ခြစ်ပြီး ရှာရဖွေရဖန်များလာတော့ ကိုယ့်ဌာနဆိုင်ရာ အကြီးအကဲက မကြည်တော့ပြန်ဘူး။

အဲဒီတော့ ကလပ်စ်ရှိရှိ၊ မရှိရှိ ဘယ်အချိန်ထက် နောက်မကျရဘူး။ ဘယ်အချိန်ထက် စောမပြန်ရဘူးစတဲ့ စည်းကမ်းတွေ ထုတ်လုပ်တော့တာပေါ့။

သူကတော့ ကိုယ့်အခြေအနေကို နားလည်နိုင်မှာလည်း မဟုတ်ဘူး။ နားလည်ချင်မှာလည်း မဟုတ်ဘူး။ သူကလည်း သူ့ တာဝန်ကျေဖို့က လိုသေးတာကိုး။ ဒီတော့ သူပိုင်တဲ့အချိန်ထဲက တစ်စက္ကန့်မှ အလျှော့မခံနိုင်ဘူးပေါ့။

သူကလည်း စည်းတွေ အတန်တန်တား၊ ကိုယ်ကလည်း အခြေမခိုင်တော့ သူတားတဲ့စည်း ခဏခဏနင်းမိ။ ဒီတော့ သူနဲ့ကိုယ်နဲ့ ခဏခဏထိပ်တိုက်တွေ့ကြရော။ သူကလည်း ဖွင့်နေကျ ခတ်ပြားကြီးပြန်ဖွင့် ကိုယ်ကလည်း တစ်ခွန်းမခံ ပြန်ပြောပစ်လိုက်တာပဲ။ "ဟုတ်ကဲ့၊ ဟုတ်ကဲ့"နဲ့။

ခက်တာက ဒီလောကနဲ့ ဒီပြင်ဌာနဆိုင်ရာနဲ့ မတူဘူး။ ဒီပြင်ဌာနမှာက လူကြီးဖြစ်သူနဲ့ အနိမ့်ဆုံး (ဆိုကြပါစို့) အောက်တန်းစာရေး။ သူတို့နှစ်ယောက်က အရင်က ဘာမှမပတ်သက်ခဲ့ဘူး။ မသိခဲ့ကြဘူး။ ဒီဌာနကို အလုပ်ဝင်ပြီဆိုတော့မှ သူကအကြီးအကဲ၊ သူက အောက်တန်းစာရေး ဆိုပြီး ပတ်သက်ရတာကိုး။





ဒီလောကမှာကျတော့ အကြီးအကဲနဲ့ အငယ်ဆုံးဆရာ၊ ဆရာမထိ အဆင့်ဆင့်က ဆရာတပည့် ဖြစ်ခဲ့ဖူးတာချည်းပဲ။ အာစရိယဂုဏောက ရှေ့တပိတ်နေတော့ မတရားမှန်းသိလည်း သိသိနဲ့ခံကြရတာပါ။ ပြန်ခံပြောတာနည်းတယ်။ လက်သီးပုန်းတော့ ထိုးချင် ထိုးမှာပေါ့လေ။

ဩော်… စိတ်ကူးယဉ်ခဲ့တာတွေ တစ်ခုမှ ဖြစ်မလာတာ ပြောပါတယ်။

ဒီလိုနဲ့ပဲ မဖြစ်တဲ့အဆုံး၊ အိမ်ရှေ့မှာ မုန့်ဟင်းခါးအိုး တည်ရတဲ့အဆင့် ရောက်လာခဲ့တာပဲ။

မိန်းမက ဒီအလုပ်ကို စလုပ်မယ်ဆိုတော့ စိတ်ထဲမှာ ရှက်သလိုလိုပဲ၊ တချို့ကလည်း မိန်းမကို စကြတာပေါ့လေ။ ဆရာကတော် လက်ထောက်ကထိကကတော် မုန့်ဟင်းခါး ရောင်းရသလားပေါ့။ ထားစရာမှရှိသေးရဲ့လား။ ဘဝတူ ဆရာတချို့ကလည်း ဒုတိယမောင်စိန်သောင်း စသဖြင့် ဘာညာကွိကွပေါ့လေ။

ကြာလာလို့ အရောင်းအဝယ်လေးက အဆင်ပြေလာတော့လည်း ရှက်တဲ့စိတ်ပျောက်သွားပြီး ကိုယ်တိုင်ကူညီ အားပေးရတဲ့အဆင့် ရောက်လာတော့တာပေါ့။

အဓိကပြောချင်တာက ပလက်ဖောင်းပေါ်က လူတချို့နဲ့ ကိုယ်နဲ့ တူသလား၊ သူတို့လုပ်သလိုလုပ်လို့ အသက်ရှည်ပါ့မလား။ ကျန်းမာနိုင်ပါ့မလားကဲ။

ကျူးထဲဝင်တဲ့ ရေမြောင်းရောက်တော့ မြောင်းပေါင်အတိုင်း အရှေ့တက်လိုက်တယ်။ တစ်လမ်းကျော်လိုက်တော့ ဝင်းကျယ်ကြီးနဲ့ ရေညှိစိမ်းရောင် လေးထပ်တိုက်ကြီးကို မြင်ရပြီ။

ဝင်းပေါက်ရပ်ရပ်ချင်း ညကလွှတ်ထားပြီး မသိမ်းရသေးတဲ့ ခွေးကြီးနှစ်ကောင်က ထိုးဟောင်လိုက်တယ်။ ခွေးဟောင်သံကြောင့် ခိုင်းတဲ့ ကလေးမလေး ထွက်လာပြီး ခွေးတွေ ပြန်မောင်းသွင်းပြီး ဝင်းတံခါးဖွင့် ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရှေ့ ဆင်ဝင်အောက်မှာ ဆီးရောင်ဆူပါကပ်တစ်စီး ရပ်ထားတယ်။ စောစောစီးစီး ဧည့်သည်ရောက်နေပုံရတယ်။ ဆူပါကပ်ဘေးမှာပဲ စက်ဘီးကို ဒေါက်ထောက်လိုက်တယ်။

လက်ကိုင်မှာချည်ထားတဲ့ လွယ်အိတ်ကိုဖြုတ်ပြီး လူတစ်ကိုယ်စာ ဟထားတဲ့ သံတံခါးကို မငြိအောင် ကိုယ်ကိုစောင်းရင်း ဧည့်ခန်းထဲ ဝင်လိုက်တယ်။

ဧည့်ခန်းထဲက ကူရှင်မှာထိုင်ရင်း မြင်နေကျ ယဉ်ပါးပြီးသား ဧည့်ခန်းကိုပဲ လှည့်ပတ် ကြည့်နေမိတယ်။

ဂေါက်ရိုက်သွားတယ်လို့ တစ်ခါမှ မကြားဖူးပေမယ့် ဧည့်ခန်းထောင့်မှာ ဂေါက်တံတွေထည့်တဲ့ အိတ်ရှည်ကြီးတစ်လုံး ထောင်ထားတယ်။

ဂီတအကြောင်း စပ်မိလို့တောင် မပြောဖူးပေမယ့် မှန်ဗီရိုထဲမှာ သခင်မဲ့နေတဲ့ မြန်မာစောင်းတစ်လက်၊ ပြီးတော့ နံရံပေါ်က မိသားစုဓာတ်ပုံ၊ ကလေးသုံးယောက်ရဲ့ တစ်ယောက်ချင်း ပုံကြီးတွေ၊ သူတို့ လင်မယားနှစ်ယောက်တွဲပုံ၊ ဓာတ်ပုံတွေရဲ့အောက်မှာ ပြောင်လက်နေအောင် အရောင်တင်ထားတဲ့ ပြောင်ချိုကြီးတစ်စုံကို အခေါက်မခွာဘဲ အဝိုင်းလိုက်လွှာထားတဲ့ ကျွန်းသားဝိုင်းကြီး အလယ်မှာ ကပ်ထားတယ်။

ဧည့်ခန်းညာဘက်ထောင့်က ဘီးတပ် သုံးဆင့်မှန်ဗီရိုထဲမှာ အပေါ်ဆုံးထပ်က တိုရှီဘာတီဗွီ၊ အလယ်ထပ်က အောက်စက်နဲ့ အောက်ဆုံးမှာက ဗီဒီယိုတိပ်ခွေတွေ စီထောင်ထားတယ်။

အဲဒီ ဗီရိုကြီးရဲ့ ညာဘက်မှာက အမေရိကန်ရုပ်ရှင်တွေထဲမှာ တွေ့ရတတ်တဲ့ ဘားကောင်တာ အသေးလေးတစ်ခုရှိတယ်။ ကောင်တာနောက်မှာ ရေခဲသေတ္တာတစ်လုံးနဲ့၊ နံရံက မှန်ဗီရိုအပေါ်ဆင့်က ဂျော်နီဝေါ့ကား ခြောက်ပုလင်းနဲ့တစ်ဝက်၊ အားလုံး ဘလက်လေဘယ်လ်ချည်းပဲ။

ကောင်တာထဲမှာတော့ ဖန်ခွက်အတိုအရှည်မျိုးစုံ၊ ဘီယာ မတ်တွေ၊ ပြီးတော့ ကုတ်၊ ဆဲဗင်းအပ်၊ ဆန်းကစ်စတဲ့ အချိုဘူးတွေ။





ပြတင်းပေါက်အားလုံးက သံပန်းတစ်ထပ်၊ ခြင်လုံဆန်ခါ တစ်ထပ်၊ ဆီးရောင်မှန်တစ်ထပ်၊ ဆောင်းဆိုတော့ အဲယားကွန်းကို ပိတ်ထားတယ်။ အဆင့်မြင့်မြင့် တည်းခိုခန်းတစ်ခုရဲ့ ဧည့်ခန်းထဲကို ရောက်နေသလိုပဲ။ တည်းခိုခန်းဆိုတာကမှ လူစုံလို့ ဒီလောက် သန့်ရှင်းမှာတောင် မဟုတ်ဘူး။

ဧည့်ခန်းရဲ့ အပြင်အဆင် အထားအသိုနဲ့ ဧည့်ခန်းထဲမှာရှိတဲ့ ဝတ္ထုပစ္စည်း အားလုံးရဲ့ သစ်လွင်တောက်ပမှု၊ တန်ဖိုး စတာတွေက ဧည့်ခန်းကို ရောက်လာတဲ့သူတိုင်းကို ဖမ်းစားထားနိုင်တယ်။

ဒီတိုက်ကို ဝင်ထွက်နေရတာ ဖွန်လဆန်းကနေ စတွက်ရင် ရှစ်လနီးပါးရှိပြီ၊ တစ်ပတ်ကို သုံးရက်လာရတယ်။

ဒါပေမယ့် လာတဲ့အခါတိုင်း၊ ဒီဧည့်ခန်းကို ထိုင်မိလိုက်တိုင်း တမေ့တမောနဲ့ သတိလက်လွတ် ပတ်ပတ်လည် ငေးကြည့်မိတာချည်းပဲ။ မြင်နေကျ၊ မျက်စိထဲမှာ အလွတ်ရပြီးသားဖြစ်ပေမယ့် မကြည့်ဘဲ မနေနိုင်ဘူး။

"ဟော.. ဆရာရေ၊ သားက မနေ့ညနေကတည်းက အပြင်းဖျားနေတာ၊ ခုမနက်ကိုပဲ ဆရာဝန်ပင့်ထားရတယ်။ ဒီမနက်တော့ စာသင်နိုင်မှာ မဟုတ်ဘူး။ ဆရာလည်း အဝေးကြီးက လာရတာဆိုတော့"

ပြောပြောဆိုဆို သူဝင်လာပြီး မျက်နှာချင်းဆိုင်မှာ နေရာယူလိုက်တယ်။

"ကိစ္စမရှိပါဘူး၊ ကလေးကို ကျန်းမာရေးသာ ဂရုစိုက်ပါ။ စာမေးပွဲက သိပ်ကပ်နေပြီ မဟုတ်လား"

"ထွေးရီ ကော်ဖီတစ်ခွက်နဲ့မုန့်ယူခဲ့။ ဖြည်းဖြည်းပေါ့ဆရာ၊ စာမသင်လည်းပဲ ကော်ဖီလေး မုန့်လေး သုံးဆောင်ပါဦး။ အချမ်းလည်း ပြေသွားအောင်"

ပြောရင်း သူ့ဂျာကင်ထဲက ငါးသုံးလုံးတစ်ဘူးကို ထုတ်ပြီး တည်လိုက်တယ်။

သူ့ပုံစံက ညီညီညာညာ၊ ဆံပင်တိုတိုနဲ့ မျက်မှန်တစ်လက် တပ်ထားတယ်။ နက်ပြာရောင်ဘောင်းဘီက သူနဲ့နည်းနည်းပွ နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမကလည်း သူ့လို မျက်မှန်နဲ့ပဲ။ သူ့ထက်တော့ နည်းနည်း ပိုဖြူတယ်။ နှစ်ယောက်စလုံး ရှိလှရင် လေးဆယ်ကျော်ပဲပေါ့။

လူမှုဆက်ဆံရေးကတော့ ပြောစရာမလိုဘူး။ ဧည့်သည်တစ်ယောက် ဝင်လာရင် ကျက်ကျက်စိမ်းစိမ်း ကော်ဖီတစ်ခွက်၊ မုန့်၊ စီးကရက်က ရောက်လာတာပဲ။

အလုပ်အကိုင်ကတော့ အရောင်းအဝယ်ဆိုတာကလွဲလို့ ဘာရောင်းပြီး၊ ဘာဝယ်တယ်မသိဘူး။ တစ်ခါတလေ ယူဒီထရပ်ကြီး နှစ်စီးကို ဝင်းထဲမှာတွေ့ရတယ်။ သူကိုယ်တိုင်းလည်း မကြာခဏခရီး သွားတတ်တယ်။ တစ်ခါထွက်သွားရင် ရက်နှစ်ဆယ် အစိတ်လောက် ကြာတတ်တာတော့ သတိထားမိတယ်။

ကော်ဖီတစ်ခွက် မုန့်တစ်ပန်းကန်ကို စတီးလင်ဗန်းတစ်ချပ်နဲ့ လာချတယ်။ မုန့်က အဆော့တက်ဘီစကစ်။

"လုပ်ပါ ဆရာ၊ မုန့်လည်းစားပါ"

"ဟုတ်ကဲ့"

ကော်ဖီတစ်ကျိုက် ကျိုက်ပြီးလောက်မှာ ဧည့်ခန်းထဲကို သူ့မိန်းမ ဝင်လာတယ်။ သူ့မိန်းမနောက်က သေတ္တာတစ်လုံး ကိုင်ထားတဲ့ ဘောင်းဘီရှည်နဲ့ လူတစ်ယောက်ပါ ဝင်လာတယ်။ ဆရာဝန်ဆိုတာနဲ့ တူပါရဲ့။

"ဟော.. ဒေါက်တာ၊ လာထိုင်၊ ကော်ဖီသောက်ဦး ထွေးရီ ဆရာ့ဖို့ နောက်ထပ် ကော်ဖီတစ်ခွက်၊ ဒေါက်တာ စီးကရက်"

ဆရာရော ဒေါက်တာရော လုံးထွေးရင်း ဆရာဝန်ကို စီးကရက် တည်တယ်။

"ကျွန်တော် မသောက်ပါဘူး"

"ဪ.. ဟုတ်သားပဲ၊ ကော်ဖီတော့ သောက်သွားပါဦး။ ဘယ့်နှယ်လဲ ဆရာ၊ စာမေးပွဲက နီးနေတော့ ရက်ရှည်ကြီး ဖျားနေမှာစိုးတာပါ"





"သက်သာပါတယ်၊ ပျောက်သွားမှာပါ။ အဖတ်တော့ လုံးဝ မကျွေးနဲ့ဦးနော်"

မိန်းမက သူ့ယောက်ျားဘေး ကပ်ထိုင်ပြီး ခြုံထည်ကို ပြင်ပတ်လိုက်ရင်းက…

"ညနေတော့ တစ်ခေါက်လာဦးနော် ဆရာ၊ ဆရာ မလာနိုင်ရင် သန့်ဇင်ကို ကားနဲ့လွှတ်ခေါ်ခိုင်းလိုက်မယ်။ မနေ့ကလည်း အင်္ဂလိပ်စာဆရာ ပြန်လွှတ်လိုက်ရတယ်။ ခုလည်း ဒီဆရာက စာသင်ဖို့လာတာ၊ မသင်ရ ပြန်ဘူး"

"ကားလွှတ်ဖို့ မလိုပါဘူး။ ဆေးခန်းသွားရင်း ဝင်ခဲ့ပါ့မယ်"

နောက်ထပ် ကော်ဖီနဲ့မုန့် ထပ်ရောက်လာတယ်။

"ကဲ.. ကဲ မုန့်လည်းစားကြပါ၊ ဆရာကတော့ စီးကရက်လည်း ကြိုက်ပါတယ်၊ လုပ်ပါ သောက်ပါ"

နောက်ထပ် တစ်လိပ်ယူပြီး မီးညှိလိုက်တယ်။

"ဟော.. ဆရာမလည်း လာပြီ"

မိန်းမဖြစ်သူရဲ့ စကားအဆုံးမှာ ထဘီအစိမ်းနဲ့ ဆရာမလေး တစ်ယောက် ဝင်လာတယ်။ သူလည်း ချမ်းလွန်းလို့ထင်ပါရဲ့ မျက်နှာလေးပဲ ဖော်ပြီး၊ တစ်ခေါင်းလုံး ခြုံထည်အဖြူနဲ့ ပတ်ထားတယ်။ လက်က ဆွဲခြင်းထဲမှာ ထမင်းဘူးနဲ့ စာအုပ်တချို့ ထည့်ထားတယ်။

ဒါက အငယ်ဆုံးကလေးအတွက် လာတဲ့ ဆရာမ၊ လေးငါးဆယ်ကြိမ်လောက် ဆုံဖူးတယ်။

"သမီး အဆင်သင့်ဖြစ်နေပါပြီ ဆရာမ၊ အပေါ်သာ တက်သွားလိုက်တော့၊ ထွေးရီ ဆရာမအတွက် အပေါ်ကို သွားပို့ပေးလိုက်"

ဆရာမလေးကတော့ အားလုံးကို ပြုံးပြနှုတ်ဆက်ပြီး တစ်ဖက်ခန်းထဲ ဝင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး ထွက်သွားသွားချင်း သူ့ဘေးက ခွေးခြေပေါ်က တယ်လီဖုန်းက မြည်လာတယ်။ ဧည့်ခန်းထဲက လူအားလုံးရဲ့ အာရုံက ဆရာမလေးဆီကနေ တယ်လီဖုန်းဆီ စုသွားကြတယ်''

သူ တယ်လီဖုန်းကို ကောက်ကိုင်လိုက်တယ်။

''ဟုတ်ကဲ့ ပြောပါ''

''. . . . . .''

''ဟုတ်ပါတယ်ခင်ဗျ''

''. . . . . .''

''ရတယ်လေ ဒီကနေ့ပဲ လုပ်လိုက်တာပေါ့''

''. . . . . .''

''ဒီလိုဆိုရင် ခင်မောင်တိုး၊ မင်း အင်ဂျင်နီယာကို မှာစရာရှိတာ မှာထားခဲ့ပြီး၊ ပြန်လာခဲ့ကွာ။ လာရင်းနဲ့ ရွှေနေဦးမြတ်ကိုလည်း တစ်ခါတည်း ဝင်ခေါ်ခဲ့''

''. . . . . .''

''ဘယ်ဖြစ်မလဲကွ၊ အင်ဂျင်နီယာကိုယ်တိုင် လက်မှတ်ထိုးပြီး ထုတ်ထားတာ။ ငါ ပေါင်းမကြည့်ရသေးဘူး။ ဘုတ်အုပ်ထဲ ပြန်ကြည့်ရဦးမယ်။ ဘယ်နှယ့်ကွာ တတိယထပ်တောင် ကွန်ကရစ်မလောင်းရသေးဘူး။ သူက ထပ်တောင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ။ ငါ့ဆီသာ လွှတ်လိုက်ကွာ၊ မင်းရှင်းမနေနဲ့''

''. . . . . .''

''အေး·· အေး ဒါပဲ၊ မင်းသာလာခဲ့တော့''

ဖုန်းပြန်ချလိုက်တယ်။ မိန်းမဖြစ်သူက –

''ခင်မောင်တိုးက ဘာတဲ့တုန်း''





''သြော် မနေ့ကပြောတဲ့ ဈေးနဲ့ပဲ ပြတ်တယ်တဲ့။ အဲဒါ ကနေ့ စရန်ပေးပြီး စာချုပ်ဖြစ်အောင် ချုပ်ပါတဲ့။ ဒါကြောင့် ခင်မောင်တိုး ပြန်လာခဲ့ဖို့မှာရင်း အပြန်ကို ရွှေနေဦးမြတ်ကို ကိုပါဝင်ခေါ်ခဲ့လို့ မှာလိုက်တယ်''

စီးကရက်ကို ပြာခံခွက်ထဲ ထိုးချေလိုက်ပြီး –

''မင်းနဲ့ထွေးရီ ဈေးသွားချင်ရင် ကလေးတွေ ကျောင်းပို့မယ့် ဘင်နဲ့ တစ်ခါတည်းလိုက်သွား၊ သန့်ဇင်ကို ခေါ်သွားပေါ့။ ကျန်တဲ့တစ်စီးက ရွှေနေ လာရင် ငါတို့သွားရဦးမှာ''

ဆရာဝန်ကတော့ ကော်ဖီကုန်တာနဲ့ နှုတ်ဆက်ပြီး၊ ထလိုက်တယ်။ ကိုယ်လည်း ရောယောင်ပြီး လက်ထဲက သောက်လက်စ စီးကရက်ကို ပြာခံခွက်ထဲ ချေရင်း နှုတ်ဆက်ပြီး ဧည့်ခန်းထဲက ထွက်လာခဲ့ကြတယ်။ ဧည့်ခန်း ပေါက်ထွက်ပြီးမှကိုပဲ သူ့အသံကြားနေရသေးတယ်။

''ထွေးရီ သန့်ဇင်ကို သွားပြောစမ်း၊ လင်ဒိုကာ ဆီဖြည့်ထားလို့''

စိတ်လက် မအီမသာနဲ့ စက်ဘီးကို တဖြည်းဖြည်း နင်းလာခဲ့တယ်။ အပြင်မှာ နှင်းမကွဲသေးဘူး။ နီကြင်ကြင်မြို့ရိုးကြီးကတော့ နှင်းထုထဲမှာ အိပ်စက်လို့ကောင်းတုန်း။

ကိုချစ်

စိတ်ကူးနဲ့ဘုရားတည် ကောင်းမှုတော် မငယ်နိုင်ပေါင်နှင့်ဝတ္ထုတိုများ
၂၀၀၆–ခုနှစ်၊ ဇန်နဝါရီလ။



www.burmeseclassic.com

www.burmeseclassic.com

# အစိမ်းရောင်အိပ်မက်

သီရိ

www.burmeseclassic.com

www.burmeseclassic.com

# အစိမ်းရောင်အိပ်မက်

သည်အိမ်ကို ရောက်လာခြင်းသည် ကမ္ဘာသစ်တစ်ခုသို့ ရောက်လာခြင်းနှင့် တူ၏။

သည်အိမ် မရောက်မီက ဝမ်းနည်းကြေကွဲမှု၊ ငိုကြွေးတမ်းတမှု၊ စိတ်အားငယ်မှုတို့မှာ သည်အိမ်အဝင်ဝတွင် ကျန်ရစ်ခဲ့ကြပြီဟု ဆိုရပေလိမ့်မည်။

အိမ်အဝကို ခြေချလိုက်သည်တွင် တုန့်လှုပ်ရတော့သည်။ ပြောင်လက်နေသော ဧည့်ခန်းကိုမနင်းရဲ၊ ဧည့်ခန်းနံရံတွင် အချိုးညီညီ ချိတ်ဆွဲထားသော ပန်းချီကားများကို ငေးမောမိသည်။ အလှပြ မှန်ဗီရိုထဲမှ ငွေထည် ယွန်းထည် ဖန်ထည်များက ဧည့်ခန်းကိုပို၍ အရှိန်အဝါ ကြီးမြင့်အောင် တန်ဆာဆင်ထားသလို။

သူခြေလှမ်း တန့်သွားသည်ကို အိမ်ကြီး၏အရှင်သခင် သူ့ မွေးစားအဖေ ဦးခင်မောင်ကသိ၏။ ထို့ကြောင့် ညင်သာသောလေသံဖြင့် 'မောင်ခင်·· ဒါ ဦးဦးရဲ့အိမ်ပဲ၊ မင်း ဒီမှာနေရမှာ'ဟု ပြောလေသည်။





ကားဆိုက်သံကြားသည်နှင့် အိမ်ထဲမှ ပြေးထွက်လာသော အိမ်ဖော် ဒေါ်မြသည် မောင်ခင်အား အထူးအဆန်းလို စိုက်ကြည့်နေသည်။

"သူ့ကို ဒီမှာနေဖို့ ခေါ်လာတာ ဒေါ်မြ"

အရိပ်အကဲကိုသိသော ဦးခင်မောင်က အတိုချုံး ရှင်းပြလိုက်သည်။

"ဟုတ်ကဲ့ ဆရာကြီး"

"သြော် ဒေါ်မြရေ ကိုဘကောင်းရော"

"ဈေးသွားဝယ်ပါတယ်"

"ဟုတ်ပြီလေ·· ဒါထက် သူ့ဖို့ နေရာထိုင်ခင်း လုပ်ပေးဝါ။ ကျွန်တော် သူ့ကို သားအဖြစ် အပိုင် စာချုပ်စာတမ်းနဲ့ မွေးစားလာတာ"

ဒေါ်မြ ဇဝေဇဝါ ဖြစ်နေပုံကိုသိ၍ ဦးခင်မောင်က စုံစုံလင်လင် ရှင်းပြလိုက်လေသည်။ သို့မဟုတ်လျှင် ဒေါ်မြအနေဖြင့် သူ့မွေးစားသားအား အိမ်မှာခိုင်းစရာ ကလေးတစ်ယောက် ခေါ်လာသည်ဟု ထင်သွားမှာ စိုးမိသောကြောင့် ဖြစ်သည်။

"ကောင်းပါတယ် ဆရာကြီး"

ဒေါ်မြသည် မောင်ခင်အား ဂရုတစိုက် ကြည့်မိလေသည်။ ရုပ်ရည်တော့ မဆိုးလှပါ။ သို့သော် တောပုံစံတော့ မပျောက်၊ ဆရာကြီးတစ်ယောက်ဘာများ စိတ်ကူးပေါက်ပြန်သလဲဟု တွေးနေမိ၏။

"မောင်ခင် ဒေါ်မြနဲ့လိုက်သွား၊ ရေမိုးချိုး အဝတ်အစားလဲ"

ဒေါ်မြနောက်သို့ ခပ်ရို့ရို့နှင့် မောင်ခင် လိုက်သွားရသည်။ အိမ်၏ အဆောင်ခန်းများ ဖြတ်ကျော်လာရတိုင်း သူ့မှာ ကျိုးကန်းတောင်းမှောက် တစ်နေ့ သည်လိုဘဝ၊ သည်လိုအနေအထားမျိုး ရောက်လိမ့်မည်ဟု အိပ်မက်ပင် မမက်ဖူးခဲ့သော်လည်း ဖန်လာသည့် ကြမ္မာကြောင့် ရောက်နေပေပြီ။

"ရော့ လောလောဆယ် ဒါပဲဝတ်ထားဦး၊ မနက်ဖြန်ကျမှ တော်တော ကြည့်ဝယ်ပေးမယ်။ အဝတ်လဲပြီးရင် ထမင်းစားခန်းသိတယ် မဟုတ်လား အဲဒီကိုလာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြ၏ အစီအစဉ်အတိုင်း လိုက်နာရလေသည်။ မောင်ခင် ထမင်းစားခန်းထဲ ရောက်သွားသောအခါ ထမင်းပွဲပြင်ပြီးသားကို မစားသေးဘဲ သူ့ကို စောင့်နေသော ဦးခင်မောင်ကို တွေ့ရလေသည်။

"ဆာနေပြီလား သား"

သားဟု ဖွင့်ဟခေါ်လိုက်သံ ကြားရသဖြင့် ရင်ထဲမှာ ကျဉ်သွားလေသည်။ 'သား'ဟုခေါ်သံ မကြားရသည်မှာ ကြာလှပေပြီ။ ဦးခင်မောင်က သူ့ပခုံးကို လှမ်းဖက်ကာ ထိုင်ခိုင်းလိုက်သည်။ အိမ်ကြီး အရှင်သခင်က သည်မျှ အရေးပေး ဂရုစိုက်သောအခါ ဒေါ်မြလည်း မနေဝံ့။ ဒေါ်မြယောကျ်ားကိုဘကောင်းကလည်း ပျာပျာသလဲ။

နောက်တစ်နေ့တွင် အဖိုးတန် အရောင်အသွေးလှသော အဝတ်အစားများ မောင်ခင်ကိုယ်ပေါ်တွင် သားနားသပ်ရပ်စွာ ဝတ်ဆင်ပြီးဖြစ်သည်။ ညှင်းသိုးသိုးဖြစ်နေသော ဆံပင်နီကြောင်ကြောင်လည်း ပုံစံကျကျညှပ်ပြီးသား။

နဂိုရုပ်ရည် မဆိုးသော မောင်ခင်သည် ပြုပြင်ဝတ်ဆင် လိုက်သောအခါ သားနားသွား၏။ ဦးခင်မောင်က အထက်တန်းစား ဖြစ်အောင် ပုံသွင်းလိုက်ခြင်းပင်။

"သားရေ ငါ့သားက လူချောပဲကွ။ သားနာမည် မောင်ခင် ဆိုတာ တောဆန်ပါတယ်ကွာ။ ခင်မောင်ရဲ့သားဆိုရင် ဒီနာမည် မဖြစ်သင့်ဘူး။ ဒီတော့ မောင်မောင်ခင်ကွာ။ ဒီနေ့ကစပြီး မောင်မောင်ခင် ဖြစ်ရမယ်။ မှတ်ထားနော်သား"

ဦးခင်မောင်သည် သူ့မွေးစားသား ဆယ်နှစ်သားအရွယ် မောင်မောင်ခင်ကို ကြည့်ကာ တဟားဟား ရယ်လိုက်လေသည်။

"မောင်မောင်ခင် ဟေ့၊ မောင်မောင်ခင်"

❖





ရန်ကုန်မြို့ တစ်ခုသော ဆိတ်ငြိမ်ရပ်ကွက်ရှိ ကျယ်ဝန်းသောခြံနှင့် ခေတ်မီ နှစ်ထပ်တိုက် ဆင်ဝင်တွင် စောင့်စားနေသော လူငယ်သုံးယောက်က တိုက်အပေါ်သို့ လှမ်းခေါ်လိုက်ခြင်း ဖြစ်သည်။

"လာပြီ… လာပြီ"

အသက် ဆယ့်ခုနစ်နှစ်ရွယ် လူချော လူဖြောင့်ကလေးက သွက်သွက်လက်လက် ပြေးဆင်းလာလေသည်။ အရာရှိ ဦးခင်မောင်၏သား မောင်မောင်ခင်သည် လူကုံထံလောကတွင် အပေါင်းအသင်းဆုံ့သူဖြစ်၏။

"စပို့ရှပ်က တယ်သားနားပါလား"

သူငယ်ချင်းတစ်ယောက်က မောင်မောင်ခင် ကိုယ်ပေါ်မှ စပို့ရှပ်ကို ကြည့်၍ ချီးကျူးလိုက်သည်။ မောင်မောင်ခင်သည် ကားစက်ဖုံးကိုဖွင့်၍ စစ်ဆေးကြည့်နေရာမှ လက်ခနဲ ပြုံးလိုက်လေသည်။

"မေဇင်က မင်းကို သိပ်အခွင့်အရေးပေးတာပဲ ကိုယ့်လူ"

အားကျသံနှင့်ပြောသော်လည်း မောင်မောင်ခင် ဣန္ဒြေမပျက်။ မေဇင် အခွင့်အရေးပေးတိုင်း မောင်မောင်ခင် မလျှောက်လှမ်းနိုင်။ ဘဝမေ့သူအနေနှင့် အမြဲသတိရှိသည်။ ဦးခင်မောင် လက်ထဲတွင် အရောင်တောက်လာသော သူ့ဘဝမှာ တက္ကသိုလ်ပညာရေး ပထမနှစ်ရောက်ခဲ့ပြီ။ မိုးရွာတုန်း ရေခံတတ်သလို ဘဝပေးအခြေအနေရှိစဉ် ဘွဲ့တစ်ခု ပိုင်ပိုင်နိုင်နိုင်ရဖို့ အရေးက လွှဲ၍ ဘာမှစိတ်မဝင်စား။ သူတို့ပြောသော မေဇင်သည် မောင်မောင်ခင် နှလုံးအိမ်တွင် မှုန်ဝါးဝါး။

ကျောက်ရိုင်းတုံးမှာ ကျွမ်းကျင်လိမ္မာသော ကျောက်သွေးဆရာလက် ရောက်သကဲ့သို့ မောင်မောင်ခင်မှာ ပညာရေး၊ လူမှုရေး အဆင့်အတန်းတွေ မြင့်မားလာခဲ့ခြင်းကိုပင် ကျေနပ်နှစ်သက်မဆုံး။

မောင်မောင်ခင်အဖို့ ဦးခင်မောင်သာလျှင် လောကတစ်ခွင်ဝယ် တွယ်စရာရှိ၏။ ဒုတိယအဖေကြောင့် ပညာတတ်သားပျိုလေး မြေကြီးလက်ခတ်မလွဲ ဖြစ်လာရပေမည်မလွဲ။ ဦးခင်မောင်၏ ကျေးဇူးတရားကို ဒီတစ်သက်ဆပ်၍ ကုန်နိုင်မည်မထင်။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာကို ဘယ်အရာဖြင့် တန်ဖိုးဖြတ်မည်နည်း။ သူလို မိဘမဲ့ တစ်ကောင်ကြွက်ကို မြင်မြင်ချင်း သံယောဇဉ်ကြီးကာ မွေးစားခဲ့သော ဦးခင်မောင်၏ မေတ္တာတရားမှာ မြင်းမိုရ်တောင်နှင့် နှိုင်းထိုက်ပေ၏။

ဦးခင်မောင်နှင့် မဆုံစည်းမီက ဆင်းရဲချို့တဲ့မှုများစွာနှင့် သံသရာလည်ခဲ့ရပေသည်။ မိဘမဲ့ မောင်ခင်သည် အမေ့မောင် တော်သူ ဦးလေးထံမှာ မှီခိုကပ်ရပ်နေရ၏။ ဦးလေးမှာလည်း သားသမီးတွေက အများသား၊ နဂိုက ဆင်းရဲကြပ်တည်းရာတွင် ပါးစပ်တစ်ပေါက် တိုးလာသဖြင့် မိန်းမက မကြည်ဖြူ။ မောင်ခင်မှာလည်း ဦးလေးကလွဲ၍ အခြား ဆွေမျိုးသားချင်းမရှိ။ ဘယ်လောက်များ အဆင်မပြေသော လောကပေလဲ။

ဦးလေးမှာ မိဘမဲ့ တစ်ကောင်ကြွက် တူကလေးကို ရက်စက်နိုင်သော အသည်းနှလုံးမရှိ။ မိန်းမ၏ အငြူအစူကိုခံရင်း မောင်ခင်ကို လက်ခံထားရသည်။

ဤသို့နှင့် ရန်ကုန်မှ ဌာနဆိုင်ရာအရာရှိ ဦးခင်မောင်သည် မောင်ခင်တို့ မှီတင်းနေထိုင်ရာ ညောင်ဦးသို့ လုပ်ငန်းဆိုင်ရာကိစ္စအတွက် တာဝန်ဖြင့် ရောက်လာခိုက်နှင့် ကြုံလေသည်။ မောင်ခင် ဦးလေးမှာ ဝန်ထမ်းဖြစ်သည်နှင့်အညီ ဦးခင်မောင်၏ နေရေးထိုင်ရေး စီစဉ်ပေးရဖို့တာဝန်ကျ၏။ ထိုကိစ္စများ ဆောင်ရွက်ရာတွင် ပိုအဆင်ပြေစေရန် သူတင်မက မောင်ခင်ကိုပါ ဦးခင်မောင်ဆီ ခေါ်လာခဲ့ရသည်။

"မောင်ခင်ရေ မြူရွက် ဝယ်ချေစမ်း"

"ဆရာ့ဖို့ ဆီးသီးအထူးချို ရမလား မောင်ခင်"

"အညာမုန့်တီသုပ် စားပါလားဆရာ၊ မောင်ခင့် ဝယ်ခိုင်းလိုက်မယ်"

ဦးလေးခိုင်းသမျှကို ကြက်မွေးတမျှ ပေါ့ပါး၊ ဖျတ်လတ်စွာ ပြေးဝယ်သော မောင်ခင်အား ဦးခင်မောင်က မသိမသာ အကဲခတ်နေမိသည်။ သန့်ပြန့်သော ရုပ်ရည်၊ သွက်လက်သော ဟန်ပန်၊ အမိန့်နာခံတတ်သော ကောင်ကလေးကို စိတ်ထဲက ချီးကျူးနေမိသည်။ ကလေးသာသာ ဆိုပေမယ့်





စိတ်ထားတည်တည်နှင့် ခိုင်းသမျှကို လုပ်ပေးနိုင်သည့်အတွက် သဘောတွေ့လေသည်တွင် မောင်ခင့် ဦးလေးအား မနေနိုင်၊ မထိုင်နိုင် ဖွင့်မေးမိသည်အထိ မောင်ခင့်အပေါ် အလေးအနက် စိတ်ဝင်စားမိခဲ့၏။

"ခင်ဗျား သားလား ကိုအောင်လှ"

"မဟုတ်ဘူးဆရာ၊ ကျွန်တော့် တူလေးပါ"

"ကောင်လေးက အချောသားနော်၊ သွက်သွက်လက်လက်လေး"

"လူတော့ ချောပါရဲ့ ဆရာရေ့၊ ဘဝက မချောဘူးဗျ"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ ကိုအောင်လှ"

စကားအထူးအဆန်းကြောင့် ဦးခင်မောင်၏ စူးစမ်းလိုစိတ်များ ရှေ့တိုးလာခဲ့သည်။

"သူ့ဘဝက မိဘမဲ့ ဆရာရဲ့၊ ဦးလေးလုပ်တဲ့ ကျွန်တော်ကလွဲပြီး မှီခိုစရာမရှိဘူး။ ကျွန်တော့်မလဲ တစ်ပြုံတစ်မကြီးဆိုတော့ ခါးလှအောင် သူ့ကိုဆင်နိုင်ဖို့ နေနေသာသာ ဝမ်းဝအောင်တောင် အနိုင်နိုင်ပါဆရာ။ သူ့ကို ဟိုကဒီက ခေါ်ခိုင်းရင် သွက်သွက်လက် လက်လုပ်ပေးလို့ သနားသဖြင့် ပေးသမျှနဲ့ ကျောင်း ဆက်နေတယ်လေ။ ဒီနှစ် ငါးတန်း ရောက်ပြီလေ"

မောင်ခင်ဘဝ ဇာတ်လမ်းစုံကို ဦးခင်မောင်ရှေ့တွင် ဖော်ထုတ်ညည်းညူ မိလေသည်။ ကိုအောင်လှ စကားဆုံးသည်နှင့် ကြီးစွာသော ကရုဏာစိတ်တို့ ရင်ထဲမှာ တဖွားဖွား ပေါ်ထွက်လာခဲ့မိသည်။ သနားစရာ လူငယ်လေး ဘဝအားမာန်အပြည့်ဖြင့် ရုန်းကန်ရှာသည်။ သူ့ဘဝတွင် ရေလောင်း ပေါင်းသင်မည့် ဥယျာဉ်မှူးလိုအပ်နေပြီ။ ပြုစုပျိုးထောင် မြေတောင်မြှောက်လျှင် ပန်းကောင်းတစ်ပွင့် ဧကန်ပွင့်ပေတော့မည်။ ပြီးတော့လည်း အထီးကျန်ဘဝတဲ့ . . .။

ဘဝတူချင်း တွေ့ကြလေပြီကောရယ်လို့ စာနာစိတ် တစ်ထွေးကြီးနှင့် ရစ်ပတ်နှောင်ဖွဲ့မိလေသည်။ ချစ်လှစွာသော ဇနီးသည် မြင့် စွန့်ခွာခဲ့သည်မှာ မကြာလှသေး။ မြင့်ကို တစ်နေ့မှ မမေ့နိုင်။ မြင့်၏အရိပ်အယောင်တို့ ဦးခင်မောင်ကို ရစ်ပတ်လွှမ်း ခြုံဆဲ။



www.burmeseclassic.com

www.burmeseclassic.com



လင်ကို ချစ်သည့်နေရာတွင် မြင့်သည် တော်လေးဝနှင့် နိုင်းနိုင်းလောက်၏။ လင့်အလို လင့်အကြိုက်ကို ရှေ့တန်းတင်သော မိန်းမ။

သည်မိန်းမကား လူလှသလောက် ကံကြမ္မာဆိုး၏။ ကြည့်ပါလေ။ ပြည့်စုံကုံလုံသည့် အသိုက်အဝန်းမှ ပေါက်ဖွား၏။ ရာထူးကြီးကြီးနှင့် လင်သားကို ပေါင်းဖော်ရ၏။ သို့သော် အသက်မရှည် မွေးရာပါ နှလုံးရောဂါက အသက်ကိုခြွေခဲ့သည်။

မြင့်ရှိစဉ်က ခဏခဏပြောဖူးသည်။

“မောင့်ကို သားလေးတစ်ယောက် မွေးမပေးနိုင်တော့။ ဒီလောကမှာ မြင့်လောက် ကံဆိုးသူရှိမှာမဟုတ်တော့ဘူး”

“ဘာတွေ တွေးပြီး စိတ်အားငယ်သလဲ မြင့်၊ မောင်က မြင့်ကို ချစ်ဖို့သာ လိုရင်းစွဲပါ”

“မဟုတ်ဘူးမောင်၊ မဟုတ်ဘူး။ မြင့်အဖို့ မိန်းမဖြစ်ရကျိုး မနပ်ဘူး။ ယောကျ်ား ယူထားပါလျက်နဲ့ ကိုယ်ဝန်မဆောင်နိုင်တဲ့ ဘဝ။ မောင့်အတွက် မောင့်ကိုယ်ပွားသားကို မွေးပြချင်တာပေါ့။ အခုတော့ မြင့်မှာ”

“တော်ပြီမြင့်၊ ဝမ်းနည်းစကားတွေ မပြောနဲ့တော့ကွာ”

ဦးခင်မောင်က မြင့်ပါးစပ်ကို လှမ်းပိတ် ဟန့်တားလိုက်သည်။ ဘဝချုပ်ငြိမ်းသွားသည့်တိုင် မြင့်ဆန္ဒ ပြည့်မသွားရှာခဲ့။

ယခု သူ့ရှေ့မှာ တိုက်တိုက်ဆိုင်ဆိုင် မောင်ခင့်ကို တွေ့နေရတော့ တမလွန်မှ မြင့်ကို ပြန်ပြောင်းသတိရမိလေသည်။ သားလေးတစ်ယောက်ကို သူ့အတွက် မွေးထားခဲ့ချင်သော မြင့်ဆန္ဒ၊ သားရင်းမဟုတ်သည့်တိုင် မွေးစားသားသည် သားရင်းလို သဘောထားလျှင် သားရင်းပဲ ဖြစ်ရမည်ပေါ့။ ကိုယ့်ဘက်က စေတနာမှန်ဖို့သာ လိုအပ်သည်ဟု သဘောပိုက်လိုက်သည်။

“ဒီမှာ ကိုအောင်လှ ကျုပ် ပြောစရာရှိလို့ ခဏ”

“ဘာများလဲ ဆရာ”





ကိုအောင်လှ အလုပ်ရှုပ်နေတာမြင်လျက်နှင့် တကူးတက ခေါ်တွေ့မိလေသည်။

“ခင်ဗျားတူကို ကျုပ်မွေးစားချင်တယ်။ ပေးမလား”

“ခင်ဗျာ”

“ကျုပ် တကယ်ပြောတာ၊ စာချုပ်စာတမ်းနဲ့ အမွေစား၊ အမွေခံ အဖြစ် မွေးမှာဗျ”

“ဟုတ် ဟုတ်ကဲ့”

မယုံနိုင်သလို ကိုအောင်လှအသံတွေ အထစ်ထစ် အငေါ့ငေါ့။

“ခင်ဗျား သဘောတူရဲ့နော် ကိုအောင်လှ”

“အို‥ ဆရာရယ်၊ သင့်မြတ်ပါပြီလားဗျာ။ ကျွန်တော့်တူ ကုသိုလ်ကောင်းတာ ဖြုန်းစားချည်းမို့ မယုံနိုင်လို့ပါ။ ဆရာမွေးမယ်ဆိုတာ ဝမ်းသာရပါပြီလား ဆရာရယ်”

“ကဲ‥ ဒါဖြင့် မနက်ဖြန် ကျုပ်အပြန်မှာ မောင်ခင်ကို ထည့်လိုက်ပေတော့ ဟုတ်လား”

“စိတ်ချဆရာ”

လူကြီးတွေ ပြောစကားအပြန်အလှန်ကို ကြားရသော မောင်ခင်မှာ နှယ်ဒန်းစီးနေရသလို ရင်ဖိုနေလေသည်။

❖

ကားမှန်ပြတင်းမှ တိုးဝင်လာသော လေကြောင့် မောင်မောင်ခင် ဆံပင်များ လွင့်ပျံနေသည်။ ဘေးဘီယာဉ်အသွား အလာကို ကြည့်ပြီး စိန်ဂျွန်းဈေး ပလက်ဖောင်းတွင် ကားကို ငြိမ့်ခနဲရပ်လိုက်လေသည်။

ဖေဖေ့အတွက် လိုအပ်သည်များဝယ်ရန် ဈေးလာရခြင်း။ အိမ်မှာ ဦးဘကောင်း ရှိသည်မှန်သော်လည်း ဖေဖေသည် နေရာတကာတွင် မောင်မောင်ခင်ကိုမှ စိတ်တိုင်းကျသည်။



www.burmeseclassic.com

www.burmeseclassic.com



သွေးသား မတော်စပ်သော်လည်း သံယောဇဉ်နှောင်ကြိုး တိုး၍ခိုင်မြဲလာခဲ့သည်နှင့်အညီ သည်အဖေ သည်သား၏ စိတ်ဆန္ဒမှာ ခွဲခြားမရတော့။

အရာရှိ ဦးခင်မောင်၏သားအဖြစ် လူပုံအလယ် ပွဲထုတ်ခံရသဖြင့် နဂိုရုပ်ရည်သွင်ပြင်ရှိပြီးသား အရည်အချင်းတွင် ဂုဏ်ဒြပ်ဆင့်ကာ တင့်တယ်ချင်တိုင်း တယ့်တယ်နေခဲ့သည်။ သူ့ကိုမွေးစားစဉ်က ဖေဖေသည် အရာရှိမျှသာ။ ယခု သားအဖ ကံစပ်သည်ထင့် အရာရှိကြီး ဖြစ်လာသည်။

ဖေဖေ့ မေတ္တာတွေကလည်း ကြီးမားပါဘိ။ လူကုံထံလောကအတွင်း သွေးမတော်သားမစပ်ဘဲ သူ့ကိုသက်သက်မွေးစား ပါသည်ဆိုလျှင် မောင်မောင်ခင်အား အထင်သေးသွားကြမည် စိုးသည့်အတွက် အစ်ကိုအရင်း၏သား တူအရင်းကို အညာမြေမှ ခေါ်လာကာ သားရင်းအဖြစ် မွေးစားပါသည်ဟု သတင်းထွက်စေ၏။

ရုပ်ချော၊ ပညာတတ်၊ လူကုံထံသား မောင်မောင်ခင်မှာ ပန်းတိုင်တောအလယ် အပြောကြွယ်သော လိပ်ပြာကလေးအဖြစ် ရေပန်းစားခဲ့လေသည်။ ပန်းအလှကို ရှုကြည့်ခံစားရုံမျှသာ ဆွတ်ခြွေ စားသုံးလိုခြင်း မရှိသောကြောင့် အပေါင်းအသင်း ရောင်းရင်းတွေက အားမလိုအားမရဖြစ်ကြရသည်။ ကိုယ်ချင်းစိတ်ချင်း လဲလိုက်ချင်သူ တွေအများအပြား ရှိခဲ့ငြားသော်လည်း နဂိုက ရိုးသားသော ဗီဇအတိုင်း ကျင့်သုံးမြဲမို့ စာရိတ္တနှင့်ပတ်သက်လျှင် သန့်စင်သူအဖြစ် ဂုဏ်သတင်းကြီးခဲ့ပြန်သည်။

''ဖေဖေ''

''ဟော သားတောင် ပြန်လာပြီ''

''ဖေဖေ မှာလိုက်တာတွေ ပါလာတယ်။ စိတ်ကြိုက်ဖြစ်ရဲ့လား၊ ကြည့်ပါဦးဖေဖေ'' ဦးခင်မောင် မမျှော်လင့်ဘဲ ရထားသော သားလိမ္မာကို ကြည့်ကာ ပီတိတွေ ပြည့်လျှမ်းသည်နှင့်အမျှ တစ်ဘက်သတ် ကြိတ်စီစဉ်ထားသော ကိစ္စအတွက် စိတ်မလုံမလဲ ဖြစ်မိလေသည်။ အသက်ကြီးကာမှ တစ်ပတ်လည်လာသော မေတ္တာပန်း ပွင့်လန်းမှုကို သား မသိအောင် သိုသိပ်ဖုံးဖိထားမိခဲ့ချေပြီ။





မောင်မောင်ခင်အား စာချုပ်စာတမ်းနှင့် အပိုင်မွေးစားစဉ်က လတ်ရှိနေအိမ်နှင့် ခြံဝင်း၊ ဌာနဆိုင်ရာ ခံစားခွင့်အားလုံးကို မောင်မောင်ခင် နာမည်နှင့် စာချုပ်စာတမ်း ပြုလုပ်ကာလွှဲခဲ့ပြီးပြီ။ သူ့ဘဝကို ယတိပြတ် ဆုံးဖြတ်ပြီးကာမှ အသစ်ကြင်နာရမည့်သူကို တွေ့နေမိသည်။

ခင်စန်းကြည်။

မောင်မောင်ခင်ထက် နှစ်၊နှစ်လောက်သာကြီးမည်။ မိန်းကလေးကသူနှင့်ဆိုလျှင် သားအဖ အရွယ်လောက်ပါပဲ။ သည်မိန်းကလေးကို မြင်မြင်ချင်း သံယောဇဉ်ထားမိခြင်းသည် မိန်းကလေး ခင်စန်းကြည်ကလည်း ဖူးစာနတ် စေ့ဆော်ချက်ဖြင့် ဦးခင်မောင်ကို သမုဒ္ဒယနွယ်ကြိုး ရစ်ပိုခဲ့ကြ၏။

မိတ်ဆွေတစ်ဦး အိမ်သွားလည်ရင်း ခင်စန်းကြည်ကို တွေ့လာရ၏။ ထိုမိတ်ဆွေနှင့် သွေးမကင်းသော ခင်စန်းကြည်ကို ထူးထူးခြားခြား ကရုဏာတွေ ထားမိပြန်သောအခါ မောင်မောင်ခင်ကို သတိရမိပြန်သည်။

သည်အရွယ်နှင့် သည်စံပယ်၊ ဖြစ်မှဖြစ်ပါမည်လားဟု တွေးမိသေးသည်။ အဖေအိမ်ထောင်ပြုလျှင် မောင်မောင်ခင် ဝမ်းနည်းနေမည်လား။

သို့သော် အရာရာကို အချစ်စိတ်က အနိုင်ယူတတ်စမြဲ။ ခင်စန်းကြည်ကို မမြင်ရလျှင်၊ မနေနိုင်မထိုင်နိုင် ဖြစ်မိသည်ကို ရှက်များဝင်ရှက်ပါ၏။ ရှက်လည်း မရှက်နိုင်တော့ပဲ။ မိတ်ဆွေကို ဖွင့်ပြောကာ အကူအညီတောင်းရတော့သည်။

''ကို ဒီကလေးမကို လက်ထပ်ချင်တယ်။ ကူညီစမ်းပါ''

သည်စကား ထုတ်ပြောလိုက်သဖြင့် အံ့အားသင့်သွားသော မိတ်ဆွေ၏ မျက်နှာကို မြင်သော်လည်း ခွတ်မှိတ်၍ ထပ်ပြောရပြန်သည်။

''ကိုယ့်အကြောင်းတော့ သူငယ်ချင်းအသိပဲ။ မုဆိုးဖို၊ အဲ.. သားတစ်ယောက်တော့ရှိတယ်''

''အဲဒီ သားအတွက်ပဲ စဉ်းစားရမှာပါ ခင်မောင်ရယ်''

''ကိုယ့်သားက ကို့ကို သိပ်ချစ်တာ၊ သူ ကို့ဆန္ဒကို ကန့်ကွက်မယ်မထင်ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ခင်က သူ့အပေါ်ထားရှိသည့် မေတ္တာကို လုံး၀ ယုံကြည်တာ၊ အာမခံ ရဲရဲကြီးပေးလိုက်မိသည်။

"ကိုတို့နဲ့ ဆွေမျိုးနီးစပ်ပါ။ သွေးဝေးပါတယ်။ ကောင်မလေးက အဒေါ်နဲ့နေတာ။ ပြောရင် ဖြစ်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် ဖျက်လိုဖျက်ဆီး ပြောတာတော့ မဟုတ်ဘူးနော် ခင်မောင်။ အရွယ်ချင်း ကွာမနေဘူးလား"

"အရွယ်ချင်း ကွာပေမယ့် ချစ်မေတ္တာတူဖို့သာ အဓိကပါ"

"အင်း… ခင်မောင် ခင်မောင်၊ ကိုယ့်လူတော့ ခင်စန်းကြည်ကို တကယ် စွဲလမ်းနေပြီ"

သူငယ်ချင်းက ဦးခင်မောင်ကို ကြည့်ကာ၊ မှတ်ချက် ချလိုက်မိလေသည်။ အငြိမ်းစားယူဖို့ ငါးနှစ်အလိုကျမှ အိမ်ထောင်ပြုချင်စိတ် ပေါ်လာတာ မှန်သလား။ မှားသလားတော့ မသိ။ ကူညီရမည်၊ မိတ်ဆွေဝတ္တရားအရ ရှေ့ဆက် ဆောင်ရွက်ရလေသည်။

အနေဆင်းရဲသော ခင်စန်းကြည်အဒေါ်က သွားရောက် ကမ်းလှမ်းခြင်းကို လိုလိုလားလား လက်ခံလိုက်လေသည်။ တူမလေးအဖို့ ရှေ့ရေး ကောင်းစားလေပြီ။

"တူမ ကောင်းစားတာ မြင်ရရင် သေပျော်ပါပြီရှင်"

ခင်စန်းကြည်အဒေါ်၏ နှစ်လိုဝမ်းသာစကား၊ ဦးခင်မောင်သည် ခေါင်းငုံ့ ရှက်သွေးဖြာနေသော ခင်စန်းကြည်ဘက်သို့ လှည့်ကြည့်လိုက်မိသည်။

ဤသို့ဖြင့် ဦးခင်မောင်သည် ခင်စန်းကြည်နှင့် တရားရုံးတွင် လက်ထပ်လေသည်။ မိတ်ဆွေအပေါင်းအသင်း တစ်စုကို ပျော်ပွဲစားရုံတွင် ဧည့်ခံ၏။ ခင်စန်းကြည်ကို ဘေးတွင်ထား ကားမောင်းကာ အိမ်သို့ တိုက်ရိုက် ခေါ်လာမိသည်။ ယနေ့ ခင်စန်းကြည် လာမည့်အကြောင်း အိမ်သားအားလုံးကို အသိမပေး။

ကြည်နူးချမ်းမြေ့စွာ ခင်စန်းကြည်နှင့် တွယှဉ်တွဲရင်း ည ချမ်းချိန်မှာ အိမ်သို့ရောက်လာလေသည်။





"ဟောဗျ"

"ဟို… ဆရာကြီး… အဲ… အဲ…"

ဦးဘကောင်းနှင့် ဒေါ်မြမှာ ဦးခင်မောင်၏ ကားသံကြားရသည်နှင့် အပြေးအလွှား ဆင်ဝင်အောက်သို့ ရောက်လာသည်တွင် မမျှော်လင့်ဘဲ ခင်စန်းကြည်ကို တွေ့ရသဖြင့် အံ့အားတသင့်။

"ဟော… ဖေဖေ မပြောမဆိုနဲ့ မနက်အစောကြီး အိမ်က ထွက်သွားပြီး တစ်နေ့လုံး ပျောက်နေလို့ သားတောင် စိတ်ပူနေသေးတယ်"

စိုးရိမ်မကင်းအသံနှင့် မောင်မောင်ခင် ရောက်လာလေသည်။ ဦးခင်မောင်နံဘေးက မျက်နှာစိမ်း အမျိုးသမီးကို ပူးပူးကပ်ကပ် တွယှဉ်ရပ်လျက် တွေ့ရသည့်အခါ မောင်မောင်ခင် မျက်နှာပြင်ဝယ် ဝေခွဲမရသည့် လက္ခဏာများ ရိပ်ခနဲ ထင်သွားလေသည်။

"သားကို မိတ်ဆက်ပေးရဦးမယ်"

ဧည့်ခန်းတွင် ဝင်ရောက်ထိုင်ပြီးမှ မောင်မောင်ခင်အား အသိပေးရင်း မိတ်ဆက်ပေးရ၏။

"ဟောဒါ ခင်စန်းကြည်တဲ့"

"ဟုတ်ကဲ့ ဖေဖေ"

"ဖေဖေနဲ့သူ ဒီနေ့ပဲ တရားရုံးမှာ လက်ထပ်ခဲ့ကြတယ်"

"ဗျာ"

မိုးချုန်းသံ ကြားရသည့်အလား မောင်မောင်ခင် တုန်လှုပ် သွားလေသည်။ သား အရိပ်အကဲကို သိသော ဖေဖေသည် မောင်မောင်ခင် ပခုံးကို ကိုင်ကာ ဆက်ပြောနေရသည်။ ရင်ထဲမှလည်း ဖေဖေ့ကို နားလည်ပါ သားရယ်ဟု ပြောနေပါ၏။

"သားကို ကြိုတင် မပြောဖြစ်ပေမယ့် သား ဖေဖေ့ကို ခွင့်ပြုပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဘာများ မဟုတ်ကဲ့စရာ ရှိသနည်း။ တကယ်တမ်း တားမြစ်ပိုင်ခွင့်ကော သူ့မှာရှိပါသလား။ ဦးခင်မောင်၏ ကြီးမြတ်သော စေတနာကြောင့် ဘဝအလင်းရောင် ရခဲ့ခြင်းကို မေ့ထား၍မဖြစ်။

သို့ရာတွင် စိတ်ထဲတွင် နာကျင်သလို ဖြစ်နေမိ၏။ ရှားရှားပါးပါး ရထားသော မေတ္တာကိုမှ သူ့အပြင် ခွဲဝေချစ်ရမည့်သူ ပေါ်လာပြီး၊ သူ့ထက် ပိုပိုသာသာ မေတ္တာထားချင် ထားနိုင်သည့် အခြေအနေ တစ်ထောင့်ငါးရာနှင့် ငါးရာနှစ်ဆယ့်ရှစ်၊ ဂဏန်းချင်းယှဉ်လျှင် အလေးသာပုံမှာ သိသာနိုင်ပေသည်။

ခင်စန်းကြည်ဘက်သို့ ဖွေကြည့်လိုက်မိသည်။ ငယ်နု လှပသော ခင်စန်းကြည်ကို မမြင်၊ အရုပ်ဆိုး အကျည်းတန်သော မေတ္တာသူခိုးဟု ထင်မိ၏။ ရင်ထဲမှ ခါးသည်းသော ခံစားချက်သည် ပကတိရုပ်သွင်ကို ဖျက်ခဲ့သည်။ ဖေဖေ့ကို ကြည့်ရင်း ဝဲလာသော မျက်ရည်ကို ဘယ်သူမှ မမြင်စေလို၍ ဧည့်ခန်းမှ အမြန်ထွက်သွား လိုလှသည်။

"သား နေမကောင်းလို့ဖေဖေ၊ အနားယူမယ်နော်"

"ဟော.. ဘယ်လိုဖြစ်တာလဲ"

ဒေါ်မြရေ သားကိုကြည့်ရှုပြီး ဆေးဝါးတိုက်စမ်းပါဦး။

❖

"ကြည်လေး"

"ရှင်.. ကိုကို"

"ဒီမှာ ကိုနဲ့နေရတာ ပျော်ရဲ့လား"

"ဟုတ်ကဲ့ ပျော်ပါတယ်"

"အဒေါ်ကို သတိရနေမှာပေါ့"





"ရတာပေါ့ ကိုကို၊ ကြည့်ကို တစ်သက်လုံး ကျွေးမွေးလာတာပဲ"

"သတိရရင် သွားပေါ့ကြည်ရဲ့၊ ကိုကို ဒီနေ့ရုံးအားတယ်။ လိုက်ပို့မယ်"

ဇနီးချောကလေး ရကာစမို့ ဦးခင်မောင်မှာ အရူးအမူး ချစ်နေကာ ကြက်တူရွေးကတော်တော် မယ်ဘော်က သဲနေလေသည်။ ခင်စန်းကြည်က ဘာမှ တောင်းဆိုခြင်းမပြုမီ ကြိုတင် လိုက်လျောပြီးသား။

တမလွန်မှ မြင့်မှာ မှုန်ဝါးသော ပန်းချီကားချပ်နှယ်။ နုသစ်သော အလှသည်လည်းကောင်း၊ ချိုသာသော အသံသည်လည်းကောင်း၊ နူးညံ့သော အတွေ့သည်လည်းကောင်း၊ အရာရာကို မေ့နိုင်စွမ်းရှိ၏။

သည်အိမ်တွင် ခင်စန်းကြည် ရောက်လာသည်မှစ၍ မောင်မောင်ခင် ဘောဇဉ်ကျဉ်းသွားလေသည်။ ဖေဖေသည် သူ့ကိုမြင်ပါလျက် ဥပေက္ခာပြုသယောင်ရှိ၏။ ဖေဖေနှင့် ထမင်းတစ်ဝိုင်းတည်း မစားဖြစ်သည်မှာ ကြာပြီ။

ခင်စန်းကြည်ကို အရေးပေးကာ ဖေဖေ ပျော်တပြုံးပြုံး ဖြစ်နေသည်။ သူများ ပျော်ရွှင်မှုကိုမြင်ပြီး၊ ကိုယ် စိတ်ဆင်းရဲသည်ဆိုလျှင် လူကြား၍မှ မသင့်လျော်သောကိစ္စ။ မောင်မောင်ခင်သည် ဖေဖေနှင့် ခင်စန်းကြည်ကို မသိမသာ ရှောင်တော့သည်။

သည်မိန်းမမှာ လင်ယူစရာ ရှားပါးလွန်းလို့ထင်ရဲ့။ သူ့အဖေ ကိုမှ ရွေးယူတတ်ပေသည်။ မောင်မောင်ခင်မှာ ခင်စန်းကြည်အပေါ် အမုန်းပင် စိုက်ပျိုးမိသည်။ ခင်စန်းကြည်လို ငယ်ရွယ်သူက ယူမှတော့ ဖေဖေ ဘာငြင်းမလဲ ယောက်ျားပဲဟု။ ဖေဖေ့ဘက်ကို ဖြေတွေးမိသောအခါ၊ ခင်စန်းကြည် အပြစ်တွေကို ရှာဖွေမြင်လာတတ်၏။

တစ်ယောက်တည်း အတွေးနယ်ကျယ်နေခိုက် အိမ်က ကားထွက်သွားသံ ကြားရ၏။ သွားပြန်ပြီ မိုးမမြင်၊ လေမမြင် ပျော်ကြလို့ ထင်ပါရဲ့ဟု စိတ်ထဲမျက်နေသည်။

မျက်နှာသစ်ပြီး ထမင်းစားခန်းထဲ ဝင်လာသောအခါ ဒေါ်မြက ကော်ဖီလာချပေး၏။



www.burmeseclassic.com

www.burmeseclassic.com



''ဖေဖေ ဘယ်သွားတာလဲဟင်''

''မင်္ဂလာဆောင်တဲ့၊ ကရဝိတ်ခန်းမဆိုလား''

အရင်က သားကိုနေရာတကာ လူပုံအလယ် ပွဲထုတ်ခဲ့သော ဖေဖေ၊ ယခု မယားအသစ်ကလေးကို ပွဲတက်မယားအဖြစ် မြှောက်စားနေလေသည်။ အရာရှိကြီး ဦးခင်မောင်၏သား၊ မောင်မောင်ခင်ဆိုသည့် အရွိန်အဝါပင်လျှင် တဖြည်းဖြည်း မှေးမှိန်ညှိုးလျှမှန်းမသိ ညှိုးကျသွားလေသည်။

ဖေဖေနှင့် ခင်စန်းကြည်ကို လွတ်အောင်ရှောင်ရသဖြင့်၊ အဆောင်ဆောင်၊ အခန်းခန်းနှင့် နှစ်ထပ်တိုက်ကြီးမှာ ကျဉ်းကျပ် နေလေသည်။ ကော်ဖီသောက်ချိန်မှာလည်း ဖေဖေတို့စုံတွဲနောက်မှ၊ ထမင်းစားချိန်မှာလည်း ထိုနည်းတူ။

နေရာတကာ ဖေဖေ့ကို ဦးစားပေးခဲ့သောကြောင့် စားရာသွားရာမှာ နောက်ကျတော့သည်။ အိမ်ကြီးတွင်လည်း သူ့ အနေအထားမှာ နောက်ရောက်နေပြီကော။

ဖေဖေ့အရှိန်အဝါ ဟပ်သဖြင့် ခင်စန်းကြည်မှာ အရာရှိကြီးကတော်အဖြစ် ပတ်ဝန်းကျင်က အလေးအမြတ် ထားလာကြ၏။ ရေမြင့်ကြာတင့်သည်နှင့်အညီ ခင်စန်းကြည်၏ အသွေးအမွေးကအစ သားသားနားနား ရောက်လာကာစနှင့်မတူ။ ငယ်ရွယ်နုပျိုမှုအပေါ်တွင် တင့်တယ်ခန့်ငြားမှုက ထပ်ဆောင်းပေးလိုက်သကဲ့သို့ ရှိလေသည်။

ခင်စန်းကြည်မှာ သူ့နေရာနှင့်သူ ထိုက်တန်အောင် ကြိုးစားနေရှာ၏။ ဝတ်စားဆင်ယင်မှုမှအစ၊ တည်တည်ခန့်ခန့် နေထိုင်သဖြင့် အရာရှိကြီးကတော်လေး ကျက်သရေရှိတယ်ဟု ချီးမွမ်းသံတွေ လျှံထွက်လာခဲ့သည်။

ဦးခင်မောင်အနေဖြင့် မောင်မောင်ခင်နှင့် ခင်စန်းကြည်၏ အနေအထားကို လူကြီးပီပီသိ၏။ ခပ်စိမ်းစိမ်းအဆင့်မှ မတိုးတက်သေး။ သားကိုလည်း သနား၊ ခင်စန်းကြည်ကိုလည်း ချစ်သည်နှင့်အမျှ သူတို့နှစ်ဦး သဟဇာတဖြစ်ရေးကို လိုလားမိ၏။





''သားရေ မောင်မောင်ခင်''

ဧည့်ခန်းသို့ မောင်မောင်ခင်ကို ခေါ်ပြီး၊ ခင်စန်းကြည်နှင့် မျက်နှာချင်း ဆိုင်စေသည်။

''နေနိုင်လိုက်တာ သားရယ်၊ ဖေဖေနဲ့တောင် တစ်အိမ်တည်းနေပြီး၊ မတွေ့တာ ကြာလှပါပကော''

ဖေဖေ့စကားကြောင့် စိတ်ထဲ ဝမ်းနည်းမိသည်။ စိတ်ထဲမှလည်း ကျွန်တော်ကို ဒီနေ့မှသတိရတာ မဟုတ်လား ဖေဖေရယ်ဟု ပြောနေမိသည်။ ပါးစပ်မှ အသံထွက်မလာ။

''ဖေဖေနဲ့ ပတ်သက်နေပြန်တော့ သားနဲ့ ကြည်လေးတို့ဟာ သွေးရင်းလို သဘောထားဖို့ ဖေဖေတိုက်တွန်းချင်တယ်''

''ဟုတ်ကဲ့ ဖေဖေ''

''ကြည်လေးက သားထက် နှစ်နှစ်ကြီးတယ်။ မမကြည်လို့ ခေါ်ချင်ခေါ် မမခေါ်ချင်လဲ ခေါ်ပေါ့''

ဖေဖေ့ကို သနားမိပြန်သည်။ ကလေးများ စကားသင်ပေးသလို သင်ပေးနေမိသည်မှာ ပြင်းပြသောဆန္ဒကို ထုတ်ဖော်နေသလိုရှိ၏။ ဖေဖေ့ဆန္ဒအတိုင်း ဖြစ်ရပါစေမယ် ဖေဖေရယ်။

''အေးလေ သားအနေနဲ့က ဘယ်ပုံစံနဲ့ ဆက်ဆံရမှန်းမသိလို့ ဘာသိဘာသာနေတာ ဖြစ်မှာပါ။ တမင်စိမ်းတာ မဟုတ်ဘူးလို့ ဖေဖေ ယူဆပါတယ်''

''ဟုတ်ပါတယ်''

''ကြည်လေးကော သားကို သွေးသားရင်းလို သဘောထားရမယ်နော်''

''စိတ်ချ ကိုကို''

ငွေဆည်းလည်းကလေး၊ တုန်ခါ ရိုက်ခတ်သံပါပဲ။ မောင်မောင်ခင် နားထဲတွင် ရှူးခါးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ပြောချင်တာ ဒါပါပဲသား"

ဖေဖေအလိုကျ လုံးဝ မလိုက်လျောနိုင်သည့်တိုင် ဟန်ဆောင်၍ပဲ ဖြစ်ဖြစ်၊ နေပြမည်ဟု သူ့အခန်းထဲ ပြန်ဝင်လာပြီး နဖူးပေါ်လက်တင်ကာ တွေးနေမိလေသည်။

နွေ မိုး ဆောင်း သုံးရာသီကို ငါးလီကျော်ခဲ့ပြီ။

❖

မောင်မောင်ခင် တက္ကသိုလ်မှဘွဲ့ရပြီး ဌာနဆိုင်ရာတွင် အမှုထမ်းလျက် ရှိသည်။ ဖေဖေက အငြိမ်းစားယူပြီး အိမ်မှာပဲ အေးအေးချမ်းချမ်း နေသည်။ ခင်စန်းကြည်နှင့် နေရာတကာ တပူးတွဲတွဲ အသက်ကြီးမှ ငယ်ရွယ်နုပျိုသော အလှကိုပိုင်ဆိုင်ခွင့်ရသော ဖေဖေသည် အမြဲတမ်း သဘောရွှင်လျက် ရှိ၏။

ဘဝတက္ကသိုလ်မှရော၊ ပညာတက္ကသိုလ်မှရော အတွေ့အကြုံများ ဖြတ်သန်း ကျော်လွှားခဲ့ရသော မောင်မောင်ခင် အနေဖြင့် လောကကို ရှုမြင်သုံးသပ်တတ်လာသည်။ ကံစေစားရာနာခံ၊ ကံပြုသမျှ နုရသည့် ကကြိုးရုပ်များဟု သိလာသောအခါတွင် ဖေဖေအပေါ်ရော၊ ခင်စန်းကြည်အပေါ်မှာ တင်းထားသောစိတ်တွေ တစ်စတစ်စ ပြေလျော့လာလေသည်။

မမြင်နိုင်သော လောကသံသရာမှာ ဘာတွေဖြစ်ကြဦးမည်။ ဘာတွေ ပျက်ကြဦးမည် ခန့်မှန်းမရ။ တခြားမကြည့်နှင့် ကိုယ့်ဘဝကိုယ် ပြန်ကြည့်လျှင် ကောင်းကောင်းကြီး သိနိုင်ပေသည်။ ညောင်ဦးမြို့အနီး တက်သစ်ရွာက မိမဲ့ဖမဲ့ တစ်ကောင်ကြွက် မောင်ခင် ကံကြမ္မာ အလှည့်ပြောင်းချင်တော့ ဦးခင်မောင်လို စေတနာမြင့်မြတ်သူနှင့် ဆုံတွေ့ရသည်။ ရန်ကုန်မြို့ ဆိတ်ငြိမ်ရပ်ကွက် အထက်တန်းစား လူကုံထံများ စုဝေးသည့်နေရာတွင် နေထိုင်ဖို့ ဖန်တီးလာ၏။ အရာရှိကြီး၏သား မောင်မောင်ခင်အဖြစ် ထင်ပေါ်လာကာ တက္ကသိုလ်မှ ဘွဲ့ရခဲ့သည်။





မိမိဘဝကို အပြောင်းလဲကြီး ပြောင်းလဲအောင်၊ စီမံသော ကံတရားသည် သာမန် သူဆင်းရဲသူလေး ခင်စန်းကြည်အား အရာရှိကတော်ဖြစ်အောင် စီမံပေးလိမ့်မည်ဟု တွေးမိလျှင်၊ အရာရာကို မျက်လုံးစိမ်းဖြင့် မကြည့်ဘဲ ခွင့်လွှတ်တတ်လာနိုင်ခဲ့သည်။

သို့အတွက် ဦးခင်မောင် အလိုကျ ဖြစ်လာသည်။ မောင်မောင်ခင် မမကြည်ဟု တရင်းတနှီးခေါ်ပြောမှုများ ရှိလာ၏။

အနီးကပ် ပေါင်းကြည့်တော့ ခင်စန်းကြည်သည် သူထင်သလို သဘောမဆိုး၊ စိတ်မှန်းဖြင့် ရမ်းဆကာ မုန်းတီးခဲ့မိသည်ကို နောင်တရချင်၏။ နဂိုက ဆင်းရဲတွင်းမှ တက်ခဲ့ရသော ခင်စန်းကြည်သည် ဘဝတူ မောင်မောင်ခင်အပေါ် စာနာစိတ်ထားလာသောအခါ သူတို့အိမ်မှာ သီရိဂေဟာလေး ပမာ ပျော်ချင်စရာ ဖြစ်လာတော့သည်။

ခင်စန်းကြည်နှင့် သားသမီး မထွန်းကားသည့်အတွက် မောင်မောင်ခင်သာလျှင် ဦးခင်မောင်၏ သားအဖြစ်မှ မရွေ့လျောပေ။

အိမ်မှာ စီမံအုပ်ချုပ်သူက ခင်စန်းကြည်၊ ပြင်ပနှင့် ဆက်သွယ်ရသူက မောင်မောင်ခင်၊ သူ့နေရာနှင့်သူ အံဝင်ခွင်ကျ၊ ဦးခင်မောင်မှာ သား အတွက်ရော၊ ဇနီးအတွက်၊ စိတ်ချမ်းမြေ့စွာ ရှိလေသည်။

ထမင်းဝိုင်းမှာ မိသားစုနယ် လက်ဆုံစားဖြစ်ကြပြီ။

"မောင်မောင်ခင် မောင်မောင်ခင် ထစမ်းပါဦး မြန်မြန်"

ညသန်းခေါင်ကျော်၊ သူ့အခန်းတံခါးကို အရေးတကြီး ပုတ်နှိုးသံကြားသည်နှင့် ခင်စန်းကြည်မှန်း သိ၏။ ဘာကို စိုးရွံ့ထိတ်လန့်သလဲ မသိ။ အသံမှာ တုန်ယင်နေသည်။

ကပျာကယာထပြီး ခင်စန်းကြည်ကို ရင်ဆိုင်ရသည်။

"ကိုကိုလေ တစ်ကိုယ်လုံး အေးစက်နေတယ်။ ခေါ်မရဘူး။ ဦးဘကောင်းနဲ့ ဒေါ်မြတို့ကိုနှိုးမှ"

မောင်မောင်ခင် ကိုယ်တိုင်ကြားရသည့် အဖြစ်သနစ်ကြောင့် စိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ထူပွသွားလေသည်။ ခင်စန်းကြည်နှင့်အတူ ဖေဖေရှိရာ လာခဲ့ပြီး ကိုင်တွယ် စမ်းသပ် ကြည့်ရ၏။ အေးစက်နေသည်မှာ ရေခဲတုံးတမျှ၊ ညည်းတွားသံ တိုးတိုးကြားရသဖြင့် တော်ပါသေးရဲ့ဟု အောက်မေ့မိလေသည်။

စကားမေးမရသည့်အတွက် စိုးရိမ်မှု မလျော့နိုင်သေး၊ ဦးဘကောင်းကို အမြန်နှိုးရသည်။ ဒေါ်မြပါ နိုးလာသောအခါ ဘာလုပ်ကြမလဲဟု အားလုံး တိုင်ပင်ကြလေသည်။

"အိမ်နားမှာတော့ ဆရာဝန်ရှိတယ်။ တစ်အိမ်ကျော်ပဲ၊ ဆေးရုံကို တိုက်ရိုက်တင်မလား၊ ဆရာဝန် ခေါ်ပြမလား မမကြည်သဘောပဲ"

ခင်စန်းကြည်ကို တိုင်ပင်သော်လည်း မောင်မောင်ခင် ကိုယ်တိုင် ဘာလုပ်သင့်သည်ကို ဝေခွဲမရ။

"ကောင်းတာသာ ကြည့်လုပ်ကွယ်၊ မမကြည်လဲ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး"

ဦးခင်မောင်ကို ဖေးမထားလျက် မျက်ရည်စက်လက်နှင့် ခင်စန်းကြည် ဖြေလေသည်။

"ဦးဘကောင်း ဆရာဝန်ကို နှိုးပြီးပင့်ဗျာ။ သူ့ကိုပြပြီးမှ သူပေးတဲ့ အကြံဉာဏ်အတိုင်း ဆက်လုပ် ကြရအောင်။ အဲဒါ အကောင်းဆုံးပဲ"

နောက်ဆုံး မောင်မောင်ခင် အဆုံးအဖြတ်သာလျှင် အတည်ဖြစ်သွားလေသည်။ ဒေါ်မြမှာလည်း မျက်စိသူငယ်နှင့် ခြေမကိုင်မိ လက်မကိုင်မိ။ မောင်မောင်ခင်မှာလည်း ရပ်တည်ရာမရ၊ ထိုင်မလို ထမလို။ ဖေဖေ့နား ကပ်ကာ နဖူးစမ်းလား စမ်း၊ လက်ကောက်ဝတ်ကိုင်၊ ခြေထောက် ဆုပ်နယ်နှင့် ဦးဘကောင်း ပင့်လာမည့် ဆရာဝန်ကို လည်ဆန့်မျှော်ကာ ယောက်ယက်ခတ်နေမိ၏။

ဦးဘကောင်းနှင့်အတူ၊ ဆရာဝန်ပါလာသည်။ အိမ်ရှိလူကုန် တုန်လှုပ် နေသော်လည်း ဆရာဝန်က တည်ငြိမ်စွာ သူ့အလုပ်သူ လုပ်သွားလေသည်။





"ဘာဖြစ်လို့လဲ ဒေါက်တာ"

ဆရာဝန် စမ်းသပ်မှုအပြီး မောင်မောင်ခင် မနေနိုင်တော့၊ အလောတကြီး မေးမိသည်။

"ဦးနှောက်သွေးကြော သေးသေးလေးတစ်ခု ပြတ်တာပါ"

"ဗျာ"

ကြီးစွာသော ထိတ်လန့်မှု အာမေဋိတ်။

"အဲဒါ စိုးရိမ်ရသလားဟင် ပြန်ကောင်းပါ့မလား"

ဆရာဝန်သည် လူနာ၏ ဇနီးဘက်သို့ လှည့်ကြည့်ပြီး၊ ကရုဏာ မကင်းစွာ ပြုံးသည်။ ပြီးမှ အားပေးစကားဆို၏။

"ကျွန်တော် အစွမ်းအထက်ဆုံး ဆေးထိုးပေးပါ့မယ်။ ဒါပေမယ့် ဆေးရုံကို အမြန်ဆုံးတင်ပါ။ စိုးရိမ်စရာ မရှိပါဘူး။ အစ်မကြီး ဆေးရုံမှာ ပိုကောင်းပါတယ်။ လူနာအတွက် လိုအပ်သရွေ့ စုံစုံလင်လင်ရှိတယ် ခင်ဗျာ"

ဦးဘကောင်းက ဆရာဝန်အား လိုက်ပို့သည်။ မောင်မောင်ခင်သည် ဦးခင်မောင်အား ဆေးရုံတင်ရန် ကားအဆင်သင့် စီစဉ်လေသည်။

ခင်စန်းကြည်မှာ မျက်စိသူငယ်နှင့် ညည်းသံသဲ့သဲ့ ပြုနေသော ဦးခင်မောင်အနီးမှ မခွာ။ ဆရာဝန်ပြန်ပို့သော ဦးဘကောင်း ကားစက်နှိုးပြီး ပြန်တက်လာသော မောင်မောင်ခင်တို့ စုံညီတော့မှ ဦးခင်မောင်ကိုပွေ့ချီကာ ကားပေါ်သို့ တင်ရသည်။ ခင်စန်းကြည်မှာ ငိုရှိုက်လျက်ရှိပြီး။

"မမကြည် မငိုနဲ့လေဗျာ"

"ကိုကိုသာ တစ်ခုခုဖြစ်ရင် မမကြည်တော့ ဒုက္ခပဲ"

"မဖြစ်နိုင်တာတွေ မတွေးနဲ့မမကြည်"

စိတ်ထိခိုက်နေသော ခင်စန်းကြည်အား အားပေးရင်း၊ သနားသလို ဘာလိုလိုကြီး ဖြစ်နေမိသည်။ တကယ်တမ်းတွင်လည်း ဦးခင်မောင်မှာ သည်တောင်က ကျော်နိုင်မည် မဟုတ်မှန်း၊ မောင်မောင်ခင် နားလည်ထားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က ခင်စန်းကြည်မမြင်အောင် မောင်မောင်ခင်အား ခေါင်းယမ်းပြသွားခဲ့ပြီပဲ။ ဆေးရုံသို့ပို့ပါ ဆိုသည်မှာ လူနာအတွက် နောက်ဆုံးအနေဖြင့် အကောင်းဆုံး ဆောင်ရွက်ပေးနိုင်အောင် တိုက်တွန်းလိုခြင်း မျှသာ ဖြစ်လေသည်။

ဖေဖေရဲ့နောက်ဆုံးအချိန်များ၊ တစ်သက်ပြန်မတွေ့စတမ်း ခွဲခွာကြရတော့မည်ကို သိလျက်နှင့် ဟန်ဆောင်ရတာ ပင်ပန်းလှချေသည်။ သူကိုယ်တိုင်က သိပ်ထိခိုက် ကြေကွဲနေလျှင် ခင်စန်းကြည် ဘယ်သို့ ရှိမည်နည်း။

ဆေးရုံပေါ်တွင် ဦးခင်မောင်မှာ သတိလုံးဝ မလည်လာ၊ အောက်စီဂျင်ပိုက်၊ အစာသွင်းပိုက်၊ ဂလူးကို့(စ်)ပိုက်များ ရှုပ်ထွေးလျက် သုံးရက်တိုင် မေ့လျော့နေလေသည်။

ဆေးရုံနှင့်အိမ်ကို ပျားပန်းခတ်မျှ ကူးသန်းရင်း စိတ်မောနေရသည်။ မမျှော်လင့်သော ကံကြမ္မာသည် ပျော်ရွှင် ချမ်းမြေ့လျက်ရှိသော အိမ်ကြီးအတွင်း ဆိုက်ရောက်ခဲ့ချေတော့သည်။

ခင်စန်းကြည်မှာ မအိပ်မစားဘဲ နေသဖြင့် ချော့မော့ပြီး ကျွေးမွေးနေလေသည်။ အိမ်ကို အတင်းပြန်လွှတ်ပြီး၊ ရေမိုးချိုး၊ အဝတ်အစားလဲခိုင်းရ၏။

"မမကြည် မပြန်ချင်ဘူး။ ကိုကို့ကို ပြုစုပြီး နေပါရစေ"

"ကျွန်တော် တောင်းပန်ပါတယ်။ မမကြည် သိပ်ပင်ပန်းနေပြီ။ ခဏပြန်ဦး"

အတန်တန်ပြောမှ ခင်စန်းကြည်၊ ဦးခင်မောင်အနီးမှ ခွာသည်။ ခင်စန်းကြည် အိမ်ပြန်ခိုက်၊ မောင်မောင်ခင် လက်ကိုဆုပ်ကိုင်ပြီး၊ ဦးခင်မောင် လောကကို စွန့်ခွာသွားခဲ့သည်။

ကျန်ရစ်သူတို့၏ သောကပရိဒေဝမီးမှာ ဖြေမဆည်နိုင်အောင် တောက်လောင်ခဲ့လေသည်။ အသုဘရက်လည်အထိ အိမ်မှာ လူဝင်လူထွက် မပြတ်၊ ကြေးနန်း၊ တယ်လီဖုန်းတို့ဖြင့် ဝမ်းနည်းကြောင်း ပြောကြားသူများ၊





ကိုယ်တိုင်လာရောက် မေးမြန်းသူများကို ဧည့်ခံရဖြင့် အိမ်ရှိလူကုန် မအား။

ခင်စန်းကြည်မှာ ဧည့်သည်များအား ညိုးငယ်နွမ်းလျစွာ ထွက်ဧည့်ခံရလေသည်။ အသစ်စက်စက် မုဆိုးမချောချောလေးကို ကြည့်၍၊ ကရုဏာသက်စရာ ကောင်းပေ၏။ ပူပင်သောက ပရိဒေဝကြားမှ ခင်စန်းကြည်၏ ပျိုရွယ်သောအလှမှာ ထူးခြားပေါ်လွင်နေ၏။

ဦးခင်မောင်၏ နောက်ဆုံးခရီးမှာ စည်ကား သိုက်မြိုက်လှ၏။ ရက်လည် ဆွမ်းသွတ်ပြီးနောက်၊ အိမ်ကြီးမှာ တိတ်ဆိတ်ခြောက်သွေ့ သွားလေသည်။

ကျေးဇူးရှင်ဖေဖေ၊ ကောင်းရာသုဂတိ လားပါစေဟု၊ မောင်မောင်ခင် အကြိမ်ကြိမ် ဆုတောင်းရပေသည်။

သေသောသူ ကြာလျှင်မေ့ ဆိုသော်လည်း ဖေဖေ့ကို မေ့နိုင်မည်မထင်။ ဖေဖေ မရှိကာမှ ဖေဖေ့တန်ဖိုးကို ပိုသိ၏။ ဖေဖေ့ အရိပ်အာဝါသ ကြီးပုံကို တစိမ့်စိမ့် တွေးနေမိသည်။

မမကြည် သနားစရာကောင်းသော မိန်းမ၊ ရွှေဘုံပေါ်မှာ ကြာရှည်စံဖို့ ကံမရှိသူ လင်သားအရှိန်အဝါမဲ့သည်နှင့် အိမ်ထဲကအိမ်ပြင် မထွက်ရဲလောက်အောင် အားငယ်နေရှာသည်။ ဦးခင်မောင်၏ အငြိမ်းစားလစာ တစ်ဝက်အပြင် ဝင်ငွေမရှိ။ အိမ်၊ ကားနှင့် အခြား ခံစားပိုင်ခွင့်အားလုံးမှာ မောင်မောင်ခင်အား စာချုပ်ဖြင့် မွေးစားစဉ်က လွှဲအပ်ပြီး ဖြစ်ကြောင်း သိရှိသောအခါ ခင်စန်းကြည်မှာ ပို စိတ်ထိခိုက်လေသလား မသိ။

ကျေးဇူးရှင် ခင်ပွန်းကိုလည်း အပြစ်မတင်ရက်၊ သူ့ကို လက်မထပ်မီကပင် အပြီးအပိုင် လွှဲထားခြင်းကိစ္စ ဖြစ်သည်။ ကိုကိုသည် သူနှင့် မောင်မောင်ခင်ကို သွေးသားရင်းလို သဘောထားပါဟု စုစည်းခဲ့ရှာသည်။

မောင်မောင်ခင်နှင့် တစ်ယောက်သဘောတစ်ယောက် နားလည်ချိန်တွင် ခင်စန်းကြည်အတွက် တစ်မျိုးတစ်ဖုံ ပြောင်းလဲစီစဉ်မှု မပြုနိုင်မီ ကောက်ကာငင်ကာ ကိုကိုဆုံးရရှာသည်။ ကိုကိုသာ အသက်ရှည်လျှင် သူ့အတွက် ဘဝရှေ့ရေး စိတ်အေးဖို့ တစ်စုံတစ်ခုတော့ လုပ်မှာသေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမရှိသည့်နောက်ပိုင်း အိမ်ကြီး၏ အရှင်သခင်အစစ်မှာ မောင်မောင်ခင်သာလျှင် ဖြစ်ချေတော့သည်။ မောင်မောင်ခင် ကြည်ဖြူစွာ နေခွင့်ပေးကာမှ ဆက်လက်နေထိုင်ခွင့် ရတော့မည်ဟု၊ ခင်စန်းကြည် နားလည်ထားလိုက်၏။

တော်ပါသေး၏။ မောင်မောင်ခင်က သူ့အား ပစ္စည်းခန်း၊ အမွေဆက်ခံမှုနှင့် စပ်လျဉ်း၍ တစ်ခွန်းတစ်ပါဒ မဟချေ။ သူ့အပေါ် ထောက်ထားညှာတာသဖြင့် အပြန်အလှန် ကြည်ညိုသဒ္ဓါ ဖြစ်ရ၏။

ဦးခင်မောင် ကွယ်လွန်၍ သုံးလကျော်ခန့် အကြာတွင် ဦးဘကောင်းနှင့် ဒေါ်မြကြ ဆိုလာပြန်သည်။

"ဆရာကြီး မရှိတော့ အလုပ်သိပ်မရှိဘူး။ ကားမောင်းပို့စရာလမ်းလဲမရှိ။ မမြမှာလဲ ချက်ရေးပြုတ်ရေးအပိုင်း နည်းသွားပြီ။ တို့များလဲ အသက်အရွယ်ရလာတော့ ဇာတိရပ်ရွာကို ပြန်ချင်တယ် မောင်မောင်ခင်"

ဦးဘကောင်းပြောတာ အမှန်ပင်။ ဖေဖေ့ မော်တော်ကား ကိုယ်တိုင်မောင်း၍ မောင်မောင်ခင် ရုံးတက်သည်။ ဒေါ်မြကလည်း ထမင်းတစ်အိုး၊ ဟင်းတစ်အိုးအပြင် ချက်ပြုတ်စရာမရှိ။ သည်မျှ အလုပ် ပါးသွားလေတော့လည်း အလကား လခထိုင်ယူရမှာ အားနာလာကြသည်။

ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိပြီဆိုသည့်တရား ဖေဖေပြသွားခဲ့ပြီလေ။ မောင်မောင်ခင်မှာ ဦးဘကောင်းနှင့် ဒေါ်မြကို မပြန်စေချင်။ သူတို့ လင်မယားအတွက် ပေးရမည့် လစာကို မောင်မောင်ခင် ကြံဖန်ပေးရသော အခြေမို့ မတတ်သာ၍ လက်လွှတ်ရခြင်းဖြစ်သည်။

"ဒေါ်မြလဲ တောရွာမှာ အေးအေးဆေးဆေး ဥပုသ်သီတင်း ပြုချင်တယ်။ အသက်ကြီးတော့ သံသရာအတွက် အထုပ်ထုပ်ချင်လို့" ဗမာအိုကျောင်းကြိုကျောင်းကြား ဟူသည်နှင့်အညီ ကျင့်သုံးချင်သော သူတို့လင်မယားကို ခွင့်လွှတ်ရပေသည်။

ဦးဘကောင်းတို့ လင်မယားနှင့် မောင်မောင်ခင် ပြောနေသံကို





ခင်စန်းကြည် အတိုင်းသား ကြားရ၏။ သြော် သူတို့သည် အိမ်ကြီးရှင်ကို အရင်နှုတ်ဆက်ကြပေသကိုး။

ပူဆွေးသောကနှင့် အားငယ် ဝမ်းနည်းစိတ် ပေါင်းစပ်ကာ ခင်စန်းကြည် မျက်ရည်ဝေရပြန်လေသည်။

"ကြည်ရေ..."

ခေါ်သံနှင့်အတူ ဒေါ်မြ သူ့ရှေ့မှောက်သို့ ရောက်လာသည်။

"ဒေါ်မြတို့ ဇာတိရပ်ရွာ ပြန်ကြမယ်လေ။ အဲဒါ ကြည့်ကို လာနှုတ်ဆက်တာ"

"မောင်မောင်ခင်ကို ပြောနေသံ ကြည် ကြားပါတယ် ဒေါ်မြ"

"ကြည်ရယ်၊ အလုပ်မရှိဘဲ၊ မောင်မောင်ခင် လုပ်စာကို ထိုင်စားပြီး၊ လခသက်သက် ယူနေရတာ အားနာလာလို့ပါ။ ကြည်နဲ့လဲ မခွဲချင်ဘူး။ မောင်မောင်ခင်ကိုလည်း သနားပါတယ်။ ကြည် ဒေါ်မြတို့ရွာကို အလည်လိုက်မလားဟင်"

"ကြည့်ဘဝ ရှေ့ရေးက ဘယ်လိုဖြစ်မလဲဆိုတာ မပြောနိုင်ဘူး ဒေါ်မြ။ ဒါကြောင့်မို့ ဒေါ်မြတို့ဆီ မလိုက်နိုင်ဘူး။ လာနိုင်အောင်တော့ ကြည် ကြိုးစားပါ့မယ်"

မလွဲသာ၍ ခွဲခွာရသည့် အပိုင်းတွင်မျက်ရည်စ တဝေဝေနှင့် နှုတ်ဆက်စကား ဆိုရလေသည်။

ဒေါ်မြတို့ ပြန်သွားပြီးသည့်နောက်ပိုင်း အိမ်ကြီးမှာ ပို၍ တိတ်ဆိတ်ခြောက်သွေ့လာသည်။

အိမ်ကြီးအပေါ်ထပ်တွင် သူတစ်ခန်း ကိုယ်တစ်အခန်း နေကြသော မောင်မောင်ခင်နှင့် ခင်စန်းကြည်မှာ အနေခက်လျက် ရှိသည်။

လင်ပါမွေးစားသား အသက်ချင်း မတိမ်းမယိမ်း နှစ်ယောက်စလုံး လွတ်လပ်သူ။ အိမ်ကြီးတစ်လုံးပေါ်မှာ နှစ်ယောက်ထဲ အတူနေရသည့်အဖြစ်။ ဘယ်မှာ အမြင် တယ့်တယ်ပါလိမ့်မည်နည်း။ ပတ်ဝန်းကျင်က ဘာပြောမည်



www.burmeseclassic.com

www.burmeseclassic.com



နည်း။ နေရာတကာတွင် ရှီးတိုးရှန့်တန့်။ ရှိရင်းစွဲ ခင်မင်မှုလေးတွေမှာ အနေစိမ်းသဖြင့် မှိန်ပျပျသာ ရှိတော့၏။ တစ်ဦးကိုတစ်ဦး ဘာစကား ပြောရမည်ပင် မသိ။

ခင်စန်းကြည်မှာလည်း မောင်မောင်ခင်က ဘယ်နေ့မှာ အိမ်ကဆင်း ပါဟု ပြောလေမလဲ ရင်ထိတ်နေ၏။

“မမကြည် ဧည့်ခန်းထဲ ဆင်းပါဦး။ ကျွန်တော် ပြောစရာရှိလို့”

မကြားလိုသောစကား ကြားရပေတော့မည်။ အထုပ်အပိုးသာ ပြင်ပေ တော့ဟု ကိုယ့်ဘာသာကိုယ် ပြောနေမိသည်။ အိမ်ကြီးရှင်စကား ဘယ်လို ဝယ်ရှားရမလဲ။ ခင်စန်းကြည်မှာ ညှိုးငယ်နွမ်းလျစွာ ဧည့်ခန်းထဲ ဆင်းလာ ရ၏။

“မမကြည်”

လေယူလေသိမ်းကို ထောက်ချင့်၍ ပြောမည့်စကားမှာ ရက်စက်မှု ကင်းကြောင်း သိသာစေသည်။

“ကျွန်တော် ဒီနေ့ပဲ အိမ်ပြောင်းတော့မယ်”

“အို... ဘယ်လိုဖြစ်ရတာလဲ”

“သူငယ်ချင်း တစ်ယောက်ဆီမှာ နေရေးထိုင်ရေး စီစဉ်ထားတယ်။ သူက အခန်းကျဉ်းလေး ငှားနေတယ်။ မမကြည် ဒီအိမ်ကြီးမှာ နေရစ်ခဲ့။ မမကြည် လောလောဆယ် နေရဲမှာ မဟုတ်ဘူးဆိုတာသိလို့ မမကြည် အဒေါ်ကို ဒီမှာ ခေါ်ထားဖို့ စီစဉ်ပေးမယ်”

ဘယ်တုန်းကများ ကြိတ်ကြံစည်ထားလေသလဲ ခင်စန်းကြည်မသိ။ အစီအစဉ်က ကွက်တိဖြစ်နေ၏။ သို့သော် တရားမျှတမှုမရှိဘဲ လက်မခံ နိုင်ပါ။

“ဒီအိမ်ဟာ မောင်မောင်ခင့်အိမ်၊ မမကြည်နဲ့ ဘာမှ မဆိုင်ဘူး”

ခင်စန်းကြည်မှာ ပျာပျာသလဲ ငြင်းရှာ၏။





“တရားဥပဒေအရ ဆိုရင်တော့ မှန်ကောင်း မှန်ပါလိမ့်မယ်။ အားကိုးရာမဲ့ မိန်းမသားတစ်ယောက်ကို ကျွန်တော် စာနာရလိမ့်မယ်။ ဖေဖေ လည်း ကွယ်လွန်ရော မမကြည်လည်း ဒီအိမ်က ထွက်သွားရမယ်ဆိုရင် ကျွန်တော် မတရားရာ ကျမှာပေါ့။ သွားချင်းသွား ကျွန်တော်က ယောကျ်ားပဲ ကျွန်တော် သွားပါ့မယ် မမကြည်။ အသက်ထက်ဆုံးနေပါ နေနိုင်ပါတယ်”

ခင်စန်းကြည် မျက်ရည်ဝဲရသည်။

“မဟုတ်တာ မောင်မောင်ခင်ရယ်”

မောင်မောင်ခင်၏ အတွင်းသဘောကို ရှင်းရှင်းလင်းလင်း သိရတော့ ကျေးဇူးစကား မဆိုနိုင်လောက်အောင် ဝမ်းမြောက်ရ ပြန်သည်။

“ဟုတ်ပါတယ် မမကြည်၊ နေသာနေခဲ့ပါ။ ကျွန်တော်တို့ နှစ် ယောက်နဲ့ အိမ်ကြီးတစ်လုံးအဖြစ်ဟာ ပတ်ဝန်းကျင်မှာ အမြင်မသင့်ပါဘူး။ မမကြည် အဒေါ်ပဲ လာနေနေ၊ ဦးဘကောင်းနဲ့ ဒေါ်မြပဲရှိရှိ၊ ကျွန်တော်က ကြည်ဖြူတယ်ဆိုတာကို အထင်မှားကြလိမ့်မယ်။ ကျွန်တော်များ အိမ်ထောင်ပြု ဖြစ်တဲ့အခါ ဒီအိမ်ကို ပြန်လာမယ်”

“ကားကိုရော ဘယ်လိုစီစဉ်မလဲကွယ်”

“ကျွန်တော် ယူသွားမယ်လေ၊ ဟိုမှာ ကားထားဖို့ အဆင်ပြေပါ့ မလား မသိဘူး။ သိပ်ဝန်လေးနေမယ်ဆိုရင် ရောင်းပစ်မယ် စိတ်ကူးတယ်”

သည်လို နှုတ်ဆက်စကားဖြင့် မောင်မောင်ခင် သည်အိမ်ကြီးမှ ခွာခဲ့သည်။ ခင်စန်းကြည်အဖို့ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟုပင် လက်ခံရတော့သည်။

သူ တွယ်တာရသော လူများသည် အိမ်ကြီးမှ တစ်ယောက်ပြီး တစ်ယောက် ဖယ်ခွာခဲ့သည်မှာ နောက်ဆုံး သူသာလျှင် ကျန်တော့၏။ ဘဝဇာတ်ကြောင်းဆိုသည်မှာ တွေ့ကြုံဆုံကွဲခြင်းအပြင် ဘာမှမရှိဟု တွေးမိ တိုင်း ရင်နင့်စွာ ပင့်သက်ရှူရလေသည်။

မောင်မောင်ခင်ကိုပဲ သူအံ့သြသည်။ သူ့အပေါ် ညာတာ လိုက်ပုံမှာ မယုံချင်စရာ ပုံပြင်ပမာလိုပဲ ဝှမ်းဆီထိသလို ပျောင်းအိ နူးညံ့သော

www.burmeseclassic.com



နှလုံးသားရှိသူမို့ တကယ်ပဲ သွေးသားရင်းချာ တော်စပ်ချင်လှသည်။ ငါ့မောင်အရင်းလေးပဲ ဖြစ်လိုက်ပါတော့ဟု မဖြစ်နိုင်မှန်းသိလျက် ဆုတောင်းမိလေသည်။

စိတ်ဓာတ်ကို လေးစားသမှုမှ မြတ်နိုးတွယ်တာမှုတွေ ဝေလျှံလာခဲ့ရ၏။ မောင်မောင်ခင်နှင့် မျက်နှာချင်းမဆိုင်ရတော့မှ တွယ်တာစိတ်တွေ ယိုဖိတ်ခဲ့ရသည် ဆိုလျှင်မမှား။

ခင်စန်းကြည်တို့ ယခင်နေထိုင်ရာ ရပ်ကွက်မှာ နေ့ချင်းညချင်း အရာရှိကြီးကတော်ဖြစ်သွားသော ခင်စန်းကြည်အား မလိုတမာပွားသူတွေ ရှိ၏။ အရပ်ထဲ ပြန်သွားရလျှင်ဖြင့် သူများ ဝမ်းသာဖို့ကိန်းပေပေါ့။

ကိုယ့်ထက်သာ မနာလိုတတ်သော ပတ်ဝန်းကျင်သို့ ခင်စန်းကြည်မှာ မုဆိုးမ ပစ္စည်းလက်မဲ့အဖြစ် ပြန်မသွားချင်သည်မှာ အမှန်။ စိတ်တွေဝေဝေပြားချိန်မှာ သူ့ကို အိမ်ကြီးမှာထားရစ်ခဲ့ပြီး၊ ရှောင်ထွက်သွားသော မောင်မောင်ခင်ကို ညွှတ်နူးမိပေသည်။

ဒေါ်မြတို့လင်မယား ဇာတိရပ်ရွာပြန်ချိန်တွင် သူ့အဒေါ်ကို ခေါ်ထားဖို့ ခင်စန်းကြည် သတိရ၏။ သို့သော် သူမပိုင်သော သည်အိမ်ပေါ် အဒေါ်ကို ခေါ်မတင်ချင်။ မောင်မောင်ခင် သဘောကိုလည်း မတီးခေါက်ရသေး။ ယခုတော့ မောင်မောင်ခင်ကိုယ်တိုင်က ထုတ်ဖော်ဖွင့်ပြ ချေပြီ။ ဖြစ်သင့်ဖြစ်ထိုက်တာကို သဘာဝကျကျ ဆောင်ရွက်သွားသော မောင်မောင်ခင်အား ရင်ထဲမှ ကျေနပ်နေမိလေသည်။

သွားလေသူ၏ အရိပ်အာဝါသတွင် မောင်မောင်ခင်၏ ခွင့်ပြုချက်ဖြင့် အခြေမပျက် နေထိုင်ခွင့်ရသော်လည်း စိတ်ထဲတွင် မရှင်း။ ဘာကိုလွမ်းနေမှန်း မသိသော အထီးကျန်ဝေဒနာမှာ ကိုယ်တိုင်ခံစားကြည့်မှ သိတတ်သည်မျိုး။

အိပ်ပျက်ညပေါင်း များစွာကို ဖြတ်သန်းခဲ့ရ၏။ အဖော်လာနေသော ခင်စန်းကြည်အဒေါ်ကလည်း စကားနည်းနည်း၊ မေးနိုင်လွန်းမှ ပြောဖော်ရ၏။





သောက ဗျာပါဒ ဗရပွနှင့် တူမကို မနှစ်သိမ့်တတ် ဆေးလိပ်တစ်တိုနှင့်သာ အချိန်ကုန်တတ်သည်။

နပျိုသောအရွယ်မှာ ရုတ်တရက် အထီးကျန်ဖြစ်ရခြင်းကို မည်သူကိုယ်ချင်းစာနိုင်ကြမလဲ။ ရင်မှာပူဆာ မနေသာ သောကဝေဒနာကို မည်သူ့ဖွင့်ပြောရမလဲ။ ကြိတ်မှိတ် မျိုသိပ်ရသည်မှာ ရင်နှင့်မဆံ့ချင်။

"မမ… မမက ခင်စန်းကြည်ဆိုတာနော်"

"ဟုတ်ပါတယ်"

တစ်နေ့တွင် မထင်မှတ်ဘဲ ခင်စန်းကြည်ထံ လူရွယ်တစ်ဦး လာရောက် တွေ့ဆုံသည်။

"ကျွန်တော် မောင်မောင်ခင်ရဲ့ သူငယ်ချင်းပါ ကျွန်တော်နဲ့ သူလာနေပါတယ်"

"ဩော်… ဟုတ်ကဲ့"

"အခု သူဖျားနေတယ်။ အဖျားမကျတာ သုံးရက်ရှိပြီ"

"အို…"

စိုးရိမ်သောကနှင့်အတူ ကြီးစွာတုန်လှုပ်မိသည်။

"အဲဒါအစ်မကို ကျွန်တော် လာအကြောင်းကြားတာ မောင်မောင်ခင်က အကြောင်းမကြားစေချင်ဘူး။ ကျွန်တော်က လာပြောသင့်တယ် ထင်လို့"

"ကျေးဇူးပဲကွယ်၊ ဖြစ်နိုင်ရင် ကျွန်မ အခုပဲလိုက်ခဲ့ပါ့မယ်"

ခင်စန်းကြည်သည် ကပိုကရိုနှင့်ပင် လိုက်လာသည်။ တွေ့ရပုံက စိတ်မကောင်းစရာ အနေအစားချို့တဲ့နေပြီဟု မပြောဘဲ မြင်ရုံဖြင့် သိနိုင်သည်။ အခန်းကျဉ်းကလေးမှာ မှောင်ပြီး ရှုပ်ပွနေ၏။

"မောင်မောင်ခင် မမကြည် လာကြည့်တယ်လေ"

စောင်ခြုံကြားမှာ ဖျားနေသော မောင်မောင်ခင်သည် မျက်လုံးမဖွင့်နိုင်။ ပိန်လှီနေသော ရုပ်ရည်ကိုကြည့်၍ မျက်ရည်စို့သည်အထိ၊ ကရုဏာ သက်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဆရာဝန်ခေါ်မယ်ဆိုတာ လက်မခံဘူး။ မောင်မောင်ခင်က စွတ်သမား။ သူ့စရိတ်ရော၊ ကျွန်တော့်စရိတ်ပါ သူကချည်း ထုတ်နေတာ၊ အရေးအကြောင်းကျတော့ သူ့မှာလဲမရှိ၊ ကျွန်တော့်မှာလဲမရှိ"

"ဖြစ်မှဖြစ်ရလေ မောင်မောင်ခင်ရယ်"

မောင်မောင်ခင့် သူငယ်ချင်းက အကြောင်းစုံ ရှင်းပြတော့ ရင်အုံ စုံတီးပစ်လိုက်ချင်သည်။

"မင်းအတွက် ဘဏ်မှာ မင်းအဖေ အပ်ထားတဲ့ငွေကို ထုတ်သုံးလေ။ ကားကောရှိရက်နဲ့"

"ကားက ဝပ်ရှော့မှာ"

"အိုကွာ မင်းပိုင်တဲ့ပစ္စည်း၊ ကားရောင်းချင်ရောင်း၊ အိမ်ရောင်းချင်ရောင်း၊ ဘဏ်မှာရှိတဲ့ငွေ ထုတ်ချင်ထုတ် မမကြည်နဲ့ ဘာမှမဆိုင်ပါဘူး။ မင်း သက်သက် အဆင်းရဲခံရသလားကွယ်"

ကရုဏာဒေါသောနှင့် အပြစ်တင်ခြင်းကို ခံရသော မောင်မောင်ခင်အား ဆို့နင့်စွာ ကြည့်နေမိသည်။

"ထင်ရာ လျှောက်လုပ်နိုင်မှန်း သိတာပေါ့ မမကြည်။ ဒါပေမယ့် မမကြည်စိတ်ထဲ ဘယ်လိုခံစားရမလဲ။ ကျွန်တော် မမကြည်ကို စာနာလို့ပါဗျာ"

"ကဲ… အသည်းနှလုံးဖြူစင် မြင့်မြတ်သူကြီးရေ၊ တဆိတ် ကျေးဇူးပြုပြီး၊ အိမ်ကိုလိုက်ခဲ့ပါနော်။ မမကြည်မှာ ဝတ္တရားရှိတဲ့အတိုင်း ပြုစုပါရစေ။ ဖျားနာနေတဲ့အခါမျိုးမှာ အိမ်ကို ပြန်လာသင့်ပါတယ်"

ခင်စန်းကြည် အတင်းပြန်ခေါ်သဖြင့် အိမ်ရောက်လာခဲ့၏။ ဆရာဝန်ခေါ်ပြ၊ ဝေယျာဝစ္စများ လုပ်ပေး၊ ဓာတ်စာကျွေးဖြင့် ခင်စန်းကြည်ကိုယ်တိုင် ဂရုတစိုက် ပြုစုပေးလေသည်။

မနက်လင်းသည်နှင့် ဆန်ပြုတ်ကျဲကျဲတိုက်ဖို့၊ မနက်စာမှာ ဖျားနာသူနှင့် သင့်လျော်သော ကြက်သားကြော်၊ ဟင်းချိုပူပူ၊ ငါးခြောက်ဖုတ်ဆီဆမ်း၊





နေ့လည်စာအတွက် ကော်ဖီနှင့် ပေါင်မုန့်မီးကင်၊ ကြက်ဥ မကျက်တကျက်ပြုတ်၊ ညနေစာအတွက်လည်း မလစ်ဟင်းစေအောင် စီမံရဖြင့် ခင်စန်းကြည် အလုပ်ရှုပ်လေသည်။

"မှန်း ပြစမ်း၊ ကိုယ်ပူ ဘယ်နှယ့်နေသေးလဲ"

နဖူးစမ်း၊ လက်ကောက်ဝတ်စမ်းဖြင့် စိုးရိမ်မကင်း ကရုဏာမိုးရွာဖြိုးမိသည်။ အနေချင်း နီးစပ်သော ဖိုမသဘာဝတရားကို ဘယ်သူ လွန်ဆန်နိုင်ပါမည်နည်း။

ပုထုဇဉ်ပီပီ တယုတယ အထိအတွေ့မှာ သာယာကြည်နူး လာသောအခါ ဆင်ခြင်တုံတရားသည် တစ်ဘက်သောတံခါးပေါက်မှ ထွက်ပြေးလေသည်။

အရွယ်တူ အထီးကျန် နှစ်ယောက်မှာ တကယ် မေတ္တာစစ်ဖြင့် တွယ်တာမိသည်ကို အပြစ်ဆိုချင်ကြပါသလား။

မောင်မောင်ခင်ကို ပြုစုရင်း အလိုလို စိတ်ကြည်နူး နေမိတာကိုတော့ ဘယ်လိုပြောမလဲ။

နေထိုင်ကောင်းသွားလျှင် မောင်မောင်ခင် ပြန်သွားမှာကို စိုးရွံ့မိသောစိတ် ရှိထားခြင်းကတော့ ဘာကြောင့်ပါလဲ။ သည်ခံစားမှုတွေကို သံယောဇဉ်မှတစ်ဆင့် မြစ်ဖျားခံလာသော အချစ်ဟု ဆိုပါလျှင် သူတို့၏ မသိစိတ်တွင်းရှိ ကိန်းအောင်နေသော အချစ်ကို စမ်းသပ်တွေ့ရှိနိုင်ပေသည်။

ဆုမတောင်းသင့်တာကို တောင်းနေမိသည်။ ခင်စန်းကြည်ရယ်ဝါ၊ မောင်မောင်ခင်ကို အဖျားအနာ ကင်းစေချင်၏။ သို့သော် သည်အိမ်က မခွာစေချင် တစ်သက်လုံး ပြုစုလိုမိသည်။

မောင်မောင်ခင် နေကောင်းလာပြီဆိုတော့ မသိမသာ ဟန့်တားမိသည်။

"နေကောင်းတာနဲ့ မမကြည်ကို ပစ်ပြီး မပြန်နဲ့နော်"

သည်တစ်ခါမှာတော့ မမျိုသိပ်နိုင်။ မောင်မောင်ခင် ရှုံးပြန်



www.burmeseclassic.com

www.burmeseclassic.com



ဘက်သောအခါ ရုံးဆင်းချိန် အမှျော်ဆိုက်မိ၏။ ပြန်လာတာ တွေ့လျှင် ထိတ်ခနဲ ဝမ်းသာလေသည်။

"ဒီအိမ်ဟာ မင်းအိမ်နော်။ ဒီတစ်ခါ မင်းမသွားရဘူး။ မမကြည် သွားမယ်။ အိမ်ကြီးရှင်က ဆင်းစရာမလိုပါဘူးကွယ်"

သံယောဇဉ်နှောင်ဖွဲ့သော စကားတွေ ထုတ်ပြောမိသည်အထိ ပင်။ မောင်မောင်ခင်က သူ့အပြောမှာ သဘောတွေ့လျှက် ရှိပြီး၊ အတူနေခဲ့ သည့် သူငယ်ချင်းဆီ ပြန်မည့်ရက်ကို မသတ်မှတ်နိုင်။

"မမကြည် သုံးစွဲရတာ လောက်ရဲ့လား"

"ဒီလိုပါပဲကွယ် ချွေတာရတာပေါ့"

စေတနာတွေ ရေစီးကမ်းပြိုဖြစ်လာသည့်အခါ ခင်စန်းကြည် အတွက် အစစအရာရာ ပူပူပင်ပင်။

"ဘဏ်က ထုတ်လိုက်မယ်လေ။ မမကြည် သုံးစရာရှိသုံးပေါ့။ ဖေဖေ ဆုံးပြီးကတည်းက ကျွန်တော်တောင် တစ်ခါမှ ထုတ်မသုံးမိသေးဘူး"

"မင်းအတွက်ကော မလိုဘူးလား"

"ကျွန်တော့်အတွက် ကိစ္စမရှိပါဘူးလေ မမကြည်မှာသာ တိုလီ မိုလီ ပစ္စည်းတွေ ဝယ်ချင်မလားလို့"

"အင်း... ဈေးမရောက်တာ ကြာပါပြီ"

"ကားကို ဝပ်ရှော့က ပြန်ယူလို့ရပြီ မမကြည်။ ကျွန်တော် ရုံးအား တယ်လေ လိုက်ပို့ပေးမယ်"

ခင်စန်းကြည် ရှင်မြူး သွားလေသည်။ အလှမပြင်တာ ကြာပြီ။ မောင်မောင်ခင်က ဈေးသို့လိုက်ပို့မည်ဆိုသောအခါ မှန်တင်ခုံရှေ့မှာ စိမ်ပြေ နပြေ အလှပြင်၏။ အသက် သုံးဆယ့်ငါးဝန်းကျင်၊ မအိုသေးသောအရွယ်မို့ အလှက ဝင်းပစွာ ပေါ်လာခဲ့လေသည်။

"ကဲ... သွားကြမယ်"





မိုလ်ချုပ်ဈေးသို့ထွက်လာကြသည်။ ဦးခင်မောင် နာမကျန်း ဖြစ်စဉ် မှစ၍ အရောက်အပေါက် မရှိတော့သောနေရာသို့ ယနေ့မှ ခြေဦး ပြန်လှည့် ခြင်းဖြစ်၏။

ခင်စန်းကြည် ဝယ်သမျှကို နောက်မှ ငွေလိုက်ရှင်းနေမိသည်။ ကိုယ့်ဖို့ တွက်တာထဲမှ ခင်စန်းကြည်အတွက် သဒ္ဓါပိုမိခြင်း။

"ဒေါ်ဒေါ်ဖို့ မုန့်ဝယ်ဦးမှ မမကြည်"

"အေး.. ဟုတ်သား"

သူတို့နှစ်ဦးသား ကားနှင့်ထွက်လာစဉ် ခင်စန်းကြည် အဒေါ်က မှုန်မှိုင်းသောအကြည့်ဖြင့် ကျန်ရစ်ခဲ့သည်ကို စိတ်မလုံပြန်။ ဘာမှမပြော သော်လည်း ပြောတာထက် ပိုထိရောက်သော အကြည့်စူးရှမှုကို မြင်ရ၏။

"မမကြည် ဝယ်ချင်တာ စဉ်းစားဦးလေ"

"ပြည့်စုံပါပြီကွယ်"

အိမ်ပြန်ရန် ကားရပ်ထားရာ လျှောက်လာခိုက် မောင်မောင်ခင့် မိတ်ဆွေဟောင်းအချို့နှင့် တွေ့လေသည်။

"ဟေး မောင်မောင်ခင် မင်းအဖေ ဆုံးတုန်းက မရောက်မိဘူး။ ဆောရီးကွာ ဒါထက် မင်း အိမ်ထောင်ကျပြီနဲ့ တူတယ်"

အားနာရမည့်သူ မဟုတ်သဖြင့် အသံကျယ်ကျယ်ဖြင့် မေးလေ သည်။ ခင်စန်းကြည်မှာ တစ်ဘက်သို့ လှည့်နေလိုက်ရလေသည်။ မောင်မောင် ခင် ဘယ်လို ဖြေရှင်းလိုက်သည်မသိ။ စိတ်မဆိုးနဲ့နော် ဟူသော တောင်းပန် သံသဲ့သဲ့ကို ကြားရ၏။

"သွားကြစို့ မမကြည်"

အတူ ယှဉ်လျှောက်လာရသော်လည်း စိတ်ထဲမှာ ရှက်သလို၊ ရင်ဖို ကြည်နူးသလိုနှင့် အားနာစိတ်ပါ ဆင့်ကဲနေမိသည်။ ကားပေါ်တွင် နှုတ်ဆိတ် အိမ်ရောက်တော့လည်း ကိုယ်စီ အခန်းအောင်းနေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစာ ထမင်းစားချိန်ရောက်သည့်တိုင် မောင်မောင်ခင် မဆင်းလာသောအခါ ခင်စန်းကြည်ကိုယ်တိုင် သွားခေါ်လေသည်။ အခန်းတံခါးစေ့ရုံစေ့ထားသဖြင့် ခပ်သာသာပုတ်လိုက်ရာ "ဝင်ခဲ့ပါ မမကြည်"ဟု မောင်မောင်ခင်က တုံ့ပြန်လိုက်လေသည်။

သင့်မသင့် မစဉ်းစားနိုင်။ ကိုယ်စီ စိတ်ထိခိုက်နေသူများပီပီ ရင်ဖွင့်ချင်သေးသည်။ ဘာတွေများ အတွေးရှုပ်နေသလဲဟု သိချင်၏။ မင်းသဘောပါကွယ်ဟု လိုက်လျောချင်၏။ မဖွင့်ပြောဖြစ်သော စကားများ ရင်ထဲတွင် ပလုံစီနေလေသည်။

ခုတင်ပေါ်တွင် ကိုယ်စောင်းလှဲနေသော မောင်မောင်ခင်၏ ဆွေးရိပ်သမ်းနေသော မျက်နှာကို တွေ့ရသည်။ ခင်စန်းကြည်နှင့်အတူ မနေလို၍ သည်အိမ်ကြီးမှ ခွာမည်ကြံလျှက် အခွာရခက်နေသော ဖြစ်တွေနှင့် ရင်ဆိုင်နေရပြီ။ သူ့ကိုယ်သူ မောင်မောင်ခင်က ပြန်လည် ဆန်းစစ်နေမိသည်။

"ကျွန်တော် ပြန်တော့မယ် မမကြည်"

နှုတ်ဆက်ခွဲခွာသော စကားကို ပွင့်လောင်းစွာ ကြားရပြန်သည်။

သည်နေရာတွင် ပွင့်လင်းမှ ဖြစ်တော့မည်ဟု နားလည်သော ခင်စန်းကြည်က ချက်ချင်းပင် ဟန့်တားလေသည်။

"မပြန်လို့လဲ ဖြစ်ပါတယ်ကွယ်၊ မမကြည် ဆင်းသွားပါ့မယ် ဆိုမှ"

မဖြစ်နိုင်သော စကားဆိုလိုက်ခြင်းနှင့်အတူ သူ့ဆန္ဒတစ်စွန်း တစ်စ ဖော်ထုတ်မိ၏။

"မပြန်ဘဲ ဒီလိုအတူနေတာကို ဘယ်သူက သန့်သန့်စင်စင် ထင်ကြမလဲ။ နေ့ခင်းကတောင်"

"တော်ပြီ၊ မပြောနဲ့ မကြားချင်ဘူး။ တောရမ်းမယ်ဖွဲ့ လျှောက်ပြောနေတာ အရေးလုပ်လို့"

"ကျွန်တော်တို့လူမျိုး၊ ကျွန်တော်တို့ ယဉ်ကျေးမှုမှာ သွေးသား





မတော်စပ်ဘဲ ရွယ်တူ ယောကျ်ားနဲ့မိန်းမ တစ်အိမ်တည်းနေတာကို ခွင့်ပြုလက်ခံကြမှာ မဟုတ်ဘူး။ မမကြည် နေ့ခင်းက အတူသွားကြတဲ့ ပုံစံမြင်ရင် သည်လိုထင်ကြ ပြောကြမှာပဲ။ ပြောသူမလွန်ဘူး။ ကျွန်တော်တို့ အနေအထိုင် ဆင်ခြင်ရလိမ့်မယ်"

"ဩော်... ဒါထက် ဆင်ခြင်ရဦးမလား ဟင်"

စိတ်ထဲတွင် တုန်လှုပ်လာပြီး အားမလိုအားမရ ဖြစ်လာသဖြင့် အသံတိုးမြှင့်ပြောကာ မောင်မောင်ခင်ရှိရာ တိုးကပ်သွားမိသည်။ မရည်ရွယ်ပါ။ သူ့နားသွားဖို့ မရည်ရွယ်မိပါ။ ပတ်ဝန်းကျင် အပြောတွေကို တွေးကြောက်နေသူအား အနီးကပ် ပြောချင်လွန်း၍ တိုးကပ်သွားမိခြင်း ဖြစ်သည်။

သို့ရာတွင် အနီးကပ် မျက်နှာချင်းဆိုင်ထိုင်မိသည်တွင် တစ်ယောက်မျက်နှာ တစ်ယောက် အသေအချာ မြင်ရသည်။ စိုလက်နေသော မျက်ဝန်းများမှ သံယောဇဉ်အမျှင်တန်းက ရှန်းကန်ထွက်ကာ ရစ်ပတ်နှောင်ဖွဲ့၏။

တစ်ယောက် အသက်ရှူသံ၊ တစ်ယောက်ကြားရ၏။ ရင်ခုန်နှုန်းကို ဖော်ပြသကဲ့သို့ပင် ရှိတော့သည်။ အကွာအဝေးက လက်တစ်ကမ်းမရှိ။ အနည်းငယ် ယိမ်းလိုက်သည်နှင့် စိတ်အာရုံကို ထိန်းချုပ်မရ။ ရင်ခွင်ထဲတွင် ထွေးပွေ့မိလျှက်သား။

ပါးစပ်မှလည်း မမကြည်ကို ကျွန်တော် ချစ်တယ်ဗျာ။ သိပ်ချစ်တယ်။ တကယ်ပဲ ကျွန်တော် ရူးနေပြီထင်ပါရဲ့။ အဆက်မပြတ် ပြောနေမိတော့သည်။

ခင်စန်းကြည်မှာ အိုအိုအင်အင်ဟုပင် မဆိုနိုင်။ သူပြုသမျှ နုရတော့မည့် ပုံနှယ်။ လွှတ်ပါဟုလည်း မဆို၊ နွေးထွေးသော ရင်ငွေ့အကြား အလိုတ်သင့် နေမိ၏။

မျက်နှာနှစ်ခု နီးကပ်ကာ ထွက်သက်ဝင်သက်လေ ပူပူနွေးနွေးတို့ဖြင့် တရှိုက်မက်မက် နမ်းမိသည်အထိ ချစ်ဇာဟုန် ကြွခဲ့သည်။

"မမကြည်"



www.burmeseclassic.com

www.burmeseclassic.com



တိုးညင်းသော ခေါ်သံ . . .

"ကျွန်တော့်ကို ချစ်လားဟင် အမှန်တိုင်း ဖွင့်ပြောစမ်းပါ"

ဘယ်လိုဖြေရမလဲ။ မချစ်ပါဘူးဟု နှလုံးသားကို ဥပေက္ခာ ပြုကာ နှုတ်လိမ်ရမည်လား။

"ချစ်ပါတယ်ကွယ်၊ ဒါပေမယ့်"

"တော်ပြီ ဆက်မပြောနဲ့ ကျွန်တော် ဒါပဲလိုချင်တယ်"

"နေဦးလေ၊ ဆက်ပြောတာ နားထောင်ဦး"

"ဆက်မပြောပါနဲ့တော့လို့ တောင်းပန်ပါရစေဗျာ"

"ဟော ကြည့်စမ်း ဘယ်လိုဖြစ်ရပြန်တာလဲ"

သူ့အခန်းထဲ ရှင်ပျံ့စွာဝင်သွားသော ခင်စန်းကြည် အံ့အားသင့်သွားရပြန်၏။ ခုတင်ပေါ်ရှိ မွေ့ရာ၊ ခြင်ထောင်များ သေသပ်စွာ ခေါက်သိမ်းလျက်၊ လိပ်လျက် မောင်မောင်ခင် ကိုယ်တိုင်လည်း အပြင်သွားမည့်ပုံစံ။

"အရင်ကလိုပဲ ကျွန်တော် သွားတော့မယ် မမကြည် နေရစ်တော့"

"မမကြည် ဘာမှနားမလည်နိုင်တော့ ပါလားကွယ်"

မျက်ရည်ဝေလည်ရင်း ဝမ်းနည်းမှု ဝမ်းသာမှုတွေ မြန်ဆန်လွန်းသဖြင့် မျက်စိမှောက်နေသည်။

"ကျွန်တော့်ကို နားလည်ပါ မမကြည်။ နားလည်အောင်လည်း ကြိုးစားပါတော့"

"မသွားရဘူး။ မမကြည်ကို ချစ်တယ်လဲဆိုသေး ပစ်သွားမယ် ကြံတာ တရားသေးလားဟင်"

မောင်မောင်ခင် ရင်ခွင်တွင် မျက်နှာအပ်ကာ မျက်ရည်သွန်ခဲ့၏။ သူ့နဖူးအပေါ် ညင်သာသောအနမ်း ရောက်လာ၏။

"ဖေဖေ့ ကျေးဇူးတရား၊ ဖေဖေ့ဂုဏ်သိက္ခာကို ထောက်ကြစို့လား မမကြည်။ စိတ်အလို မလိုက်ကြရအောင်"





ခင်စန်းကြည်၏ လက်တွေ ပြေလျော့ကျကာ ရင်ခွင်မှ လူးလွန့်ထွက်မိလေ၏။

"ဖေဖေ ချစ်လို့ယူထားတဲ့ မယားနဲ့၊ ဖေဖေ့ မွေးစားသားဟာ ဖေဖေသေပြီး၊ ဘာမှမကြာဘူး ညားကြလေသတည်းဆိုရင် ကြားရတာလဲ မလျော်ဘူး။ တမလွန်က ဖေဖေသိရင် နှစ်ခါပြန် သေချင်လိမ့်မယ်"

အံကြိတ်ကာ ပြောသော စကားမှာ ကြေကွဲမှုအပြည့်၊ ခင်စန်းကြည် ရှိုက်ငိုစပြုသည်။

"ကျွန်တော်တို့ စိတ်အလို လိုက်လေသမျှ သွားလေသူ ဖေဖေ့ကို နာမည်ထုတ်ဖော် ကဲ့ရဲ့စရာဖြစ်လိမ့်မယ်လို့ ယူဆပြီး၊ ကျွန်တော် မမကြည် အပေါ် စိမ်းရတာကို ခွင့်လွှတ်တော့နော်။ ကျွန်တော် တမင်စိမ်းတယ်လို့ ထင်နေသေးလားဟင်"

"မထင်ဘူး၊ ဘယ်တော့မှ မထင်ဘူး"

"ကဲ မမကြည် နေရစ်ခဲ့လေဦးတော့နော်။ တစ်နေ့သောအခါ ကျွန်တော် ဒီအိမ်ပြန်လာခဲ့ရင် မိသားစုအစုံအလင်နဲ့မှ ပြန်လာခဲ့မယ်။ အဲဒီအခါ မမကြည်ကို အစ်မကြီးအမိအရာ ထားပါရစေတော့နော်"

လျင်မြန်သွက်လက်သော ခြေသံမှာ ခင်စန်းကြည်၏ ရင်ပြင်ကို တစ်စစီ ဖွဲ့ခြွေနင်းသွားသည့်နှယ်၊ သွက်သွက်ခါ သွားလေသည်။ သူ ထွက်သွားရာကို ခင်စန်းကြည် မျှော်ကြည့်မိသေးသည်။ နောက်ကြောင်းကို လုံးဝပြန်မကြည့်ဘဲ တစိုက်မတ်မတ် ထွက်သွားသော သူ့အပေါ် အပြစ်မယူရက်၊ စိမ်းကားသည်ဟု မထင်မှတ်နိုင်။ ဖန်လာသော ကံကြမ္မာကို ယိုးမယ်ဖွဲ့ရပေဦးမည်။

မျက်ရည်နှင့်ရှိုက်သံ၊ ကြေကွဲခြင်းနှင့်လွမ်းဆွေးမှု သံသရာစုမည်မျှပင်ကြာအောင် ဝဲလည်ရပေဦးမည်မသိ။ မသိချင်တော့။

မျက်ရည်ဝိုင်းသော မျက်လုံးအစုံဖြင့် သူထွက်သွားရာ လမ်းကိုပဲ၊ သူ့ရုပ်သွင်မမြင်ရသည်အထိ ငေးကြည့်နေမိ လေတော့သည်။

---

စန္ဒာရုပ်စုံမဂ္ဂဇင်း၊ ၁၉၈၅-ခုနှစ်၊ နိုဝင်ဘာလ။



www.burmeseclassic.com

www.burmeseclassic.com

# မယ့်အိပ်မက်

နတ်မောက်အနီချို

www.burmeseclassic.com

www.burmeseclassic.com

# မယ့်အိပ်မက်

ဝိုးဝိုးဝါးဝါး၊ စမ်းယောင်မှားခဲ့၊

ဘုရားတို့လို၊ အိပ်မက်ကိုပဲ . . .

စိန္တကျော်သူဦးဩ

အိပ်မက်အတူ မက်ကြစို့

မနက်မလင်းခင် . . .

တင်မိုး (နှင်းဆီပွင့်ပေါ် အိပ်ပျော်ခြင်း)

( ၁ )

ညက မက်နေကျ အိပ်မက်ကို မြင်သည်။

သိပ်မမြင့်ဘူး ထင်ရသော တောင်တစ်လုံးကို တက်နေမိခြင်းပေတည်း။





အိပ်မက်အစမှာ များသောအားဖြင့်မရှိ။ မက်သည့်အချိန်မှာ ကိုယ်ပင် ခရီးတစ်ဝက် ရောက်နေပြီ။

ဘယ်တုန်းက တက်မှန်းမသိ။ ဘယ်လို တက်မိမှန်းမသိ။ တောင်ကို တော့ တက်နေမိသည်။

အစကတော့ ပေါ့ပေါ့လွယ်လွယ်လေးပါပဲ။ တက်ရင်းနှင့် ခက်လာ ကာ ခြေမမြဲချင်သလို၊ လက်မခံနိုင်သလို ဖြစ်လာသည်။

အောက်ငုံ့ကြည့်လိုက်တော့ နက်ရှိုင်းသည့် ကမ်းပါးစောက် အကြောက်ဆုံးနေရာ၊ အထက်မော့လိုက်တော့ ကမ်းပါးထိပ်က မိုးလျှက်သား တိမ်တွေကြားမှာ -

ထိုခဏ၌ -

စိတ်ဓာတ်ပျက်ကာ ခရီးမတတ်မှာပဲ ရပ်နေလိုက်ချင်သည်။ ဆက်လည်း မတက်လို၊ ဆင်းလည်း မဆင်းဝံ့။ နေသာလျှင်တော့ ရောက်ရာမှာ ကျောက်ချ၍ နေလိုက်ချင်သည်မှာ အရမ်းပါပဲ။

သို့သော် ဆက်တက်ရမည်ကို သိနေကာ ကြိုးစားအားခဲ၍ တက်နေ မိပြန်သည်။

အေးစက်သော လေပြင်းက ရိုက်ရိုက်ချသည်။

အကာအကွယ်မဲ့သော မျက်နှာမှာ စပ်ကာ လက်တွေကျင်ပြီး ခြေထောက်တွေပါ ထုံလာသည်။ နားတွေလည်း အူလာသည်။

တစ်ခေါင်းလုံး လေးခဲကာ စီစီ . . စီစီ . . မြည်လာသည်။

စမ်း၍ လှမ်းရသော၊ ကုတ်၍ တွယ်ရသော ခြေလှမ်းတိုင်း လက်ရွေ့ တိုင်းမှာ ကျလုကျလုနှင့် ကတိမ်းကပါး။

ပြုတ်သာကျလိုက်လျှင်တော့ အောက်ခြေမရောက်မီပင် တောင်နှင့် ရိုက်ခတ်ပြီး တစ်စစီဖြစ်ကုန်မှာ သိနေသည်။

ရုတ်တရက် ခြေလက်ချော်ကာ ပြုတ်ကျသွားလိုက်တော့ ရင်သည်မှာ အေးခနဲဖြစ်ပြီး၊ ဟိုး အောက်ထဲ ရောက်မသွားမီ ပြန်းခနဲ လန့်နိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ချွေးစေးတွေ ပြန်လျှက်လက်ဖျားတွေ အေးလျက်၊ ရင်တွေ ဒိန်းဒိန်းခုန်လျက်။

ကိုယ့်ကိုယ်ကို ဘာဖြစ်မှန်းမသိမိဘဲ ပြီးမှ တဖြည်းဖြည်း အိပ်မက်ကို သတိရသည်။

သည်တော့ ရင်ထဲ၌ သက်သာရာရကာ ''ဒါအိပ်မက်ပဲ၊ တကယ်မှမဟုတ်ဘဲ'ဟု ကိုယ့်ကိုယ်ကို အားပေးကာ ဆက်အိပ်ပျော် သွားပြန်သည်။

အိပ်မိတော့လည်း အိပ်မက်ထဲမှာ ခုနတောင်ကိုပဲ ဆက်တက်နေမိပြန်သည်။

သည်အိပ်မက်,မက်လျှင် အစမရှိသလို အဆုံးလည်း မသတ်။ တောင်ခြေက တစ်ခါမျှ စ,မတက်မိသလို တောင်ထိပ်ကိုလည်း တစ်ခါမျှ ပီပီပြင်ပြင် မရောက်။ ရောက်သလိုလိုတော့ ရှိသည်။

အဘယ်ကြောင့်မူ မရောက်မချင်း မိုးမလင်းသေးသမျှ ပြန်အိပ်လိုက်တိုင်း ထပ်ကာထပ်ကာ ဆက်၍ဆက်၍ တက်နေမိသောကြောင့်ပင်။

စိတ်ပညာရှင်တို့က 'အိပ်မက်ဆိုတာ ကာယကံရှင်တွေက သိပ်ဖြစ်ချင်ပြီး မဖြစ်သေးတဲ့ ဆန္ဒတွေပါပဲ'' ဟုဆိုသည်။

တချို့က ''အတိတ်ကာလက တစ်စွန်းတစ်စ မှတ်မိတဲ့ အကြောင်းအရာလေးတွေကို မှတ်ဉာဏ်က တစ်စစီ ပြန်ဖော်တာ'တဲ့။

တချို့ကတော့ 'ရှေ့ဖြစ်မယ့် ဟာတွေကို ကြိုတင် နိမိတ်ပြတာ'ဟုဆိုပြီး၊ 'အစာမကြေရင်၊ ထမင်းလုံးတစ္ဆေ ခြောက်တာမျိုး ကယောက်ကယက်တွေ မက်တတ်တယ်'ဟုလည်း ဆိုကြပြန်သေးသည်။

အိပ်မက်ကို လူမျိုးအသီးသီး၊ ဘာသာအနည်းနည်းဖြင့် အမျိုးမျိုး ဝိတ္ထာရ ချဲ့ကြကာ အဓိပ္ပာယ်ဖွင့်ကြသည်လည်း အများပါပဲ။

အများက ဘယ်လိုမြင်မြင်။





ဝေကတော့ သည်အိပ်မက်ကို စိတ်ဝင်စားသည်။ မက်မှာလည်း ကြောက်သည်။

''တကယ်သာ အဲဒီ အမြင့်ကြီးက လိမ့်ကျလိုက်ရင်'ဟု တွေးကြောက်ခြင်း ဖြစ်သည်။

စိတ်ဝင်စားသည်ကတော့ တစ်ပိုင်း။

အဘယ်ကြောင့်ဆိုသော် သည်အိပ်မက်က ဝေ့သဘာဝနှင့် တစ်ထပ်တည်း။

ဝေ့အကျင့်က ဘယ်အလုပ်မဆို စချင်နေသည့်နေရာက စချင်သလို စကာ၊ တစ်ခါတလေ အဆုံးမသတ်ဖြစ်ဘဲ ရှိတတ်သည်။

လုပ်လက်စအလုပ်တွေ လုပ်ချင်သည့် စိတ်ကူးတွေ တစ်လှေကြီးနှင့်။

ဝေ၏ လေထဲကနန်းတော်ကြီးမှာ လေထဲတွင်ပင် တိုးလို့ တန်းလန်း၊ ဒီရောက် သောင်ပြင်က သဲရဲတိုက် တွေကလည်း ရေမစားခင်ပင် အလိုလို တအိအိ။

သို့သော် သည်အိပ်မက်ကို ဝေက တစ်မျိုး မြင်ချင်ပြန်သေးသည်။

တကယ်တော့လည်း ဘဝဆိုတာ မြေညီပန်းခင်းလမ်း၌၊ နေညိုအေးမှာ လေချိုသွေးချိန်၊ တေးလေးတဆိုဆိုနှင့် လျှောက်နေရခြင်း မဟုတ်။

တောင်မြင့် တောင်ထွတ်များသို့ ဦးတည်ကာ၊ အနိမ့်အမြင့် အဆင့်ဆင့်တို့ကို လမ်းထွင်၍ ကုတ်ကတ်တွယ်ဖက် ရှေ့သို့ ခရီးဆက်နေရခြင်းပါပဲ။

အောက်ခြေမှာ ကျေနပ်နေလျှင် အပေါ်စီး မြင်ကွင်းကျယ် သဘာဝအလှကို ခံစားနိုင်လိမ့်မည်မဟုတ်။ ခရီးမတ်တတ်မှာ ရပ်နားမိလျှင်လည်း ဆက်တက်သူတွေက ကျော်ဖြတ်ကာ တောင်ထိပ်ကို အလျင်ရောက်မည်။ ယှဉ်ပြိုင်မှုရှိသော နေရာများစွာတွင် အပျင်းကြီးပြီး တမေ့တမော နားလိုက် တက်လိုက် (ဝေ့လိုလူစားမျိုးတွေပေါ့)။ သည်လိုနှင့် အပေါ်ကို သူများနောက်



www.burmeseclassic.com

www.burmeseclassic.com



မှ ရောက်ကာ နေရာကျဉ်းလေးမှာ သူများနောက်ကွယ်၌ သူများအရိပ်ထိုးပြီး လောင်းရိပ်မိုးနေမှာ စိုးရသည်။ ပြီး… အမြင့်တက်လိုလျှင် လေတိုက်တော့ ခံရမည်။ ဒါကလည်း သဘာဝ။ လမ်းတစ်ဝက်မှာ တွေဝေနေလျှင် ခရီးနှောင့်နှေးရုံမျှမက အမှောင်ထဲမှာ အလွယ်တကူ ပြိုကွဲနစ်မြုပ် သွားနိုင်သည်။ သည်တော့ ရောက်သည့်နေရာက အထက်သို့ ဦးမော့ကာ တက်တော့ တက်နေရမှာပဲ။ တက်တိုင်းရော အထက်သို့ ရောက်ပါမည်လား။ ဒါက ပြဿနာ။

( ၂ )

တကယ်တော့ ဝေသိသော အိပ်မက်မှာ နှစ်မျိုးသာ ရှိပါသည်။ တစ်ခုက တကယ့်အိပ်မက်။ နောက်တစ်ခုက စိတ်ကူးယဉ်အိပ်မက်။ ဝေ ဆိုသည့် ဝေကလည်း အမြဲလိုလို အိပ်မက်ဖြင့်သာ လူလုပ်နေရသူ။ ညအိပ်လျှင် အိပ်မက်မက်တတ်လေ့ ရှိသလို နေနေလျှင်လည်း စိတ်ကူးမယဉ်ဖူးသောနေ့ မရှိ။ ကြာတော့ စိတ်ကူးယဉ်နှင့် တကယ့်အိပ်မက်တွေ ရောထွေးကာ ဇာပဝါ ပါးပါးမှာ ဖောက်ထားသည့် ပန်းမွှာလေးတွေ လွင့်ကျဲပွင့်ပျောက် နေသလို။ ဝေဝါး လွင့်မျော၍ နေချင်သည်။ လက်တွေ့နှင့် တစ်ထပ်တည်း ကျပါ့မလား ထင်မှတ်မှားစရာပင်။

သည်တော့ ငယ်တုန်းကအဖြစ်ကို သတိရမိ၏။ သူငယ်ချင်း များစွာမှာ ငယ်အိပ်မက် ကိုယ်စီရှိခဲ့ကြသည်။

အချစ်ဆုံး သူငယ်ချင်း မိသွင်က ရှစ်တန်းအောင်ပြီး ကိုးတန်း ရောက်ကြတော့ "ဆရာဝန်လုပ်ကြရအောင်ကွာ၊ လေဒီဒေါက်တာကြီး တွေပေါ့"တဲ့။ ပရီမယ်ဒီကယ်လ်ယူဖို့ သူ အမျိုးမျိုးဆွဲဆောင်ခဲ့သည်။ သူက သတ္တမတန်း အစိုးရစစ်မှာ မြန်မာတစ်ပြည်လုံး သိပ္ပံဆုရခဲ့သူ ဖြစ်လေရာ သိပ္ပံနှင့် သင်္ချာမှာ သူ့အတွက် စိတ်ဝင်စားစရာ ဘာသာရပ်တွေ ဖြစ်နေသည်။ ဝေကတော့ မြန်မာစာချိန်မှာ ပျော်သည်။ ကဗျာပန်းကုံးထဲမှ လေးချိုး၊ သဖြန်၊ ဘောလယ်၊ တေးထပ်တို့ကို တီချာအေးက စောင်းသံနှင့် ကြောင်းပြလျှင် ရင်ဖိုလို့ မဆုံး၊ နုနွဲ့သောကာရန် စကားလုံးများနှင့် ပြေးလွှားနေသော အသံ





နိမ့်မြင့်တက်ကျများကြားမှာ မေ့မောနစ်မျော၍ နေသည်။ သမိုင်း ကြောင်းက နယ်ချဲ့စစ်ပွဲများကိုသင်လျှင် မနေ့တစ်နေ့ကလို ရင်၌ နာကျင်ကာ ဖက်ဆစ်တော်လှန်ရေးကို တက်ကြွပြီး နိုင်ငံတော်သီချင်း၏ မူလ တို့ဗမာ ဂီတကို ကြက်သီးထမြဲ ဖြစ်၏။ မိသွင်က ပုံသေနည်းတွေကို ကျက်မှတ်တွက်ချက်ရာ၌ တော်သည်။ ဝေက လိုက်သလောက် ပြေးသော အတွေး၏အလျင်ကို ခုံမင် သည်။ ခံစားမှုကိုအားသန်၏။ မိသွင်နှင့်ဝေက အကြိုက်ချင်းလည်း မတူ၊ စရိုက်ချင်းလည်း မတူ။

အကြောင်းအရာက ရိုးရိုးလေး ဖြစ်သော်လည်း တစ်ယောက်ကို တစ်ယောက် နားလည်အောင် ရှင်းမပြဖြစ်ဘဲ ရင်ထဲ၌မခံချိမခံသာ တလွဲတွေး လေးတွေ အညွန့်လူခဲ့ကြသည်။ မိသွင်က…

"ကိုယ့်ကိုချစ်ရင် ဝေ သိပ္ပံဘာသာတွဲ ယူကွာ"တဲ့။ သည်တော့ ဝေကလည်း…

"ဝေ့ကို ချစ်ရင် မိသွင် ဝိဇ္ဇာယူပေါ့"လို့…

အချစ်ကိုယုံ၍ လက်နက်အဖြစ် သုံးသော်လည်း မနိုင်။ နောက်ဆုံး နှစ်ယောက်စလုံး မျက်ရည်ကျရတာနှင့်ပဲ ဆုံးကာ ကိုယ်ကြိုက်ရာ ဘာသာ ယူခဲ့ကြသည်။ ပထမဆုံး ဘဝ၌ ကြုံခဲ့သည့် အားပြိုင်မှုဖြစ်၍ အမှတ်ထင်ထင် ရှိခဲ့မြဲပင်။

အဲသည်တုန်းက ရင်ထဲ၌ အတိုင်းအဆမရှိ နာကျင်မိသည်ကို ဖုံးကာ နေ့လယ် ကျောင်းဆင်းချိန်၌ မိုးပက်ခံပြီး စာသင်ခန်းဘေးရှိ တံစက်မြိတ် မြောင်းမှာ စက္ကူလှေလေးတွေ တစ်စင်းပြီးတစ်စင်း လွှတ်နေမိခဲ့သည်။ အပေါ် က ကျလာသည့် ရေကြောင့် လှေလေးတွေ နစ်နစ်သွားတာ မြင်ရတော့ စိတ်ထဲမှာ နှမြောမဆုံး ရေထဲက ပြန်ဆယ်တော့လည်း စက္ကူက ပျော့ဖတ်ကာ အကုန်အိကျရှုံ့ခွဲ၍ လှေပုံစံမဟုတ်တော့။ စက္ကူပျက် သက်သက်သာ ကျန် တော့သည်။

မိသွင်နှင့်တော့ အတန်းကွဲ၍ အနေစိမ်းသွားကြ၏။ ဘာမဟုတ် တာလေးနှင့် အခေါ်အပြောပျက်ခဲ့ကြ၏။ စနစ်သစ်ပြန်စတော့ သူ့တို့ BOC



www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောင်း ကော်ရစ်ဒါမှာမြင်ရသည်။ ဝေက အဲသည် တုန်းက ပညာရေး မှာ…။

ငယ်တုန်းက အပြိုင်ခေါ်ခဲ့တာကို ပြန်တွေးမိလျှင်တော့ ပြုံးမိချင်ချင်။ တကယ်တော့ ဘာသာရပ်အမိကထက် ''သူကငါ့ကိုမချစ်လို့၊ ငါ့အလိုမလိုက်တာ''ဟု တွက်ကာ တစ်ယောက်ကိုတစ်ယောက် အကြောင်းရှာ၍ နာခဲ့ကြသည်။ ခုတော့ လွန်ခဲ့ပါပြီ။

အထူးကု ဆရာဝန်မကြီး ဖြစ်နေသည့် မိသွင်နှင့် တစ်ခါတလေ ဆုံခဲ့ပြီး တမင်တကာ ပြဿနာရှာချင်လျှင်တော့…

''ဝေ့ကိုက မိုက်တာ၊ ဟိုတုန်းက မိသွင်စကား နားထောင်ခဲ့ရင် ဆရာဝန်ဖြစ်မှာ။ ဒီလောက် ပင်ပန်းမှာမဟုတ်ဘူး''ဟု ကြံဖန် ဂျစ်တိုက် လေ့ရှိသော်လည်း သွေးမြင်လျှင် ရင်တုန်တတ်ကာ၊ အနံ့ဆိုးနံ့လျှင် အန်တတ်တာတွေ တွေးမိတော့ စိတ်ထဲက ရယ်မိချင်ချင်။ တကယ်တော့ ကိုယ်ပိုင်ကမ္ဘာလေးထဲမှာ ကလေးတွေကို ဥယျာဉ်မှူးလုပ်နေရတာကိုပဲ ပျော်သားပင်။ ပြီးတော့ ငယ်ငယ်ထဲက သင်ပြခဲ့သော ဆရာမများကို အားကျလေးစား စိတ်ဖြင့် စိတ်ကူးယဉ်ခဲ့ရမြဲမို့ ဒါကလည်း အကောင်အထည်ဖော်နိုင်ခဲ့သည့် ငယ်အိပ်မက်ကလေး တစ်ခုဟုပင် ကျေနပ်နိုင်ပါသည်။

သည်တော့ လောကကြီးမှာ ဖြစ်ချင်တာ ဖြစ်ထိုက်တာနှင့် ဖြစ်နိုင်တာ တစ်ထပ်တည်း ကျဖို့လိုအပ်သည်ဟု ထင်မိ၏။

( ၃ )

မဖြစ်နိုင်သေးတာ ဖြစ်ချင်တာတွေကို တောင့်တခြင်း ပြင်းစွာ ဆန္ဒ စောမိလျှင်တော့ ဆင်ဖြူရှင် တရဖျားကို စံထားကာ ကိုယ့်ကိုယ်ကို ဆုံးမရပြန်သည်။

တရဖျားသည် ဆင်ဖြူအွဲ့ ခံယူချင်ရှာလွန်း၍ တောင်ကျရေဖြင့် ပါလာသည့် ဆင်သေ အမည်းကြီးကို တပင်တပန်းဆယ်ယူ ဒေါက်ထောက် မြေမ်းဆင် ထုံးဖြူဖွေးဖွေးသုတ်ကာ က,တင်စေပြီး ကျောထက်၌ အခန့်သား





ထိုင်လျက် မင်္ဂလာယူခဲ့သည်တဲ့။ ယခုခေတ်လို ကင်မရာအမျိုးမျိုးသာ ပေါ်ပေါက်ခဲ့လျှင် ရုပ်ရှင်ဗီဒီယိုတွေဖြင့် မှတ်တမ်းတင်ပြီး ဘုရင်ကြီးများ အိုက်တင် အမျိုးမျိုးပေး၍ ဟန်လုပ် နေရှာပေလိမ့်မည်ဟု တွေးကာ တစ်ယောက်တည်း ပြုံးမိရသည်။

ဖြစ်နိုင်သည့် အတိုင်းအတာအတွင်းမှာ ဖြစ်ထိုက်ခဲ့ပါလျက် မဖြစ် မြောက်နိုင်ရှာသူတို့ ကျတော့လည်း တစ်မျိုးပင်။ ဘဝ လှေခါးထစ်များကို တစ်ထစ်ခြင်း မြင့်တက်လာအောင် ကြိုးပမ်းရင်းမှပင် ဘက်မမျှ၍ ဆွဲချခံရ သလို နောင့်နှေးကြသူတွေကလည်း မရှား။ အကြောင်းကြောင်းသော အကြောင်းများကြောင့်ပင် ဝါသနာတွေ တိမ်မြုပ်ကာ ငယ်အိပ်မက်ကလေးများ မှေးမှိန်ကုန်ရကြသည်။

သည်လိုတွေးမိတော့ ခင်မမျက်နှာကို ကွက်ခနဲ သတိရမိပြန်သည်။

ခင်မကို ပါတော်မူ ခင်မမဟု လူသိများခဲ့၏။ ကျောင်းပွဲတွေမှာ သူ မပါလျှင်ပွဲမစည်။ ပြင်ပတီးဝိုင်းများနှင့်လည်း တွဲဖက်ကာ ထိုစဉ်က ကနေဒီကျွန်းဆွယ် လွတ်လပ်ရေးပွဲများ၌ နာမည်ကြီး အဆိုတော်များနှင့်တွဲကာ သူ အမြဲဆွဲခဲ့ရသည်။ ''ပါတော်မူ''သီချင်းကို သူဆိုလျှင် ရင်ထဲ၌ လှပ်လှပ် ဟာကာ မျက်ရည်မဝဲသူ မရှိ။ ပါရမီရှိသောအသံဟု ချီးကျူးခဲ့ကြမြဲ။

တက္ကသိုလ်ရောက်ကြတော့ သူ့အသံကို လေလှိုင်းကြားမှာ ကြားနေရပြီး ငယ်ရွယ်သော၊ သွက်လက်သော မျှော်လင့်ချက်တို့ဖြင့် ရွှန်းဝေတောက်ပြ နေသော အဖြစ်မှာပင် ဖြုန်းခနဲ သူ အိမ်ထောင်ကျသည်။ အိမ်ထောင်သည် ဘဝ အစမှာ သူ့တေးသံ မဆိတ်သေးပါ။

ဆက်လက်၍ ရုန်းကန် ပင်ပန်းရသော ကာလများစွာ အတွင်းမှာ သူ့ တေးသံတွေ အလိုလိုတိုးတိတ်၍လာသည်။ တံခါးခန်းမကြီးမှ ပြောင်တင်းစွာ ဝင်ရောက်ခဲ့သည့် ဆင်းရဲခြင်းသည် ချစ်ခြင်းမေတ္တာကို အကြိမ်ပေါင်း များစွာ ပြတင်းမှ ထွက်ပြေးစေခဲ့၏။

သူကြည့်လိုက်လျှင် နေ့မီးညမီးဆက်အောင်ပင် အိမ်အလုပ် ကျောင်း အလုပ် မလောက်သော ဝင်ငွေကြောင့် အပြင်ကျပန်းအလုပ်များနှင့် ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



သလို ဆက်နေကာ လူတစ်ကိုယ်လုံး ပိန်ကပ်၍ လေဟပ်လျှင် လဲလုမတတ် လှုပ်နေသည်။ အစက သူယူထားသည့် သဘောကောင်း၊ မနောကောင်း လင်သားမှာ ခုတော့ လောကဓံ အလှည့်အပြောင်းကြောင့် အချိန်ကိုင်းမှာ မူးနေတတ်သူ။ ပြီးတော့လည်း မူးလျှင် သွေးဆိုးပြီး မိန်းမကို ကိုယ်ထိ လက်ရောက် နှိပ်စက်လေ့ရှိသူ။ သည်တော့ သူ့မှာ ယောကျ်ားလုပ်စာကို မစားရ၊ မသုံးရ။ ရာကျွေးနေရင်းမှ ထပ်ဆင့်လာသည့် ဒုက္ခတွေနှင့် ပင်လယ် ဝေလျက်။

"ဆရာဝန်က စိတ်ဆိုးပြီး အမှုလုပ်ပါ့မယ် တကဲကဲ။ တောင်းပန် လိုက်ရတာဟယ် ရှိန်း-ခိုးပြီး"

သူက ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါး။

"နင့်နှယ်ဟယ်။ မကြံကောင်းမစည်ရာ"

"ဒုတိယအကြိမ်ကျ ဆရာဝန်က တကယ် အမှုဖွင့်ရောဟေ့။ အပါကြီးက ဆရာဝန်ကိုလဲ တောင်းပန်။ ငါ့ကို ငိုငိုပြီး သမီးသေရင် အပါ ကြီးပါ လိုက်သေမယ်။ သမီးနောက်တစ်ခါ သောက်ရင် အပါကြီးပါ လိုက် သောက်မယ်နဲ့။ ငါ့အဖေလဲ ရှုးမတတ်ပဲ။ အဖေ့သနားလို့ ဆရာဝန်က အမှုပိတ်တာ။ အပါကြီးသနားလို့ပဲ ငါလဲ မသေဖြစ်တာ"

"ဖြစ်လိုက်ရင် ကျော်မကောင်း ကြားမကောင်းဟယ်"

"သေမလိုဖြစ်တာလဲ ခဏခဏပဲ။ ကလေးက ပျက်ကျလိုက်။ ကလေးမွေးပြီး သွေးသွန်လိုက်နဲ့ အမြဲသွေးသွင်းရတယ်။ အသက်ပြင်းသားဟ။ အချိန်တန်တော့လဲ ကောင်းသွားရော"

"အဲဒီကျလဲ ကိုမောင် ကိုမောင်နဲ့ တစ်မောင်တည်း မောင်နေရော မဟုတ်လား ကောင်မစုတ်။ ပြောလိုက်ရရင်..."

"တစ်ခါဟယ် ကိုမောင်က မူးပြီး စကားပြောမတည့်တော့ ငါ့ဗိုက် ကို ပိတ်ကန်လိုက်တာ ထွေးခနဲ ပစ်ကျသွားပြီး တော်တော်နဲ့ ပြန်မထနိုင်ဘူး။ အဲဒီနားမှာ ခွေနေရတယ်။ သူကတော့ ခြေပစ်လက် ပစ်အိပ်ပျော်သွားရော။ ငါ.. ငါကိုယ်ငါ သိတယ်။ ဒုက္ခတော့ရောက်ပြီလို့။ ကလေးက ဗိုက်ထဲမှာ





လေးလနဲ့။ ငါလေ ဖြည်းဖြည်း ဖြည်းဖြည်းနဲ့ တံခါးကိုအားပြုထပြီး ကုန်း ကုန်း ကုန်းကုန်းနဲ့ အသာလေး အိမ်ကထွက်လာရတာ။ နားလိုက် သွားလိုက်နဲ့ လမ်းထိပ်ထိ ရောက်အောင်ထွက်တာလေ။ မတ်မတ်လဲ မရပ်နိုင်ဘူး။ ဗိုက်ကို ပိုက်ထားပြီး ဖြည်းဖြည်းချင်း တရွတ်ဆွဲ လှမ်းနေရတာ"

"ဖြစ်ရလေ သူငယ်ချင်းရယ်"

"လှည်းတန်းထိပ်ကျမှ ကားတွေ့လို့တားပြီး ညကြီးမင်းကြီး ဒပ်ဖရင် လိုက်ပို့နိုင်းရတာ။ ကားသမားက ပို့တဲ့လူမပါဘဲ ငါတစ်ယောက် တည်းဆိုတော့ ကြောက်ပြီး လိုက်မပို့ရဲဘူး။ ငါလဲ တအားကို ငိုမိတာပဲ။ သတိကလဲ လစ်ချင်လှပြီ။ နောက်တော့ ကားပေါ်ဘယ်လို ရောက်သွားမိလဲ မသိဘူး။ ငါ ဖွတ်တက်မိတယ် ထင်တာပဲ။ ဆေးရုံမရောက်ခင် သတိလစ် သွားတော့ ကားပေါ်က ဘယ်လိုချသလဲ မသိတော့ဘူး။ ကားခလဲ မပေးရ တော့ဘူး။ ဟေး.. ဟေး ကောင်းလိုက်တာ"

သူက လက်ခုပ်လက်ဝါးတီး၍ ဓာတ်ကြောင်းလှန်သည်။ ဝေမှာတော့ မချိတင်ကဲ။

"အဲဒီတစ်ခါ သွေးရှစ်ပုလင်း သွင်းလိုက်ရတယ်။ လူက စတ္တုလို ဖွေးနေတာတဲ့။ တကယ်တော့ သေဖို့ကောင်းတာ မသေတော့လဲ တစ်မျိုး တွေးမိတယ်။ ဝဋ်ပါလို့နေမှာပဲ။ ကြွေးရှိရင် ကျေအောင်ပဲ ဆပ်လိုက်တော့ မယ် သူငယ်ချင်းရယ်"

သည်တော့ အသံမထွက်ဖြစ်ဘဲ ရင်ထဲ၌သာ သူ လက်မခံနိုင်မည့် အကြံကို ပေးချင်နေမိလေသည်။

"အမယ် သူလည်း တော်တော်လေး ဆင်ခြင်သွားသား။ နောက် ပိတ်မကန်တော့ဘူး"

"တော်သေးတာပေါ့"

"ဟဲဟဲ မျက်နှာနဲ့ခေါင်းကိုပဲ လက်သီးနဲ့ ပိတ်ထိုးတော့တယ်။ ဒီမှာကြည့်၊ သွားတစ်ချောင်း မရှိတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ဟယ် မကြားချင်တော့ဘူး"

"ပြောရဦးမယ်၊ တစ်ခါတုန်းကတော့ ငါက ဖျားနေတုန်း သူ ငါ့ခေါင်းကို တစ်ချက်ပိတ်ထိုးလိုက်တာ။ ငါမူးပြီး ယိုင်နေတာလေ။ ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ရောက်လိုက်၊ နာရီချိန်သီးလိုပဲတဲ့။ ဟား ဟား ငါ့ကလေးတွေက ပြန်ပြောတာ။ တကယ်တော့ သူထိုးလိုက်တာ တစ်ချက်တည်းမှ တကယ့် တစ်ချက်တည်းရယ်"

သူကတဟားဟားနှင့် ဟစ်ရယ်လို့ မဆုံးတော့ပေ။ ရယ်နေသည့် မျက်လုံးအိမ်အတွင်းမှာတော့ စို့စွတ်နေသော မျက်ရည်စများနှင့်။

ဟိုတုန်းက တီချာအေး စောင်းသံနှင့်အပြိုင် သူ၏ မြိုင်ဆိုင် ချိုလွင်သော တေးသံလေးများကို လွမ်းဆွတ်မိကာ ရင်ထဲ၌ နင့်နာ၍ နေသည်။ ခုတော့…

သည်မျှ နာကျင်နေသည့် နှလုံးသားက မည်သည့်နည်းနှင့်များ ချိုသာသည့် တေးသားတွေ စီးဆင်းလာနိုင်ပါ့မလဲ။ တကယ်တော့လည်း အိမ်ထောင်ရှင် မိန်းမသားတစ်ဦး၏ဘဝကို လှပစိုပြည် အေးမြစေနိုင်သည်က အိမ်ဦးနတ်လင်သား၏ မေတ္တာမိုးသာ ဖြစ်လေရာ သဝေထိုးနေသော မိုးကြောင့် ဂီတစောင်းကြိုးတွေ တုံ့လျော့ နေတော့မည်မှာလည်း အမှန်ပင်။

ခါးသီးသော နာကြည်းစရာများကို ဟာသနှောကာ အနှစ်မပါသော ရယ်သံ တဟားဟားနှင့် မျှောချနေသည့် သူ့ကိုငေးနေမိရင်း…

စိတ်မျက်စိထဲမတော့ မီးလောင်ပြာကျနေသည့် ဘဝမှပင် အသစ်တစ်ဖန် ပြန်လည်ရှင်သန် မွေးဖွား နိုးကြားလာတတ်သည် ဆိုသည့် 'ဖီးနစ်' ငှက်ကလေးကို မြင်ယောင်ယောင်။

ဒဏ္ဍာရီပြင်ပမှာ သည်ငှက် တကယ်သာ ရှိမည်ဆိုလျှင်တော့ ရအောင်ရှာ၍ ခင်မကို လက်ဆောင်ပေးလိုက်ချင်ပါသည်။

❖





( ၄ )

'ကြာသည် ရေကို တန်ဆာဆင်၏' ဆိုသော်လည်း 'နွံနစ်ကြာ' မဖြစ်ရန် ရေမြင့်ဖို့လည်း လိုမည်အမှန်။

ငယ်အိပ်မက်ကလေးတွေ ဆက်လက်တောက်ပ ပီပြင်စေဖို့ အတွက် မိန်းမသားတစ်ယောက်အဖို့ ကိုးကွယ်ရာ လင်သား၏ မျှဝေခံစား နားလည်နိုင်မှုက အဓိကကျသော ကဏ္ဍမှ ပါဝင်နေပါလားဟု ထင်ချင်နေမိ၏။ အထူးသဖြင့် စာပေဂီတအပါအဝင် အနုပညာနှင့် ပတ်သက်၍ပေါ့လေ။

ထို့ကြောင့်ပင် အလားအလာကောင်းစွာ တစ်ချိန်က တောက်ပခဲ့သည့် ကြယ်ပွင့်ကလေးတွေ အိမ်ထောင်သည်ဘဝမှာ မှေးမှိန်နေတာ တွေ့မိတော့ အပြစ်တင်ချင်နေမိ၏။ မည်သူ့ကိုမှန်းတော့ မသိ။

ခင်မ အဖြစ်၌ တန်းခနဲ တရားခံဖမ်းကာ စွဲချက်တင်နိုင်ခဲ့သော်လည်း တရားခံအရှာခက်သော အမှုမျိုး၌မူ ပဟေဠိအဖြစ် အဖြေညှိရတော့ မလိုလို။

ခင်မဘဝက နွေလယ်ခေါင်မှ ပူလောင်သော အိပ်မက်ဆိုးတစ်ခုဟု ဆိုလျှင် မသစ်တို့ကတော့ သစ်ရိပ်ဝါးရိပ် အိမ်တော်ရိပ် ထီးဆောင်းပြီး ယပ်ခပ်ရင်း အိပ်နေသလိုပါ။

လက်ကြိုးဆွဲ လက်လှုပ်၊ ခြေကြိုးဆွဲ ခြေလှုပ်၊ တုတ်တုတ်မျှ ကိုယ်တိုင်ကိုယ်ကျ မလှုပ်ဘဲ ထားရာနေ စေရာသွား စကားနားထောင် လှသော လင်သား၏အရိပ်မှာ ကောင်းကောင်းကြီး အပျင်းသိပ်နေတော့ပြီ။ ဘုရားရှုးလွတ် စာဖတ်ဖြစ်ရုံ တစ်ခါတလေ သူငယ်ချင်းတွေနှင့် မကြုံစကောင်း ကြုံကြုံမှ စာပေဝေဖန်ရေး လုပ်ဖြစ်ကြရုံသာ။

ဟိုတုန်းကတော့ ကျောင်းနံ့ရုံကပ် စာစောင်များမှ စခဲ့သည့် သူ့စာရေးဆရာဉာဉ်သည် တက္ကသိုလ်ရောက်တော့ တောက်ပစပြုခဲ့၏။ မြန်မာစာ အဓိက ကျောင်းသူဘဝ ဝတ္ထုတိုပြိုင်ပွဲတွေမှာ သူ အမြဲတမ်းဆုရခဲ့သည်။ ရှင်းလင်းထိရောက်သော သူ့အရေးအသားမှာ ရှည်လျားသော အဖွဲ့အနွဲ့များ ကြား၌ တစ်မျိုးတစ်ဘာသာ ထူးခြားခဲ့သည်။ သူ့ဝတ္ထု တစ်ပုဒ်ကိုဝင်း



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့အသံမှ ဓာတ်လမ်းဆင် အသံလွှင့် ဖြစ်ခဲ့သေးသည်။

ဟိုတုန်းကတော့ သူငယ်ချင်းတစ်တွေ ဆုံမိကြလျှင် အိပ်မက်တွေ တစ်လှေကြီးနှင့် သီချင်းတွေဆိုကြ၊ ကဗျာတွေဖွဲ့ကြ၊ ဝတ္ထုတွေရေးကြ၊ တစ်ယောက်နှင့် တစ်ယောက် ဝေဖန်အားပေးကြနှင့် ပျော်စရာအတိပင်။ အနာဂတ် ရည်မှန်းချက် လမ်းကြီးကလည်း ဖြူးလို့ဖြောင့်လို့။ ထိုစဉ်ကတော့ စာပေ အနုပညာသည်သာ ဘဝရပ်တည်ရာ၊ ချုပ်ငြိမ်းရာ အဓိက ကိုးကွယ် ဆည်းကပ် ခိုမှီးနားနေရာ။

ခုတော့···

"စာလဲ မဖတ်ဖြစ်တော့ပါဘူးဟယ်၊ စာရေးဖြစ်ဖို့တော့ ဝေလာဝေး၊ ငယ်တုန်းက တို့တွေတော်တော် ရူးခဲ့ကြတယ်နော်" ဆိုသော လေသံမျိုးပင် ထွက်ချင်စပြုပြီ။

ကီမိုနိုဆေးရေး အင်ဒိုနီးရှား အဝတ်အစားတွေ၊ ကားပါမစ်၊ အိမ် ရောင်း အိမ်ဝယ်၊ စိန်ရောင်း စိန်ဝယ်အလုပ် စကားတွေ လျှာမအားတော့ပြီ။ စာတဗျာရေးသော လက်တွေ၊ ဂဏန်းပေါင်းစက် ကိုင်နေရပြီ။ ခေါင်းထဲက စိတ်ကူးနုယဉ် အတွေးတွေ ဘေးရောက်ကာ လက်တွေ့ကျသော ကွန်ပျူတာက နေရာယူလေပြီ။ နှလုံးခုန်သံပင် ဒိတ်-ဒိတ်နှင့် သွေးတိုးနှုန်းသံ မထွက်ဘဲ တစ်ချက်ချက်နှင့် စက်သံ ပေါက်တော့မည် ထင်သည်။

"မောင့် ပရိုမိုးရှင်းအတွက် လူကြီးတွေဆီသွား မျက်နှာပြရ၊ လက် ဆောင်ပေးရနဲ့၊ ခုတလော မအားဘူး သူငယ်ချင်းရေ" ဆိုတာကတစ်မျိုး။

"သားကြီးက ကျောင်းပြီးတော့မှာမို့ အလုပ်ရအောင် ခုတည်းက တုမ္ဗဏီနဲ့ လက်ဝါးရိုက်ထားရပြီ။ ဒီအမေမို့ လုပ်နိုင်တာဟေ့၊ တခြား အမေနဲ့များဆို ကြည့်ကောင်းလိုက်မယ့်ဖြစ်ချင်း" ဆိုတာတွေကတစ်သွယ်။

"သမီးကို ပြောထား၊ ဒီကောင့် မကြိုက်နဲ့။ ဟိုကောင်လေး ကြိုက်ပါဆိုတာ မရဘူးကွယ်။ သိပ်ခေါင်းမာတာပဲ။ မအေက ငေါက်လိုက်၊ ချော့လိုက်၊ မျက်ရည်ကျပြလိုက်၊ ရောဂါသည်းပြလိုက်နဲ့ မနည်း ဆွဲဆောင် နေရတယ်။ ခုတော့ နည်းနည်း ယိုင်ချင်လာပြီ။ တော်ပါသေးရဲ့"





သည်အသံမျိုးတွေ ကြားရတော့ ဖြစ်ချင်တိုင်း ဖြစ်နိုင်အောင် ဖြစ် ထိုက်သမျှ ကြိုးပမ်းနေရသော အလုပ်ကလည်း အခက်သားပါလားဟု တရားကျမိပြန်ပါ၏။

အိမ်ထောင့် ကျက်သရေ တိုးတက်စည်ပင်၊ အခက်အလက် ဝေဆာ စေသော စီမံချက်မို့၊ ထိုချို့မြိန်သော အခက်တရားကြောင့်ပင် ငယ်အိပ်မက် သစ်ပင်လေး လောင်းရိပ်ထိုးကာ အခက်မစည်နိုင်။ အပွင့်မဝေနိုင် ဖြစ်နေတာ ကိုတော့ နှမြောမိဆဲပင်။

"ကိုယ်က အမြဲတမ်း လင်ကိုဦးစားပေး၊ လင့်အတွက်ပဲ တွေးပြီး သူကြီးပွားတိုးတက်အောင် ပခုံးနဲ့ ထမ်းတင်လာခဲ့တာကို သူလဲသိပါတယ်။ ဒါကြောင့် သြဇာကိုက်တာပေါ့" ဆိုတော့ ရင်မောရပြန်သည်။

ဖြစ်ထိုက်ပါလျက် ဖြစ်သင့်တာလေးတွေပင် မဖြစ်နိုင်ရှာသော ခင်မဒုက္ခနှင့်၊ ဖြစ်ထိုက်တာတွေ ဖြစ်သင့်သလောက် ဖြစ်နိုင်အောင် ဘဝလုံး ပုံ၍ ကြိုးပမ်းနေရသော မိသစ်၏ဒုက္ခ နှစ်မျိုးကို နှိုင်းယှဉ်ချင့်တွေး၊ ရေးနေ မှု သဘောပေါက်ခဲ့ရလေပြီ။

( ၅ )

ဝေမက်ချင်သော အိပ်မက်မှာ အိမ်ကျယ်ကျယ်၊ ဝန်းကျယ်ကျယ်၊ ဝန်းထဲမှာ စံပယ်ခင်းတွေ ပျိုးထားမည်။ ဆောင်းနှင့်နွေ ညများ၌ စံပယ်နံ့ သင်းသင်းလေး ခြံအနှံ့ပျံ့နေလိမ့်မည်။ သားတွေ၊ သမီးတွေ အိပ်ခန်းနှင့် ဝေးဝေးမှာ ဝေ့အိပ်ခန်း။ အိပ်ခန်းကျယ်၏ ပြတင်းကျယ်နားမှာ စားပွဲကြီးကြီး တစ်လုံး၊ စားပွဲဘေးမှာ ဝေ့ စာအုပ်စင်၊ စားပွဲပေါ်မှာတော့ ဝေ အကြမ်းရေး ဖို့နှင့် အချောကူးဖို့ ကော်ပီစာအုပ်နှင့် စာအုပ်အကောင်းစားတွေ အထုပ်လိုက်။ ရေးရင်း စိတ်ညောင်းတော့ နားထောင်ဖို့ ကက်ဆက်တစ်လုံး။ ပြီး သီချင်းခွေ အကောင်းစားလေးတွေ။ ဂီတနက်သန် ကိုစောငြိမ်းနဲ့၊ မြို့မငြိမ်းရဲ့ သီချင်းမျိုး ပြီး မေရှင်၊ ကိုမောင်မောင်ညွန့်၊ ကိုတင်လှိုင်၊ ကိုလှထွန်းနှင့် ဝင်းဦး အသံမျိုးတွေ။ နောက် ကော်ဖီပြင်းပြင်း ဓာတ်ဘူးနှင့် အဆင်သင့်၊



www.burmeseclassic.com

www.burmeseclassic.com



အဲ စာရေးတုန်းမှာ ယောက်ျားနှင့်တော့ စကားပြောလို့ မဖြစ်။ သူနှင့်က ဘယ်တော့မျှ အမြင်မတူ။ အခြေခံဗီဇ ဝါသနာနှင့် ဝေဒနာလည်း မတူ။

လက်ထပ်ပြီးစက နှစ်ယောက်သား မြို့လယ်ပန်းခြံဘေးက ဖြတ်လျှောက်မိတော့…

"အထဲ ခဏဝင်ရအောင်လေ"

"ဘာ လုပ်ဖို့လဲ"

"ခဏ ထိုင်ကြရအောင်၊ ရေကန်ထဲနဲ့ ရေကန်လေးဘေးမှာ ပန်းပွင့်ဖတ်တွေ ကြွေကျနေတာ သိပ်လှတာပဲ"

သူက တအံ့တသြ ပြူးပြဲကြည့်ကာ…

"ပန်းကြွေတာ ဘာဖြစ်လဲ၊ အမှိုက်ရှုပ်တာပေါ့"တဲ့။

သူက လေးနှစ်လုံးလုံး၊ ချယ်ရီပန်းကြွေတွေကို လက်ညှောင်းအောင် လှည်းကျင်းခဲ့ရသည့်သူ။ သည်တော့ ပန်းကို မချစ်တတ်။

ထိုခဏ၌ တစ်ယောက်နှင့်တစ်ယောက် ဘာသာစကားမတူသော လူစိမ်းနှစ်ယောက် စ,တွေ့ကြသလို ပြူးကြည့်နေမိကြတာ သတိရသေးသည်။ နောက်တော့လည်း ဝေတို့နှစ်ပတ်လည်နေ့ကျ သူ သန်လျှင်က တကူးတက သစ်ခွတွေ တစ်ပုံကြီး ဝယ်လာပေးဖော် ရခဲ့ပါသည်။ တကယ်တော့ ဝေက ပန်းကို အရူးအမူး ချစ်တတ်သူ။

သူ အလုပ်ပြောင်းရာလိုက်ပြီး သူ့မျက်နှာနှင့်ရသည့် အိမ်တွေမှာ နေရစဉ်ကတော့ ပထမဆုံး ခြံခတ်လိုက်သည်။ ဘယ်လောက် ကုန်ကုန်ပေါ့။ ပြီး အိမ်ရှေ့မှာ ပန်းခြံ၊ အိမ်ဘေးနှင့် အိမ်နောက်မှာ သီးပင်စားပင်တွေ စုံနေအောင် စိုက်လိုက်သည်။ မနက်လင်းလျှင် ဝေကခြံထဲမှာ၊ သူက ဝေလီဝေလင်းကပင် ဂေါက်ကွင်းသွားပြီး၊ ညနေကျ ကျောင်းပြန်လျှင် အိမ်ထဲမဝင်ဖြစ်သေးဘဲ ခြံတစ်ပတ် ကြည့်ဖြစ်သည်။ အဖူး၊ အကင်း၊ အသီး၊ အပွင့် တိုးတက်သရွေ့ ရင်ထဲ၌ ကြည်နူးချမ်းမြေ့၍ နေသည်။



BURMESE CLASSIC .com



သည်အချိန်မှာသူမရှိ။ ရုံးကဆင်းပြီး ဂေါက်ကွင်း ရောက်နှင့်ပြီး မှောင်ရီသန်းပြီး ဘောလုံးမမြင်ရမှ အိမ်ပြန်ရောက်လာသည်။

ညစာ ထမင်းပွဲမှာလည်း ဘာသာစကားမတူပါ။ သူက ဂေါ့ဖ်ကို တုတ်နှင့်မရိုက်ရလျှင် ပါးစပ်နှင့်ရိုက်ရမှ။ သည်တော့ ဘောလုံးတွေကို ပန်းတွေက တိုးမပေါက်။ ညကျ အိမ်လည်လျှင်လည်း၊ ဒါမှမဟုတ် အိမ်လည်ခေါ်ကာ လေဘောလုံး ရိုက်ကြပြန်သည်။ စံပယ်ပင်တွေကြားက ကွပ်ပျစ်ပေါ်မှာ ခြေပစ်လက်ပစ်နှင့် သူတို့တစ်တွေ သန်းခေါင်သန်းလွဲ စကားကောင်းနေကြရင်း…

"စံပယ်နံ့လေးက သိပ်သင်းတာပဲ။ ဒီနေရာလေးက နေလို့ကောင်းလိုက်တာ" ဆိုလျှင်တော့ ကျေနပ်မဆုံးဖြစ်ကာ သူတို့ စကားဝိုင်းနား ကိုယ်မကပ်နိုင်တာကို ခွင့်လွှတ်ပြီးသား ဖြစ်သွားသည်။

ခင်မလို မကြေကွဲခဲ့ရသလို မိသစ်လိုလည်း အကိုးအကွယ်ခံ တစ်ပိုင်း မဖြစ်ခဲ့…။

ဝေတို့ကို ဘက်ညီသည့် "ဇနီးမောင်နှံ"ဟု မည်သူမျှ မချီးကျူးခဲ့ကြ။

ထို့အတူ တကျက်ကျက် သတ်နေကြသည်လည်း မဟုတ်ပြန်။ လိုက်လျောညီထွေ သဟဇာတလည်းမဖြစ်။

သို့သော် မတည့်အတူနေ၊ တစ်ယောက်ကို တစ်ယောက် အဝေးမခံသော ကြာကြာမခွဲနိုင်သည့် သမားရိုးကျ ဇနီးမောင်နှံသာ ဖြစ်ခဲ့ကြသည်။

တစ်ယောက်မရှိလျှင် တစ်ယောက် သိသိသာသာ ဟာနေကာ တစ်နေ့တစ်နေ့ အမြင်မတူတာလေး တစ်ချက်မျှ မငြင်းလိုက်ရလျှင် 'ဘာလိုပါလိမ့်' ဖြစ်တတ်မြဲပင်။

သည်လိုနှင့် အသားကျနေတော့ တစ်ခါတလေ တစ်ယောက်နှင့်တစ်ယောက် မတော်တဆ အမြင်တူသွားလျှင်ပင် "တစ်ယောက်ယောင်တော့ ကြောင်နေပြီထင်တယ်။ ဟုတ်မှဟုတ်ရဲ့လား" ဟု သံသယပွားရမလောက် မလိုလို။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအလုပ်တစ်ဖက်၊ အိမ်ထောင့်ဝန် တစ်ဖက်နှင့် မနားရသည့်ကြားမှပင် စိတ်ကူးထဲမတော့ စာအမြဲ ရေးနေသည်။ လူတွေကို မြင်အောင် ထွင်းဖောက်ကြည့်သည်။

စိတ်ကူးထဲမှာ ဇာတ်ကောင်တွေက သွားလာလှုပ်ရှားကာ ပျောက်သွားလိုက်၊ ရောက်လာလိုက်၊ ဇာတ်ကောင်တွေနှင့် တရုန်းရုန်း၊ သွားရင်းလာရင်း၊ ချက်ရင်းပြုတ်ရင်းနှင့် တစ်ခါတလေ ပြုံးလိုက်၊ တစ်ခါတလေ မဲ့လိုက်။

သည်တော့ သားသမီးတွေက အားပေးကြသည်။ သူတို့အချင်းချင်း။

"အမေတစ်ယောက်တည်း အမှုအရာ အမျိုးမျိုးလုပ်၊ စကားပြောချင်ပြောနဲ့၊ ကြောင်တယ်နော်"တဲ့။

အမေ့ ဇာတ်ကောင်တွေကို သူတို့မမြင်။

အမေ နေ့ခင်းကြောင်တောင် အိပ်မက် မက်နေတာကို သူတို့ နားလည်ချင်မှ နားလည်မည်။

"လူ့ဘဝဆိုတာ အိပ်မက်တွေကို လက်တွေ့ အကောင်အထည် ဖော်နိုင်မှ အဓိပ္ပာယ်ရှိတာ" ဟု ယူဆကြလျှင် ဝေသည် အိပ်မက်တွေ မက်မက်ပြီး အိပ်မက်တွေထဲမှာ နစ်နေသူသာ ဖြစ်လေရာ…

လေနှင်ရာ လွင့်ပါးနေသော နှင်းဦးတိမ်မျှင်များလို အိပ်မက်တွေကတော့ တစ်ပိုင်းတစ်စမှ တကယ့် တစ်ပိုင်းတစ်စပါပဲ။

တကယ်တော့လည်း အိပ်မက်ဆိုသည်မှာ ပြီးဆုံးသည်လည်း မရှိ။ ပြည့်စုံပြီလည်း မဆိုသာ။

သည်အိပ်မက်ပြီးလျှင် နောက်အိပ်မက်လာမည်။ ပြီး နောက်ထပ် အိပ်မက်များစွာ…

သည်တော့ အိပ်မက်အချို့ကို အကောင်အထည် မဖော်နိုင်သေး၍လည်း ရင်လေးမနေနိုင်။





ရင်အေးစရာ ဆိုသည်ကို မည်သူကရော ပိုင်ပိုင်ဆုပ်ကိုင် ချုပ်နှောင်ထားနိုင်ပါသလဲ။

တကယ့် အိပ်မက်ကို မနှစ်သက်လျှင် တစ်ရေးနိုး၍…

"ဒါ အိပ်မက်ပဲ၊ တကယ်မှ မဟုတ်တာ"ဟု ဖြေသိမ့်နိုင်သော်လည်း တကယ်ဘဝ၌ ဖြစ်ချင်တာတွေ အကုန်မဖြစ်။ မဖြစ်ချင်တာကိုလည်း ဘွာခတ်၍မရ။

ရွေးချယ်၍ မဖြစ်။

ဖွတ်နှစ်ပြီး အကောင်းရော၊ အဆိုးပါ ရင်ဆိုင်ရမြဲ ဖြစ်ရလေရာ…

ဖွဲ့သတ္တိ အားမာန်တွေ ပေါ်ပေါက် တိုးတက်လာကြသည်။ ဒါလည်း တစ်မျိုးကောင်းသားပင်။

ဝေ တစ်ယောက်တော့ အိပ်မက်တွေ စီကာစဉ်ကာ သို့မဟုတ် ရောက်တတ်ရာရာတွေ မက်ရင်းမက်ရင်းနှင့်ပင် မျှော်လင့်ချက် လေ့ယာဉ်လေးများကို ဘဝရေစီးကြောင်းမှာ မျှောကာ၊ လွှင့်ကာ ရှိနေဆဲပင်။

လှေနစ်သွားလည်း ဝမ်းမနည်းပါ။

အသစ်အသစ်သော လှေယာဉ်လေးများကို ဆက်ကာ ဆက်ကာ မျှောနေဦးမည်ပင်။

တကိုး၏ ဆန်းစသော်တာ ထဲကလို လေးလံနေသော အိပ်မက်ခြင်းတောင်းပြည့် လှေကလေးများပေါ့။

သည်လှေလေးတွေ ရေစီးကြောင်းမှာသာမက ကောင်းကင်က တိမ်တိုက်တွေ လေနှင့်ရွေ့လျားရာမှာပါ ပါဝင် အပြေးပြိုင်ချင် ပြိုင်ကြပါစေဦးပေါ့။

တကယ်တော့ အိမ်ရှင်မ ဆိုသည်ကလည်း ပုံပြင်ထဲက နိုက်တင်ဂေးလ် ငှက်လေးလိုပါပဲ။

နှင်းဆီပင်မှ ပန်းနီနီလေး ပွင့်လာအောင် ရင်ဝကို ဆူးနှင့် ထိုးကပ်စူးနစ်စေရင်း နလုံးသွေးတို့ စိမ့်ထွက်စေလျက် တေးဆိုမပျက် ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုန်းဗုန်းလဲကျသွားချိန် အထိပေါ့လေ။

အိမ်ထောင် တစ်ခုလုံး၏ လိုအင်ဆန္ဒများကို ဒိုင်ခံဖြည့်ဆည်းနိုင်ရန်ကြိုးစားရင်း ကိုယ်ပိုင်အိပ်မက်တွေ တစ်ဝေတစ်ဝက် လွင့်ပျက်ကုန်ရသော အိမ်ရှင်မများလည်း ဝါသနာနှင့် ဝေဒနာကို တော်ရာချောင်မှာ မှောင်ချခဲ့ကြသည်။

သားသမီးတွေက 'ကြောင်သည်' ဟု ဝေဖန်ခံရသော မေကတော့ သားသမီးတွေကို ထို 'ကြောင်သည်'ဆိုသည့် စိတ်ကူးသာ အမွေပေးနိုင်မည့် ငှက်ကလေး၏ နှလုံးသွေးဖြင့် ပွင့်လာသည့် နှင်းဆီပန်း၏ အလှမှာ တဒင်္ဂမျှသာ။

အိမ်ထောင်ရှင်မ၏ အလှကလည်း တစ်ဘဝမျှသာ။

စာရေးသူတစ်ဦး၏ စေတနာ အလှကတော့ ထာဝရနီးပါး ရှင်သန်နိုင်လိမ့်မည်။

တကယ်တော့ သားသမီးတွေ လက်ဆင့်ကမ်းသည့်အမွေကို ဆက်ခံရယူနိုင်ဖို့ ဆိုတာကလည်း တောင့်တခြင်း အိပ်မက်တစ်ခုမျှသာ ဖြစ်လေရာ၊ အမှန်တကယ် ဖြစ်လာလိမ့်မည်ဟု မမျှော်လင့်နိုင်သလို မဖြစ်ဘူးဟုလည်း မဆိုသာ။

မသေချာ မရေရာသော အိပ်မက်တွေထဲမှ အိပ်မက်ကောင်းတစ်ခု ဖြစ်နေဦးမည်သာပင်။

နတ်မောက်အနီချို

မိုးရိပ်တိမ်တောင်နှင့် အခြားဝတ္ထုတိုများ။ ၁၉၉၅-ခုနှစ်၊ အောက်တိုဘာလ။



BURMESE CLASSIC .com
www.burmeseclassic.com